www.burmeseclassic.com

BURMESE CLASSIC .com



# သုမောင်

# ခလုတ်တိုက်မိသောစရိုက်များ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ခလုတ်တိုက်မိသောစရိုက်များ
ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း
[ဒုတိယအကြိမ် ရဲအောင်စာပေ ဇန္နဝါရီလ ၂၀၁၁]
စာမူခွင့်ပြုချက်အမှတ်
၄၀၀၈၆/၁၀၈၁၀

*

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၁၀၂၆/၁၀၁၀

*

စီစဉ်ထုတ်လုပ်မှု
နီနီအောင်

*

မျက်နှာဖုံးပန်းချီ
ရန်နိုင်ဦး

*

အတွင်းဖလင်
AZ

*

အတွင်းပုံနှိပ်သူ
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)
အမှတ်-၈၇၊ ၅၆လမ်း ၂ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

*

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

*

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ်-၂၊ ချွန်း ၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး ၁၅၀၀ ကျပ်

၈၀၈.၈၄

သုမောင်

ခလုတ်တိုက်မိသောစရိုက်များ / သုမောင်။ -ရန်ကုန်၊ ရဲအောင်စာပေ၊ ၂၀၁၁။

၁၈၀ -စာ၊ ၁၃×၂၀.၅ စင်တီ။

(၁) ခလုတ်တိုက်မိသောစရိုက်များ

# မာတိကာ

- စာရေးသူ၏ အတ္တုပ္ပတ္တိ ၇
- အမှာစာ ၈
- ခလုတ်တိုက်စာပေနိဒါန်း ၉
၁။ အသေးလေးကို အဝေးကြီးမှကြည့်ခြင်း ၁၃
၂။ ဆင်နှင်းခံရခြင်းအကြောင်း ၁၈
၃။ စိတ်လှုပ်ရှားနေသောကြောင့် တိုတိုပဲရေးပါရစေ ၂၄
၄။ နေညိုလျှင် မေပျို့နွမ်းတယ် ၂၇
၅။ ကိုဝင်းဦးပြောခဲ့သော စကားတစ်ခွန်းအကြောင်း ၃၀
၆။ စန္ဒရားသံ ၃၄
၇။ စိတ်ပူကြသူများ ၃၉
၈။ မောင်ညိုဝင်းတဲ့ဟေ့ ၄၃
၉။ Dr.ရဲနိုင်ရေ ၄၇
၁၀။ ငှက်ကလေးတွေ ၅၀
၁၁။ ငါသေလျှင် ဘာလုပ်ကြမည်နည်း ၅၃
၁၂။ တစ်ပတ်လည်အတွေး ၅၆
၁၃။ စာပေတန်ဖိုး တံစိုးလက်ဆောင် ၅၉
၁၄။ စကြဝဠာကမ္ဘာမြေမိုး ထိုးဖောက်လို့
ကြားရပါစေသတည်း ၆၄
၁၅။ အမေ့ချစ်သူ ၆၈
၁၆။ ခံစားမလား တွေးမလား ၇၂
၁၇။ စာရေးဆရာ လောင်းလျာ ၇၆

www.burmeseclassic.com

www.burmeseclassic.com

၁၈။ ဇော်ထိုက်ရေ ၈၀
၁၉။ မပေါက်ခဲ့သော သီချင်းကောင်းများ ၈၄
၂၀။ မြိတ်လေယာဉ်ပေါ်က အီကြာကွေး ၈၈
၂၁။ မွန်းလွဲချိန်အလွမ်း ၉၂
၂၂။ အားနာပါးနာ ရယ်စရာ ၉၇
၂၃။ မင်္ဂလာစာမူ ၁၀၀
၂၄။ ရွှေလာဘ်ကောင် ၁၀၃
၂၅။ ဦးထုပ်ကြီးတစ်လုံး ၁၀၇
၂၆။ မျောက်မင်းသား ၁၁၂
၂၇။ ကျွန်တော်လုပ်ချင်တဲ့ ပန်းချီပြပွဲ ၁၁၆
၂၈။ ရွှေကျားပြောသော ပုံပြင် ၁၂၀
၂၉။ မြင်းသမား ၁၂၄
၃၀။ တစ်ပတ်လည်ကျေးဇူး ၁၂၉
၃၁။ အသစ်စက်စက် အဟောင်းကြီး ၁၃၃
၃၂။ နမ်းတတ်ကြပါစေသတည်း ၁၃၇
၃၃။ ဘရန်ဒီ တစ်ပုလင်း ၁၄၀
၃၄။ ကောင်းရင် ရပ်တော့ ၁၄၄
၃၅။ ဆရာထွေးသို့ ပေးပို့သည့်မေတ္တာစာ ၁၄၈
၃၆။ အဆွေးသခင်ရဲ့ တေးပလ္လင် ၁၅၂
၃၇။ အောင်ကာရန် ဆောင်နိမိတ်တွေနဲ့ ၁၅၆
၃၈။ လမ်းသလား နှစ်ရှည်နိုင်ပါစေ ၁၆၀
၃၉။ မေသဥ္စာဦးရေ ၁၆၄
၄၀။ မြန်မာဖြစ် မော်တော်ကားအစ သာဓက ၁၆၈
၄၁။ ဘိုးဘိုး ဖိုးသောကြာရေ ၁၇၁
၄၂။ အဲဒါမှ ချိုပြုံးအစစ်ဗျ ၁၇၅

BURMESE CLASSIC .com



# အတ္ထုပ္ပတ္တိ

၁၉၅၁ ခုနှစ်၊ မတ်လ (၁၃) ရက်၊ အင်္ဂါနေ့ညနေတွင် ဖခင်စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ (ဦး)သာဓုနှင့် မိခင် မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုတို့မှ ရန်ကုန်မြို့တွင် ဖွားမြင်သည်။ ၁၉၆၉ ခုနှစ်တွင် ယုဝတီဂျာနယ်၌ စာပြင်ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း မောင်ညိုအောင်အမည်ဖြင့် ကဗျာတိုကလေးများ စတင်ရေးသည်။ ၁၉၇၁ မတ်လမှာပင် 'ဝတ်မှုံ' မဂ္ဂဇင်းကို တစ်ကြိမ်မျှ ကိုယ်ပိုင်ထုတ်ဝေပြီး အယ်ဒီတာလုပ်သည်။ ထိုမဂ္ဂဇင်းတွင် အုပ်စိုးအမည်ဖြင့် 'သနပ်ခါးရည်ကကျဲကျဲ' ဝတ္ထုတိုကို ရေးခဲ့သည်။

၁၉၇၃ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် 'ငယ်အိပ်မက်' အမည်ရှိ ဝတ္ထု ကို စတင်ရေးသား ဖော်ပြခံရခြင်းဖြင့် သုမောင်အမည်ကို ရယူခဲ့ပါသည်။ (၁၉၇၄ ကျခါမှ 'ချစ်စံနမူ' ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်နယ်သို့ ဝင်ပါသည်) ၁၉၉၀ ပြည့်နှစ်အတွက် အကောင်းဆုံး မင်းသားအကယ်ဒမီဆုကို 'ခုနှစ်စဉ်အလွမ်း' ဇာတ်ကားဖြင့် ရရှိပါသည်။ ၁၉၇၅ ကျခါမှ 'ပန်းဦးပန်မယ့်သူ' တေးသီချင်းဖြင့် ဂီတနယ်သို့ ဝင်ရောက်ပါသည်။ ၁၉၇၄ တွင် 'အချစ်' အမည်ရှိ လုံးချင်းဝတ္ထုကို ကိုယ်တိုင်ထုတ်ဝေ ရေးသားရင်း လုံးချင်းဝတ္ထုရေးဆရာ ဖြစ်ခဲ့ရပါသည်။ လုံးချင်းဝတ္ထု၊ ဘာသာပြန်ဝတ္ထု၊ ဘဝအတွေ့အကြုံ စာပေပေါင်းချုပ် စာစုပေါင်း (၄၀) ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ (စာအုပ်စာရင်း နောက်ကျောစာမျက်နှာတွင် ဖော်ပြထားပါသည်) ၁၉၉၈ ခုနှစ်အတွက် ပရိသတ်အကြိုက် မန္တလေးစာပေဆုကို ရွှေအမြုတေမဂ္ဂဇင်းပါ 'မျိုးရိုးထဲမှ ဆိုးပေကြီးများ' စာတွဲဖြင့် ရရှိပါသည်။ ၂၀၀၁ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် တက္ကသိုလ်မှကျင်းပသော နိုင်ငံတကာ စာပေ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားစာရေးဆရာအဖြစ် စာရေးဆရာမ မြနှောင်းညိုနှင့်အတူ တက်ရောက်ခဲ့သည်။

**ကလောင်ခွဲများ** (၁) မဟူရာ (ကော်လံဖြည့်ကဗျာများ)
(၂) ကိုရင်ဥ ယျ (ဘာသာရေးဆောင်းပါးများ)
(၃) မောင်ဗလ (ကလေးကဗျာများ)
(၄) စိန်ခြယ် (ရုပ်ရှင်ပညာပေးဆောင်းပါးများ)

သာဓုရုပ်ရှင်ခြံ၊ လေးဒေါင့်ကန်လမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းတွင် ဇနီးသည် ဒေါ်အေးအေးမေ (အေးဘုံ)၊ သမီးကြီး စိုးအိမ်သူ၊ သားလတ် ဖိုးသောကြာ၊ သားငယ် ထိန်ထိန်သာ၊ သမီးထွေး ထိပ်ထားတို့နှင့်အတူ ဘဝအတွေ့အကြုံ စာပေများကို ရေးသားရင်း ၁၆-၆-၂၀၁၀ နေ့တွင် ကွယ်လွန်ပြီး ဇနီး ဒေါ်အေးဘုံနှင့် သားသမီး ၄ ယောက် ကျန်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

**ခလုတ်တိုက်မိသော စရိုက်များ**

ခလုတ်ဆိုသော စကားရပ်ကို ပိုင်းခြားသောအခါ "အရေးကြီးသော အချက်အချာကျသော" ပစ္စည်းကိရိယာဟု ယူပါသည်။ တစ်ဖန် အကောင်းဘက်သို့ လုပြီး "ခလုတ်တိုက်မိသော" ဟူသည့် နာမဝိသေသနကို ယူပြန်လျှင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့် လူမှုရေးအခင်းများ၌ မတော်တဆ ကံကောင်းထောက်မစွာ ဖြစ်ပေါ်လာရခြင်းကို ဆိုရပါမည်။ သို့သော် ထို "ခလုတ်" "ခလုတ်တိုက်မိသော" စသည့် "နာမ်" "နာမဝိသေသန" တို့သည် အဆိုးဘက်သို့ လုသည်များလည်း ရှိတတ်ကြပါသည်။ ဥပမာ "ဒီကောင်ဟာ ခလုတ်ပဲ" "ခလုတ် တိုက်မိတယ်" "ခလုတ်တိုက်တာကို တရုတ်ရိုက်တာ" ဟု နားကြားလွဲမှု "ခလုတ်ကန်သင်း" စသည်တို့ ရှိပါသည်။ "စရိုက်များ" ဟု ကျွန်တော်က သုံးနှုန်းရာတွင်မူ လူ့သဘာဝ အကောင်းအဆိုး၊ အကျိုးအပြစ်များကို ဖော်ကျူးလိုခြင်း ဖြစ်ပါသည်။ "စရိုက်များ" ဟူသော စကားရပ်ကိုကား စာဖတ်သူ သိပြီးပါပြီ။ တစ်ခုပဲရှိတာက ကျွန်တော် ခလုတ်တိုက်မိသော (မတော်တဆ တွေ့ကြုံရသော) စရိုက်များသည် သူသူငါငါ ကြုံဖူးသော အဖြစ်အပျက် အတွေ့အကြုံများလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် အများပြည်သူတို့ ချစ်ခင်ကြသော အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များကို အကြောင်းပြုသဖြင့် ကျေကျေနပ်နပ် ပြုံးပြုံးရွှင်ရွှင် ဖတ်နိုင်ကြရလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထိုထိုသော ပုဂ္ဂိုလ်များအကြောင်းကို ကျွန်တော်သည် မဂ္ဂဇင်းများ၊ လုံးချင်း စာအုပ်များတွင်လည်း ရေးသားခဲ့ဖူးသော်လည်း ယခု စာစုများမှာမူ ဂျာနယ်များတွင်သာ ရေးသားဖော်ပြခဲ့သည် ဖြစ်သောကြောင့် စာမျက်နှာ နည်းပါးပါသည်။ အကြောင်းအရာများကိုလည်း အတိုချုပ်ရပါသည်။

**ကျန်းမာချမ်းသာကြပါစေ။**
**သုမောင်**



## ခလုတ်တိုက်စာပေ နိဒါန်း

ကျွန်တော်က 'ခလုတ်တိုက်စာပေ' အရေးသန်သည်။ ခလုတ်တိုက်စာပေဆိုတာက ခရီးသွားဟန်လွှဲ မတော်တဆ တွေ့ကြုံရသော အဖြစ်သနစ်များကို အကြောင်းခံရေးသော စာပေကို ဆိုသည်။ ခလုတ်တိုက်မိသောအခါ နာကျင်ခြင်း၊ ဒဏ်ရာရခြင်း၊ တုန့်နှေးသွားခြင်း စသော အမှတ်သညာများ ဖြစ်တတ်သည်။ ထိုထိုများထဲမှ အများသူငါနှင့် သက်ဆိုင်သည်များကို ဆန်ကာချပြီး ကျွန်တော်က ရေးဖွဲ့လေ့ ရှိသည်။ သည်တော့ ကျွန်တော့်စာပေတွေက ပေါ့ပေါ့ပါးပါး ရှိသွားတတ်သည်။ ပေါ့ပေါ့တန်တန်တော့ ကျွန်တော်က မရေးပေ။ ခလုတ်တိုက်ခြင်းသည် ပေါ့ပေါ့ဆဆ နေတတ်သောကြောင့် ဖြစ်သော်လည်း ခလုတ်တိုက်မိသွားသောအခါ မှတ်မှတ်ထင်ထင်တော့ ဖြစ်ရသည် မဟုတ်လား။ ထိုနည်းဘူ စာပေရေးဖွဲ့ခြင်းသဘောအရ 'ခလုတ်တိုက်' ရာမှ 'ဖားပြုတ်ကိုက်'၊ နောက်တော့ 'တရုတ်ရိုက်'. အထိ ချဲ့လျှင်ချဲ့သလို အလင်္ကာမြောက်သွားတတ်သည်ဟု ကျွန်တော်က အယူအစွဲ ရှိလေသည်။ ထို့ကြောင့် ကျွန်တော့်စာမူများကို ဖတ်မိသော အကြင်စာဖတ်သူသည်လည်း မတော်တဆ ခလုတ်တိုက်မိသလို 'ဟဲ့-ပလုတ်တုတ်' ဟု အာမေဋိတ်ပြုမိလျှင်ပင် ကျွန်တော် ရေးရကျိုး နပ်ပြီဖြစ်၏။

* * *

လူ့ဘဝမှာ မတော်တဆ ဖြစ်မှုများကို သိပ်အလေးမထားပေ။ ကြုံတင်ကြံစည် စိတ်ကူးထားမှုအပေါ် ပို၍ အထင်ရောက်တတ်သည်။ မတော်တဆ



www.burmeseclassic.com

ဖြစ်မှုများကို ကံတရားကြောင့်ဟု လွှဲချတတ်ကြသည်။ ထို့ကြောင့်ပင် ကျွန်တော် လက်ရှိရေးနေသော စာပေမျိုးထက် ယခင်က ရေးခဲ့သော ဝတ္ထုစာပေမျိုးကို ပို၍ နှစ်သက်ကြတာ ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က ကံကို ယုံသည်။ ကံဆိုးမှာကို မျှော်လင့်မထားသော်လည်း ကံကောင်းထောက်မမှာကို ပိုပြီး စိတ်ကူးယဉ်တတ်သည်။ မိမိကံကောင်းမှာပဲဟု ကြိုတင်စိတ်ကူးထားခြင်းသည် တကယ် ကံကောင်းလာတတ်သည်။ ပြီးတော့ အကောင်းမြင်ခြင်း ဖြစ်သည်။ ကျန်းမာရေးနှင့် ညီညွတ်ပြီး စိတ်ကြည်လင် တက်ကြွစေသည်ဟု ပညာရှင်တို့ ဆိုကြသည်။ ပြီးတော့ အင်္ဂလိပ်လို 'Lucky Accidents' ဆိုတာ ရှိသည်။ အမှတ်တမဲ့ ကံကောင်းခြင်းများဟု ဆိုလိုသည်။ ဒါတွေကို ဘယ်မှာသွားတွေ့သလဲဆိုတော့ ကမ္ဘာကျော်သိပ္ပံစမ်းသပ်ချက်များမှာ ဖြစ်သည်။ စမ်းသပ်တာက တစ်ခု၊ မတော်တဆ သွားပြီးတွေ့ရှိတာက တစ်မျိုး ဖြစ်သည်။ သို့သော် ထိုမတော်တဆ တွေ့ရှိချက်များက လူသားထုကြီး တစ်ရပ်လုံးအတွက် အဖိုးတန်များ ဖြစ်နေပြန်သည်။ ထိုလိုဆိုတော့ ကြိုတင်ကြံစည်ထားသည်များထက် မတော်တဆ တွေ့ရှိမှုများက ပို၍ အကျိုးဖြစ်ထွန်းသည်ဟု ဆိုရာရောက်ပေသည်။ နောက်တစ်ခုက မတော်တဆ ဖြစ်ပေါ်မှုက လူတွေကို ပို၍ အံ့အားသင့်စေပြန်သည်။ ဤနေရာတွင် အံ့သြထူးဆန်းမှုနှင့် အထင်ကြီးမှုတို့ ကွာခြားကြောင်းကိုကား သတိပြုရပေမည်။ ကျွန်တော်က သိပ္ပံသမား မဟုတ်ပေ။ သို့သော် လူတွေက 'သိပ္ပံနည်းကျ' ဆိုသော စကားကို အလွန်ခံတွင်းတွေ့ကြသဖြင့် သိပ္ပံပညာကိစ္စများကို ကျွန်တော်က လိုသုံးမည်သုံး စွဲသုံးလိုက်ခြင်း ဖြစ်သည်။ တကယ်တမ်း ကျွန်တော် ပြောချင်နေတာက စာပေကိစ္စ ဖြစ်သည်။ စာပေကိစ္စထဲမှာမှ ရသပိုင်းဆိုင်ရာ ဖြစ်ပြန်သည်။ ထို့ကြောင့် မတော်တဆ တွေ့ရှိမှုကို ကျွန်တော်၏ ရသစာပေများတွင် တွေ့ရခြင်းဖြစ်သည်။ ခလုတ်တိုက်စာပေဟု ဆိုချင်ဆိုခြင်း ဖြစ်ပါသည်။

* * *

ကျွန်တော် ကြားပေါက်ရေးလေ့ရှိသော 'ကွမ်းစကား' စာပေသည် ခလုတ်တိုက်စာပေ၏ အခက်အလက်တစ်ခုသာ ဖြစ်သည်။ ကွမ်းစကားက ပို၍ ကျယ်ပြန့်သလို ရှိသော်လည်း ခလုတ်တိုက်မိသော အကြောင်းအရာအချို့ကို ချဲ့ကားထားခြင်းသာ ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် တစ်ခါတလေ ခလုတ်တိုက်





မိသည်ကို မှတ်သားပြီး ပုံစံအမျိုးမျိုး ဖွဲ့နွဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် ရေ့တန်းတိုက်စစ်မှူး ဘောလုံးဝိဇ္ဇာကဲ့သို့ ခလုတ်မတိုက်၊ တိုက်အောင် ပြုမိသည်လည်း ရှိသည်။ 'ကွမ်းစကား' စာစုများသည် တမင်တကာဖွဲ့သောကြောင့် အပုဒ်ရေများသွားသည်။ ပြီးတော့ အရည်မရ အဖတ်မရတွေသာ ဖြစ်ခဲ့သည်။ ယနေ့ခေတ် ကွမ်းစားသူဦးရေ များလာတာ ဘာကြောင့်မှန်းတော့ ကျွန်တော် မသိပေ။ လျှာစွဲစရာ အရသာတစ်ခုရှိလို့ ဖြစ်မည်။ မူးယစ်ထုံထိုင်းစေတာလည်း ဖြစ်မည်။ တက်ကြွလန်းဆန်းစေတာလည်း ဖြစ်ချင်ဖြစ်မည်။ ကျွန်တော့်အနေနှင့်မူ ရှေးရိုးအစဉ်အလာ 'ကွမ်းယာကမ်းခြင်း' ကို နှစ်သက်ခြင်းသာ ဖြစ်သည်။ မြန်မာမှုတွင် ကွမ်းယာသည် ကျက်သရေဆောင် ဖြစ်သည်။ မင်္ဂလာတစ်ပါး၏ ပြယုဂ်ဖြစ်သည်။

စောစောက စကားကို ပြန်ကောက်ချင်သည်။ 'ကွမ်းစကား' စာစုများသည် ခလုတ်တိုက်စာပေ၏ အခက်အလက်တစ်ခုသာ ဖြစ်သည်။ ခဏခဏ ခလုတ်တိုက်၍မရသဖြင့် တစ်ခါဆို ဆိုသလောက် တန်ဖိုးကြီးသည်။ ကွမ်းယာကိုကား မကြာမကြာ စားလို့ ဝါးလို့ရသည်။ ကွမ်းစကား စာစုများအတွက် အကြောင်းအရာတွေကလည်း ပေါများသည်။ ကျွန်တော့်အနီးပတ်ဝန်းကျင်မှာပင် ရှိသည်။ ကိုယ်တွေ့ကို အခြေခံပြီး မိမိ မိသားစုအကြောင်းများ ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံတော့ ဆွေမျိုးမိတ်သင်္ဂဟတွေအကြောင်း ဖြစ်သည်။ ထိုအထဲက အများစုမှာ လက်လုပ်လက်စားတွေအကြောင်း ဖြစ်သည်။ ကျွန်တော့်မှာ လက်လုပ်လက်စား ဆွေမျိုးများနှင့် တပည့်သားမြေးတွေ ပေါများသည်။ သူရို့အကြောင်းလေးတွေ ရေးရတာ စိတ်ချမ်းသာသည်။ လွတ်လပ်ပေါ့ပါးသည်။ အပြစ်အနာ ရှာယ်ကင်းသည်။ သူတို့အကြောင်းလေးတွေ သူတို့ ပြန်ဖတ်ကြသောအခါ သူတို့ ပီတိဖြစ်ကြသည်။ ဂုဏ်ယူကြသည်။ ရေးသားဖော်ရသော စာရေးဆရာကို ကျေးဇူးပင်လျှင် တင်ကြသည်။ နီးစပ်သူကို လက်တို့ပြီး ပြကြသည်။ သို့မဟုတ်လျှင်လည်း သူတို့က မဖတ်ဘဲသာ နေလိုက်ကြမည်။ မဖတ်တတ်လို့လည်း ဖြစ်ချင်ဖြစ်မည်။

ကျွန်တော်က လက်ဝဲသမားမဟုတ်ပေ။ လက်ယာသမားလည်း မဟုတ်ချေ။ ထို့ကြောင့် ကျွန်တော့်စာပေများသည် ဝဲယာအစွန်းမထွက်တာ သေချာသွားသည်။ အနုပညာသမားသည် နိုင်ငံရေး ဝဲသြဃထဲမှ စီးမျောနေသူမဟုတ်။ သို့သော် သူ့ပတ်ဝန်းကျင်နှင့်တော့ အမြဲတစေ လိုက်လျောညီထွေ နေတတ်

www.burmeseclassic.com

သည်။ ဒါသည် သူ၏ ပါးနပ်လိမ္မာမှုပင် ဖြစ်တော့၏။ ပါးနပ်လိမ္မာသူသည် သတ္တိတော့ ရှိပေသည်။ လေဆန်ရေဆန်ကို အံတုသည်။ သို့သော် စုန်ရေကဲ့သို့ မေတ္တာတရားကိုလည်း ထားရှိသည် မဟုတ်ပါကလား။ ထိုမေတ္တာတရားကို လက်ကိုင်ထားပြီး ခလုတ်တိုက်မိသော စရိုက်သဘာဝများကို ကျွန်တော်ကတော့ ရေးသားနေဦးမည်သာ။

**သုမောင်**

[ကလျာမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၄ ခုနှစ်]



## အသေးလေးကို အဝေးကြီးမှကြည့်ခြင်း

ဤစာစုကို ကျွန်တော် ယခုရေးနေချိန်တွင် ဆရာသုခ၏ 'ရွှေဒဂုံဘုရား သမိုင်း' ပြဇာတ်ကြီးကို 'အနုကြယ်ပွင့်' ပေါင်းများစွာဖြင့် အမျိုးသားဓာတ်ရှင် ဘော်ကြီးတွင် ကပြအသုံးတော်ခံလျက် ရှိနေပါသည်။ (ယခင် ၁၉၇၅ ကလည်း ယင်းပြဇာတ်ကိုပင် ဆရာကိုယ်တိုင် တိုက်ရိုက်ညွှန်ကြား၍ ရုံသွင်းတင်ဆက်ခဲ့ ဖူးပါသေးသည်။ ဘုရားကြီး ရွှေပြားသက်န်း ကပ်လှူရန်ဖြစ်၏)

ကျွန်တော်က ဤစာစုကို ယင်းကိစ္စနှင့် ချိန်ကိုက်ရေးသားခြင်း မဟုတ် ပါ။ မတော်တဆ အချိန်ကိုက်ဖြစ်သွားသည်ဟုသာ မှတ်ယူကြပါ။

အမှန်က ဤစာစုကို ရေးဖို့ကြံသည်မှာ ကြာပါပြီ။ တစ်နှစ်ခန့်ရှိလိမ့် မည်။ အကြောင်းကြောင်းကြောင့် မရေးဖြစ်ခဲ့ပါ။ ပြီးတော့ မေ့လျော့သွားခဲ့ သည့်လည်း ပါ၏။ ယခု ရေးဖြစ်ရန် အကြောင်းဖန်လာပုံကတော့ ဆရာ၏ ရွှေတိဂုံသမိုင်းပြဇာတ်နှင့် တိုက်ရိုက်ကြီး မပတ်သက်သော်လည်း ကျွန်တော် ရေးမည့် အကြောင်းအရာကို ယင်းပြဇာတ်သတင်းက တပ်လှန့်လိုက်သလို ဖြစ် သောကြောင့်ပင်။

မြတ်စွာဘုရား၏ ဖြစ်တော်စဉ်များ၊ သုတ္တန်ဝိနည်းတော်များ၊ နိပါတ် တော်များကို အခြေခံ၍ ခေတ်ပေါ်ခေတ်မီနည်းပညာများဖြင့် ပြန်လည် ဖော် ကျူးတတ်သော ဆရာကြီး၏ သဘာဝကို အများက သိပါသည်။ သို့သော် လူ သိနည်းသော ရှုထောင့်တစ်ခုကို ကွက်၍ ကျွန်တော်က ဟွေ့ထား၏။ 'ဟွေ့ ထား၏' ဟု သုံးရခြင်းမှာ ဆရာကပြသောကြောင့် ဖြစ်၏။ ဆရာက လုံးမနဲ့ အမှတ်မထင် ပြောဖူးသောအကြောင်းတစ်ခုသည် ကျွန်တော့်အဖို့ တွေးတောဖွယ် ဖြစ်ခဲ့၏။ ပရိသတ်အဖို့လည်း စဉ်းစားဖွယ် ဖြစ်ပါလိမ့်မည်။ ရုပ်ရှင်ဒါရိုက်တာ ပညာရှင်များအဖို့ကား အတုယူဖွယ်ဟု ဆို၍ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကိုသုမောင်ရေ မြတ်စွာဘုရား လက်ထက်တော်အခါက ခေမာမိဖုရား အကြောင်း အင်းလေ...သူ့ကို မြတ်စွာဘုရားက တရားပြတဲ့ ဇာတ်ကွက်ကလေး အကြောင်း ကျွန်တော် ရုပ်ရှင်ရိုက်ဖို့ စီစဉ်နေတယ်ဗျ" ဟု ဆရာက တစ်ခါသော် ပြောဖူး၏။ (ဆရာသည် စာရေးဆရာချင်း စကားပြောလျှင် ကြီးငယ်မဟူ 'ခင်ဗျား'၊ 'ကျွန်တော်' နာမ်စားကို သုံးတတ်၏)

အထက်ပါ စကားကို ကျွန်တော့်အား တကူးတကန့် ပြောသော်လည်း ယင်းနှင့် ပတ်သက်၍ မဂ္ဂဇင်းတစ်စောင်တွင် ဆရာ့ဆောင်းပါးရေးပြီး ဖြစ်ပါသည်။ ပြီးတော့ စာပေဟောပြောပွဲများတွင်လည်း ဆရာ ပြောပြတတ်လေသည်။ ကျွန်တော် မှတ်မိပါ၏။ အကြောင်းအရာကတော့ ဗုဒ္ဓဘာသာဝင်အများစုသိပြီး ဖြစ်ပါသည်။

ခေမာမိဖုရားသည် အလှမာနကြီးသည်။ လှလည်း အလွန်လှသည်။ ပြီးတော့ မြတ်စွာဘုရားအား မဖူးလို၊ ရုပ်နာမ်ခန္ဓာတို့၏ မတည်မြဲခြင်းကို အမြဲလို ဟောကြားတတ်သောကြောင့် ဖြစ်၏။ သို့သော် ကျွတ်ချိန်တန်သောကာလ၌ အကြောင်းဆိုက်သဖြင့် မိဖုရားခေမာ ရှင်တော်မြတ်ရှေ့မှောက် တစ်ကြိမ်သော် ရောက်၏။

ထိုအခါ မြတ်စွာဘုရားက မိဖုရားထက် အပြန်များစွာလှသော နတ်မိမယ် တစ်ပါးကို တန်ခိုးတော်ဖြင့် ဖန်ဆင်း၏။ အနီးတွင် ဖူးမြော်ခစားစေ၏။ တစ်ဖန် ယင်းနတ်မိမယ်ကို ခဏချင်း၊ ခဏချင်းမှာပင် တဖြည်းဖြည်း အိုမင်းလာစေ၏။ တရိပ်ရိပ် အရွယ်ကျစေ၏။ နောက်ဆုံး လုံးဝ သုံးမရတော့လောက်အောင် အိုမင်းမစွမ်း ရှုတ်တွပျင်းတွဲ အဘွားအိုကြီးအဖြစ် ဖန်ဆင်းလိုက်လေသည်။ ထိုအဖြစ်ကိုမြင်သော် ခေမာမိဖုရား လွန်စွာ ထိတ်လန့်ခြင်း ဖြစ်ရ၏။ မိမိ၏ လက်ရှိ ရုပ်ဆင်းအလှအပေါ် သံသယကြီးစွာ ဖြစ်မိ၏။ ထိုအချိန်ကိုက်မှာပင် ဘုရားရှင်က မမြဲသောခန္ဓာသဘောကို တရားဟော၏။ ခေမာမိဖုရား ကျွတ်တမ်းဝင်လေသည်။

ဆရာက ယင်းအကွက်ကလေးကိုပင် ကွက်၍ ပြလိုခြင်းဖြစ်ပါသည်။ သည်ကိစ္စနှင့် ပတ်သက်၍လည်း ဆရာက "ကျွန်တော်တို့က ခုမှ ရုပ်ရှင်အထူးပြုလုပ်ချက်တွေသုံးပြီး ရိုက်ပြနေကြတာဗျ။ ဘုရားရှင်က ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ရုပ်ရှင်ရိုက်ပြခဲ့ပြီးပြီလေ" ဟု စကားတန်ဆာဆင်၍ ပိုပိုသာသာ အလင်္ကာဖြင့် ပြောလေသည်။ သည်စကားရပ်နှင့် ပတ်သက်၍လည်း





ဆရာ့ဆောင်းပါး ဖတ်ဖူးသူ၊ ဆရာ့ဟောပြောပွဲ နားထောင်ဖူးသူတို့အဖို့ ထူးချင်မှ ထူးပါလိမ့်မည်။ မကြားမသိဖူးသူများအတွက်သာ ကျွန်တော်က ပြန်လည်ဖော်ပြပေးနေခြင်းပါ။ သူ့စကားယူပုံက လှသောကြောင့်။ သို့သော် ကျွန်တော့်အား ကွက်၍ ပြောဖူးသောစကားတစ်ခွန်းက။

"အင်း... ဒီဇာတ်ကွက်ကို ရုပ်ရှင်ရိုက်ပြဖို့ရာ အခက်အခဲက တစ်ခုပဲ ရှိတယ်ဗျ"

ဆရာသုခလို ပုဂ္ဂိုလ်က သည်လို စကားဆက်တာတော့ နည်းနည်းထူးခြားလာပါပြီ။ ဆရာ့ ရှေ့ဆက်စကားက ပို၍ပင် အံ့သြဖွယ်ဖြစ်ရပါ၏။

"အဲဒီ အခက်အခဲက ဇာတ်ရုံမင်းသမီးလုပ်မယ့် နတ်မိမယ်နေရာပဲ'

ဤနေရာတွင် စာဖတ်သူများရော၊ ရုပ်ရှင်ဝါသနာရှင်များရော၊ ရုပ်ရှင်အနုပညာရှင်များပါ စဉ်းစားစေချင်သည်။ ရုတ်တရက် တွေးသော် ဇာတ်ရုံမင်းသမီးအခက်အခဲ ဘာရှိသနည်း။ လှလှပပ မင်းသမီးတစ်ယောက် နတ်သမီးလို ဝတ်ပေးလိုက်၊ ရုပ်ရှင်အတတ်ပညာ၊ အထူးပြုချက်၊ မိတ်ကပ် စသည်ဖြင့်ဖန်တီးလိုက် ပြီးရောပေါ့။ အရေးကြီးတာက ခေမာမိဖုရားအဖြစ် သရုပ်ဆောင်မည့် မင်းသမီးထက် ဇာတ်ရုံမင်းသမီးက ပို၍ လှနေဖို့သာ ဖြစ်သည်။ သည်လိုမဟုတ်ပါလား။

"ကိုသုမောင် စဉ်းစားစမ်း။ ဒီနေ့ နာမည်ကျော် အချောအလှမင်းသမီးလေးတစ်လက်ကို ခေမာမိဖုရားနေရာမှာ ကျွန်တော်က သုံးပါပြီတဲ့။ ဇာတ်ရုံနတ်သမီးနေရာမှာ ဘယ်မင်းသမီး သုံးမလဲ"

စဉ်းစားရန် အလွန်ခက်ခဲသောကိစ္စ ဖြစ်ပေတည့် ကျွန်တော်ကတော့ စဉ်းစားကြည့်လိုက်ပါသေးသည်။ မင်းသမီးနှစ်လက်နေရာတွင် မိုမို၊ မေသန်းနုမှသည် နန္ဒာလှိုင်၊ ထက်ထက်၊ နောက်ဆုံး လှအဥ္ဇလီတင့်၊ ခိုင်သင်းကြည်စသဖြင့် ကျွန်တော်က ကပေါက်ကချာ တွဲဖက်အစားထိုးကြည့်သည်။ တစ်ခုမှ ခွင်မကျ။ ခေမာမိဖုရားမင်းသမီးနေရာအတွက် ခွတ်ကြိတ်မှိတ်ထားလို့ ရသော်လည်း နတ်သမီးနေရာကား တော်တော်ခက်သည့်ကိစ္စပေပဲ။ အဓိက ဇာတ်လိုက်မင်းသမီးထက် များစွာလှရမည့် ဇာတ်ရုံ၊ အရှိန်အဝါကြီးရမည့် ဇာတ်ပို့။

နော့ဖြင့် မော်ဒယ်လ်ကလေးမများ (သို့မဟုတ်) သာမန်အရပ်သူကလေးများထဲက ရွေးထုတ်လျှင်ကော။ သည်လောက်တော့ ဆရာ စဉ်းစားပြီးဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ သည့်ထက် ကောင်းသည့်စိတ်ကူး ဆရာ့မှာ ဘာရှိသနည်း။ သည်တော့မှ 'ဇာတ်ရုံမင်းသမီး အခက်အခဲ' ဆိုသည့် ဆရာ့စကားကို နားလည်လာတော့သည်။ ကြည့်စမ်း 'လွယ်လွယ်လေးနှင့်ခက်' ဆိုတာ ဒါမျိုးပေပဲ။ အထူးသဖြင့် အနုပညာဖန်တီးသူတို့ တွေ့ရတတ်သော (သေချာတွေးတော စဉ်းစားလျှင်ပြောကာ) အခက်အခဲပါတကား။

"သေချာစဉ်းစား ကိုသုမောင်၊ ဇာတ်ရုံမင်းသမီးက အဓိက မင်းသမီးထက် ပိုလှရမယ်။ ပြီးတော့ နာမည်ကြီးလည်း ဖြစ်ရမယ်။ တော်ရုံ နာမည်ကြီးလို့ မရဘူးနော်။ ဖြစ်နိုင်ရင် သူက ပိုလို့ နာမည်ကြီးသင့်တယ်။ ဒါမှ ပရိသတ်က ကြည့်ချင်စိတ် ပိုရှိမယ်။ အဲ... အခက်ခဲဆုံးကတော့ သူ့ကို ပရိသတ်အများစု မမြင်ဖူးတဲ့ မျက်နှာသစ်လည်း ဖြစ်ပြန်ရဦးမယ်ဗျ။ သူက ဘုရားရှင်ဖန်ဆင်းတဲ့ မင်းသမီးကို"

ဤနေရာတွင် မိတ်ဆွေလည်း ငင်ရောက်စဉ်းစားစေချင်ပါသည်။ မူလဇာတ်တော်မှာ အများသိပြီး ဇာတ်လမ်းရိုးရိုးကလေး။ ဒါကို ပရိသတ်ကြည့်ချင်အောင် ပြဖို့ရာ 'ဇာတ်ကောင်' ကို အဓိက ထားရမည်။ ဇာတ်ကောင်၏စရိုက်ကလည်း အလှအပ ဦးစားပေးဖြစ်ရမည်။ ပြီးတော့ ဘာသာရေးပညာပေး။ စောစောကပြောသော ရုပ်ရှင်အထူးပြုလုပ်ချက်ဆိုတာတွေကလည်း အပယ်ိက။ သည်တော့...။

'အလှ' 'အလှတရား၏ မတည်မြဲခြင်း' 'ကျော်ကြားထင်ပေါ်မှု' 'ယင်း၏ ဒုက္ခ' ပြီးတော့ သစ္စာတရား...။

* * *

"လွယ်ပါတယ် ကိုသုမောင်၊ ကျွန်တော် စဉ်းစားထားပြီးသားပါ။ အဲဒီဇာတ်ရုံမင်းသမီးနေရာမှာ မြန်မာမင်းသမီး မသုံးဘူး။ နာမည်ကျော်တဲ့ နိုင်ငံခြားမင်းသမီး သုံးမယ်။ အဲ... ဒါပေမဲ့ ကမ္ဘာကျော် မြန်မာကြိုက် မင်းသမီးလည်း ဖြစ်လို့မရဘူးဗျ။ ကျွန်တော်တို့ မြန်မာနဲ့ ဆင်ဆင်တူတဲ့ မြန်မာပရိသတ် မျက်စိမစွဲသေးတဲ့ အရှေ့တောင်အာရှက နာမည်ကြီး အလှမယ်တစ်ယောက် ဖြစ်ရမယ်"

ဆရာက ဤတွင် စကားရပ်၏။ ကျွန်တော်က ဆက်ပြီး တွေးသိ၏။

မြန်မာပရိသတ်၏ စွဲလမ်းနှစ်သက်ပြီးသား မင်းသမီးကို ကျော်လွှားဖို့ရာ၊ အထင်တကြီးလည်းရှိဖို့ရာ၊ မျက်နှာသိလည်း ဖြစ်မနေဖို့ရာ တကယ်လည်း





နာမည်ကျော် အနုပညာသည်တစ်ယောက်ဖြစ်ဖို့ရာ ဆရာ၏ အစီအစဉ်သည် ကွက်တိ။

သို့သော် ဆရာပြောခဲ့သော ယိုမင်းသမီးရရှိဖို့ အခက်အခဲဆိုတာကတော့ ဘက်ဆိုင်ရာက ပံ့ပိုးကူညီမှသာ ဖြစ်နိုင်ပေတော့မည်။ ပြီးတော့ ထိုမင်းသမီးသည် ဆရာ၏ ဇာတ်ကောင်စရိုက်ကို နားလည်ပါမည်လား။ သူက ဗုဒ္ဓဘာသာအကြောင်းကိုရော သိရှိပါရဲ့လား။

* * *

ဟိုးအစဦး ကျွန်တော် ဆိုခဲ့၏။ 'ဖွေတိဂုံဘုရားသမိုင်းပြဇာတ်' ကပြနေချိန်နှင့် ဤစာစုရေးနေချိန်သည် မတော်တဆ တိုက်ဆိုင်သွားခြင်းပါပေ။ ဘာကြောင့် ကျွန်တော်က ဤသို့လျှင် ကြိုတင်ကာကွယ်မှုစကား ဆိုရသနည်း။

ကျွန်တော်တို့ အနုပညာရှင်များသည် ကိုယ့်ရှေ့က ပညာရှင်ကြီးများ၏ ကျော်ကြားသော အနုပညာအပေါ် သာယာပြီး ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းပြုကြသည်ထက် ထိုပညာရှင်ကြီးများ၏ လက်တန်ရှည်သော အတွေးအခေါ် အနုရသတို့ကို ရှာဖွေကြည့်တတ်ဖို့ လိုအပ်သည်ဟု ကျွန်တော်က ထင်သောကြောင့်ပင်။

ယနေ့စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ဒါရိုက်တာ ပညာရပ်နှင့်ပတ်သက်၍ ပညာရှင်တို့က မိမိရှုထောင့်မှ မိမိရေးသား ပေဖန်အကြံပြုနေကြပါသည်။ ကြိုကြားဆိုသလို ဖတ်ရပါသည်။ အထူးသဖြင့် မိုးဦးကျမှိုများကဲ့သို့ ဟိုတစ်စ၊ သည်တစ်စ ပေါ်ပေါက်လာသော ဒါရိုက်တာများကို ဝေဖန်ခြင်း၊ အကြံပေးခြင်းများ ဖြစ်သောကြောင့် အဖိုးတန်ပါသည်။ ကင်မရာရှုထောင့်၊ ဇာတ်ညွှန်းသဘာဝ၊ ကားဖြတ်ကားဆက်၊ သရုပ်ဆောင်ရွေးချယ်မှု၊ ဇာတ်လမ်းရှာဖွေခြင်း၊ နောက်ခံတေးဂီတ စသည်ဖြင့် ထောက်ပြပေးကြသည်မှာလည်း ပညာရစေပါ၏။

ကျွန်တော့်အနေနှင့်မူ ဒါရိုက်တာကြီးများ အမှတ်မထင် တွေးတတ်သော ရှုထောင့်သေးသေးကလေးတွေကိုလည်း ဂရုစိုက် ရှာဖွေကြည့်ကြစေချင်သည်။ အသေးလေးကို အဝေးကြီးမှပင် ကြည့်တတ်စေချင်သည်။ အနုမှန်ပြောင်းတော့ လိုလိမ့်မည်။

[အလင်းတန်းဂျာနယ်၊ အမှတ် (၂၄)၊ ၁၇-၁၁-၉၈]



www.burmeseclassic.com

www.burmeseclassic.com

## ဆင်နှင်းခံရခြင်းအကြောင်း

မှတ်မှတ်ရရ ဤစာစုကို ကျွန်တော် ရေးပြီးသည့် ရက်စွဲမှာ (၂-၉-၉၈) ဖြစ်ပါသည်။ သို့သော် ဆရာဆင်ဖြူကျွန်းအောင်သိန်း အာဆီယံစာပေဆုရ သည့် သတင်းက (၂၅-၉-၉၈) လောက် ထွက်ပေါ်လာလေရာ စာပေလောက သားများ ရုတ်တရက် အုတ်အော်သောင်းတင်း ဖြစ်သွားကြသဖြင့် စာမူကို ပြန်လည် သိမ်းလိုက်ရတော့သည်။ ကျွန်တော်က စာမူကြိုပြီးနေတာ ဖြစ်သော် လည်း စာဖတ်သူက ဆရာဆင်ဖြူကျွန်းအား ဟာသသဘောလုပ်ခဲ့သည် အထင် များမှာ စိုးပါသည်။ ဆရာ့ နာမည်ဖြင့် လုပ်စားသည်ဟုပင် ကျွန်တော် အထင် မခံဝံ့ပါ။ အဆုံးစွန် ဆရာ့အမည်ကို ပေါပြုလာလုပ်သလို ဖြစ်သွားမှာကိုပင် ရှာကြံ စိုးရိမ်မိပါသည်။ သို့သော် တစ်လောဆီက လက်ဖက်ရည်ဆိုင်တွင် ဆရာနှင့် စကားလက်ဆုံကျဖြစ်သည်။ ကျွန်တော်၏ ယခုစာမူအကြောင်းကို နှုတ်ဖြင့် ပြောပြတော့ ဆရာက ဆိုသည်။

"ကောင်းသားပဲကွ၊ ဦးတည်ချက်က စေတနာကောင်းပဲ၊ သင့်လျော်မယ့် တိုက်ကို ပေးလိုက်ပေါ့။ ငါ ခွင့်ပြုပါတယ်" ဟု ဆိုသဖြင့် ဆရာကိုယ်တိုင် 'ဆလိုင်းချင်အောင်' ကလောင်ခွဲဖြင့် ပင်တိုင် ရေးနေသော ရွှေမြန်မာဂျာနယ် သို့ ပေးပို့လိုက်ရပါသည်။ တစ်ဆက်တည်းမှာပင် ဤစာဖတ်သူသည် စာရေး ဆရာငယ်များအပေါ် စာရေးဆရာကြီးများက ထားသော စေတနာမေတ္တာတရား ကို သတိမူလိုက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။

၁၉၇၆ ခုနှစ်လောက်က ဖြစ်ပါလိမ့်မည်။ ကျွန်တော် စာရေးဆရာ ပေါက်စ နာမည်ကြီးခါစ...။ မှတ်မှတ်ရရ မွန်ပြည်နယ် တောင်စွန်းဟောပြောပွဲ





ခရီးထွက်ခဲ့သည်။ သတိတရ ရှိနေသည်မှာ တောင်စွန်း ဟောပြောပွဲမှာ ဟော သည့် စာရေးဆရာက (၁၂) ယောက် ဖြစ်၏။ တောင်စွန်းမြို့ပေါ်တွင် ပြဿနာ မရှိသော်လည်း ထိုမြို့အနီး 'ပေါက်တော' ရွာသို့ ခရီးကြုံဝင်ပြောသောအခါ နားထောင်မည့် စာဖတ်ပရိသတ်က လူ (၃၀) လောက်ပင် မပြည့်တတ်။ ကျန် ပရိသတ်မှာ ရွာမှကလေးငယ်များ ဖြစ်ကြ၏။ မည်သို့ပင်ဖြစ်စေ ထိုနှစ်ပွဲလုံး အောင်မြင်စွာ ဟောပြောနိုင်ခဲ့ကြပါသည်။ သို့သော် အပြန်ခရီး မှုလစီးမည့် ရထား ဘာဖြစ်သွားလို့ဆိုလည်းမသိ။ အချိန်တော်တော်လင့်ကာမှ ရရာရထား ဖြင့် လိုက်ခဲ့ကြရ၏။ ရိုးရိုးတန်းကလား၊ ကုန်စိမ်းတွဲဖြင့်လား မမှတ်မိတော့ ပါ။ ဘာပဲဖြစ်ဖြစ် မှောင်နှင့်မည်းမည်း ရထားတွဲထဲမှာ စာရေးဆရာများကား ပျော်ပျော်ပါးပါး သောက်သောက်စားစား။ ဤသို့ဖြင့် မည်သည့်ဘူတာမှန်း မသိ၊ ဆိုက်ရောက်ကြသည်တွင် (မြို့ကြီးတစ်မြို့မှန်းတော့ သိသာပါ၏) ဈေး သည်များ၊ ခရီးသည်များ၊ အော်သံဟစ်သံတွေ ဆူဆူညံညံ။ သို့သော် ထိုဘူတာ ကြီးကတော့ မှောင်နှင့်မည်းမည်းထဲမှာ မပီဝိုးဝါးဖြင့် လှုပ်ရှားနေပါသည်။

ထိုအချိန်မှာပင် လူတစ်စုသည် စကားသံဝဲဝဲ လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းဖြင့် ရေးကြီးသုတ်ပျာ လှုပ်ရှားနေကြပါ၏။

"စာရေးဆရာတွေ ဘယ်မှာလဲ စာရေးဆရာတွဲ ဘယ်မှာလဲ"

ကိုယ့်အရှိန်နှင့်ကိုယ် ပျော်ရွှင်နေရာ တော်တော်ကလေးကြာမှာ ကျွန်တော် တို့ အုပ်စုမှာ မထိတ်သာ မလန့်သာ ဖြစ်ကြရတော့၏။ အကြောင်းမှာ ထိုစဉ် ကာလက ထိုဒေသတစ်ဝိုက်သည် ယခုကဲ့သို့ အေးချမ်းငြိမ်သက်မှု မရှိသေး ပါ။ သတင်းမျိုးစုံကြားနေရဆဲ ဖြစ်၏။ ဤတွင် ကျွန်တော်တို့ အုပ်စုထဲမှ ဆရာ လင်းယုန်မောင်မောင်က မူလတန်းကျောင်းသားငယ်၏ အသံမျိုးဖြင့်...

"ရှိပါတယ် ခင်ဗျ" ဟု အယောင်ယောင်အမှားမှား ထ၍ အော်ပါသည်။ ထိုအခါ စောစောက လူအုပ်စုသည် "ဟေး... တွေ့ပြီ တွေ့ပြီ" ဟု ဝမ်းသာ အားရ အော်ဟစ်လိုက်ကြရင်း ကျွန်တော်တို့ ရှိရာသို့ အပြေးအလွှားလာရောက် ကြသည်။ သူတို့၏လေသံမှာ မာဆတ်ဆတ် ရှိသော်လည်း သူတို့၏ ဟန်ပန် မှာ အလွန်ရိုကျိုးနေကြပါသည်။ သိရသည်မှာ သူတို့သည် ထိုမြို့မှ ပါတီကောင်စီ ပုဂ္ဂိုလ်များ စာပေဝါသနာရှင်များ စာပေလုပ်သားများ ဖြစ်ကြကြောင်း၊ ကျွန်တော် တို့ စာရေးဆရာ အုပ်စုကို သူတို့မြို့တွင် လမ်းကြုံဝင်ပြီး ဟောပြောပေးပါမည့် အကြောင်း၊ အတိုချုပ်ကြစို့ရဲ့။ ဟောမယ်၊ မဟောဘူး။ ဘယ်သူ ဟောမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ မပေဟာဘူးနှင့် အတော်ကြာ ညှိနှိုင်းလိုက်ကြရာ နောက်ဆုံး ဆရာလင်းယုန်မောင်မောင်၊ ဆရာဆင်ဖြူကျွန်း အောင်သိန်းနှင့် သုမောင်။ သုံးယောက်သား မဲကျလေတော့သည်တွင် မောင်ကြီး၊ မည်းကြီး စမ်းတဝါးဝါးဖြင့် စာပေစင်မြင့်ရှိရာသို့ တစ်ထိုင်မှုမနားရဘဲ ဆိုက်ဆိုက်ကြီး ရောက်ရပါတော့သည်။ ထိုမြို့ကား မှတ်မှတ်ရရ 'ကျိုက်ထို'။

* * *

စာပေစင်မြင့်အနေအထား ဘယ်သို့ရှိသည် မသိရပါ။ အကြောင်းကား လျှပ်စစ်မီးမရှိသဖြင့် စာရေးဆရာကို မြင်သာစေရန် အောက်လင်းမီးအိမ်ကြီးနှစ်လုံးဘေးတစ်ဖက်တစ်ချက် ထွန်းညှိထားရုံသာ ရှိသောကြောင့်ဖြစ်၏။ စကားပြောခွက် မိုက်ခရိုဖုန်းကလည်း ဒေါက်တိုင်ဖြင့် မဟုတ်။ စင်မြင့်နဖူးစည်းမှ ကြိုးတန်းလန်းဖြင့် တွဲလောင်းကျနေ၏။ စာဟောခုံ၊ မတ်တတ်စားပွဲလည်း မရှိပါ။ အုံ့ဖွယ်ရာကား မောင်ကြီး၊ မည်းကြီးထဲတွင် ပရိသတ်တို့ တစ်ခဲနက်ရှိကြခြင်းပင်။

လော်စပီကာသံအတွက် ဘက်ထရီအိုးသုံး အသံချဲ့စက်ကိုသာ အသုံးပြုနိုင်လေရာ ကျွန်တော်တို့ သုံးဦးသားခမျာ၊ အသံကုန်ဟစ်ရပါလေသည်။ သည်ကြားထဲ စကားပြောခုံ၊ မတ်တတ်စားပွဲကလည်း မပါ။ ခါးညောင်းလို့မှ ဆန့်လို့ အမြင်မတော်။ ဟို... 'တောင်စွန်း' နှင့် 'ပေါက်တော' မှာကလည်း နှစ်ပွဲနွှဲခဲ့ရသေးသည်။ ရထားကလည်း ဖြစ်သလိုလိုက်လာရသည်မို့ ဒဏ်ခံလိုက်ရသည်မှာ မသက်သာလှပါ။

မည်သို့ပင်ရှိစေ စာဆိုဟူသည့်မှာ စာကို ရေးလည်းရေးရသလို၊ ဆိုလည်းဆိုရသည် မဟုတ်ပါလား။

ထုံးစံအတိုင်းပင် ဆရာလင်းယုန်က ပွဲဦးထွက်။ ဆရာ ဆင်ဖြူကျွန်းက ဒုတိယ။ ကျွန်တော်က နောက်ဆုံးပိတ်။ ဤတွင် စာပေဟောပြောပွဲ ထုံးစံမှာ ရှေ့မှဆရာများသည် နောက်ဆရာများ ပြောလို့ကောင်းအောင် ကေားချိတ်ကလေးတွေထားခဲ့ရ၏။ ပြီးတော့ အပြောင်အပြက်ကလေးတွေဖြင့် ဟာသနှောခဲ့တတ်၏။ ထိုပွဲတွင်လည်း ထိုနည်းလည်းကောင်း။

ဆရာကြီး နှစ်ယောက်စလုံးက ကျွန်တော့်အား ကျီစယ်သွားကြကုန်၏။

"သုမောင်တဲ့ ဘယ်သူ့မောင်တုန်း၊ ရုပ်ကဖြင့် ဟောဒီမော်လမြိုင်





ရန်ကုန်လိုင်းမှာ မောင်နီလုပ်နေဟဲ့ပုံမျိုး၊ ဒါများ မင်းသားတဲ့။ ကျုပ်လောက်ချော မပြောပါဘူး" စသဖြင့် အားမနာဘဲပြောကြလေရာ။ ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်း တီးကြကုန်၏။

ဤသို့ဖြင့် ကျွန်တော့်အလှည့်သို့ ရောက်လေသော် ကျွန်တော်ကလည်း ပြန်၍ ကျီစယ်ပါ၏။ ကျွန်တော်ပြောသော အကြောင်းအရာမှာ 'ရသ သဘော' ဖြစ်ပါ၏။ ထိုတွင် ကျွန်တော်က 'ရသ' ဆိုသည်မှာ မျက်လှည့်ပွဲ ကြည့်ရသည်နှင့်တူကြောင်း၊ မိမိအား လိမ်ညာမည်ကို သိလျက်ကပ်နှင့် ပိုက်ဆံပေးပြီး ကြည့်ကြကြောင်း စသဖြင့် ဥပမာပေးရာတွင်...

"ဥပမာ လင်းယုန်ငှက်တစ်ကောင်ကို အဝတ်နဲ့အုပ်ပြီး အပ်ချလောင်းလို့ အော်ဟစ်၊ တုတ်နဲ့တို့လိုက် ဟော... အဝတ်နီကို ဖယ်လိုက်ရင် ဆင်ကြီးဖြစ်သွားရော" စသည်ဖြင့် ဟာသနှောလေသည်။ ဆရာကြီးနှစ်ယောက်မှာလည်း စင်မြင့်ပေါ်မှာပင် ကျွန်တော့် နောက်ကျောဘ်၌ ထိုင်နေကြလေရာ ပရိသတ်မှာ ပယ်တုတ်မရ ဖြစ်တော့၏။

ထားလိုက်ပါ။ ဒါသည် ကျွန်တော်၏ ဤစာစုလိုရင်းမဟုတ်ပါ။ အဓိကကား ဟောပြောပွဲအပြီး ဧည့်ခံပွဲ။ ကျွန်တော်တို့ကို ကျွေးမွေးဧည့်ခံသော နေအိမ်သည်လည်း မှောင်နှင့်မည်းမည်းပါပဲ။ မှတ်မိသေးသည်။ ကုလားထိုင်မရှိ၊ ကြမ်းခင်းပေါ်မှာ ဖျာချပ်ချ၍ စားကြ၊ သောက်ကြရသည်။ ဖယောင်းတိုင်နှင့် အမြည်းနှင့်။

ထိုအခါ ဟောပြောပွဲသုံးပွဲ မတ်တတ်ရပ်ခဲ့ရသောဒဏ်၊ ရထားဆောင့်သောဒဏ်တို့ဖြင့် ကျွန်တော် ခါးနာပါတော့သည်။ သည်တော့ ကျွန်တော့်မှာ ထိုဝိုင်းတွင် မထိုင်နိုင်။ ပက်လက်၊ စောင်းလျက်နေဖို့ရာကလည်း အရက်သောက်တော့ အခက်။ သည်တော့ ကျွန်တော့်မှာ မှောက်လျက်သား စားရသောက်ရ၏။ ထိုအခါဆရာ ဆင်ဖြူကျွန်းက ထုံးစံအတိုင်း မျက်မှန်အောက်မှ မျက်မှောင်ကြုတ်လျက် "ဟေ့ကောင် ဘာရောဂါထတာလဲ" ဟု ဘုဆတ်ဆတ်မေးတော့ "ခါးနာနေပြီ ဆရာ" ဟု ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်ပါသည်။

ဤတွင် ဆရာဆင်ဖြူကျွန်းသည် ဘာမပြော ညာမပြောနှင့် ထိုင်ရာမှ ထလာပါသည်။ "နွေးကောင်လေး ငြိမ်ငြိမ်နေ" ဟု ဆိုပြီး ကျွန်တော့်ခါးကို ခြေတစ်ဖက်ထဲတင်ပြီး ညင်သာစွာ နင်းပေးပါလေတော့သည်။ ပါးစပ်မှလည်း နင်းချက်နှင့်အညီ...



www.burmeseclassic.com

www.burmeseclassic.com

"သေမှကောင်းတယ်၊ လူကြီးတွေကို စော်ကားဦး" ဟု ဗျစ်တောက် ဗျစ်တောက်လုပ်ပါသည်။ တော်တော်ကြာသောအခါ သူက...

"ဟော့... လင်းယုန်၊ မင်း တစ်လှည့်လာနင်းချေဦး။ ဒီခွေးကောင် ခါးကျိုးမှ အေးမယ်" ဆိုပါသည်။ ဆရာလင်းယုန်ကလည်း သူ့လိုပင် မြည်တွန်တောက်တီးရင်း ကျွန်တော့်ကို ဖွဖွနင်းပေးပြန်ပါသည်။

ဆရာနှစ်ယောက်သည် ကျွန်တော့်ကို တူသားတစ်ယောက်အား တကယ်ပြုစုသလို ခပ်ဖွဖွနင်းပေးနေခြင်း ဖြစ်ပါသည်။

ကိုင်း... ထိုအချိန်တွင် ကျွန်တော့်ခံစားမှု ဘယ်သို့ရှိမည်နည်း။ စာဖတ်သူဘာသာ စဉ်းစားပါ။ တကယ်တော့ ထိုအချိန်တွင် ကျွန်တော့်စိတ်က ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာသို့သာ ပြန်ပြေးနေပါ၏။

သည်နေ့ နာမည်ကြီးနေသော နာမည်ကြီးဆရာကြီးတစ်ဦး ကလောင်တက်ခါစကဖြစ်၏။ ထိုအချိန်တွင် ရှမဝမဂ္ဂဇင်း၌ တင့်တယ်၊ သန်းဆွေ၊ သော်တာဆွေ ဟူသော စာရေးဆရာကြီးများ ဘုန်းမီးနေလတောက်ပချိန်။ တစ်နေ့ ထိုစာရေးဆရာ ရှမဝမဂ္ဂဇင်းတိုက်သို့ ရောက်လာ၏။ ဆရာကြီးများကလည်း ရှိနေကြ၏။ တက်လူဖြစ်သော သူ့ကို ချီးကျူးနေကြပါ၏။ ထိုစဉ်တွင် ထိုဆရာလေးသည် ရေအိမ်သွားချင်လာပါသည်။ ထို့ကြောင့် အယ်ဒီတာခန်းမှ အိမ်သာဘက်ဆီသို့ ဖိနပ်ချွတ်ထားခဲ့ပြီး သွားပါသည်။ ထိုအချိန်တွင် ဆရာကြီး တင့်တယ်က...

"ဆရာ... ဆရာ ဒီမှာ ဖိနပ်ယူသွားဦးလေ" ဟု လှမ်းပြောပြီး ဆရာကလေး၏ ဖိနပ်ကို နာမည်ကျော်ဆရာကြီး တင့်တယ်ကိုယ်တိုင်ကိုင်၍ လိုက်ပို့ပေးခဲ့ပါသည်တဲ့။ ထိုအဖြစ်အပျက်ကို ကျွန်တော် စာတစ်ပိုဒ်၌ ဖတ်ဖူးသည်လား မမှတ်မိတော့ပါ။

ဘာပဲဖြစ်ဖြစ် ထိုစဉ်က ထိုညှော်ခံပွဲညတွင် ထုံးစံအတိုင်း ဆရာလင်းယုန်က ကျွန်တော့်အား သီချင်းဆိုရန် မြှောက်ပေးပါသည်။ ကျွန်တော်က 'လက်ရည် တစ်ပြင်စီး' သီချင်းဆိုလေရာ ရေးကတော့ ပိုချစ်ကြတယ် စာသားကို အထပ်ထပ် ဆိုနေမိပါတော့သည်။

တစ်လောဆီက ကျိုက်ထိုစာပေဟောပြောပွဲသို့ ဒုတိယအကြိမ် ကျွန်တော် ရောက်ပြန်သည်။ ထိုဟောပြောပွဲတွင် ကျွန်တော်က...

အထက်ပါ ပထမအကြိမ် ဟောပြောပွဲအကြောင်းကို စကားမစပ် ပြန်





ပြော ဖြစ်သည်။ နောက်တစ်နေ့နံနက်တွင် မြို့ခံသက်ကြီး စာပေဝါသနာရှင် တစ်ယောက်က ကျွန်တော့်အား ပထမအကြိမ်တုန်းက ကျွန်တော်တို့ ဟောပြောခဲ့သည့်နေရာ ကျွန်တော် စာရင်သောက်ရင်း အနင်းခံရသည့် နေရာတွေကို တကူးတက လိုက်ပြရှာသည်။ လွမ်းလိုက်တာ ဆရာတို့ရယ်။

[ရွှေမြန်မာ၊ အမှတ် ၅၆၊ ဇန်နဝါရီလ ၄ ရက်၊ ၁၉၉၉ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## စိတ်လှုပ်ရှားနေသောကြောင့် တိုတိုပဲရေးပါရစေ

ယခုရက်အတောအတွင်း ငွေကြယ်ပွင့်ကို ပွဲနှစ်ပွဲ ရောက်ဖြစ်သည်။ တစ်ပွဲက သိတော်မူကြသည့်အတိုင်း အကယ်ဒမီပွဲ၊ ဟကယ့်ကို ငွေကြယ်ပွင့် တဖျပ်ဖျပ် အရောင်လက်နေသောပွဲ။ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် တင့်တယ်လှသည့်ပွဲ။ ရေမွှေးနံ့တို့ ထောင်းထောင်းထသည့်ပွဲ။ ကဲ… ဒီလောက်ဆိုရင် ဒီပွဲအကြောင်း လုံလောက်ပါပြီ။ ရွှေပွဲ၊ စိန်ပွဲ။

* * *

နောက်တစ်ပွဲက ငွေကြယ်တစ်ပွင့် ကြွေသောပွဲ။ တွံတေးသိန်းတန်ကြွေသောပွဲ။ သူ့အသုဘကို ကျွန်တော် လိုက်ပို့ဖြစ်သည်။ ကျွန်တော်သည် ငွေကြယ်ပွင့်တို့ကြွေသော အသုဘများသို့ သွားလေ့သွားထမရှိ။ အကြောင်းမှာ ကြွေသောကြယ်ပွင့်ကို ဂါရဝပြုခြင်းထက် ကြွရောက်လာကြမည့် [illegible] ကျော်များကို ကြိတ်ကြိတ်တိုး လာရောက် ကြည့်ရှုအားပေးကြသော ပရိသတ်၏ ဒဏ်ကို မခံနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ငွေကြယ်တစ်ပွင့် ကြွေလေတိုင်း (မကြွေမီကပင်လျှင်) တတ်အားသရွေ့ တတ်နိုင်သောနည်းဖြင့် ကူညီသည်။

ယခု တွံတေးသိန်းတန်ကိစ္စတွင်လည်း လိုက်ပို့ရန် စိတ်ကူးမရှိခဲ့ပါ။ သို့သော် ကျွန်တော် ပိုင်ဆိုင်သော ပစ်ကပ်နောက်ဖွင့်ကားကလေးရှိသောကြောင့် ထိုကားဖြင့် အကူအညီပေးရန် လိုက်ချင်တဲ့သူ လိုက်ကြပါစေဆိုသည့်သဘော၊ ကုသိုလ်ဖြစ်သဘော။





ဆိုကြပါစို့။ ရေဝေးသုသာန်သို့ ရောက်ပါပြီ။ မြောက်ဥက္ကလာလမ်းမကြီးမှ ရေဝေးသုသာန်အဝင် လမ်းထောင့်ချိုးတွင် ဆိုက်ကားဂိတ်တစ်ခုရှိသည်။ ထိုနေရာအရောက် ကျွန်တော် အသံတွေကြားရသည်။ ဆိုက်ကားသမားများ၏ သံပြိုင်အသံများ ဖြစ်သည်။

"ကိုသိန်းတန်ဆီအရောက် တစ်ယောက်ငါးဆယ်"

အစတွင် သူတို့ ဘာအော်နေမှန်း ကျွန်တော် နားမလည်။ နောက်မှ ဩော်… ထိုနေရာမှ ရေခဲတိုက်အထိ ခရီးကို တစ်ယောက်ငါးဆယ်နှုန်းဟု ဆိုလိုကြောင်း သဘောပေါက်တော့သည်။

ကျွန်တော် စဉ်းစားကြည့်သည်။ ဟုတ်ပ၊ ကိုသိန်းတန်အား လာရောက်ပို့သကြသော အသုဘရှုပရိသတ်သည် မော်တော်ကားစီးနိုင်သော အတန်းအစားမျိုးများမှ မဟုတ်ကြပါဘဲလေ။

* * *

ရေဝေးသုသာန် လယ်ကွင်းပြင်ကြီးသည် ဖုန်တထောင်းထောင်း ထနေသည်။ ကျဲကျဲတောက်ပူနေသော နေရောင်အောက်တွင် ကိုသိန်းတန်အား လာရောက် ဂါရဝပြုကြသော ပရိသတ်ကြီးသည် ပုရွက်ဆိတ်အုံ တုတ်နှင့်ထိုးသကဲ့သို့ ရှန်းရင်းဆံခတ် ဟိုပြေးဒီပြေး လှုပ်လှုပ်ရှရှ။ ကျွန်တော် သတိထားမိသလောက် (ယခင့်ယခင် ငွေကြယ်ပွင့်တို့ ကြွေလေရာ လာရောက်ကြသော ပရိသတ်မျိုးမဟုတ်) လူအုပ်ကြီးသည် ဘယ်နာမည်ကြီးတွေ လာကြမည်ကို စောင့်မျှော်နေကြသော ပရိသတ်မျိုးမဟုတ်။ ကိုသိန်းတန်၏ ရုပ်အလောင်းကို ကြည့်ရှုရန် လာကြသော ပရိသတ်များသာ ဖြစ်ပါသည်။

ပါးကွက်ကြားတွေလည်း ပါသည်။ အပေါ်စား နှုတ်ခမ်းနီရဲရဲတွေလည်း ပါသည်။ ခုံဖိနပ်တွေလည်း ပါသည်။

အင်္ကျီအစုတ်အပြဲတွေလည်း ပါသည်။ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် အခြေခံလူတန်းစား။

တခြား ကျွန်တော် သတိထားမိသည်မှာ စက်ဘီးဖြင့် ထီရောင်းကြသူများ။ သူတို့သည် ထီလာရောင်းဟန်မတူ။ တွံတေးသိန်းတန်ကို လာရောက် ဂါရဝပြုကြပုံရသည်။ သို့သော် သူတို့ တစ်အုပ်စုလုံးသည် စက်ဘီး ကက်ဆက်များကို အကျယ်လောင်ဆုံး ဖွင့်ထားကြသည်။ တွံတေးသိန်းတန် သီချင်းတွေ ချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားတချို့ကိုလည်း တွေ့ရသည်။ မူးမူးနှင့် ကိုသိန်းတန် သီချင်းတွေကို အော်ဟစ်သီဆိုနေကြသည်။ မှတ်မှတ်ရရ မျက်မမြင်တစ်ယောက်ကိုလည်း ကျွန်တော် တွေ့သည်။ လူအတွဲဖြင့်လာသည်။

"အသံပဲ ကြားဖူးပါတယ်ဗျာ။ လူမမြင်ဖူးပါဘူး။ ဒါကြောင့် နောက်ဆုံးအနေနဲ့ သူ့မျက်နှာလေး ကိုင်ကြည့်ချင်လို့ပါ။ သူ့အလောင်း ဘယ်မှာလဲဗျို့"

ဟု ငိုသံပါကြီးဖြင့် အော်ဟစ်နေသံကို ကျွန်တော် ကောင်းကောင်းကြားလိုက်ရသည်။ လိုက်ခနဲ ဖြစ်သွား၏။

ကိုသိန်းတန်၏အလောင်းကို ဂုက်ထားရသည်ဟု တာဝန်ရှိသူများက ပြောသဖြင့် ကျွန်တော်ပင် ကြည့်ခွင့်မရခဲ့ပါ။

အပြန်တွင်လည်း စာစောက ပြောခဲ့သော ဆိုက်ကားဂိတ်အရောက် ဆိုက်ကားသမားများ၏ သံပြိုင်အော်ဟစ်နေသံကို ကြားနေရပြန်ပါသည်။ ဒီတစ်ချီကြားရသော အသံတွေကား ကျွန်တော့်ရင်ကိုသာမက တစ်ကိုယ်လုံးကိုပါ ဆတ်ဆတ်ခါသွားစေပါသည်။

"ကိုသိန်းတန်ရေ သေတဲ့အထိ ကျွန်တော်တို့ကို လုပ်ကျွေးသွားသလားဗျ"

* * *

ကျွန်တော်တို့ ငွေကြယ်ပွင့်များသည် ကောင်းကင်၌ တလက်လက် တောက်ပကြကုန်၏။ ကြွေချိန်တန်တော့လည်း ကြွေရမည်သာပင်။ သို့သော် ဘယ်နေရာဆီသို့ ကြွေမည်နည်း။ ကျောက်ဆောင်၊ ချောက်ကမ်းပါးများပေါ်သို့ ကြွေမည်လော။ ပင်လယ်သမုဒ္ဒရာအတွင်းသို့ ကြွေမည်လော။

[အလင်းတန်းဂျာနယ်၊ အမှတ် ၃၄၊
ဇန်နဝါရီ ၂၆ ရက်၊ ၁၉၉၉ ခုနှစ်]



## နေညိုလျှင် မေပျိုနွမ်းတယ်

မင်းသမီးကြီး ခင်သန်းနုနှင့် ရုပ်ရှင်ဇာတ်ကား လေးငါးကားမျှသာ တွဲဖက်ရိုက်ကူးဖူးသော်လည်း ကျွန်တော်နှင့် မောင်နှမလိုမျိုး ခင်မင်ခဲ့ကြပါသည်။ ကျွန်တော်ကား ပေါ့ပေါ့ပါးပါး ပေါပေါလောလော ဆက်ဆံတတ်သောကြောင့်လားတော့မသိ။ ကျွန်တော်နှင့် တွဲဖက်ဖူးသူ သရုပ်ဆောင်များ ကျွန်တော့်ကို ခင်မင်သွားတတ်သည်ချည်းသာ။

စတွေ့စ ဇာတ်ကားများမှာတော့ ကျွန်တော်၏ ပွင့်လင်းသော ဝသီကြောင့် ကျွန်တော့်ကို ခပ်ချဉ်ချဉ် ဖြစ်တတ်ကြပါသည်။ နောက်တော့လည်း ထို 'ချဉ်ဖတ်' သည်ပင် ငါးပိရည်ကောင်းကောင်းနှင့် တွေ့သွားသလို ကျွန်တော့်ကို အချစ်ပိုသွားတတ်ကြပါသည်။ (ရိုးရိုးပြောတာပါ)

အစ်မကြီး ခင်သန်းနုလည်း ၎င်းအတိုင်းပါပဲ။ ပထမဆုံး သူနှင့်တွဲဖက်ရသည့် ဇာတ်ကား 'မမ' (ငြိမ်းကျော်၏ဝတ္ထု) ရိုက်ကူးကြတော့ မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့ရှိ တောင်ကတုံးလေးတစ်ခုပေါ်က ထုံးဖြူဖြူစေတီလေးအနီးမှာ။ နေကလည်း ပူပါဘိသနဲ့။ ဇာတ်ဝင်ခန်းက ချစ်သူနှစ်ဦး ဘုရားဖူးရင်း ရှေ့ရေးတွေ တိုင်ပင်ကြခန်း။ ဤတွင် ကျွန်တော်က သူ့ကို 'မမ'၊ 'မမ'၊ 'မမ' ဟု တမင်တကာ တွတ်ထိုးရသည့် ဒိုင်ယာလော့(ခ်) ပါဝင်သည်။ (ပ၊ ဖ၊ ဗ၊ ဘ၊ မ ဟူသော ကြာသပတေးနံ စကားလုံးများသည် ပါးစပ်ပိတ်ပြီးမှ လေလုံးကို ထုတ်ရသောကြောင့် အရှိန်ပြင်းပါသည်) ထိုအခါ ကျွန်တော် သောက်ထားသော အရက်နံ့သည် မင်းသမီးထံသို့ အလုံးလိုက် အလုံးလိုက် ထိမှန်သွားပုံရပါ၏။ ထိုအခါ သူက...



www.burmeseclassic.com

www.burmeseclassic.com

"ဟိုး... ဟိုး ပြန်ရိုက်မယ်"

"ဘာပြုလို့တုန်း"

"မင်းသားပါးစပ်က အရက်နံ့ရလို့ ဖီလင်မလာဘူး"

ထိုစဉ်က ကျွန်တော်သည် တက်သစ်စမင်းသား ဖြစ်ပါသည်။ အသက်ကလည်း (၂၀) ကျော်မျှသာ ရှိသေးသည်။ ဟိုးတစ်ပတ် (မေဂျာနယ်) မှာ ရေးခဲ့ဖူးသလို အနံ့အသက်ကိုလည်း အလွန်ဂရုထားချိန်ပါ။ ထို့ကြောင့် အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါသွားမိ၏။ သူက ထိုစဉ် ခုနှယ်ခါ မေသန်းနုတို့အနေလောက်။ ပြီးတော့သူက အိမ်ထောင်သည်။ အရွယ်ရင့်။

ကျွန်တော်လည်း အရိုက်ကိုထိုးသည့် စကားလုံးကို ပြန်၍ လွှတ်ပြောလိုက်ရာ "မရိုက်တော့ဘူး" ဟု စိတ်ဆိုးပြီး တောင်ခါးပန်း ဇရပ်ကလေးဆီ ဆင်းသွားပါတော့၏။ နေကလည်းပူ၊ အရိပ်ကလည်းမရှိ၊ စက်သမားလေးများလည်း ထမင်းဆာလှပြီ။ ဒါရိုက်တာကလည်း စိတ်လျှော့နိုင်းသည်။ မင်းသားကြီး မြင့်နိုင် (သူက မမနှင့် အိမ်ကသဘောတူသူ သူဌေးသား) ခမျာမှာလည်း အနောက်တိုင်းဝတ်စုံကြီးဖြင့် ချွေးတဒီးဒီးကျနေရှာပြီ။

နောက်ဆုံး သူ (ခင်သန်းနု) ၏ မိတ်ကပ်သေတ္တာထဲမှ အကောင်းဆုံးအကောင်းစား ရေမွှေးပုလင်းလေးထုတ်၊ ပါးစပ်နှင့် မျက်နှာကို ဆွတ်ဖျန်း၊ (မရှိသေ့စကား တစ်ကိုယ်လုံး ခြေထောက်ပါမကျန် ရေမွှေးဆွတ်) ပြီး တောင်ခါးပန်းဆီ ဆင်းလာခဲ့တော့၏။

ဟိုဘက်လှည့်ထိုင်နေသော မမနုအား ကျွန်တော်က နောက်နားကပ်ပြီး 'မမ' 'မမ' 'မမ' ဟု ကျီစယ်သံပြုသောအခါ...

"ချွေးလေး ခုမှ" ဟု ဆိုလျက် သူနှင့် ကျွန်တော် လက်တွဲပြီး ရိုက်ကွင်းဆီ ပြန်လာခဲ့ကြပါတော့သည်။ (အစ်မကြီးရေ ရေမွှေးကိစ္စ ခုမှဖွင့်ပြောတာ ခွင့်လွှတ်ပါ)

ထိုမှ နောက်ပိုင်း ဒေါ်ခင်သန်းနုသည် ကျွန်တော့်အပေါ် မောင်နှမလို ခင်မင်သွားပါတော့၏။ နောင်သော် 'မောင်လေး' 'ကောင်လေး' ဟုပင် မခေါ်တော့ဘဲ 'ကိုဗလကြီး' ဟုပင် တရင်းတနှီး သုံးနှုန်းလာပါတော့သည်။

* * *

'နောက်ဆုံးပိတ် အိတ်နှင့်လွယ်' ဆိုရမလားမသိ။ သူနှင့် ကျွန်တော် နောက်ဆုံး တွဲဖက်သရုပ်ဆောင်ခြင်းအဖြစ် (၁၉၈၉) တွင် 'ခုနစ်စဉ်အလွမ်း'





ဇာတ်ကားရိုက်ကူးဖြစ်၏။ ဝဏ္ဏမင်းလူ၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ မင်းသားသုမောင်၊ ဇာတ်ပို့ မောင်ရူပ၊ ဇာတ်လမ်းမှတ်တမ်း အာယု (မောင်) တို့လည်း ရှားပါးစွာ ထိုတစ်ကားတည်းမှာပဲ ညီအစ်ကိုငါးယောက် ဆုံဖြစ်ဖူးသလို၊ မောင်ဝဏ္ဏ၊ ကျွန်တော်နှင့် ခင်သန်းနုတို့ အကယ်ဒမီ ရကြသည်။ (၁၉၉၁)

ဤတွင်လည်း ကျွန်တော်နှင့် ဒေါ်ခင်သန်းနုတို့ ပြဿနာတစ်ခု တက်ရပြန်ပါသည်။ သူသည် ရိုက်ကွင်းပေါ်သို့ နောက်ကျမှ ရောက်လာပြီး စောစောစီးစီး ရိုက်ကွင်းမှပြန်ရန် ဟန်ပြင်တတ်ခြင်း ဖြစ်သည်။ သူနှင့် ကျွန်တော်က ရင်းနှီးပြီးသားမို့ မထောင်းသာလှသော်လည်း မောင်ဝဏ္ဏခမျာမှာ ခင်သန်းနုနှင့် ပထမဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့ တွေ့ရခြင်းဖြစ်သည်။ မင်းသမီးများ၏အထာကို မောင်ဝဏ္ဏသိသော်လည်း ခင်သန်းနုအထာကိုတော့ ကျွန်တော့်လောက် သိမည်မဟုတ်ပါ။ ပြီးတော့ ရိုးရိုးပြောကြကြေး။ ထိုကာလတွင် ကျွန်တော်သည် ဟိုယခင် 'မမ' ရိုက်ကူးစဉ်က သူ့အရွယ် သူ့အနေအထားမှာ ရောက်နေပြီး သူက အရွယ်လွန်စပြုနေပါပြီ။ ထို့ကြောင့် ရိုက်ကွင်းမှာ သူ့ကို စောင့်ရသည့် အလုပ် သူ စောစောပြန်သွားသည့် အဖြစ်တို့ကို ကျွန်တော် မခံမရပ်နိုင်ပါ။ ကျွန်တော်ကလည်း ကလေးဆန်စွာ မာနတက်နေကြောင်း ဝန်ခံပါ၏။ ထို့ကြောင့် ရိုက်ကွင်းပေါ်မှ ညနေလေးနာရီလောက် (ရိုက်ကူးကောင်းနေစဉ်) သူ ပြန်သွားလေတိုင်း 'ဒီမိန်းမ သိပ်အလိုမလိုက်နဲ့ဗျာ' ဟု ကျွန်တော်က မောင်ဝဏ္ဏကို ရင့်ရင့်သီးသီးပင် ပြောမိပါသည်။ မောင်ဝဏ္ဏကတော့ ထုံးစံအတိုင်း သွားကလေးဖြီးပြီး 'နေပါစေကွာ' ဟု သာဆိုပါ၏။ ထိုအကျိတ်အခဲသည် ကျွန်တော့်ရင်ထဲ တနုံ့နုံ့ဖြစ်နေပါသည်။ ပြီးတော့ ထိုဇာတ်ကားရိုက်ကူးစဉ်က ကျွန်တော်က အရက်မသောက်သဖြင့် နှုတ်ဆွံ့နေတာလည်း ဖြစ်နိုင်ပါသည်။

တစ်နေ့သော် တွဲဖက်မင်းသားကြီး ဇော်လင်းနှင့် ထိုးကြိတ်၊ ကျွန်တော်ထွက်ပြေး၊ ဇော်လင်းက သေနတ်နှင့်ပစ်၊ ပေသုံးဆယ်လောက်မြင့်သော တောင်ကမူလေးပေါ်မှ သေနတ်မှန် ပြုတ်ကျ ထိုအခန်းရိုက်ကူးတော့ မောင်ဝဏ္ဏ ခွင့်ပြုချက်ယူပြီး ကျွန်တော် အရက်နည်းနည်း ရဲဆေးတင် သောက်ရပါသည်။ (အရက်မသောက်သော ဦးဇော်လင်းကိုယ်တိုင် ဝယ်တိုက်ခဲ့တာ မှတ်မိနေ၏)

သည်လိုနှင့် ညပိုင်း ကျွန်တော်နှင့် ခင်သန်းနုတို့ ဇာတ်ဝင်ခန်းဆက်သော် ကျွန်တော် အရှိန်မသေသေးပါ။ သူက ညခန်းများကျတော့လည်း ညဉ့်နက်သန်းခေါင်တိုင် စိတ်ရှည်လက်ရှည် ရိုက်ပေးပြန်ပါသည်။ ကျွန်တော်လည်း


www.burmeseclassic.com

www.burmeseclassic.com



ညနေက အရှိန်လေးနှင့် နွတ်ရဲလျှာရဲဖြစ်နေလေရာ...သူ ရိုက်ကွင်းမှ စောစော ပြန်သွားတတ်သည့်ကိစ္စကို ပွင့်လင်းစွာပင် ပြောဆိုမိပါတော့သည်။ အားမနာပါ။

ထိုအခါကျမှ ဒေါ်ခင်သန်းနုက ကိုသုမောင်၏ခေါင်းကို အသာအယာ ပုတ်လျက် စကားဆိုပါသည်။

"သြော်... ကိုဗလကြီးက ယောက်ျားသားဆိုတော့ မိန်းမသူတွေရဲ့ သဘာဝ ကို ဘယ်နားလည်ပါ့မလဲ။ ကိုယ့်မောင်နှမ လုပ်ဖော်ကိုင်ဖက်ချင်း ပြောပြထားမယ်။ မှတ်ထားကွယ့်။ မိန်းမဆိုတာ အသက်လေးဆယ်ကျော်ရင် ညနေပိုင်း နေစောင်းတာနဲ့ ကိုယ်ရောစိတ်ပါ ကျဆင်းတတ်တယ်။ တစ်ကိုယ်လုံး အကြောအခြင်တွေ လျော့ပါးကုန်ကြတယ်။ အဲဒီအချိန်မှာ ရုပ်ရှင်ရိုက်ရင် ကြည့်မကောင်းဘူး။ တင်းတင်းရင်းရင်း မရှိဘူး။ အိုက်တင်လည်းကျတယ်။ ဒါကြောင့် မနု စောစောပြန်တာပါ။ အဲ... ခုလို ညပိုင်းမျိုးကျတော့ ပြန်ပြီး လန်းဆန်းလာပြန်ရော။ ကိုဗလကြီးတို့ ဘယ်လောက်ရိုက်မလဲ။ မိုးအလင်းရိုက် မနု ရိုက်ပေးပါ့မယ်"

သူ့စကားဆုံးသောအခါ ကျွန်တော် စိတ်မကောင်းဖြစ်သွားရပေ၏။ သူ့ကွယ်ရာမှာ အပြစ်ဆိုမိသည်များကိုလည်း နောင်တရသွား၏။ အားနာသွား၏။ အမျိုးသမီးသရုပ်ဆောင်တို့၏ ဘဝကိုလည်း နားလည်သွား၏။

ခုနယ်ခါ ဤစာစုကို ရေးနေချိန်တွင်မူကား လေးဆယ်ကျော်အရွယ်လွန် အမျိုးသမီးများအားလုံးကို စာနာမိနေလေသည်။ အထူးသဖြင့် ရုပ်ရည်အလှအပ ကိုယ်ကာယဖြင့် လုပ်ကိုင် စားသောက်ရသော အနုပညာရှင်များသည် မိမိ၏ အလုပ်ကိုမိမိ သတိကြီးစွာထား၍ လေးစားကြရမည်ဟု အလေးအနက် ထားမိပါသည်။

[မေသတင်းကွာနယ်၊ အတွဲ ၂၊ အမှတ် ၁၀၊
နိုဝင်ဘာ ၃ ရက်၊ ၁၉၉၉ ခုနှစ်]



## ကိုဝင်းဦးပြောခဲ့သော စကားတစ်ခွန်းအကြောင်း

လူကြီးတွေက အကူအညီတောင်းလို့ နိုင်ငံတော်အတွက် မြန်မာ့ရုပ်မြင်မှ လွှင့်ထုတ်ရန် ယဉ်ကျေးမှုအခြေခံ (ဗျောသံ) ဇာတ်ကားကလေးတစ်ကား ရိုက်ကူးပေးဖြစ်ခဲ့ပါသည်။

သည်အတွက် ပထမဆုံး ကျွန်တော် နစ်နာရတာက နေ့စဉ် စာရေးနေကျဝတ္ထုရား ပျက်ကွက်ရခြင်းပါ။ ဟုတ်ပါ့။ ရုပ်ရှင်တစ်ကား ရိုက်တယ်ဆိုတာ သီချင်းတစ်ခွေသွင်းတာနှင့် မတူပေ။ အထူးသဖြင့် ကိုယ်က ဒါရိုက်တာလုပ်ရတာမို့ အစစ တာဝန်ယူရပြီ။ ဇာတ်လမ်း ဇာတ်ညွှန်းမှအစ ရိုက်ကွင်းအလယ် နောက်ဆုံး မင်းသမီးနောက်လိုက်၊ မိတ်ကပ်ဆရာမအထိ တာဝန်ယူ ကြီးကြပ်ပေးရပါသည်။

ဒုတိယ နစ်နာရတာက ငွေကြေးပါ။ သက်ဆိုင်ရာက ထုတ်ပေးသော ငွေ (ကျွန်တော် တောင်းသလောက်ပေးတာပါပဲ) နှင့် မလောက်ငှခြင်း ဖြစ်ပါသည်။ ဘယ်လောက်ပါ့မည်နည်း။ ကိုယ်က ပြီးပြီးရောလုပ်တတ်သူမှ မဟုတ်တာ။ ပြီးတော့ ဒါနှင့်လုပ်စားတတ်သူမှ မဟုတ်တာ။ သည်တော့ စိတ်ကြိုက်ရိုက် စိတ်ကုန်လုပ်တော့ အိတ်ထဲက စိုက်ရတော့သည်ပေါ့။

တတိယနစ်နာတာကတော့ ကိုယ့်ဇာတ်ကားရိုက်ကူးနေစဉ်အတွင်း မိမိ၏ အဓိကဝင်ငွေဖြစ်သော တေးသီဆိုချင်း၊ စင်တင်ပွဲဖျော်ဖြေခြင်းမှရမည့် ငွေတွေ ဆုံးရှုံးရခြင်းပါ။

* * *

အနုပညာသည်တွေ အနစ်နာခံရမှုအပေါ်မှာ ပြောစရာလေးတွေ ရှိနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဇာတ်ကား ရိုက်ကူးပြီးစီးတော့ ကားဆက်၊ တည်းဖြတ် စသည့်လုပ်ငန်းတွေ လုပ်ရပါသည်။ ကောင်းပါပြီ။ ဒါတွေပြီးတော့ ဘာလုပ်ရဦးမည်နည်း။ သည်အတိုင်း ပြလို့မရသေးပါ။ နောက်ခံတီးလုံးတွေ သွင်းရပါသေးသည်။ သည်အတွက် နိုင်ငံတော်ကလည်း ကူညီပါသည်။ သက်ဆိုင်ရာ ဂီတပညာရှင်များကလည်း ကူညီကြပါသည်။ သို့သော်...

ကျွန်တော် အသုံးပြုလိုသော ဂီတဆရာက စန္ဒရားတင်ဝင်းလှိုင်။ သူ့ကို ဖမ်းရဆီးရတာ မလွယ်ပါ။ သူက ခြေများသည်။ ထို့ကြောင့် သူ့ကို မရအရ ရှာရဖွေရသည်။ နောက်ဆုံး တွေ့မည့်တွေ့တော့ သူ့အိမ်မှာပင် နံနက်စောစောသွားဖမ်းတာမိသည်။ အဆင်ပြေသည် ဆိုကြပါစို့။ သူက ဝမ်းသာအားရ ကူညီပါ့မည်ဟု ကတိပေးသည်။

သို့သော် ကျွန်တော်ယူသွားသော တိတ်ခွေကို ပြသဖို့ရာမှာ အခက်ကြုံတော့သည်။ အကြောင်းကား စန္ဒရား တင်ဝင်းလှိုင်ဆိုသော ဆရာကြီးတစ်ဆူ အိမ်မှာ တီဗွီသာရှိသည်။ အောက်စက်မရှိပါတဲ့။ ကိုင်း... ဘယ့်နှယ့် လုပ်မည်နည်း။ ရှင်းရှင်းကလေးပဲ။ နီးစပ်ရာအိမ်မှာ အခွေထိုးပြလိုက်ရုံပေါ့။ မဟုတ်သေးပါ။ ကျွန်တော်ပြောချင်တာက စောစောက စကားပါ။ အနုပညာသည်တို့၏ ဒုက္ခ။ အနစ်နာခံရမှုပါ။ စဉ်းစားကြည့်ကြပါ။ စန္ဒရားတင်ဝင်းလှိုင်လို နောက်ခံဂီတတွင် လှိုင်လှိုင်သွင်းနေရသူ ပညာရှင်ကြီးအိမ်မှာ အောက်စက်မရှိ (မဝယ်နိုင်သေး) တဲ့။

ဘယ်လောက် ခံစားဖို့ကောင်းသနည်း။ ဘယ်လောက်တရားကျဖို့ ကောင်းသနည်း။

သည်စကား သူကပြောပြီး သူ့ဘာသာသူ ရယ်မောပါသေးသည်။ ကျွန်တော်က မရယ်မိပါ။ တကယ်ဆို သူ့အိမ်မှာ အောက်စက်မရှိကြောင်း ရယ်ကာမောကာ သူ ပြောလိုက်စဉ်မှာပင် အနုပညာသည်ခြင်းသာ သဘောပေါက်သော ဟာသ (အတွင်းပြက်လုံး) အဖြစ် ဝါးလုံးကွဲရယ်လိုက်ရမည် မဟုတ်ပါလား။

"ဟော့ကောင် ညီလေး၊ မင်း ဘာကြောင့် မရယ်တာလဲ" ဟု သူက မေးရှာပါသည်။ ကျွန်တော်ကလည်း ပြန်ပြောရပါသည်။

"အစ်ကို့ဟာသထက် ရယ်စရာကောင်းတဲ့ ဟာသတစ်ကွက် ကျွန်တော်မှာ လက်ကျန်ရှိနေလို့ဗျ"





"ဟေ... ဘာ ဟာသလဲ"

"ကျွန်တော့်အိမ်မှာလည်း အောက်စက်မရှိဘူး အစ်ကို၊ ဒီကားဆက်ဖို့ အိမ်နီးချင်းတစ်ယောက်အိမ်မှာ သွားပြီးကြည့်ခဲ့ရတယ်"

တကယ်တော့ ကျွန်တော် ပြန်ပြောလိုက်သော ဟာသကိုလည်း သူ မရယ်နိုင်တော့ပါဘူးလေ။

* * *

သူနှင့်ကျွန်တော် နောက်ဆုံးတော့ စကားတစ်ခွန်း ပြောဖြစ်ကြလေသည်။

"ညီလေး မင်းသား ကိုဝင်းဦးပြောခဲ့တဲ့ စကားတစ်ခွန်း မင်း မှတ်မိသေးလား"

"မမှတ်မိပဲ ဘယ်ရှိပါ့မလဲဗျာ"

"ကိုင်း... နားနဲ့ ဆတ်ဆတ်ကြားရအောင် ပြန်ပြောစမ်းပါဦး"

"ရွှေသုရေတဲ့ အနုပညာသမားစစ်စစ်တွေဟာ သေရင် ဘာမှမကျန်ရစ်ခဲ့ဘူး။ ခွေးသေ၊ ဝက်သေ သေရတာပဲ ဟဲ... ဟဲ... ဟဲ တဲ့လေ"

[အလင်းတန်းဂျာနယ်၊ အမှတ် ၁၂၊ ဖေဖော်ဝါရီ ၂၅ ရက်၊
၂၀၀၀ ပြည့်နှစ်]



www.burmeseclassic.com

www.burmeseclassic.com

## စန္ဒရားသံ

ဦးလေးတာရာ (ဆရာဒဂုန်တာရာ) နှင့် မတွေ့ရသည်မှာ (၁၅) နှစ်ကျော်လောက် ရှိပေပြီ။ အနုပညာနယ်ပယ်၌ ကျွန်တော်တစ်ယောက် လောက်လောက်လားလား ဖြစ်လာကတည်းကဟု ဆိုရပါမည်။ နောက်ပိုင်း ကိုယ့်အလုပ်နှင့်ကိုယ် မအားလပ်တာလည်း ပါသည်။ ဦးလေး 'မဲဇာ' သို့ ပြောင်းသွားသည်ဟု ကြားရသောကြောင့်လည်း ဖြစ်သည်။ ဘယ်တုန်းက ပြောင်းသွားမှန်းမသိသလို 'မဲဇာ' ဆိုသည်မှာ လက်ဝဲသုန္ဒရ အမတ်ကြီး နယ်နှင်ခံရသောဒေသဟုပင် စိတ်က ထင်ခဲ့သည်။

မင်းသားကြီး ကောလိပ်ဂျင်နေဝင်း ရှိစဉ်ကတော့ ဦးလေးနှင့် မကြာခဏဆုံစည်းဖြစ်သည်။ ထိုစဉ်က ဦးလေးသည် မင်းသားကြီးအိမ်မှာ နေခဲ့သည်။ ကျွန်တော်က ဖခင်၏ ရုပ်ရှင်လုပ်ငန်းတွင် ဆေးပေးမီးယူ လက်တိုလက်တောင်းဆိုတော့ ဦးနေဝင်းထံ အလုပ်သဘောရောက်ခိုက် ဦးလေးနှင့် ဆုံခဲ့ခြင်းပါ။

ကျွန်တော် ရောက်လျှင် ဦးလေးကို စာအုပ်ပုံကြား၌သော် လည်းကောင်း၊ စန္ဒရားတီးခုံပေါ်၌ လည်းကောင်း တွေ့ရသည်။ ဦးလေးတာရာ စန္ဒရားလက်သံစမ်းနေသည်များနှင့် ကြုံလျှင် တစ်ပိုဒ်တလေ ဝင်ညည်းဖြစ်သည်။ ခေတ်ဟောင်းတေးတွေအဖြစ်များသည်။ ဦးလေးနှင့် ဆိုတီးတစ်ပုဒ်ကို ဆုံးခန်းတိုင် ဆိုဖြစ်ဖူးသည်။ 'ပပဝင်း' ဖြစ်သည်။ 'ပပဝင်း' ကို ကျွန်တော်ရော ဦးလေးပါ ကြိုက်ကြသည်။

* * *

'ပပဝင်း' သီချင်း ကျွန်တော်နှင့် တွဲ၍ ဆိုဖူး၊ တီးဖူးသည်ကို ဦးလေးတာရာက မှတ်မှတ်ထင်ထင် ရှိနေကြောင်း သတင်းပြန်ကြားရသောအခါ ဦးလေး





ထံ တကူးတကန့်သွားဖို့ ဆုံးဖြတ်ရတော့သည်။ ဦးလေး၏ လက်ရှိလိပ်စာကို စုံစမ်းတော့ တောင်ဥက္ကလာ၊ သေနတ်ပစ် လေ့ကျင့်ရေးကွင်းအနီးရောက်လျှင် ဆရာကြီး ဒဂုန်တာရာအိမ် ဘယ်သူ့မေးမေး ရသည်ဟုသိရသည်။

ဦးလေးတာရာက အေးသောရာသီတွင် ခုလိုလည်း ရန်ကုန်တောင်ဥက္ကလာ၊ သေနတ်ပစ်ကွင်းအနီးမှာ လာ၍နေသည်။ ဆောင်းရှောင်သည်ဟု သိရသည်။ မော်ဘီ မဲဇာမှာက အေးပုံရသည်။ ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်းမြို့ 'သာမိုင်းခမ်း' တွင်လည်း နွေရာသီမှာ ဦးလေး နေတတ်သည်တဲ့။ ဒါကတော့ နွေရှောင်ခြင်း ဖြစ်မည်။

တောင်ဥက္ကလာအိမ်သို့ သွားရသည်မှာ လမ်းသင့်သည်။ ဦးလေးအိမ်အနီးမှာ ဆွေမျိုးတစ်ယောက်အိမ်ရှိသည်။ ပြီးတော့ ကျွန်တော့် မော်တော်ကားခါတ်ဆီထည့်ရသော ဆိုင်မှာလည်း ဦးလေးအိမ်နှင့် မလှမ်းလှပေ။ ထို့ကြောင့် တစ်နေ့ ကားဓာတ်ဆီထည့်ရင်း ဦးလေးအိမ် ရောက်ဖြစ်သည်။

ကျွန်တော့်ကိုတွေ့တော့ ဘယ်သူများလဲဟု စုံစမ်းသည်။ မျက်စိက နဂိုထက် တော်တော်ဆိုးနေပြီ။ တစ်လံလောက်ဆို ဘာမှမမြင်ရတော့ဟု သိရသည်။ သို့သော် နားကတော့ ပါးလှသည်။ ကျွန်တော့်အသံ ကြားရုံနှင့် "ကိုသုမောင်မဟုတ်လား" ဟု ဝမ်းသာအားရ ပြောပါသည်။

ရောက်မဆိုက်ပင် ကျွန်တော်က ကြိုတင် ကာကွယ်မှုတွေ လုပ်သည်။ အလုပ်များသည်ကို အကြောင်းပြသည်။ နယ်မှာ ရောက်နေသည်ကြားသဖြင့် မတွေ့ဖြစ်ခဲ့သည်ကို ရှေ့တန်းတင်သည်။ သူများတကာ စာပေသမားတွေ 'မဲဇာ' သို့ မကြာမကြာ ရောက်သော်လည်း မဲဇာဆိုတာ ရှမ်းပြည်နယ်ဘက်ထင်လို့ အနေနီး ခရီးဝေးဖြစ်ရသည်ဟု စကားအလှသုံးတော့ ဦးလေးက ငယ်ရုပ်သွင်ဖြင့် ရယ်မောသည်။ တစ်ခုခု သိနေသလိုပါပဲ။

အတန်ကြာအောင် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြသည်။

"ကျားကူးကွက်သစ်မှာ ကျွန်တော်တို့နဲ့ ကိုသာခ ဆုံတော့ ခင်ဗျားငယ်ငယ်လေးပဲ" ဟု ဦးလေးက ပြောတော့ "အဲဒါ ကျွန်တော့်အစ်ကို မောင်ဝဏ္ဏပါ" ဟု ပြင်ရသည်။ "ဒါဖြင့် ခင်ဗျားက ၄၇ လမ်းရောက်မှ မွေးတာပေါ့။ ဒီတုန်းက သစ္စာမဂ္ဂဇင်းထုတ်နေပြီ ထင်တယ်။ သစ္စာက ကျွန်တော် ရွေးထားတဲ့ နာမည်၊ ကိုသာခကြိုက်တယ်ဆိုလို့ ပေးလိုက်တာ" ဟု သတိတရ ဖြည့်စွက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိက မကောင်းသည်မှလွဲ၍ ကျန်းမာရေးကောင်းသော ရှစ်ဆယ်ကျော် စာရေးဆရာကြီးကို ကြည့်ရင်း အဖေ့ကို သတိရမိသည်။ ခုနှယ် အဖေရှိလျှင် ဦးလေးနှင့် မတိမ်းမယိမ်းရှိမည်။ ခုထိလည်း သူတို့နှစ်ယောက် စာပေရေးရာ အငြင်းပွားနေကြဦးမှာကို မြင်ယောင်မိသည်။

"ကိုသာခုနဲ့ ခင်ဗျားတို့ ညီအစ်ကိုတွေရဲ့ စာပေကို ကျွန်တော် ဝေဖန်ဖူးတယ်"

"ဟုတ်ကဲ့ ဦးလေး၊ မိုးဝေမဂ္ဂဇင်းမှာ ဗညားသီဟ ကလောင်နာမည်နဲ့ မဟုတ်လား"

"အဲဒီတုန်းက ကိုသာခု ဘာပြောသေးလဲ။ ကျွန်တော်က ခင်ဗျားတို့ဘက် ဓောင်းပေးရေးခဲ့တာကို၊ သဘောက အဟောင်းကို အခြေခံပြီးမှ ရှန်းထွက်လာတဲ့ အသစ်ကို ကြိုဆိုတာပါ"

"ဖေဖေက ဝမ်းသာပါတယ်။ အဲဒီအချိန်က ဖေဖေဟာ မျက်စိတစ်ဖက် ကွယ်နေပါပြီ။ အိပ်ရာထဲမှာပါ။ ဦးလေးရဲ့ ဝေဖန်စာကို မှန်ဘီလူးနဲ့ ဖတ်ခဲ့ပါတယ်။ ဒဂုန်တာရာကတော့ ငါ့ကို ဝေဖန်ပြီဟေ့၊ ဝမ်းသာတယ်ကွာလို့ ပြောပါတယ်။ တကယ်တော့ အဖေက သူ့ကို စာပေနယ်က မေ့နေကြပြီဆိုပြီး မချင့်မရဲ ဖြစ်နေတာပါ" ဟု ကျွန်တော်ကပြောတော့ ဦးလေးသည် ငယ်မူငယ်သွေးဖြင့် ရယ်ပြန်ပါသည်။ သည်တစ်ခါရယ်ပုံကတော့ ငယ်ဖြစ်ဟောင်းတွေ ပြန်သတိရသလိုမျိုးဟု ထင်သည်။ ခဏကြာတော့ "မညို နေကောင်းလား" ဟု ကျွန်တော့်မိခင်ကို မေးသည်။

ဦးလေးနှင့် တွေ့တုန်းကြုံတုန်း ငယ်ငယ်ကလို သီချင်းတစ်ပုဒ်လောက် ဆိုညည်းလိုက်ချင်သော်လည်း ဦးလေး စိတ်မပါလျှင် ခက်မည်စိုးသဖြင့် ဂီတအကြောင်း ဘာမျှမပြောဘဲ ပြန်လာခဲ့သည်။

သည်လိုနှင့် သုံးရက်ခြားတစ်ကြိမ် ဦးလေးထံ ရောက်ဖြစ်သွားတော့သည်။ ဟုတ်ပ! ကျွန်တော့်မော်တော်ကားက သုံးရက်တစ်ခါ ဓာတ်ဆီဖြည့်ရသည်ကိုး။

* * *

တတိယအခေါက် ဦးလေးထံ ရောက်သောနေ့ကတော့ ဂီတအကြောင်း စကားစပ်မိကြသည်။ မကြာမီရက်တွင် ကျွန်တော်က မန္တလေးသို့ သီချင်းဆိုသွားရမည်။ မြို့မတေးဂီတအသင်း စိန်ရတုပွဲသို့ ဖြစ်သည်။ ထိုအကြောင်း





စကားစပ်မိရင်း ကျွန်တော့်အသံကို နှစ်သက်ကြောင်း ဦးလေးက ပြောသည်။ ကျွန်တော်ကလည်း ဦးလေး၏ စန္ဒရားသံကို စွဲလမ်းကြောင်း ရေလာမြောင်းပေး ပြောသည်။ "တစ်ပုဒ်လောက် ဆိုတီးလုပ်ပါလား" ဟု ဦးလေးတူမ စာရေးဆရာမ သင်းမြစန္ဒီက ဝင်၍ ထောက်ခံသည်။

"တီးတော့ တီးချင်ပါတယ်။ ဒါပေမဲ့ ဒီမှာက အော်ဂင်ကလေးပဲ ရှိတယ်။ လက်ကွက်စိပ်တယ်။ အားမရဘူး" ဟု ပြောသော်လည်း ဦးလေး အိပ်စက်ရာ ခုတင်နံဘေး အော်ဂင်ကလေးရှိရာသို့ ထသွားသည်။ ကျွန်တော်လည်း ကြိတ်၍ ဝမ်းသာသွားသည်။ ဦးလေးနှင့် တွဲ၍ ဆိုဖြစ်ဦးတော့မည်။ ဦးလေး၏ ခုတင်လေးပေါ်မှာပင် ကျွန်တော်က ထိုင်လိုက်သည်။ ကျွန်တော့် ပတ်လည်တွင် စာအုပ်များစွာ။

ထူးခြားတာက ထိုစာအုပ်ပုံကြီးတွင် ဂန္ထဝင်စာအုပ်များ အပေါ်ယံ၌ လက်ရှိအခြေခံပညာရေး အထက်တန်းကျောင်းသုံး စာအုပ်အချို့က နေရာယူထားခြင်းပင်။ ခဏနေတော့ ဦးလေး၏ မြေးမကလေးက ကော်ဖီလာပို့သည်။ ဆယ်တန်းကျောင်းသူလေး ထင်ပါရဲ့။

ဦးလေးက 'အော်ဂင်' ကို စန္ဒရားသံခလုတ်နှိပ်သည်။ ညက မြေးမလေး တီးခတ်ကစားထားပုံရ၏။ စန္ဒရားခလုတ် တော်တော်နှင့် ရှာမရ။ မျက်စိကလည်း တော်တော်မှုန်နေပြီမို့ ခလုတ်ရှာရတာကို စိတ်တိုသွားဟန်တူသည်။ ကလေးမလေးက ဖျတ်ခနဲ ဝင်လုပ်တော့လည်း အမြန်သား။ စန္ဒရားသံ ထွက်လာသည်။

တိုင်ပင်မထားရဘဲ 'ပပဝင်း' ခေတ်ဟောင်းတေး၏ ခြေဆင်းအသံ ပေါ်လာသည်။ တေးတပ်အတောက ညင်သာလှသည်။

"ဆွတ်ချူရန် ခက်ပါရဲ့" ကျွန်တော့်အသံ ထွက်လာ●တော့သည်။ ကျွန်တော်လည်း မြန်မာလို 'သံမှန်' ကို ရောက်အောင် ဆိုနိုင်သေးသည်ပဲ။ ထိုအချိန်မှာပင် လျှပ်ရောင်တစ်ချက် ဖျတ်ခနဲ လက်သွားသည်။ ကျွန်တော့်တူ ကလေးကို ကျွန်တော်က ဓာတ်ပုံအရိုက်ခိုင်းခဲ့ခြင်း ဖြစ်သည်။ ဦးလေးနှင့် တွဲလျက် ဆိုတီးမှတ်တမ်းလိုချင်၍ ဖြစ်သည်။

"ဓာတ်ပုံရိုက်လိုက်တာ ဘယ်သူတုန်း" ဟု ဦးလေးက မေးသည်။

"ကျွန်တော့် တူပါ။ ကိုရှုပသားပါ" ဖြေတော့...။



www.burmeseclassic.com

www.burmeseclassic.com



"သူက ကင်မရာဝါသနာပါသလား။ ကိုသာခုလို ကားပြင်ဝါသနာပါတဲ့ သူကလေးတွေထဲ ပါသေးလား" ဟု မေးရင်း သံပြိုင်ပိုဒ် ဆက်သည်။

"မောင့်အသည်းဝယ်… အမြဲပဲစွဲကာရယ်… ခင်နဲ့မောင် နှီးဖို့ခက်ပါတယ်"

* * *

ကျွန်တော် ပြန်ခါနီးတော့ "အော်ဂင်ကလေးက အကွက်စိပ်တော့ အားမရဘူး။ စန္ဒရားတီးချင်တာ" ဟု ဦးလေး တမ်းတမ်းတတ ပြောသည်။

"လာမယ့် သုံးရက်ခြား ကျွန်တော် လာခဲ့ဦးမယ် ဦးလေး၊ အဲဒီနေ့ကျတော့ ရွှေပုပ္ပားသွေးဆေး ဦးအုန်းခိုင်အိမ်ကို သွားကြတာပေါ့။ သူ့ဆီမှာ စန္ဒရားကောင်းကောင်းတစ်လုံး ရှိတယ်။ မင်းသား ကိုဝင်ဦးရဲ့ စန္ဒရားတဲ့"

"အင်း… ပြောမယ့်သာပြောရ၊ စန္ဒရားမတီးတာတောင် ၁၅ နှစ်လောက်ရှိပြီ။ နော့ နေစမ်းပါဦး၊ သုံးရက်ခြားလာမယ်ဆိုတာက…"

"ကျွန်တော့်ကား ဓာတ်ဆီထည့်ရတဲ့ဆိုင်က ဒီနားတင်ပါ ဦးလေး။ သုံးရက်ခြားတစ်ခါ ဓာတ်ဆီကို ကိုယ်တာနဲ့ ဖြည့်ရတယ်။ ဓာတ်ဆီထည့်တိုင်း ဦးလေးဆီ လမ်းကြုံဝင်နိုင်တာပေါ့" ဟု ကျွန်တော်က ရယ်သွမ်းသွေးပြီး ပြောတော့ ဦးလေးက ငယ်မူငယ်သွေးဖြင့် ရယ်ပြန်ပါသည်။

"ကိုသုမောင်မှာ ဟာသဓာတ်ရှိတယ်" ဟု ပြောလိုက်ပါသည်။

[အလင်းတန်း၊ အမှတ် ၉၀၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ၂၀၀၀ ပြည့်နှစ်]



# စိတ်ပူကြသူများ

မန္တလေးမြို့မ ဂီတစိန်ရတုပွဲသို့ သွားရောက်မည်ဆိုတော့ ဆရာကြီး ဒဂုန်တာရာက ခရီးကြုံအမှာပါးသည်။

"ကိုသုမောင်ရေ မြို့မစိန်ရတုမဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ် ရေးပေးထားတာ ရှိတယ်။ ရေးပြီးစမှာပဲ ပြန်ပြီး မစစ်ဆေးရခင် ပေးလိုက်ရတာမို့ သိပ်မသေချာတဲ့ အကြောင်းကလေးတစ်ခု ပါသွားတယ်။ သေချာအောင် ပြန်စစ် ဆေးပေးပါ" ဟု ဆိုသည်။ ဆရာက တော်တော်လေး စိတ်ပူနေဟန်ရှိသည်။ မတော် အမှားပါသွားရင် မကောင်း။ ဒီမဂ္ဂဇင်းနှင့် ဒီဆောင်းပါးက မှတ်တမ်းမှတ်ရာဖြစ်တော့မှာ။ ကျွန်တော့်ကို လုံးဝ လွှဲသဖြင့် ဖြစ်သည့်နည်းနှင့် စီစစ်ပြင်ဆင်ပေးပါမည်ဟု အာမဘာန္တွေခံလိုက်သည်။

မန္တလေးသို့ ရထားတွဲလုံးငှားဖြင့် သွားကြသည်။ စန္ဒရားချစ်ဆွေ၊ ကိုမင်းနောင်၊ မောင်မောင်ကြီး စသော ဂန္ထဝင်ဂီတအဆိုတော်ကြီးများလည်း လိုက်ပါကြသည်။ တင်တင်မြ၊ ထားစ သူတို့နှင့်အတူ အကယ်ဒမီ မြင့်မြင့်ခင်လည်း ပါလာသည်။ အမျိုးသမီးအဆိုတော်ကြီးတွေ လူစုံသလောက် ပါဝင်ကြလေရာ အမျိုးသားအဖွဲ့တွင် တစ်ယောက်ပဲ့နေသည်ကို အားလုံး သတိထားမိကြသည်။ စန္ဒရားလုထွန်း ဖြစ်သည်။ မကြာသေးခင်ကမှ ကွယ်လွန်သဖြင့် ရုတ်တရက် လစ်ဟာသွားသလို ဖြစ်ရသည်။ သူ့တွဲဖက် ဦးချစ်ဆွေ၊ ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်တို့ ပို၍ ခံစားနေရသည်ဟု ခန့်မှန်းရသည်။

သည်လို ခရီးမျိုးသွားလျှင် ကျွန်တော်က ကြားလူဖြစ်သည်။ ကျွန်တော့်အထက်မှာ စောစောကပြောသော အဆိုတော်ကြီးတွေ ရှိသည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာတော့ ယနေ့ခေတ်ပေါ် မြန်မာသံအဆိုကျော်များ၊ ကြားလူဖြစ်သည့် အလျောက် ကျွန်တော်က 'ကိန္နရာက က' သည်။ အထက်ကိုလည်း လှမ်းပြီး ရောသည်။ အောက်ကိုလည်း ဆင်းပြီးနှောသည်။ အလယ်လူဖြစ်ရတာ ပျော်စရာကောင်းပါဘိ။

သည်တစ်ခါတော့ အစ်ကိုလှထွန်း မပါသဖြင့် သိပ်ပြီး ရယ်ပွဲမဖွဲ့နိုင်ကြချေ။ တန်ရုံသင့်ရုံ 'ပျော်' လိုက်ကြ၊ သွားလေသူကို သတိရလျှင် 'မော' လိုက်ကြနှင့်။

ညရီဆည်းဆာအချိန်တွင် 'ရာမ' က သူ စီစဉ်နေသော ဂီတဂျာနယ် တစ်စောင် လာပေးသည်။ တစ်ဆက်တည်း စာမူတောင်းသည်။ သူပေးသော ဂျာနယ်ကို လှန်လှောဖတ်ကြည့်တော့ တစ်နေရာတွင် အကယ်ဒမီ မင်းသမီးကြီး ကြည်ကြည်ဌေး၏ ငယ်ရုပ်သွင်ပြင် ဓာတ်ပုံများပါသည့် ဆောင်းပါးတစ်ပုဒ်ကို တွေ့ရသည်။ ကပ်လျက် စာမျက်နှာတွင်တော့ ဒေါ်ကြည်ကြည်ဌေး တစ်ယောက် ခုနစ်ဆယ်ကျော်အရွယ် အိုမင်းလှသော ရုပ်ပုံပါသည့် ဆောင်းပါး။ သူ့ခမျာ ဆေးရုံတက်နေရသည်။ စိတ်နှင့်လူ မကပ်တော့။ ယဲ့ယဲ့သာ ကျန်တော့သည်ဟု ရေးထားသည်။

မျက်စောင်းထိုးခုံဆီသို့ ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ဒေါ်ကြည်ကြည်ဌေးနှင့် မရှေးမနှောင်း နာမည်ကြီးခဲ့သော ဒေါ်မြင့်မြင့်ခင်၊ ရထားထွက်စက လူငယ်တွေနှင့် ရောနှောပြီး ပျော်ပျော်ပါးပါး စကားစမြည်ဆိုခဲ့သူ။ ၇၀ နားနီးပေမယ့် ချူချူချာချာရှိပုံမပေါ်၊ ရုပ်မကျသေး။ ကျွန်တော် ဖျတ်ခနဲ လှမ်းကြည့်မိလိုက်တော့ စိပ်ပုတီးကလေး စိပ်နေတာ မြင်ရသည်။

ဘေးချင်းကပ်ခုံမှ ဦးမောင်မောင်ကြီးကတော့ နားကြပ်ကက်ဆက်ကလေး နားထောင်နေသည်။ သီချင်းကျက်နေတာလား။ တရားခွေ နားထောင်ရင်း လိုက်ပြီး ရွတ်ဖတ်နေတာလည်း ဖြစ်နိုင်သည်။

ညသန်းခေါင်လောက်ကြတော့ ကျွန်တော် တစ်ရေးနိုးသည်။ ကိုယ့်ပတ်ဝန်းကျင်မှာ အားလုံးလိုလို လူကြီးသူမတွေ။ အိပ်မောကျနေကြသည်။ ကျွန်တော့်ပေါင်ပေါ်တွင် ဖွင့်လှစ်လျက်သားကျနေသော စောစောက ဂျာနယ်၊ ဒေါ်ကြည်ကြည်ဌေး သတင်းစုံပါသော ဂျာနယ်၊ ဆတ်ခနဲယူပြီး ခေါက်သိမ်းလိုက်သည်။





မန္တလေးရောက်ရောက်ချင်း ပထမဦးဆုံး လူထုစာပေတိုက်သို့ သွားသည်။ အမေမှာ (လူထုဒေါ်အမာ) ထံသို့ ဖြစ်သည်။ ဦးလေးတာရာ မှာလိုက်သော စာမူစီစစ်ဖို့ကိစ္စ ဖြစ်သည်။ အမေမှာက သေသေချာချာ စီစစ်ပေးပါ့မည်ဟု ဆိုသဖြင့် စိတ်နှလုံး တုံးတုံးချလိုက်နိုင်သည်။ "ဆရာ ဒဂုန်တာရာကို စိတ်အေးအောင် ပြောလိုက်ပါ" ဟု မှာကြားပြီးကာမှ အမေမှာက သူ့ကိစ္စ စိတ်ပူပြန်သည်။ (၁၉၈၀) ဝန်းကျင်က ဆရာကြီး ရွှေဥဒေါင်း၏ မောင်စံရှား ဝတ္ထုတစ်ပုဒ်ကို ကက်ဆက်ဓာတ်လမ်း သွင်းရန် ကျွန်တော် ဝယ်ယူခဲ့သည်။ ဆရာကြီး၏ စာပေကိစ္စများ တာဝန်ယူသူ လူထုဒေါ်အမာထံ ကျွန်တော်က အကျိုးအကြောင်း စာရေးပြီး ငွေ ၂၀၀၀ ပို့ပေးလိုက်သည်။ အမေမှာက ငွေလက်ခံရရှိကြောင်း ပြန်စာတိုတိုကလေး ရေးပေးသည်။ ဒါကို လူထုဒေါ်အမာ စာမူ၊ သူ့စာမူတစ်ပုဒ်တောင်းပြီး ငွေကြိုတင်ပေးသည်ဟု အမေမှာက ယခုအခါ အမှတ်မှားနေသည်။

"စာမူတစ်ပုဒ် ကိုသုမောင်ကို ရေးပေးစရာ ရှိတယ်။ ငွေတွေ ကြိုယူထားမိတာ" ဟု စိတ်ထဲတပူပူ ဖြစ်နေသည်တဲ့။ စာမူကြွေးတင်နေသည်ဟု သတိရတိုင်း တဒိတ်ဒိတ်နှင့်တဲ့။ ကျွန်တော်က ဆရာကြီး ရွှေဥဒေါင်းစာမူကိစ္စ ဖြစ်ကြောင်း ရှင်းပြတော့မှ…

"ဒါဆို အမေ ကတိမပျက်ဘူးပေါ့။ ကတိပတ်လွတ်ကင်းသွားပြီပေါ့" ဟု ဝမ်းသာအားရ ပြောသည်။

မန္တလေးမှ မပြန်ခင်နေ့တွင် မင်းသမီးကြီး ဒေါ်မေရှင်ထံ သွားရောက်ကန်တော့ဖြစ်သည်။ မန္တလေး စာပေဆုရသည့် ငွေထဲမှဖြစ်သောကြောင့် ၂၀၀၀ ကျပ်သာ ကန်တော့နိုင်သည်။ ဘာပဲဖြစ်ဖြစ် အမေရှင်ကတော့ ဝမ်းသာရှာသည်။ ဆုတွေ တစ်လှေကြီးပေးပြီး မျက်ရည်ကျသည်။

"တစ်ယောက်တည်းနေရတာ အမေ့အထက်က သုံးယောက်က အစဉ်အတိုင်း တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြပြီလေ။ အမေ့အလှည့်ရောက်တော့မယ်" ဟု ပြောရင်း ကျွန်တော့်ကို ဖက်ရမ်းနမ်းရှုပ်သည်။ ကျွန်တော့်လည်ပင်းကို ဖက်ထားသော လက်ကလေးတွေက တုန်ယင်နေသည်။

ပြန်ခါနီးတော့ အမေ့ကိုတွဲပြီး ဓာတ်ပုံရိုက်ဖြစ်သည်။

"ဘယ်လိုနေပေးရမလဲ" ဟု ရှက်စနိုးပြောသည်။ ငယ်မူငယ်သွေးရိပ်ကို မြင်ရသည်။ ပြီးတော့ အမေရှင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“ညက သားတို့ ကပွဲပဒေသာမှာ အမေ့ပုံကို တီဗွီကြီး ဇာတ်စင်ပေါ် တင်ပြတယ်ဆို ဘယ်နှယ့်နေလဲ” ရန်အောင်နှင့် မေသန်းနုက အမေ့အိမ်မှာ အင်တာဗျူးသွားလုပ်တာကို တီဗွီရိုက်ထားကြပြီး ညကပွဲတွင် တီဗွီအကြီးကြီး နှင့် ဇာတ်ခုံပေါ်မှာ ပြန်ပြသည်။ ဒါကို အမေက မေးခြင်းဖြစ်သည်။

“အို… အမေ့ရုပ်ပုံလည်း ပေါ်လာရော၊ ပရိသတ်ဆိုတာ လက်ခုပ်တဖြောင်းဖြောင်းနဲ့ပေါ့” ဟု ပြောပြသောအခါ…

“အဟုတ်ပဲလား၊ အမေ့ကို မှတ်မိကြသလား။ အသက်ကြီးသွားပြီဆိုတော့ အမေ့ကို သိကြတော့မှာ မဟုတ်ဘူးလို့ စိတ်ပူနေမိတာ” ဟု ပြောရင်း ပြုံးရယ်ပါသည်။ ပီတိပြုံးလား၊ ရယ်ပြုံးလားတော့ ကျွန်တော် မဝေခွဲတတ်။

**မှတ်ချက်။** ။ ဤစာစု ရေးသားနေချိန်တွင် ဦးမြတ်လေး ကွယ်လွန်ပြီဟု ဦးချစ်ဆွေ (စန္ဒရားချစ်ဆွေ) က ဖုန်းလှမ်းဆက်သည်။ ဘာကိုမှန်း မသိ၊ စိတ်ပူသွား၏။

[ဂီတဂျာနယ်၊ အတွဲ ၁၊ အမှတ် ၅၊ မတ်လ ၉ ရက်၊ ၂၀၀၀ ပြည့်နှစ်]



## မောင်ညိုဝင်းတဲ့ ဟော့…

ရေးမှာက ပန်းချီဆရာကြီး မောင်ညိုဝင်းအကြောင်းပါ။ အသက်အားဖြင့် ကျွန်တော့်ထက် ၁၀ နှစ်လောက်ကြီးပြီမို့ ဦးညိုဝင်းဟု ခေါ်သင့်ပါသည်။ သို့သော် ကျွန်တော်က ပန်းချီအနုပညာအရာတွင် သူ့ကို အထင်တစားရှိသဖြင့် ကိုယ့်ဘာသာ ပရိသက်အသွင်ခံယူပြီး ‘မောင်ညိုဝင်း’ ဟုသာ အသုံးပြု ချစ်စနိုးခေါ်လိုက်ပါသည်။ ဤသို့ အရင်းခံရသည်မှာလည်း အကြောင်းရှိပါသည်။

ကျွန်တော် အနုပညာနယ်သို့ ခြေချစ (မောင်ဝဏ္ဏ ရုပ်ရှင်ဒါရိုက်တာ စလုပ်တော့) စာပေဆရာ၊ ပန်းချီဆရာများစွာနှင့် အကျုံးဝင်ခဲ့၏။ ကျွန်တော့်အစ်ကို၏ မိတ်ဆွေများ၊ ဆရာများအဖြစ်နှင့် ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က လူငယ်ခြေတက်မို့ အစ်ကိုဖြစ်သူအပါအဝင် သူ့အပေါင်းအသင်းများ၊ ဆရာများကလည်း ကျွန်တော့်ကို သူငယ်ချင်းပေါင်း ပေါင်းခဲ့၏။ ဤတွင် ‘ခွေးကလေး အရောဝင် ပါးလျက်နားလျက်’ ဆိုသလို ဖြစ်သွားသလားမသိ။ ကျွန်တော်က ဆရာမောင်ညိုဝင်းကို သူ့ရောင်းရင်းတွေခေါ်သလို ‘ဘိုညို’ ဟု တရင်းတနှီး ခေါ်ခေါ်မိရာ “ခင်ဗျားကို ကျွန်တော်က တလေးတစား ‘ခင်ဗျား’ ‘ကျွန်တော်’ သုံးနှုန်းပြီး ဆက်ဆံတယ်။ ခင်ဗျားကတော့ ကျွန်တော့်ကို ‘ဘိုညို’ လို့ခေါ်တာ ကျွန်တော် ခံတွင်းမတွေ့ဘူး” ဟု ပွင့်ပွင့်လင်းလင်းသာ ပြောခဲ့သဖြင့် နောင်..ကျွန်တော်က သူ့ကို ဆရာညိုဟုသာ ခေါ်ရဲတော့၏။

ခု ကျွန်တော်က ဆရာညိုကို ‘မောင်ညိုဝင်း’ ဟု သူ၏ အနုပညာနာမည် (စုတ်တံအမည်) ခေါ်ရသည်ကိုတော့ စောစောကပြောသလို ကိုယ့်ဘာသာ လူ



www.burmeseclassic.com

www.burmeseclassic.com



ပြိန်း ပရိသတ်သဖွယ် သဘောထားခဲ့ရင်းစွဲမို့ ဆရာညို ခွင့်လွှတ်တန်ကောင်း ပါလိမ့်မည်။

ကောင်းပါပြီ။ မောင်ညိုဝင်းတဲ့။

မောင်ညိုဝင်း၏ ပန်းချီကားများကို ကျွန်တော် စတင်ခံစားမိခဲ့သည်မှာ 'ကဏ္ဍီပါဖိနပ်စီး ရွှေထီးဆောင်း' (၁၉၇၂) ရုပ်ရှင်ဇာတ်ကား၊ ရုံတင်ပိုစတာဆွဲသောအချိန် ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်မှာ ကားရိုက်မန်နေဂျာမို့ ဇာတ်ကားအစအဆုံး အကုန်သိမ်းကျုံး၍ နောက်တော်ပါးက လုပ်ရကိုင်ရသူပါ။

ဆရာညို၏ စုတ်ချက် ကြမ်းကြမ်းကြီးများက ကျွန်တော့်ကို ရင်ခုန်စေခဲ့ပါသည်။ စုတ်ချက်ကြမ်းသလို ပန်းချီဆွဲသော သူ၏ဟန်မှာလည်း ခပ်ကြမ်းကြမ်း ဖြစ်ပါ၏။ အများသူငါ ပန်းချီဆွဲသလို တို့ကနန်းဆိတ်ကနန်း မဟုတ်ပါ။ ပမာပြရလျှင် ဆရာညိုသည် ရုံဆင်ပိုစတာရေးသောအခါ၌ ဇာမ မင်းသား၊ မင်းသမီး မျက်နှာကြီးများကို ပါးရိုက်နားရိုက်၊ ရိုက်နေသလို လက်သံပြောင်လှပါ၏။ ရုံဆင်ပိုစတာမှ မဟုတ်။ နံရံကပ်ပိုစတာများ၊ မဂ္ဂဇင်း သရုပ်ဖော်ပန်းချီများ၊ ဝတ္ထုလုံးချင်း မျက်နှာဖုံးများ ဆွဲရာတွင်လည်း စုတ်တံသာ သေးချင်သေးသွားမည်။ သူ၏ ရေးချက်တွေကား လျော့မသွားပါ။ စိတ်ရော ကိုယ်ပါ (စကားသံပါ) ခပ်ပြင်းပြင်း၊ ခပ်ပြတ်ပြတ်သာ ဖြစ်ပါ၏။ ထို့ကြောင့် ဆရာညို ပန်းချီဆွဲ (တယောလည်း ထိုးပါသည်) သော အခါမျိုးတွင် ဆရာကြီးဗဂျီအောင်စိုးက "ကိုညိုဝင်းပန်းချီဆွဲတာ 'စွန်' ကုတ်သလိုပဲဗျ" ဟု ကျီစယ်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မည်သို့ပင်ရှိစေ ပန်းချီလောကတွင် စုတ်ချက်ကြမ်းကြမ်း ဆေးရောင်အပြင်းစားဆိုလျှင် 'မောင်ညိုဝင်း' လက်ရာဟူ၍ပင် တစ်ခေတ်ဆန်းခဲ့တော့၏။ (အခြားပန်းချီဆရာများ ရေးချက်ကြမ်းကြသော်လည်း ဆရာညိုကသာ ပင်ကိုဟန်လို သဘောထားပုံ ရပါသည်) ထိုစဉ်ကာလက ပန်းချီပညာသည် ခုနှယ်ခါလို ကွန်ပျူတာစနစ်နှင့် မပေါင်းစပ်သေးပေရာ၊ ပန်းချီတစ်ကား၊ ပိုစတာတစ်ချပ်ကို ကြည့်ရုံဖြင့် ဘယ်သူ့လက်ရာဟု ခန့်မှန်းလို့ ရခဲ့ပါသည်။ သည်လိုနှင့် ခေတ်တွေပြောင်းလာလိုက်တာ မဂ္ဂဇင်းသရုပ်ဖော်တွင် ပန်းချီကဏ္ဍတွေ မှေးမှိန်လာပြီး ပန်းချီကားသန့်သန့်ကို ပြပွဲများတွင်သာ မြင်တွေ့လာကြတော့၏။ ဤတွင် အများပြည်သူနှင့် နီးစပ်သော သရုပ်ဖော် ပန်းချီများနှင့် ယင်းတို့၏ လက်ရာရှင်များသည်လည်း ပရိသတ်နှင့် ဝေးကွာခဲ့ရလေ၏။ ယခင်





ကလို စာရေးဆရာနှင့် သရုပ်ဖော်ပန်းချီဆရာ တွဲဖက်သတ်မှတ်ထားမှု ကင်းလာတော့သည်။ သည်အထဲက ကွက်၍ ထူးထူးခြားခြား ပြောယူရမည်မှာ မောင်ညိုဝင်း ဖြစ်ပါ၏။

ကျွန်တော် ဆက်ဆံဖူးသမျှ သရုပ်ဖော်ပန်းချီဆရာများထဲတွင် ပန်းချီရေးရမှာ အပျင်းဆုံး ပန်းချီဆရာ ခေါ်ရမလား။ စိတ်တွေ့မှ ပန်းချီရေးသူ ပြောရမလား ခန့်မှန်းရခက်သူမှာ မောင်ညိုဝင်းပါ။ ကျွန်တော် စာပေနယ်မှာ ထုတ်ဝေသူ လုပ်တုန်းကလည်း မျက်နှာဖုံးသရုပ်ဖော် စသည်ဖြင့် သူ့ထံ အပ်နှံလျှင် အခြားဆရာများထက် အချိန်လေးငါးဆယ်ဆမျှ ပို၍ ကြာတတ်ပါသည်။ ရုပ်ရှင်ပိုစတာများ ကိစ္စလည်း 'ငင်း' အတိုင်းပါပဲ။ သူက ပန်းချီထက် စွန်လွှတ်ခြင်းနှင့် ငါးမျှားခြင်းကို ပိုခုံမင်သူ၊ ဖွဲ့ကြိုးသူသာ ဖြစ်ပါ၏။ သူ့အိမ်ကလည်း လယ်ကန်သင်းနှင့် ကန်စွန်းခင်းနှင့်ပင်။ (ခုတော့ မြို့လယ်ပိုင်းမှာ အခြေချနေသည်မို့ ငါးမျှားခြင်းကိစ္စ သိပ်မလုပ်တော့ဘဲ စွန့်လွှတ်ခြင်းအမှုကိုတော့ ပြုမြဲဟု ကြားရပါသည်)

မည်သို့ပင်ရှိစေ ရုပ်ရှင်ပိုစတာများ၊ စာအုပ်မျက်နှာဖုံး၊ မဂ္ဂဇင်းသရုပ်ဖော်များတွင် သူ့လက်ရာတွေကို မတွေ့ကြရတော့သော်လည်း သူ တကယ်နှစ်နှစ်ကာကာ ရေးဆွဲသော အဖိုးတန် ပန်းချီကားများကိုတော့ တစ်နှစ်လျှင် နှစ်ပုံ၊ သုံးပုံလောက် တွေ့ရတတ်ပါသည်။ ပန်းချီခ တန်ဖိုးမှာလည်း ကြီးမားလှပါသည်။ သူ့ကို ပန်းချီဆွဲခ၊ ဉာဏ်ပူဇော်ခ မပေးရသော်လည်း သူ့ပန်းချီကားကို ရချင်လျှင်တော့ 'အသက်' နှင့်ပင် ရင်းရသည်ဟု ဆိုရပါမည်။ အဲ... အသက်နှင့် ရင်းချင်တိုင်းလည်း မရပါ။ သူက မြတ်နိုးသော၊ လေးစားသော အနုပညာရှင် (အထူးသဖြင့် စာပေ၊ ပန်းချီ၊ ဂီတ) တစ်ယောက်ယောက် ကွယ်လွန်လျှင်၊ ထိုပုဂ္ဂိုလ်သည်လည်း မောင်ညိုဝင်း လေးစားချစ်ခင်သူဖြစ်လျှင် ထိုသူ၏ ပုံတူပန်းချီကားကို သူ့သဘောနှင့်သူ ရေးဆွဲပါတော့သည်။ ရေးသည်မှ အဲ့ဩစရာကောင်းလောက်အောင်ကို တစ်ထိုင်တည်း အပြီးရေးသည်။ ဆိုပါစို့ ကျွန်တော့်ဖခင် (ဆရာသာခ) ကွယ်လွန်တော့ မနက်ဖြန်လို အသုဘချမည်ဆိုလျှင် သည်နေ့ညလိုမျိုးမှာ သူ ရောက်ချလာမည်။ ပိတ်ကား၊ ဆေး၊ စုတ်တံ၊ လွယ်အိတ်နှင့် အသင့်ပါလာသည်။ သစ်ပင်တစ်ပင် ခြေရင်းတွင် ပိတ်ကားချိတ်၍ ရတတ်သမျှသော ဓာတ်ပုံအပိုင်းအစကို ကြည့်ပြီး တဗျင်းဗျင်းနှင့် ရေးဆွဲတော့သည်။ စိတ်ပါလက်ပါ အသံထွက်ရင်း ရေးဆွဲသည်။ ထုံးစံအတိုင်း အားပါး



www.burmeseclassic.com

www.burmeseclassic.com



တရ စုတ်ချက်ကြမ်းကြမ်း၊ ဆေးသားပြင်းပြင်း၊ မိုးလင်းတော့ ပြီးပြည့်စုံသော အဖိုးတန်ပုံတူ ပန်းချီကားတစ်ချပ် ပြီးလေသည်။ အဲဒါ သူ့လက်ဆောင်ပါပဲ။ သူ့အနုပညာအကူ ဆိုပါစို့။ ဒါကြောင့် သူ့ပန်းချီကားကို ကာယကံရှင်က အသက်နှင့် ရင်းရသည်ဟု ကျွန်တော် ဆိုပါသည်။ သူ့ဘက်ကလည်း ဘဝနှင့် နှလုံးသားနှင့်၊ ဦးနှောက်နှင့် ရင်းရသည်ပါပဲ။ (အဖေ၏ဝတ္ထု 'အတာ' ကို သူ့ထံ မျက်နှာဖုံးအပ်စဉ်က ကျွန်တော် လပေါင်းများစွာ စောင့်ခဲ့ရတာ မှတ်မိနေပါသည်)

သည်လိုပင် မောင်ညိုဝင်းသည် အနုပညာရှင်များ၏ ပုံတူတွေကို အသုဘ လက်ဆောင်အဖြစ် တခုတ်တရ 'ကူ' နေခဲ့သည်မှာ ကြာပါပြီ။ သူ၏ အရင်းအနှစ် လက်ရာများလည်း ဖြစ်ပါသည်။ အမြန်ဆုံးနှင့် လက်ရာအမြောက်ဆုံး ကားချပ်များဟုလည်း ဆိုနိုင်ပါသည်။ ပြီးတော့ ထူးခြားရှားပါးသော အတွေး ခံစားမှု၊ ရင်းနှီးမှုများလည်း ဖြစ်ပါသည်။ ကြည့်ပါ သူ ရေးဆွဲပေးခဲ့ဖူးသမျှ ကျွန်တော် သိသလောက် စာရင်း 'ဗဂျီအောင်စိုး'၊ 'သာခု'၊ 'အထောက်တော် လှအောင်'၊ 'စိန်ခင်မောင်ရီ'၊ 'မိုးမိုး (အင်းလျား)'၊ 'မင်းကျော်'၊ 'မြသန်းတင့်' မှသည် မကြာမတင်ကပင် 'စန္ဒရားလှထွန်း'၊ 'မြတ်လေး'၊ 'ခင်ဝမ်း' ကြည့် လိုက်စမ်းပါ။ စာပေနှင့် ယှက်နွယ်နေသော အနုပညာရှင်များစွာ၊ ဂန္ထဝင်များစွာ၊ ဘဝများစွာ၊ ပုံရိပ်များစွာ၊ လက်ရာများစွာ။

ကျွန်တော့်မှာ စိတ်ကူးကလေးတစ်ခု ရှိသည်။ ကျွန်တော်က မစီစဉ်တတ်လို့သာ။ မောင်ညိုဝင်း၏လက်ရာ ထိုထိုပညာရှင်ကြီးများ၏ ပုံတူများ (ဘဝ ပုံရိပ်များ) ကို စုစည်းပြီး အထိမ်းအမှတ် ပန်းချီပြပွဲတစ်ခုလောက် ပြရလျှင် မကောင်းပေဘူးလားဟု။ စာပေနှင့်ပန်းချီ ပတ်သက်သောသူ အားလုံးအတွက် ပေါ့။ သည်ပြပွဲလုပ်ဖို့ရာ မောင်ညိုဝင်းထံမှလည်း အချိန်စောင့်စရာမလို။

**(ချစ်သော ဆရာညိုသို့...)**

**[အလင်းတန်း။ အမှတ် ၉၆၊ မေ ၁၇ ရက်၊ ၂၀၀၀ ပြည့်နှစ်]**



## Dr. ရဲနိုင်ရေ...

ကျွန်တော့်ထက် အသက်ရော၊ ဂုဏ်ပါကြီးသည့်အပြင် ကျေးဇူးရှင် တစ်ယောက်လည်း ဖြစ်သောဆရာ့ကို Dr. ရဲနိုင်ဟု ရိုးစင်းစွာပင် ခေါ်လိုက်ချင် ပါသည်။ ဒါမှလည်း ချစ်ရာခင်ရာ ရောက်မည်။

ပြောချင်သည့်အကြောင်းက ကျွန်တော့်မိခင်ကြီးနှင့် ပတ်သက်ပါသည်။

* * *

ကျွန်တော်တို့ မျိုးရိုးက မျက်စိရောဂါရှိသည်။ အဖေသည် ဂလောကိုး မားခေါ် ရေတိမ်ဖြင့် မျက်စိတစ်ဖက် ကွယ်ခဲ့ရသည်။ အမေကတော့ လွန်ခဲ့သည့် နှစ် ၄၀ လောက်မှာ ရေတိမ်ဖြစ်သဖြင့် ကျောင်းဆရာမဘဝမှ ဆေးပင်စင် ယူ လိုက်ရသည်။ သို့သော် အမေက မျက်စိမကွယ်ခဲ့။ အချိန်မီ ကုသနိုင်သဖြင့် သက်သာရာ ရသွားသည်ဆိုပါစို့။ သို့သော် လွန်ခဲ့သည့် လေးနှစ်လောက်ကတော့ ကျွန်တော့်အမေ မျက်စိ မမြင်သလောက် ရောဂါပြန်ဖြစ်သည်။ ရေတိမ်တော့ မဟုတ်။ ရိုးရိုးအတွင်းတိမ်။ သည်အချိန်မှာ အမေ့အသက်က ၈၀ တွင်း ရှိနေ ပါပြီ။ ကွယ်သွားလည်း (သို့မဟုတ်) မှုန်သွားလည်း ဘာအရေးလဲဟု ပြော စရာရှိသည်။ သို့သော် အမေက တီဗွီကြိုက်သည်။ မင်းသား၊ မင်းသမီး မျက်နှာ တွေ ပြတ်ပြတ်သားသား ကြည့်ချင်သည်။ တရုတ်ဇာတ်လမ်း စာတန်းထိုးတွေ ဖတ်ချင်သည်။ သည်တော့ ကျွန်တော်က အမေ့မျက်စိအတွက် လုံးဝ တာဝန် ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သူ ကြည့်ချင်တာလေးတွေ ကြည့်သွားပါစေတော့" ဟု။

ခက်တာက မျက်စိကို လေဆာဖြင့် ကုသဖို့ဆိုတာ ငွေကြေးအလွန်ကုန်ကျမည်။ နိုင်ငံခြားပို့ဖို့ဆိုတာကလည်း အင်း...။

သည်မှာတင် စာရေးဖော်လည်းဖြစ်၊ ခင်မင်ရင်းစွဲလည်းရှိသော Dr. ရဲနိုင်ကို သွားသတိရသည်။ အကူအညီ ရလိုရငြား တောင်းကြည့်သည်။ ရသည်။ သူက Well Come ပါတဲ့။ သို့သော် ဆေးဖိုးတော့ တာဝန်ယူပါဆိုသည်။ ဘယ်လောက်လဲ။ နှစ်သောင်းခင်းလောက် ကုန်မည်။ ဒါလောက်တော့ ဘာအရေးလဲ။ ကျွန်တော့် မော်တော်ကား ပေါင်လိုက်သည်။ တပ်မတော် စစ်ဆေးရုံမှာ အမေ့ကို မျက်စိခွဲသည်။ Dr. ရဲနိုင်ကိုယ်တိုင် ဂရုစိုက် ခွဲစိတ်ပေးသည်။

ပထမတော့ ဘာပဲဖြစ်ဖြစ် တစ်မိသားစုလုံး စိတ်ပူကြတာပေါ့။ သို့သော် Dr. ရဲနိုင်က သူ့မျက်နှာကြီးကို ချစ်စရာပြုံးပြ၍ "စိတ်မပူပါနဲ့ဗျာ၊ အောင်မြင်မှာပါ" ဟု ဆိုသဖြင့် စိတ်ချသွားကြရသည်။ စိတ်ချသွားကြသည့်အတိုင်း ခွဲစိတ်မှု အောင်မြင်သည်။ အမေ့မျက်စိ ပကတိအကောင်း (အပျိုမလေးလိုမျိုး) ပြန်ဖြစ်သွားသည်။ ကျေးဇူးတင်လိုက်ကြတာလေ။

သည်ကြားထဲ ကံကောင်းချင်တော့ ကျွန်တော့်အဖေ ရိုက်ကူးခဲ့သော 'ဧည့်သည်' ဇာတ်ကား ကျွန်တော် ပြန်ရိုက်ခွင့်ရသည်။ သည်အတွက် အဖေ့ကို ငွေတစ်သိန်း ကုမ္ပဏီက ပေးသည်။ ဒါကို အမေ့ပေးသည်။ အမေက စစ်ဆေးရုံသို့ နှစ်သောင်းလှူလိုက်သည်။

"အခမ်းအနား လုပ်မလား" ဟု Dr. ရဲနိုင်က မေးတော့ အမေက "ကျေးဇူးတင်လွှာလိုချင်လို့ လှူတာမှ မဟုတ်ဘဲကွယ်" ဟု ရိုးသားစွာ ပြန်ဖြေသည်။ Dr. ရဲနိုင်က ထုံးစံအတိုင်း သူ့မျက်နှာကြီးကို ချစ်စဖွယ် ပြုံးပြန်သည်။

* * *

ဤတွင် ကျွန်တော်ပြောချင်သော အဓိကအကြောင်းအရာ ရောက်ပါပြီ။ ကျွန်တော့်အမေသည် သူ့ကို ဘယာကြော်ကလေးတစ်ခုဖြင့် ကန်တော့သူကိုပင် 'ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး၊ ကပ်ဆိုး၊ ကြမ္မာဆိုး၊ ဝဋ်ဆိုး ကင်းပါစေ' ဟု ဆုပေးမြဲ ဖြစ်သည်။ ပြီးတော့ အမေက ပြောတတ်သေးသည်။

"ဟဲ့... ငါက သူတော်ကောင်းမကြီး၊ ငါဆုပေးရင် ပြည့်တတ်တယ်" ဟူ၍။





အမေ့ကို မျက်စိခွဲပြီးစ မျက်လုံးပတ်စဖုံးထားဆဲကာလတွင် Dr. ရဲနိုင်ကို အမေက မေးသည်။

"ဟဲ့... သားရဲ့၊ အမေ စကားပြောလို့ ရပြီလား"

"ရပါပြီ အမေကြီး"

"ကိုင်း... အမေကြီးနား လာစမ်း။ မင်းမျက်နှာကို ကိုင်ပြီး ငါ ဆုပေးချင်လို့" ဆိုပြီး Dr. ရဲနိုင်၏ မျက်နှာကြီးကို အမေက ပွတ်သပ်ရင်း ထုံးစံအတိုင်း 'ငါ့သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး၊ ကပ်ဆိုး၊ ကြမ္မာဆိုး၊ ဝဋ်ဆိုး ကင်းပါစေကွယ်' ဟု ဆုတွေပေးပါသည်။ ထိုအခါ အနားတွင် ရှိနေသော ကျွန်တော်သည် Dr. ရဲနိုင် ပြန်ပြောသောစကားကို နားနှင့်ဆတ်ဆတ် ယခုတိုင် ကြားနေသည်။

"အမေကြီးရယ် ဆုပေးတာ နည်းလိုက်တာ။ တစ်ခုလောက် ပိုပေးပါဦးလား"

"ဟဲ့... မင်း ရာထူးတက်ပါစေ၊ နိုင်ငံခြားသွားရပါစေ"

"မဟုတ်ပါဘူး အမေကြီး၊ ကျွန်တော် အလိုချင်ဆုံးဆုက" ဟု ဆိုပြီး ကျွန်တော့်အမေ၏လက်ကို သူ့လက်ဖြင့် လက်အုပ်ချီ ကန်တော့ရင်း ပြောပါသည်။

"ကျွန်တော် ခွဲစိတ်တိုင်း အောင်မြင်ပါစေဆိုတဲ့ ဆုပါပဲခင်ဗျာ"

ထိုအသံကြားသောအခါ ရုပ်ရှင်ထဲမှာပင် မျက်ရည်မကျဖူးသော ကျွန်တော် အခန်းထောင့်တစ်နေရာ ပြေးပြီးငိုပါသည်။

[အလင်းတန်းဂျာနယ်၊ အမှတ် ၁၁၃]



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ကလေးတွေ

ကျွန်တော့်အိပ်ခန်းက အပေါ်ထပ် (အရှေ့မြောက်ထောင့်) မှာ ရှိပါသည်။ ခေါင်းရင်းဘက်က မနက်မိုးလင်းလျှင် နေရောင်ပျပျ ရသည်။ နံဘေးဘက်မှာက သကြားပင်အိုကြီး ရှိသည်။ ထိုပင်အိုကြီးပေါ်တွင် ငှက်ကလေးတွေ နေထိုင်ကြသည်။ သတိထားမိသလောက် စာဝတီးနှင့် ငှက်ကျားကလေးတွေ အနေများသည်။ အထူးသဖြင့် ကျွန်တော်က ငှက်ကျားကလေးတွေကို ဂရုစိုက်မိသည်။ အကြောင်းက သူတို့သည် နံနက်မိုးသောက်လျှင် တီတီတာတာ တေးသီချင်းဆိုပြီး ကျွန်တော့်ကို အိပ်ရာမှ နှိုးသောကြောင့် ဖြစ်သည်။ သူတို့က အနက်နှင့် အဖြူကျားကလေးများ ဖြစ်သည်မို့ ချစ်ဖို့ကောင်းလှသည်။

နံနက်နေရောင်ပျပျမှာ 'သီချင်းဆိုသော သုမောင်' ကို ငှက်ကျားကလေးတွေက သီချင်းပြန်ဆိုပြီး အိပ်ရာမှ နှိုးကြသည်မှာ ဘယ်လောက် ချစ်ဖို့ကောင်းသနည်း။ ဒါသည် ခံစားတတ်မှ သိနိုင်သော အရသာဖြစ်သည်။ ထိုအရသာကို နှစ်နှင့်ချီ၍ ခံစားနေခဲ့သော ကျွန်တော့်မှာ တစ်မနက်တော့ ခံစားချက် ပျက်ရလေတော့သည်။ ခံစားချက်ဆိုတာထက် ဝမ်းနည်းပက်လက် ဖြစ်ရသည်ဆိုက ပိုမှန်ပါမည်။

ထိုတစ်မနက် ငှက်ကျားကလေးတွေ သီချင်းဆိုပြီး ကျွန်တော့်ကို အိပ်ရာမှ မနှိုးကြတော့ပေ။ ကိုယ့်ဘာသာကိုယ် နိုးလာလို့ သူတို့ကို လေချွန်သံပြုသော်လည်း ဘာမျှမတုံ့ပြန်ကြချေ။ စိတ်မကောင်းခြင်းကြီးစွာဖြင့် မျက်နှာပင် မသစ်နိုင်ဘဲ သကြားပင်အိုကြီးအောက် လျှောက်သွားပြီး ငှက်ကလေးတွေကို ကျွန်တော် ရှာသည်။ မတွေ့ရပါချေ။ တစ်ကောင်တစ်မြီးမှ မတွေ့ရပါချေ။





ကျွန်တော့်မှာ သားသမီးတွေ ကျောင်းပြန်နောက်ကျလျှင် စိတ်ပူရသလိုပင် ပူပန်သောက ရောက်ရပါတော့သည်။

* * *

နောက်တစ်နေ့မှ ထိုအကြောင်းစုံကို သိရတော့သည်။ ခြံနောက်ဖေးဘက်မှာ နေ့စဉ်နှင့်အမျှလိုလို ဗွီဒီယိုလာရိုက်နေကြသည်။ ထိုအထဲမှ ရုပ်ပါမင်းသားကလေးတစ်လက်က လေသေနတ်တစ်လက်ဖြင့် လက်ဆော့သည်။ တွေ့ကရာပစ်သည်။ ပစ်စရာမရှိ ရေမြောင်းထဲက ငါးကို ပစ်သည်။ ဒါကတော့ လူငယ်ဘာဝ အပျင်းပြေသဘောလည်း ဖြစ်မည်။ ရုပ်ပါမင်းသားမို့လို့ နံဘေးက မြှောက်ပေးတာလည်း ဖြစ်မည်။

(သည်ကောင်လေးက အလွန်ဆော့သဖြင့် မျောက်ရှုံးသည်ဟုပင် ကျွန်တော်တို့ ကင်ပွန်းတပ်ခဲ့၏)

ပြီးတော့ သူ့လေသေနတ်က မှန်ပြောင်းပါသည်။ ပစ်မလွဲ ဆိုပါစို့။ ကျွန်တော့်သဘောက တအာ အာ အာတတ်သော ကျီးကန်းလို အကောင်မျိုး ပစ်ချင်ပစ်ပေါ့။ ခုတော့ အပြစ်မဲ့သည့် တေးဆိုငှက်ကလေးတွေကိုမှ သူ ပစ်ရက်လေခြင်း။

အစကတော့ နည်းနည်းမဟုတ်၊ တော်တော် စိတ်ဆိုးသည်။ နောက်တော့ "သြော်... ငါလည်း ငယ်ငယ်မင်းသားဘဝက ဒီလိုပဲ လက်ဆော့တာပါပဲလေ" ဟု စိတ်လျှော့လိုက်ရသည်။

(သို့သော် အေးဘုံကတော့ မရ။ သူ ကျောင်းဆရာမဘဝက ကိုင်ခဲ့သော နှစ်လုံးပြူးကြိမ်လုံး ဆွဲပြီးသွားရိုက်မည် လုပ်နေလို့ မနည်းတောင်းပန်ရသည်)

* * *

ခုတော့ ကျွန်တော့် အိပ်ခန်းဘေးတွင် ငှက်ကျားကလေးတွေ ပြန်၍ တေးဆိုနေပါပြီ။ ကျွန်တော့်ကိုလည်း "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟု မာဂဒစကားဖြင့် သတိပေးနေပါပြီ။ ကျွန်တော်လည်း နံနက်ချိန်ခါ တေးသံသာကို ပြန်၍ နားထောင်နေရပါပြီ။

ဒါသည် ဘာကြောင့်နည်း။ ဒါသည် ဘယ်သူ့ကြောင့်နည်း။ ဒါသည် ဘယ်သူ တရားချ၍နည်း။ ကျွန်တော်က မင်းသားလေးနှင့် တွေ့တော့ တရားမချပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ကိုယ်က အဆိုတော်ကွ။ ဒါပေမဲ့ တစ်ခါတလေ ပရိသတ်အဖြစ် သီချင်းနားထောင်ချင်တယ်။ အထူးသဖြင့် သဘာဝကပေးတဲ့ တေးသံတွေ နားထောင်ချင်တယ်။ ငှါကို သီချင်းဆိုပြနေတဲ့ ငှက်ကလေးတွေ ခု ဘယ်ရောက်ကုန်မှန်း မသိတော့ဘူးကွာ" ဟူ၍လောက်သာ စကားဆိုဖြစ်ခဲ့သည်။

ထိုအခါ မင်းသားလေးက မျက်ရည်ရစ်ဝဲလျက် ကျွန်တော့်ကို ပြန်ပြောပါသည်။

"မဟုတ်ပါဘူး အစ်ကိုကြီး၊ အဲဒါတွေလည်း ကျွန်တော် မသိရိုးအမှန်ပါ။ ဒါပေမဲ့လေ ခု ကျွန်တော့်သမီးလေးက ဖေဖေ၊ ဘာဘာ၊ မေမေ စသဖြင့် တီတီတာတာ စကားပြောတတ်နေပြီ။ ကျွန်တော် လေသေနတ် မကိုင်တော့ဘူး" တဲ့။

**(ချစ်သောညီလေး လွင်မိုးသို့...)**

**[သတင်းရုံ၊ အတွဲ ၃၊ အမှတ် ၄၅၊ ဩဂုတ် ၁၅ ရက်၊ ၂၀၀၀ ပြည့်နှစ်]**



## ငါသေလျှင် ဘာလုပ်ကြမည်နည်း

ဒီခေါင်းစီးကို ဖတ်ပြီးသကာလ "ကိုဦးဆွေ ကွယ်လွန်ခြင်း" ကိစ္စနှင့် ပတ်သက်သည်ဟု မထင်လိုက်ကြပါနှင့်။ ထို့အတူ နိုင်ငံကျော် အနုပညာရှင်များ ကွယ်လွန်သောအခါ ကျန်ရစ်သူတို့ 'လွမ်းမပြေ' ကြခြင်း၊ ပြဿနာဖြစ်ကြခြင်းများနှင့်လည်း မပတ်သက်။ ထို့ထက်ကား သုမောင်သေလျှင် ဘာလုပ်ကြမည်နည်းဆိုတာနှင့်ကတော့ ဝေလာဝေးပေါ့။ ကျွန်တော်က သေမှာကို ကြိုတင်စဉ်းစားမထားသူပါ။

နော့ဖြင့်... ဘာပြောချင်လို့ပါနည်း။

* * *

ဒီမနက် ဆရာဦးခင်ဇော် (ဒေါက်တာ ခင်ဇော်–ကေသီပန်) ထံ တယ်လီဖုန်းဆက်သည်။ အကြောင်းက ကျွန်တော်ပါဝင်သော 'အချစ်ကိုစားသော ကိန်းဂဏန်းများ' ဇာတ်ကားဝင်ငွေ အခြေအနေ သိချင်၍ ဖြစ်သည်။ (သူ့က မိုက်တီးအဖေ)

သည်လိုနှင့် ဟိုအကြောင်း ဒီအကြောင်းပြောရင်း ကျွန်တော့် အဖေအကြောင်း ရောက်သွားသည်။ ဖေဖေက သူငယ်စဉ် ကျောင်းသားဘဝကတည်းက ရုပ်ရှင်အစည်းအရုံးမှာ အတူလုပ်ခဲ့သည်အထိ သူ့ကို ချစ်ကြောင်း၊ ဂရုစိုက်ကြောင်းတွေ ပြောသည်။ ပြောကြရင်း အဖေ ကွယ်လွန်တော့ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ ဘာလုပ်လို့ ဘာကိုင်နေရမှန်းမသိ ဖြစ်နေကြစဉ် ဆရာဦးခင်ဇော် ရောက်ချလာကြောင်း ရောက်သွားသည်။ သူက ထိုစဉ် ရုပ်ရှင်အစည်းအရုံး



www.burmeseclassic.com

www.burmeseclassic.com



ဉက္ကဋ္ဌ၊ အဖေက နာယက။ ဆိုကြပါစို့ရဲ့။ သောကများနေကြပြီး သတင်းစာကြော်ငြာထည့်ဖို့ကလွဲလို့ ဘာမှမလုပ်တတ်ကြချိန်မှာ သူက...

"ဟာ... ခြေထောက်က ဟပြဲကြီးဖြစ်နေတယ်။ ခြေမနှစ်ချောင်း အပ်ချည်ကြိုးနဲ့ ချည်ကြပါ။ ပါးစပ်က ဟောင်းလောင်းနဲ့။ လောလောဆယ် မေးရိုးကြိုးသိုင်း"

စသည်ဖြင့် အဖေ့ရုပ်အလောင်း ပုံမှန်ဖြစ်အောင်လုပ်ဖို့ ညွှန်ကြားသည်။ သည်တော့မှ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေလည်း သူခိုင်းတာလုပ်ကြရတော့သည်။ ဒါကလည်း ကျွန်တော်တို့ကိုယ်တိုင် အသုဘရှင်ဒီတစ်ကြိမ်သာ ဖြစ်ဖူးသောကြောင့် တစ်ကြောင်း၊ အဖေကလည်း ရုတ်တရက်ဆုံး၊ အခြားပြဿနာကြီးတစ်ခုကလည်း ရှိနေသောကြောင့် ပူပန်မှုတွေများနေ၍ ဗျာများနေခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် သည်လို လာရောက်ကူညီဖော်ရသော ဆရာဦးခင်ဇော်ကို ကျေးဇူးတင်ရသည်။

သည်မနက် ထိုအကြောင်းတွေ ပြန်ပြောဖြစ်ကြရင်းက သူနှင့် ကျွန်တော်လူသေလျှင် ဘာလုပ်ကြမည်နည်း ဆိုသည့်ကိစ္စ ရောက်သွားသည်။ ထိုအခါ သူက...

"ကျွန်တော် စာတစ်အုပ်ရေးချင်နေတယ်။ (ဆရာက ကျွန်တော်၊ ခင်ဗျားသာ သုံးသည်) ဒီလိုဗျာ၊ ကျွန်တော်တို့ မြန်မာတွေ လူသေရင် ရုတ်တရက်ထငိုပြီး ကယ်ပါ၊ ယူပါ လုပ်ကြမယ်။ နည်းနည်း အေးသွားတော့ နီးစပ်ရာကျွမ်းကျင်သူတွေခေါ်ပြီး အလောင်းကို ပြင်ခိုင်း၊ သတင်းစာကြော်ငြာထည့်ဖို့စီစဉ်၊ အဲ... ပြီးမှ အိမ်မှာထားမလား၊ အအေးတိုက်ပို့မလား စဉ်းစားဆုံးဖြတ်။ ဆုံးဖြတ်ပြီးပြန်တော့ ဘယ်ကစလုပ်ရမှန်းမသိ။ တစ်ခါ နားလည်သူတွေမေး၊ အကူအညီတောင်း၊ အဲသလိုနဲ့ နောက်ဆုံး မီးသင်္ဂြိုဟ် (သို့မဟုတ်) ဂူသွင်းတဲ့ကိစ္စအထိ သူများအကူအညီနဲ့ချည်း ပြီးသွားကြတာများတယ်။ ကာယကံရှင်တွေမို့ အပူမီးတောက်နေတာကို ကျွန်တော် စာနာပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်က ဘာတွေ လုပ်ရကိုင်ရမယ်ဆိုတာ သိထားရင် မကောင်းပေဘူးလား။ ဒီတော့ လူသေရင် ဘာတွေလုပ်ကြရမယ်ဆိုတာတွေ ဇယားချရေးချင်တယ်"

"ကောင်းလိုက်တဲ့ အတွေး၊ ဆရာရယ်။ ရေးစမ်းပါ။ ကျွန်တော်တောင် တလောဆီက တောအသုဘတွေမှာ အလောင်းအောက် ကျောက်ဖရုံသီးထားတာ အနံ့ပျောက်အောင်လို့ဆိုပြီး ဆောင်းပါးရေးဖူးသေးတယ်"





"ဟုတ်ပါတယ်။ ရိုးရာကိစ္စရော၊ ခေတ်ပေါ်အသုဘကိစ္စတွေကိုပါ သေသေချာချာ ရေးချင်တယ်။ စာအုပ်သေးသေးကလေး ရိုက်ပြီး ဖြန့်ချင်တယ်။ ဒါပေမဲ့ တချို့က ဒါဟာ အမင်္ဂလာကိစ္စမို့ မရေးဖို့ ကန့်ကွက်နေကြတယ်ဗျ"

"ဟာ... ဆရာရယ်။ လူတိုင်း သေရမယ့်ဥစ္စာ။ ဒါ ဓမ္မတာကိစ္စပါ။ ပြီးတော့ ဟာကယ့်ပညာပေး စာအုပ်ကလေးပဲ။ ရေးပါ ဆရာရယ်"

"အေးဗျာ၊ ခင်ဗျား အားပေးတော့ ရေးဖြစ်မှာပါပဲ" ဟု ငယ်သာစကားဆိုပါသည်။ တယ်လီဖုန်းချခါနီးတော့ ဆရာက ပြောသေးသည်။

"လူသေရင် အပိုတွေမလုပ်ကြဖို့၊ အသုဘကို မလိုအပ်ဘဲ ဓာမချဲ့ကြဖို့တွေလည်း ထည့်ရေးချင်တယ်။ အသုဘကို ရိုးသားစေချင်တယ်။ ကျွန်တော်ဆိုအိမ်မှာ မှာထားပြီးသားဗျ။ ငါသေရင် အိမ်သားကလွဲလို့ တကူးတကန့် လိုက်ပို့ကြဖို့ မဖိတ်ကြနဲ့။ သူတို့ခမျာ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေတာလို့"

**[အလင်းတန်းဂျာနယ်၊ အမှတ် ၁၁၄]**



www.burmeseclassic.com

www.burmeseclassic.com

## တစ်ပတ်လည်အတွေး

ကျွန်တော်၏ အနုပညာဘဝတွင် အတွေးတစ်ခုက များစွာ ထောက်ပံ့ခဲ့လေသည်။ အတွေးသစ်ဟု ဆိုလို့လည်း ရသည်။ တစ်ဖန် ပြန်လည် ဆန်းသစ်လာသော အတွေးဟောင်းတစ်ခုဟုလည်း ဆိုလို့ရပါသည်။ တစ်ပတ်လည်အတွေးဆိုက အမှန်ဆုံး ဖြစ်မည်ထင်သည်။

ကျွန်တော် အနုပညာနယ်မှာ စတင်ခြေချတော့ ကံကောင်းသည် ဆိုမလား၊ တာဝန်ကြီးသည် ဆိုမလား မသိ။ စာပေ၊ ဂီတ၊ ရုပ်ရှင် နယ်ပယ် (၃) ခုစလုံးမှာ တစ်ပြိုင်နက် ဝင်ဆံ့ခဲ့ရသည်။ (စာပေကတော့ နည်းနည်းစောသည်)

အနုပညာနယ်ပယ်သို့ ဝင်ဆံ့လာသူတစ်ယောက်သည် အခြေခံအတွေး၊ ကိုယ်ပိုင်အယူအဆ တစ်ခုခုတော့ ပါလာရသည်။ ကျွန်တော့်အတွေးကား အနုပညာဆိုသည်မှာ စိတ်ရင်းစေတနာ ရိုးသားစွာ တင်ပြရသော ပညာဟူ၍ ဖြစ်ခဲ့သည်။ ဒါကို မူလက ကျွန်တော်ကိုယ်တိုင်ပင် သဘောမပေါက်ခဲ့ပါ။ ကျွန်တော်၏ အနုပညာများ တစ်စ၊ တစ်စ အောင်မြင်လာမှ ကျွန်တော်၏ အတွေးအယူကို ဆရာကြီး ဗဂျီအောင်စိုးက ဖော်ထုတ်ပြသခဲ့ခြင်း ဖြစ်သည်။ သူက…

"ကိုဗလကြီးရဲ့ အနုပညာကို ဦးလေးက ပန်းချီအခြေခံသဘောနဲ့ ရှင်းပြမယ်။ (စာရွက်အလွတ် တစ်ရွက်နှင့် ဘောပင်တစ်ချောင်းကိုယူပြီး) ဟောဒီအစက်ကလေးဟာ ဟောဒီ လေးထောင့်ဘောင်ထဲမှာ အသေးငယ်ဆုံးပဲ။ နေရာကျတော့ အများကြီးယူရတယ်။ ဟောဒီ 'ဝ' လုံးကလေးကတော့ အစက်ကလေးထက် ပိုကြီးပေမယ့် နေရာသိပ်မယူနိုင်တော့ဘူး။ ဟောသလို 'ဝ' လုံးအကြီးကြီးကို ရေးလိုက်မယ်ဆိုရင်တော့ သူဟာ လေးထောင့်ဘောင်ထဲမှာ တစ်လုံးတည်း ကျပ်ညပ်သွားပါပြီ" သူက ထိုမျှသာ ဖော်ထုတ်ပြောပြသော်လည်း ဉာဏ်





တွေ အလွန်ကွန့်မြူးနေသောအရွယ်ဖြစ်သည့် ကျွန်တော့်မှာ အတွေးတွေ ထပ်ပွားနေတော့သည်။

အသေးငယ်ဆုံးအရာသည် နေရာများစွာကို ယူသည်။ ကြီးကျယ်လာသည်နှင့်အမျှ နေရာကျဉ်းကျပ်သွားသည်။

ထိုကြောင့် နေ့စဉ် ဖြစ်ပျက်နေသော အလွန်ရိုးသားသည့် အကြောင်းအရာများကို ရှာဖွေ တင်ပြနိုင်ခြင်းသည် အနုပညာဖြစ်သည်ဟူ၍ ဖြစ်တော့သည်။

ပြဿနာမှာ မိမိ၏ မူလအတွေးကို မသိလိုက်ဘာသာ အခြေခံပြီး အနုပညာရပ်များ ဖန်တီးသောအခါ အောင်မြင်မှုရခဲ့သော ကျွန်တော်သည် ထို မိမိ၏ အတွေးကို သိရှိလိုက်ပြီးနောက် ဖန်တီးသော အနုပညာများ မအီမလည်ဖြစ်လာသည်ကို တွေ့လာရတော့ခြင်း ဖြစ်သည်။ အကြောင်းမှာ မိမိ၏ အတွေး (သို့မဟုတ်) အနုပညာအပေါ်မှာ သာယာပြီး အပ်ကြောင်းထပ် ဖန်တီးမှုတွေ ရှိလာသောကြောင့်ပင်။ ဒါသည်ပင် ရိုးသားမှုကင်းစင်လာခြင်းဖြစ်ကြောင်း နောင်အခါမှ သတိထားမိလာတော့သည်။

(ဒီလိုကိစ္စမျိုးတွေ မကြာခဏ ဖြစ်ပေါ်တတ်ကြောင်း အနုပညာရှင်များက ပို၍ သိပါသည်) ဒီလိုနှင့် အီလည်လည် အနုပညာများကြားတွင် ကျွန်တော် တော်တော်ကြာကြာ နစ်မြုပ်နေခဲ့ရပါသည်။

ကြာသော် နောက်အတွေးတစ်မျိုး ပေါ်လာပြန်သည်။ နိစ္စဓူဝ တွေ့မြင်နေရသော လူမှုအကြောင်းတရားများထဲကပဲ မေ့မေ့လျော့လျော့ ဖြစ်နေတတ်သော အဖြစ်အပျက်များကို ရွေးချယ်ဖော်ထုတ်ခြင်း အတတ်ပညာအကြောင်း ဖြစ်တော့သည်။ ဥပမာ–သေးသေးကလေးပြရလျှင် 'အကြင်တို့ လင်မယား' ဇာတ်ကား၌ ကျွန်တော် ခြင်ထောင်ထောင်သောအခန်းမျိုး ဖြစ်သည်။ ခြင်ထောင်နှင့် နံရံကြား တင်းစွာချည်နှောင်ထားသော ကြိုးပြတ်သွားသည်။ ဒါကို ပြတ်သည့်နေရာမှာ ပြန်ဆက်ရန် ကြိုးစားသောအခါ တစ်ဖက် ကြိုးစကို မီလျှင် တစ်ဖက် ကြိုးစက လွတ်သွားမည်။ ဟိုတစ်ဖက်ကို ဆွဲယူတော့ သည်တစ်ဖက်က လွတ်ပြန်သည်။ ထိုအခန်းသည် ပရိသတ်ကို ပတ်တုတ်၍ မရအောင် ရယ်မောစေသည်။

တကယ်တော့ ဒီအဖြစ်မျိုးသည် လူတိုင်းလိုလို ကြုံတွေ့နေရသော ကိစ္စမျှသာ ဖြစ်သည်။ မိမိတို့ ကိုယ်တွေ့တွင် ရှိပြီးသား ဖြစ်ရသော်လည်း မေ့လျော့



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ကြပုံရသည်။ ဒါကို ရုပ်ရှင်ထဲပြတော့ "ဪ... ဟုတ်ပေသားပဲ။ ငါတို့ ဖြစ်ဖူးသားပဲ" ဟု ပီတိနှင့်အတူ ခံတွင်းတွေ့သွားခြင်း ဖြစ်သည်။ ဒီဥပမာ သေးသေးကလေးလိုပင် လူ့ဘဝ၌ ကြီးကျယ်သော နိစ္စရူဝကိစ္စတွေ ရှိသည်။ ဒါကို အနုပညာသည်က အလစ်ဖမ်းပြီး ဖော်ကျူးတတ်လျှင် ခံစားသူ ပရိသတ် အတွက် ပီတိဖြစ်စေပါသည်။

ထိုအတွေးကို ရသောအခါ ကျွန်တော်က ထိုလမ်းစဉ်ကို လိုက်ပါသည်။ ထိုအခါ အောင်မြင်မှုရသော်လည်း ပင်ပန်းလှသည်။ အသစ်ရှာရတာထက် အဟောင်းကို ပြန်သစ်ရခြင်းသည် ပိုမို ခက်ခဲတတ်သောသဘော ဖြစ်ပါလိမ့်မည်။

မည်သို့ပင်ရှိစေ ကိုယ့်လမ်းစဉ် ကိုယ့်အတွေးနှင့်သာ ကျွန်တော် ဆက်လက် လျှောက်လှမ်းခဲ့ပါသည်။ ဒီမှာတင် နောက်ထပ် အတွေးတစ်ခုကို ရရှိရန် အကြောင်းဖန်လာတော့သည်။ စောစောက ပြောသလို နိစ္စရူဝအဖြစ်အပျက်များထဲမှ သတိလက်လွတ် ဖြစ်နေရသော အကြောင်းတရားများကို ပင်ပန်းစွာ ရှာဖွေနေရင်းက အလေ့အကျင့် ရလာသောအခါ သိပ်ပြီး မပင်ပန်းဘဲ အနုပညာ ရုပ်များ ဖန်တီးနိုင်လာခဲ့ခြင်း ဖြစ်သည်။

ဒီအတွေးကတော့ ခုနှယ်ခါအရွယ်ရောက်လာမှ ဖျတ်ခနဲ ရလာသော အတွေး ဖြစ်သည်။ ဒါကိုလည်း ဥပမာဖြင့်ပင် ပုံဆောင်ပါမည်။

စာဖတ်သူအနေနှင့်ကတော့ မိမိတို့နှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် အကျယ်ချဲ့ယူစေချင်ပါသည်။

'ကလေးငယ်တို့သည် ရိုးသားစွာပင် အစာရေစာကို တောင်းဆိုပါသည်။

အရွယ်ကလေး ရလာသောအခါ နည်းနည်း ကူလီကူမာ လုပ်ချင်တတ်လာသည်။

အရွယ်လွန်လာ ဇရာပိုင်းရောက်လာသော် ဟိုကလေးငယ်ဘဝကလိုပင် အစာရေစာကို ရိုးရိုးသားသား ပြန်၍ တောင်းဆိုလာပြန်တော့သည်' ဟူ၍ ဖြစ်ပါသည်။

**မှတ်ချက်။** ။ ကျွန်တော်၏ ဥပမာတွင် သူငယ်ပြန်ခြင်းကို မညွှန်းပါ။

[အတွေးသစ်ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၅၊
ဩဂုတ် ၂၉ ရက်၊ ၂၀၀၀ ပြည့်နှစ်]



## စာပေတန်ဖိုး တံစိုးလက်ဆောင်

သည်နေရာမှာ စာပေတန်ဖိုးဆိုရာ၌ အဖိုးတန်သောစာများ၊ စာပေလောကကြီးအတွက် တန်ဖိုးကြီးခြင်းဟူ၍ မမှတ်ယူကြပါနှင့်။ ထိုနည်းတူ တံစိုး လက်ဆောင်ဆိုသည်ကိုလည်း လာဘ်လာဘသသဘော၊ အပေးအယူသဘောဟု မမှတ်ကြပါနှင့်။

ကျွန်တော် ယခုပြောပြမည်မှာ ကျွန်တော်က ရိုးရိုးသားသား ရေးသားခဲ့သော စာစုကလေးများနှင့် ပတ်သက်၍ မျှော်လင့်မထားပါဘဲ အဖိုးတန်လက်ဆောင်များ ရခဲ့ဖူးခြင်းကို တင်ပြလိုရင်း ဖြစ်ပါသည်။ တစ်ဖန် အဖိုးတန်ဆိုရာ၌လည်း ငွေကြေးတန်ဖိုးကို မဆိုပါ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အခြေအနေနှင့် လိုက်လျောညီထွေသော ပစ္စည်းပစ္စယများကိုသာ ရည်ပါသည်။

၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလက မဟေသီမဂ္ဂဇင်းတွင် အကျိုးအပဲ့နာမည်ဖြင့် မိသားစုအတွေ့အကြုံတစ်ပုဒ် ရေးခဲ့ပါသည်။ ထုံးစံအတိုင်းပင် ကျွန်တော့် မိခင်ကြီးအကြောင်းမျှသာ ဖြစ်ပါသည်။ ထိုစာမူအတိုချုပ်မှာ အသက် (၈၀) ကျော်လာပြီဖြစ်သော မိခင်ကြီးသည် တောက်တိုမည်ရ၊ သရေစာကလေးများကို မကြာခဏ စားနေတတ်ပါသည်။ အဘယ်ဒ္ဒေ့်သည် ဆွေမျိုး မိသင်္ဂဟလာလာ "ဟဲ့ နောက်တစ်ခါလာရင် အမေကြီးဖို့ ဘယာကြော်ကလေး ဝယ်ခဲ့စမ်း" စသဖြင့် တောင်းဆိုတတ်ပါသည်။ သူငယ်ပြန်သော သဘောမျိုး မဟုတ်ပါ။ လူကြီးသူမများကို ကျွေးချင် မွေးချင်တတ်လာအောင် လှုံ့ဆော်သည့်သဘောမျိုး ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤနေရာတွင် သူ့အခြေအနေနှင့်သူ ပလာတာတန်သည်၊ ခေါက်ဆွဲကြော်တန်သည်၊ တန်းခွဲခြားပါသေးသည်။ ပြီးလျှင် ထိုထိုသော အလှူ့ရှင်များကို ကန်တော့ခိုင်းပါသည်။

"အမေကြီးက ဘဝမျိုးစုံကိုလည်း ကြုံခဲ့ပြီးပြီ။ စိတ်ထားလည်း သန့်နေပြီ။ ဒီတော့ အမေကြီးကို ကန်တော့ရင် ကုသိုလ်ရတယ်။ အမေကြီးပေးတဲ့ ဆုကလည်း ပြည့်တတ်တယ်" ဟူ၍ ကန်တော့သူများ စိတ်ချမ်းသာအောင် ပြောဆိုတတ်ပါသည်။ ဤသို့ အမေပြုမူ ပြောဆိုတတ်သည်ကို ကျွန်တော်က ခုနယ်ခါ ရေးပြနေတာအတွက်လည်း ကိုယ့်စိတ်ကိုယ် သန့်သန့်ထားနိုင်ပါသည်။

ထူးခြားသည်မှာ ထိုသို့ အမေက ပြောဆို ဆုပေးလိုက်သောအခါ မကြာခဏမှာပင် ထိုထိုပုဂ္ဂိုလ်များ သူတို့လိုရာဆုတွေ ပြည့်ဝသွားတတ်ခြင်း ဖြစ်သည်။ တိုက်ဆိုင်မှုဟူ၍ ဆိုလိုက ဆိုနိုင်သော်လည်း ကောင်းမြတ်သော တိုက်ဆိုင်မှုများအတွက် ကျွန်တော်တို့ ဝမ်းသာကြည်နူးရပါသည်။

တစ်နေ့တွင် အဆိုတော် ဖေယျာပွင့် (ရွှေပုစွန်မုန့်တိုက်) ကျွန်တော့်အိမ်အလည်ရောက်ပါသည်။ သူက ကျွန်တော့်ကလေးများအတွက် ကိတ်မုန့်များယူလာပါသည်။ ကျွန်တော်က ကျွန်တော့်မိခင်ကို ဦးချဦးမည်ဟုပြောသောအခါ ကိုဖေယျာပွင့်က သူလည်း ကန်တော့ချင်သည်ဆိုပြီး သူ့မုန့်တိုက်မှ မုန့်များပြန်ယူပါသည်။ ကျွန်တော့်မိခင်ကို သူက ကန်တော့သောအခါ ထုံးစံအတိုင်း ဆုတွေပေးပါသည်။ ထို့နောက် "သားရဲ့ နောက်နောင်အမေကြီးကို ကန်တော့ရင် မုန့်အကောင်းတွေ မလိုပါဘူး။ သားတို့ စက်ရုံက မသုံး၊ အသုံးမတည့်တဲ့ မုန့်အကျိုးအပဲ့တွေနဲ့ ကန်တော့ပါ။ အမေကြီးတို့ အဘွားကြီးတွေဆိုတာက မုန့်လှဖို့ မလိုဘူး။ ပါးစပ်ထဲ အရသာရှိပြီး အဆာပြေသွားရင် ကျေနပ်တာပဲ။ ပြီးတော့ အကျိုးအပဲ့ဆိုပေမယ့် အကျိုးဆိုတာ အကျိုးရှိခြင်းလို့လည်း အဓိပ္ပာယ်ရတယ် မဟုတ်လား" ဟူ၍ စကားကြွယ်လိုက်ပါသည်။

ကျွန်တော်က ထိုအဖြစ်အပျက်ကလေးကို ဖွဲ့နွဲ့၍ မဟေသီမှာ ရေးလိုက်ပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကိုဖေယျာပွင့်မှာ ကောင်းမြတ်သော အကျိုးကျေးဇူး ရရှိသွားပုံပေါ်သည်။ အထူးသဖြင့် စိတ်၏ချမ်းသာခြင်း ရရှိသွားပုံရပါသည်။ နောင်သောအခါ (ယခုတိုင်) ကျွန်တော့်မိခင်ကြီးအတွက် ရွှေပုစွန်မုန့်များ ပုံမှန် လာရောက်ကန်တော့နေပါတော့သည်။ တစ်ခါတစ်ရံ ဆန်အိတ်၊





ဆီပုံးများ ပါဝင်ပါသေး၏။ ထူးထူးခြားခြားမှ ဝါဝင် ဝါထွက်ကာလများတွင် ကျွန်တော်တို့ပင် သတိတရမရှိခဲ့သော ရဟန်းလှူရန် သင်္ကန်းများ ပါဝင်နေတတ်ခြင်းပင်။

* * *

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလကလည်း ရွှေအမြုတေမဂ္ဂဇင်းတွင် သာခုဘောပင် အတ္ထုပ္ပတ္တိအကြောင်းအရာမှာ ကျွန်တော့်ဖခင် သုံးစွဲခဲ့သော ပတ်ကားဘောပင်ကို ကျွန်တော်က မြတ်နိုးစွာ သုံးစွဲခဲ့၏။ ထိုဘောပင်မှာ ဟောင်းနွမ်းနေပြီဖြစ်သဖြင့် လူကြားသူကြား ထုတ်သုံးလျှင် ခလုတ်ကို သုံးလေးကြိမ် ဖွင့်ရပိတ်ရတတ်၏။ ဒါကို ပတ်ဝန်းကျင်က ရယ်မောသော်လည်း ကျွန်တော်ကမူ ထိုသို့ မီးကျိုးမောင်းပျက် ဖြစ်နေခြင်းကပင် အရသာတစ်မျိုးဖြစ်ကြောင်း စကားကြွယ်၏။ ထိုအခါ အမြင်မတော်သူများက ဘောပင်အသစ်များ လက်ဆောင်ပေးကြ၏။ ခဏခဏ လက်ဆောင်ရဖန်များလာသောအခါ ကျွန်တော့်မှာ ထိုဘောပင်အတွက် သာယာမှုဖြစ်မိ၏။ အဖေ့ဘောပင်က လာဘ်ကောင်းသည်ဟု အယူစွဲမိ၏။ ထိုအယူအစွဲ အရှိန်မြင့်မားလာသော (လောဘတက်လာသော) တစ်နေ့တွင် အဖေ့ဘောပင် အမှတ်မထင် ပျောက်ဆုံးသွားတော့၏။ ကျွန်တော့်မှာ စာရေးဆရာသာခု၏ ဘောပင်ကို တလွဲသာယာမိသဖြင့် ခုလို ဒဏ်ခတ်ခံရခြင်းပဲဟု မှတ်ချက်ချမိတော့၏။

ထိုစာစုကလေး ရွှေအမြုတေမှာ ပါလာသောအခါ ကျွန်တော့် စာဖတ်သူအချို့ တော်တော်စိတ်မကောင်းဖြစ်သွားပုံရ၏။ ပတ်ကားဘောပင်တွေ လက်ဆောင်ပေးကြလေတော့သည်။ ထူးထူးခြားခြားမှ အမေရိကားရောက် စာရေးဆရာမကြီး (ဒေါ်) ပတ္တမြားခင်က နှစ်ကူးလက်ဆောင်အဖြစ် ပတ်ကား ဘောပင်တစ်လက် တကူးတကန့် ပေးပို့လိုက်ခြင်းပင်။

* * *

လေးစားအပ်သော စာဖတ်သူ။ အထက်တွင် ဖော်ပြခဲ့သော ဖြစ်ရပ်နှစ်ခုသည် အမေနှင့်လည်းကောင်း၊ အဖေနှင့်လည်းကောင်း ပတ်သက်ပြီး ကျွန်တော်က ရိုးရိုးစင်းစင်းပင် ရေးချခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ မူရင်းပင်ကို ရည်ရွယ်ချက်က လူ့သဘာဝစရိုက်ကလေးအချို့ကို ဖော်ပြလိုရင်းမျှသာ ဖြစ်ပါသည်။ ပြောကြကြေးဆိုလျှင် နံနက်စောစော စိတ်လက်သန့်ရှင်းနေချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



စာတစ်ပုဒ်ပြီးအောင် ရေးမည်ဟု ဝတ္တုရားတစ်ခုလို သဘောထားရေးခဲ့ခြင်းမျှသာ ဖြစ်ပါသည်။ ကြီးစွာသော စာပေတန်ဖိုးကိုလည်း မရည်ရွယ်ခဲ့ပါ။ တံစိုးလက်ဆောင်အတွက်မူကား ဝေလာဝေးပင်။

နံနက်စာဟု ကျွန်တော့်ဘာသာ ကင်ပွန်းတပ်ထားသော ထိုစာစုမျိုးကို ရေးရာ၌ ကျွန်တော့် စိတ်ကြည်လင်နေသဖြင့် ကျွန်တော့်စာလည်း သန့်စင်နေခဲ့ပုံ ရပါသည်။ ထို့ကြောင့်ပင် ဖတ်မိသူက ပီတိကူးစက်ပြီး သန့်ရှင်းသောလက်ဆောင်များကို ပေးပို့ကြခြင်းဟု ယုံကြည်ပါသည်။

ယခု ဤစာစုကို ရေးဖြစ်ရန် အကြောင်းဖန်လာပုံကလေး ပြောပြချင်ပါသည်။

စောစောကတင် ဦးလေးဒိုး (စာရေးဆရာကြီး သာဂဒိုး) ထံမှ တယ်လီဖုန်း ဝင်လာပါသည်။ ထိုတယ်လီဖုန်းအတွက် ကျွန်တော့်ဘက်က ထူးဆန်းနေသော်လည်း ဦးလေးဒိုးကတော့ ရိုးရိုးကြီး ပြောပါသည်။ ခင်ဗျား၊ ကျွန်တော်ဟူ၍ အလေးထား သုံးနှုန်းပါသည်။

"ကိုသုမောင်လား၊ ကျွန်တော် သာဂဒိုးပါ။ ခင်ဗျားစာတွေ ဖတ်ဖြစ်တယ်ဗျ။ ကြေးမုံသတင်းစာတိုက်က ဂျာနယ်တွေ အစုံပို့ပေးတော့ အားအားရှိ စာပဲဖတ်နေရတာကိုး။ ဒီမှာ ခင်ဗျားစာတွေ ဖတ်ရတော့ အစ်ကိုသာခုကိုရော၊ မမညိုကိုပါ သတိရမိတယ်။ ဟိုစဉ်က သိပ်ခင်ကြတဲ့ စာပေညီအစ်ကို မောင်နှမတွေ မဟုတ်လား။ ဟိုစဉ်ကတော့ ခင်ဗျားတို့က သိပ်ငယ်သေးပေမယ့် ခုလို စာပေမှာ ပြန်ဖတ်ရတော့ ငယ်ဘဝကိုလည်း သတိရမိတယ်။ တခြားတော့ မဟုတ်ပါဘူး။ မမညိုကို သတိရပြီး ကျွန်တော့်ဇနီးက လက်ဖက် စသဖြင့် စားစရာရယ်၊ ငွေရယ် ကန်တော့ချင်ပါသတဲ့။ ကျွန်တော်တို့က အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်း နေတာဆိုတော့ အပြင်သိပ်မထွက်ဖြစ်ဘူး။ ကျွန်တော့်ဇနီးကလည်း ဒူးနာနေလို့ ကိုယ်တိုင်မလာနိုင်ဘူး။ အဲဒါ အပန်းမကြီးရင် ကျွန်တော့်အိမ်ကြိုတဲ့အခါ လာပြီး မမညိုအတွက် အကန်တော့ခံဝတ္ထုပစ္စည်းတွေ လာယူစေချင်တယ်။ ဒီလို အကူအညီတောင်းရတာ စိတ်မဆိုးပါနဲ့နော်။ ကျွန်တော်အနူးအညွတ် တောင်းပန်ပါတယ်"

ဦးလေးဒိုးနှင့် စကားအချီအချ တော်တော်ပြောခဲ့သော်လည်း လိုရင်းကတော့ ထိုမျှသာ။ သို့သော် ကျွန်တော့်အဖို့ မည်မျှ ပီတိဖြစ်ရပါသနည်း။





ဦးလေးဒိုးနှင့် ဇနီး (ဒေါ်တင်အေး) ထံမှ ကန်တော့လိုက်သော ပစ္စည်းနှင့် ငွေတန်ဖိုးကို ကျွန်တော် မဖော်ပြတော့ပါ။ အရေးကြီးသည်မှာ ကျွန်တော့်စာကို စာရေးဆရာကြီးတစ်ယောက်က ဖတ်ပြီး ကျွန်တော့်မိဘကို သတိရရှိခြင်းသာ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနှင့်မူ စောစောက ပြောခဲ့သော အဖေသာခု၏ ဘောပင်အမွေအပေါ် လောဘစိတ်ဖြင့် မသာယာမိဖို့ကိုကား ကျွန်တော် သတိကြီးစွာ ထားရပေဦးမည်။

[ပေါပြူလာ၊ အတွဲ ၄၊ အမှတ် ၄၀၊
အောက်တိုဘာလ ၃ ရက်၊ ၂၀၀၀ ပြည့်နှစ်]



www.burmeseclassic.com

www.burmeseclassic.com

## စကြဝဠာကမ္ဘာမြေမိုး ထိုးဖောက်လို့ ကြားရပါစေသတည်း

ကျေးလက်ပြည်သူ အများစု ချစ်ခင်နှစ်သက်သော အနုပညာရှင်အချို့ကို ဖော်ပြလက်စမို့ ဤစာစုကို ဆက်လက် ရေးဖြစ်ဘော်လည်း ယခု ဖော်ပြမည့် အကြောင်းအရာမှာ ၁၉၇၇ ခုနှစ်၊ ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဝတ္ထုတို ပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ခဲ့ပြီးသား ဖြစ်ပါသည်။ ပြန်လည် ဖော်ကျူးလိုသော နောက်တစ်ကြောင်းမှာ ထိုဝတ္ထုတို ပုံနှိပ်ဖော်ပြပြီးစက ဂျပန်နိုင်ငံရှိ ဖောင်ဒေးရှင်းတစ်ခုမှ ဘာသာပြန်ဆိုရန် တောင်းယူသွားခဲ့သောကြောင့် ဖြစ်၏။ ဆိုလိုသည်မှာ ထိုဝတ္ထုတိုပါ အကြောင်းအရာသည် အနုပညာသည် အများစုနှင့် ပတ်သက်နေမှန်း သိသာနေခြင်းပင် ဖြစ်၏။

ထို ၁၉၇၇ ခုနှစ် တစ်ဝိုက်တွင် ကျွန်တော်သည် စာပေဟောပြောပွဲခရီး မြောက်မြားစွာ သွားရောက်ခဲ့ရ၏။ ပွဲတော်တော်များတွင်လည်း ယခင်အပတ်က ဖော်ပြခဲ့သော မင်းသားကြီးရွှေဘအကြောင်းများနည်းတူ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် အကြောင်းကိုလည်း ဟောပြောခဲ့ပါသည်။

ရွှေမန်းဦးတင်မောင်ကို ကျွန်တော် ကောင်းစွာ မမီလိုက်ပါ။ သူ ကွယ်လွန်တော့ ကျွန်တော့်မှာ လူငယ်မျှသာ ရှိပါသေးသည်။ သူ၏ ဇာတ်ပွဲကိုပင် ငယ်စဉ်က တစ်ခါသာ ကြည့်ဖူးပါသည်။ ဆိုပါစို့ ရွှေမန်းတင်မောင်၏ ပရိသတ်တစ်ယောက် ကျွန်တော် မဖြစ်ခဲ့ပါ။ သို့သော် ကျွန်တော်၏ အဒေါ်တစ်ယောက်ကမူ ရွှေမန်းတင်မောင်၏ အဓိကတွဲဖက်မင်းသမီး ဖြစ်ခဲ့ဖူး၏။ 'အောင်သန်းတင်' ပင် ဖြစ်ပါသည်။ တစ်ချိန်က 'ရွှေမန်းတင်မောင် အောင်သန်းတင်' အတွဲသည် နာမည်အလွန်ကြီးပါသည်။





ဒေါ်လေး ဒေါ်အောင်သန်းတင်က ရွှေမန်းဦးတင်မောင် သူ့ပရိသတ်အပေါ် ထားရှိသော ဂါဝရတရားကို ကျွန်တော့်အား ပြောဖူးပါသည်။

"ဇာတ်ဆရာက ပရိသတ်ကို ထိခြင်းငါးပါးနဲ့ ကန်တော့တတ်တယ်သား‌ရဲ့"

"ဟာ... ဇာတ်မင်းသားဆိုတာ ညတိုင်း ကန်တော့ပန်းဆင်ရတာပဲ ဒေါ်လေးရာ"

"မဟုတ်သေးဘူးကွဲ့၊ ဇာတ်ဆရာက တကယ့်ကို ထိုင်ပြီး ရိုရိုသေသေ ကန်တော့တာပါ"

ဒေါ်လေးက ကျွန်တော့်အား အဖြစ်အပျက်တစ်ခု ပြောပြပါသည်။

မြန်မာပြည်အနှံ့ တောရောမြို့ပါမကျန် ရွှေမန်းဇာတ်သဘင်ကြီး လှည့်လည် ဖျော်ဖြေခဲ့ရာ တစ်နေ့တွင် အညာကျေးလက်ဒေသတစ်ခုသို့ ရောက်၏။ ညပိုင်း ဇာတ်ကဖို့အတွက် နေ့လယ်နေ့ခင်းမှာ အနားယူကြရ၏။ ဒေါ်အောင်သန်းတင်တို့လည်း အိပ်စက်နားနေကြ၏။ ရွှေမန်းဦးတင်မောင်က ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ညဥ့် ကရမည့်ဇာတ်စာများ ကျက်မှတ်နေ၏။ ထိုစဉ် "ဟဲ့... ဟဲ့ အောင်သန်းတင် လာစမ်း... လာစမ်း" ဟု အရေးတကြီး ခေါ်သဖြင့် အောင်သန်းတင်သည် အိပ်ရာထဲမှ လူးလဲထလာခဲ့ရ၏။ ဇာတ်ဆရာအနီးသို့ ရောက်သော် "ဟိုမှာကြည့်စမ်းကွယ် တို့ပရိသတ်တွေ ပင်ပန်းလိုက်တာ" ဟု ညွှန်ပြသဖြင့် ကြည့်လိုက်ရာ ဇာတ်ရုံအပြင် နေပူကျဲကျဲကြီးအောက် ကွင်းပြင်ထဲတွင် ရွှေမန်းကြည့်မည်ဟု ကျေးလက်တောရွာများမှ လာကြသော လှည်းတပ်ကြီးများကို တွေ့ရ၏။ ညပိုင်း ရွှေမန်းကြည့်မဟဲ့ဟု ခုလို နေ့လယ်ခင်းနေပူကြီးထဲမှာ သူတို့လာ၍ စောင့်ကြည့်ရ၏။ လှည်းများကို ဝိုင်းလျက် ထမင်းချက်သူချက် ဈေးရောင်းသူရောင်း ရှိနေကြ၏။

"သန်းတင်ရေ အဲဒီနေပူထဲ ဒုက္ခခံပြီး စောင့်နေသူတွေဟာ ငါတို့ရဲ့ ထမင်းရှင်၊ ကျေးဇူးရှင်တွေပဲကွယ့်။ ကိုင်း... ကိုင်း တို့ ကန်တော့ကြရအောင်" ဟု ပြောပြီး ဇာတ်စင် ပုဏ္ဏားကွယ်ကြားမှ တရိုတသေထိုင်၍ ကန်တော့ကြပါသည်တဲ့။ ထိုကိစ္စကို သူတို့နှစ်ယောက်သာ သိပါသည်။ ထိုအကြောင်းကို ပြန်ပြောရာ၌ "အဲဒီလောက် ပရိသတ်ကို ရိုသေလေးစားလို့လည်း ရွှေမန်းဦးတင်မောင်ဟာ အမြဲတမ်း အရောင်မမှိန်တဲ့ အနုပညာသည် ဖြစ်နေတာပါပဲခင်ဗျာ" ဟူ၍ စာပေဟောပြောပွဲမှာ ကျွန်တော် အနားသတ်လေ့ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာပေဟောပြောပွဲတွေမှာ ရွှေမန်းတင်မောင်အကြောင်း ထည့်ပြောတတ်သည် ကြားတော့ သူ့သားကြီး ကိုညွန့်ဝင်း (အကယ်ဒမီ ညွန့်ဝင်း) က "အဖေ့အကြောင်း ခင်ဗျားပြောတယ်ဆိုတာ ကြားရတယ်။ ကျွန်တော့်ကို ပြန်ပြောပါလား" ဆိုသဖြင့် ကျွန်တော်က ဒေါ်အောင်သန်းတင် ပြန်ပြောသော ကန်တော့ခန်းကို ရှင်းပြရာ ကိုညွန့်ဝင်း မျက်ရည်လည်သွား၏။

"ဒီအကြောင်း ကျွန်တော်တို့တောင် မသိဘူးဗျာ" ဟု ဝမ်းနည်းပက်လက် ဆို၏။ တကယ်တော့မူ ထိုကဲ့သို့ ပရိသတ်ကို တီတီတခိုး ကန်တော့ခြင်းကပင် ရွှေမန်းတင်မောင်၏ ကြွားဝါမှုကင်းသော သစ္စာ၊ မေတ္တာနှင့် သဒ္ဒါတရား မဟုတ်ပါလား။

အထက်ပါအကြောင်းတွေ ပြောဆိုပြီးနောက် မင်းသားညွန့်ဝင်းက သူ၏ အတွေ့အကြုံတစ်ခုကို ကျွန်တော့်အား ပြောပြပြန်ပါသည်။ သူ နာမည်ကြီးစရောက်လေရာအရပ်မှာ 'ညွန့်ဝင်း' ဆိုပြီး လျှမ်းလျှမ်းတောက်ခဲ့ရာ တစ်နေ့တွင် ရုပ်ရှင်ရိုက်ကူးရန် တောင်ပေါ်တောတန်းတစ်ခုသို့ ရောက်ခဲ့၏။ ထိုဒေသကား ကားလမ်းပင် မပေါက်သော အလွန်ခေါင်သော ဒေသဖြစ်၏။ (ထိုအချိန်တွင် ရွှေမန်းဦးတင်မောင် ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်)

ထိုသို့ ဝေးသီခေါင်သော ကျေးလက်ဒေသ ရောက်တော့လည်း မင်းသားညွန့်ဝင်းကို မြင်ဖူး၊ တွေ့ဖူးသူတွေ ဝိုင်းဝိုင်းလည်ခဲ့၏။ ဒါတောင် ထိုစဉ်က ခုနေခါလို တီဗွီတွေ ဘာတွေ မပေါ်သေးပါ။

"ကျွန်တော်ဖြင့် ငါကွ၊ ညွန့်ဝင်းကွလို့တောင် ဘဝင်ကလေး မြင့်မိပါရဲ့။ ဘာကြောင့်လဲဆိုသော ဝိုင်းဝိုင်းလည်လည်နေတဲ့ ပရိသတ်တွေကြားတွေမှာ အဘိုးအို၊ အဘွားအိုတွေလည်း ပါဝင်နေတာကိုး" ဟု ရိုးစင်းစွာပင် ပြန်ပြောပြပါသည်။

ကိုညွန့်ဝင်းသည် သူ့အား ဝန်းရံနေသည့် ပရိသတ်တွေထဲက အသက် (၈၀) ခန့် အဘွားအိုကြီးတစ်ဦးထံ လျှောက်သွားခဲ့၏။ ပရိသတ်ကို နှုတ်ဆက်သည့်သဘောဖြင့်လည်း ထိုအဘွားအိုကို တယုတယ ဖေးမရင်း "အမေကြီး နေကောင်းရဲ့လား။ ကျွန်တော် ညွန့်ဝင်းပါ" ဟု နှစ်သိမ့်စကား ဆိုလိုက်၏။

ထိုအခါ အဘွားအိုသည် မှုန်သီသော မျက်လုံးများကို မှေးမှေးပြုကာ ကိုညွန့်ဝင်း၏ မျက်နှာကို သူ့လက်ဖဝါးကြမ်းကလေးများဖြင့် ပွတ်သပ်ကိုင်တွယ်





ကြည့်လိုက်၏။ ပြီးမှ "ဪ... အမေကြီးက ကိုတင်မောင်သားဆိုလို့ လာကြည့်တာပါ" ဟု ရိုးရိုးကြီး ပြန်ပြောပါသည်တဲ့။

ကျွန်တော်ပြောလိုသည်မှာ "အနုပညာရှင်တစ်ယောက်သည် ပရိသတ်ကို လေးစားရုံမျှသာမက ရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာ ချစ်ခင်ရမည်။ မိဘသဖွယ် ရိုသေကိုင်းရှိုင်းရမည်။ ထိုအခါ ပရိသတ်သည် အနုပညာရှင်ကို တုံ့ပြန်မေတ္တာထားလိမ့်မည်။ သားသမီးသဖွယ်လည်း အလေးထားလာလိမ့်မည်။ ထိုအနုပညာရှင် တစ်သက်သာမက သူ၏ သားသမီးများအထိ ချစ်ခင်နှစ်သက်ပေလိမ့်မည်" ဟူ၍ ဖြစ်ပါသည်။

ဒါကြောင့်လည်း ထိုအဖြစ်အပျက်ကို ကျွန်တော်က ဝတ္ထုရေးခဲ့သောအခါ နိုင်ငံရပ်ခြားမှ ဘာသာပြန်ဆိုရန် ကျွန်တော့်ဝတ္ထုကို တောင်းခံခြင်း ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

**စာညွှန်း။** ။ "အဖေကြီးတီးတဲ့ ရွှေကြေးစည်" (သုမောင်ရေး) ၁၉၇၇ ခုနှစ်၊ ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်း၊ ခေါင်းစဉ်ကို ရွှေမန်းဦးတင်မောင် သီဆိုခဲ့သော ရွှေကြေးစည်သီချင်းမှ ယူပါသည်။

**[သတင်းစုံဂျာနယ်၊ ၂၀၀၄ ခုနှစ်]**



www.burmeseclassic.com

www.burmeseclassic.com

## အမေ့ချစ်သူ

အမှန်က ဤအကြောင်းအရာကို ရေးသင့် မရေးသင့် တော်တော် စဉ်းစား ရပါသေးသည်။ ပထမဆုံးအချက်က ကိုယ့်ဂုဏ်ကိုယ်ဖော်ရာ ရောက်မှာစိုးလို့ ဖြစ်သည်။ ဒုတိယအချက်က သူများဂုဏ်ကို ကြော်ငြာပေးရာ ရောက်မှာစိုးလို့ ဖြစ်သည်။ နောက်ဆုံးအချက်က 'ဘာမဟုတ်သည့်ကိစ္စ' ဟု အပြောခံရမှာစိုးလို့ ဖြစ်သည်။

အကြောင်းက တစ်နေ့နံနက်တွင် ကျွန်တော့်ထံ ဦးသန်းဖေက တယ်လီဖုန်း ဆက်သည်။ ဦးသန်းဖေဆိုတာ ဒါရိုက်တာသန်းဖေလေး ဖြစ်သည်။ သူက 'အလယ်သုံးဇော' 'အလောသုံးဆယ်' ဆက်သွယ်ခြင်း ဖြစ်သည်။

"ဟော့ကောင် ဗလ၊ မင်းအကူအညီတစ်ခု လိုတယ်။ လုပ်ပေးပါ"

"ဘာအကူအညီလဲ အရင်ပြောပါ အစ်ကို"

"ငါ အခု ဗွီဒီယိုဇာတ်ကားတစ်ကား ရိုက်နေတယ်။ ခုလို ရိုက်ရင်း တန်းလန်း မင်းဆီဆက်တာပဲ"

သူက သူရိုက်ကူးနေသော ဇာတ်ကား၏ ဇာတ်လမ်းကို အစအဆုံး ပြောပြပါသည်။ ထို့ကြောင့် ကျွန်တော်က မင်းသားငှားဖို့ထင်ပြီး 'အင်း' လိုက် နေရသည်။ သူ့ဇာတ်လမ်း ပြောလို့ဆုံးမှ...

"အဲဒါ ဇာတ်ကားအမည် မင်း ရွေးပေးစမ်းပါ" တဲ့။

သူ့ဇာတ်လမ်းအတိုချုပ်မှာ မုဆိုးမ သားအမိနှစ်ယောက် ရှိသည်။ အလွန် ချစ်ကြသည်။ မိခင်က သားကို ဆရာဝန် ဖြစ်စေချင်သောကြောင့် ဘဝကို နည်းမျိုးစုံဖြင့် ရုန်းကန်သည်။ ထိုစဉ် ငယ်ချစ်ဦးနှင့် ပြန်ဆုံသည်။ သား၏ နောင်





ရေးအတွက် ငယ်ချစ်ဦးနှင့် ပြန်ပြီး လတ်ဆက်ရန် ဆုံးဖြတ်သည်။ သားက မကျေနပ်။ အမေ့ကို အနစ်နာမခံစေလို။ ဤသို့ နားလည်မှုလွဲရာက သားအမိ နှစ်ယောက် မေတ္တာလွန်စွဲကြသည်။ နောက်ဆုံး သားက မိခင်၏မေတ္တာနှင့် အချစ်ကို ခွဲခြားနားလည်သွားသည်။

သူ့စကားဆုံးဆုံးချင်း ကျွန်တော်က ကျီစယ်သည်။

"ဟာ... ဒါဆိုရင် ပထွေးတစ်ဝမ်းကွဲဗျာ။ မကောင်းဘူးလား"

"မင်းဂျီးဒေါ်ကြီးလား။ မနောက်နဲ့ကွ"

ဦးသန်းဖေလေးက သူ၏ ရည်ရွယ်ရင်းကို ဆက်ရှင်းသည်။ ထိုဇာတ်ကား ရိုက်ကူးရန် သူ အားထုတ်ခဲ့ပုံများ၊ သူ့စေတနာများကို ပြောပြသည်။ အဓိက အားဖြင့် ဆရာကြီး ဦးသုခ၏ အမေနေ့ စကားဦးမှ "နားနဲ့မနာ၊ ဖဝါးနဲ့နာကြပါ။ မိခင်ဖြစ်သူဟာ ပြည့်တန်ဆာဖြစ်နေပါစေ အမေဟာ အမေပါပဲ" ဆိုသည့် စကားရပ်ကို အခြေခံပြီး ထိုဇာတ်လမ်းကို ရိုက်ကူးခဲ့ကြောင်း ပြောသည်။

"သူ့ မူလဝတ္ထုမှာ နာမည်ကရော" မေးတော့ မူလနာမည်က ဗွီဒီယို နှင့် မလိုက်ဖက်ကြောင်း၊ အထူးသဖြင့် 'ဒက်ခနဲ' နေသော နာမည်မျိုး လိုချင် ကြောင်း ပြောသည်။ ကျွန်တော်က စဉ်းစားမည်ဟု အကြောင်းပြန်ရသည်။ စဉ်းစားမည်ဆိုရာ၌ သူ၏စေတနာကို အလေးထားပြီး စဉ်းစားရန် ဖြစ်သည်။ မိဘမေတ္တာ မိခင်မေတ္တာ ဇာတ်လမ်းတွေက များနေပါပြီ။ ဘာပဲဖြစ်ဖြစ် ထပ် နေမှာပဲဟု ကျွန်တော် ထင်သည်။ ထို့ကြောင့် နာမည်ကို အလေးထားရပါလိမ့် မည်။

ကျွန်တော်တို့မှာ မိခင်တွေရှိပါသည်။ သို့သော် ကျွန်တော်တို့ ဖခင်တိုင်း သည် အမေ၏ ငယ်ချစ်ဦး ဟုတ်ခဲ့ပါသလား။ ဒါသည် ပြောရတော်တော်ခက် သော ကိစ္စဖြစ်သလို၊ စဉ်းစားဖို့ လိုသင့်မသင့် ချင့်ချိန်ရပါသည်။ အမေဆိုသော ဂုဏ်ပုဒ်ကို နည်းနည်းမျှ စော်ကားလို့မရပေ။

နောက်တစ်ခု စဉ်းစားရပါသေးသည်။ 'သုမောင်' နာမည်ပေးကောင်း ကြောင်း အနုပညာသည်များ သိကြသည်။ ကျွန်တော်ပေးသော နာမည်သည် ဆန်းသစ်ရပါမည်။ ပြီးတော့ ခိုင်မာရှိးသားရပါမည်။ ထို့ကြောင့် ဦးသန်းဖေ ၏ အကူအညီကို လွယ်လွယ်ပေးလို့ မရပေ။ တစ်ပတ်မျှ အချိန်ယူပြီးသော အခါ ဦးသန်းဖေထံ နာမည်လေးခု ပေးလိုက်ပါသည်။ (၁) 'အမေ၏ချစ်သူ'၊ (၂) 'မေမေ၏ချစ်သူ'၊ (၃) 'အမေ့ချစ်သူ'၊ (၄) 'မေမေ့ချစ်သူ'။



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း... ကြိုက်ရာသုံးပြီး ပိုတဲ့သုံးခုတော့ ဘယ်သူ့မှ မပေးနဲ့" ဟု ပြောရပါသည်။ ဦးသန်းဖေကလည်း ဝမ်းသာအားရ ရှိသွားပါသည်။

'အမေ့ချစ်သူ' ယူမယ်ကွာ။ မင်းနာမည်က ရိုးရိုးလေးနဲ့ ငါလိုအင်ပြည့်ဝသွားပြီ ကျေးဇူးပဲ"

သည်လောက်နှင့် သူနှင့်ကျွန်တော်ကိစ္စ ပြတ်ပါသည်။ အခြား ပြောစရာလည်း မရှိပါ။ အခြားဆိုတာက 'နာမည်ရွေးပေးခ'၊ 'နာမည်ကြော်ငြာခ' စသည်ဖြင့် ဖြစ်သည်။ ကျွန်တော်နှင့် ဦးသန်းဖေတို့ကြားတွင် အနုပညာသံယောဇဉ်မှလွဲ၍ အခြားမရှိပါ။ သို့သော် ကနေ့ကာလတွင် 'နာမည်' ကိစ္စသည် အရေးပါနေပါပြီ။ ကျွန်တော်က ဘယ်လောက်ပဲ အနုပညာစေတနာထားထား၊ ကျွန်တော်ပေးလိုက်သော နာမည်ကို ကျွန်တော့်ဘာသာပင် တန်ဖိုးထားရပါမည်။ စာရေးဆရာဖြစ်သောကြောင့်လည်း ထိုကိစ္စ ပိုအရေးကြီးရပါသည်။ နာမည်တစ်လုံးရရုံနှင့် ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သွားဖူးသော အတွေ့အကြုံတွေ ကျွန်တော့်မှာ ရှိခဲ့သည်။ ထိုနာမည်အတွက် ကျွန်တော့်ဦးနှောက် အရင်းစိုက်ရပါသည်။ အထူးသဖြင့် 'အများသူငါနှင့် ရင်းနှီးပြီးသားကိစ္စကို အများသူငါအတွက် အထူးအဆန်းပြန်ဖြစ်အောင် လုပ်ရတာ ခက်သည်' ဟု ကျွန်တော် ထင်သည်။

'နှောက်လင်' ဆိုသော ဝတ္ထုဖြင့် ကျွန်တော့်ဖခင် အလွန်နာမည်ကြီးခဲ့ဖူးသည်။ ရုပ်ရှင်ဇာတ်ကားပင် ရိုက်ခဲ့ဖူးသည်။ ထိုကဲ့သို့ မာမာထန်ထန် နာမည်ပေးလို့လည်း မရပါ။

ကောင်းပြီ။ ဟာသဆိုလျှင်လည်း အလွယ်သားပင်။ စောစောက ပြောသလို 'ပထွေးတစ်ဝမ်းကွဲ'၊ 'အမေ့ရည်းစား' လုပ်ချလိုက်ရုံသာ။ 'အမေ၏ဒုတိယယောကျ်ား' လုပ်ဦးမလား။ ဘယ်လိုနည်းနှင့်မျှ မကောင်းပေ။ ဒါကြောင့် ရိုးရိုးကလေးကိုပင် တစ်ပတ်လည်ပေးလိုက်သည်။

* * *

ဤစာစုအစဉ် ကျွန်တော် ဝန်ခံခဲ့ပြီးပါပြီ။

ခုကိစ္စ ထုတ်ပြောရတာ စိတ်မသန့်ဟု။

'ကိုယ့်ဂုဏ် ကိုယ်ဖော်ရာ ရောက်မလား'၊ 'ဦးသန်းဖေလေးကို ကြော်ငြာပေးရာ ရောက်မလား' သို့မဟုတ် 'ဘာမျှမဟုတ်သည့်ကိစ္စ' ဟု အပြောခံရမလားဟူ၍ ဖြစ်သည်။





နောက်ဆုံးတော့ 'ဘာမျှမဟုတ်သည့်ကိစ္စ' ဟု အပြောခံရမှာ ကြောက်နေခြင်းကပင် ကနေ့အချိန်၌ တစ်ခုခုဟုတ်နေကြောင်း ဆုံးဖြတ်ပြီး ဤစာစုကို ရေးပါသည်။

* * *

မူလဝတ္ထုမှာ ဆရာမသန်းမြင့်အောင်၏ 'ချစ်ကြိုးဖွဲ့သီ' ဖြစ်ကြောင်း သိရပါသည်။

**မှတ်ချက်။** ။ ဦးသန်းဖေလေးက ဇာတ်ကားအမည်အတွက် လုံချည်တစ်ထည် လာပို့ပါသည်။ ကျွန်တော့်မှာ ယူရအခက်၊ မယူရအခက်။

**[အလင်းတန်းဂျာနယ်၊ အမှတ် ၁၂၅]**



www.burmeseclassic.com

www.burmeseclassic.com

## ခံစားမလား တွေးမလား

၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှာ ကျွန်တော့်အစ်ကို မောင်ဝဏ္ဏ ရုပ်ရှင်စရိုက်ပါသည်။ ငယ်စဉ် အလယ်တန်း ကျောင်းသားဘဝကတည်းက မောင်ဝဏ္ဏသည် ရုပ်ရှင်အတတ်ပညာ၌ တော်တော် အရာရောက်နေပါပြီ။ သူက အသံဖမ်းဆရာအဖြစ် ငယ်ငယ်ရွယ်ရွယ်နှင့် တာဝန်ယူနိုင်ခဲ့သည်။ သူ အထက်တန်းကျောင်းသား ဘဝမှာပင် ဖခင်ဆရာသာခု၏ ခြေရာကို လိုက်ပြီး (မမီမကမ်း) နင်းနေပါပြီ။ တက္ကသိုလ် ကျောင်းသားဘဝတွင်မူ သူသည် ကျောင်းတစ်ဖက်၊ ဖခင်၏ ရုပ်ရှင်လုပ်ငန်းမှာ ခေါင်းဆောင်ပိုင်းတစ်ဖက် လုပ်ရသူ ဖြစ်နေပါပြီ။

တက္ကသိုလ်ကျောင်းသားဘဝနှင့်ပင် သူသည် 'သိုင်းသမား' ဟူသော ရုပ်ရှင်ဇာတ်ကားကို ဇာတ်ညွှန်းရေးရင်း ပူးတွဲဒါရိုက်တာသဖွယ် ရိုက်ကူးထုတ်လုပ်နိုင်ခဲ့ပါသည်။ အဖေ၏ 'သဘာဝအုပ်စု' သာခုရုပ်ရှင်ပိုင် ဇာတ်ကားမဟုတ်ပါ။ အခြားကုမ္ပဏီတစ်ခုကို ငှားရမ်းပြီး ကိုယ်ပိုင် (ချေးငွေ) ဖြင့် ဒါရိုက်တာဦးသက်နောင်နှင့် ပေါင်းဖက်ပြီး ထုတ်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ ဖြစ်ရသည်မှာ အဖေနှင့် အဆီအငေါ် မတည့်၍ မဟုတ်ပါ။ အဖေ့လောင်းရိပ်မှ လွတ်လပ်စွာ ရုန်းထွက်ပြီး ဆန်းသစ်သော ရုပ်ရှင်မျိုး ရိုက်ကူးချင်၍ ဖြစ်ဟန်တူပါသည်။ ပြောမည့်သာ ပြောရ။ ထိုစဉ်က ရုပ်ရှင်နယ်ပယ်တွင် အဖေသာခုကိုယ်တိုင်က ရုပ်ရှင်အနုပညာ 'ပြုပြင်ပြောင်းလဲရေး' သမားပါ။

ဇာတ်လမ်းမပါ၊ ဇာတ်ကွက်ကိုသာ ဦးစားပေး ရိုက်ကူးသူဟူ၍ မြန်မာရုပ်ရှင်လောကတွင် 'သာခု' တစ်ဦးတည်းသာ ရှိသည်ဟု အများက မှတ်ချက်ပြုခဲ့ကြပါသည်။ ဤသို့သော ဖခင်၏ ပြုပြင်ပြောင်းလဲရေးမှုကိုပင် မောင်ဝဏ္ဏက အားရပုံမပေါ်ချေ။ သူက 'တော်လှန်' ချင်သူ အဆင့်သို့ မှန်းပုံရသည်။ သူ့





အသက်အရွယ်ကလည်း (၂၀) ဝန်းကျင်မို့ ခေတ်ပညာတတ်လည်း ဖြစ်သည်မို့ ထိုစဉ်က ခေတ်စားနေသော 'ရုရှားရုပ်ရှင် နည်းပညာများ'၊ 'ဂျပန်' ရုပ်ရှင်ဇာတ်ကွက်များကို သူက အားကျပုံရသည်။ တကယ်တော့ မြန်မာရုပ်ရှင်သည် ဟိုစဉ်အချိန်က အိန္ဒိယရုပ်ရှင်နှင့် ပုံတူသာလျှင် ရှိပါသေးသည်။

ဤသို့အားဖြင့် မောင်ဝဏ္ဏသည် ဖခင်၏ လောင်းရိပ်အောက်မှ ရုန်းထွက်နိုင်ခဲ့ပါသည်။ လက်ဦးဆရာအနေနှင့်ကား သူ့ဇာတ်ကားကို အဖေထံ ဦးဦးဖျားဖျား သွားပြပါသည်။ အဖေက ဘာမျှ ဝေဖန်သမှု မပြုပါ။ စွက်ဖက်ခြင်းကင်းကင်းနေပါသည်။ ပြုံးရုံပြုံးလိုက်သည်ကိုတော့ ကျွန်တော် မှတ်မိနေပါသည်။ အဖေ့အပြုံး၏ အဓိပ္ပာယ်ကို နားမလည်သော်လည်း တစ်ခုခု ထူးခြားမှန်းတော့ ကျွန်တော် သိနေပါသည်။

* * *

'သိုင်းသမား' ဇာတ်ကား အောင်မြင်သောအခါ 'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဇာတ်ကားကို ပွဲဦးထွက်ဒါရိုက်တာ၊ ထုတ်လုပ်သူအဖြစ် မောင်ဝဏ္ဏ ရိုက်ကူးပြန်ပါသည်။ ဇာတ်လမ်းက စိတ္တဇဝေဒနာသည်ကလေးတစ်ဦးအပေါ် အခြေခံပါသည်။ မောင်ဝဏ္ဏကလည်း ဒဿနိကဗေဒ (အများအခေါ် အတွေးအခေါ်ပညာ) ဖြင့် ဘွဲ့ရထားတဲ့သူပါ။ စိတ္တဇနှင့် ဒဿနိက ကွာခြားတာမှန်သော်လည်း ဆက်စပ်မှုကတော့ အများကြီး ရှိပါသည်။ ထိုအခါ ထိုဇာတ်ကားသည် မောင်ဝဏ္ဏ ပွဲဦးထွက် ဒါရိုက်တာ အကယ်ဒမီဆု ရသည်အထိ အောင်မြင်ခဲ့ပါသည်။ သည်တုန်းက သူ့အသက် (၂၄) နှစ်မျှသာ ရှိပါသေးသည်။

သို့သော် ထိုဇာတ်ကား ရိုက်ကူးပြီးစီး၍ ဖခင် ဆရာသာခုကို ဦးဦးဖျားဖျား သွားပြသောအခါတွင်ကား ထိုသားအဖ ပြဿနာ ပေါ်ပါတော့သည်။ ဘယ်တုန်းကမှ သားတွေအလုပ်မှာ ဝင်မစွက်ဖက်တတ်သော အဖေသည် ထိုဇာတ်ကားကို ကြည့်ပြီးသောအခါ ဝင်စွက်ဖက်ရုံမက ကန့်ကွက်ခြင်းကိုပင် ပြုပါတော့သည်။

ဇာတ်သိမ်းခန်းတွင် မောင်ဝဏ္ဏက မင်းသားနှင့် မင်းသမီးကို ညားသည်လည်းမဟုတ်၊ မညားသည်လည်းမဟုတ် တွေးစရာချန်၍ ပြီးပါပြီ ထားသည်။ အဖေက ပြတ်ပြတ်သားသား ဇာတ်သိမ်းစေချင်သည်။ ပို၍ ဆိုးသည်မှာ အဖေက ကန့်ကွက်ရုံမျှမက ဇာတ်သိမ်းခန်းကို 'ဇွတ်' ပြင်ခိုင်းခြင်း ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှအထိ ဗီတိုအာဏာ သုံးလာသောအခါ မောင်ဝဏ္ဏကလည်း ဇွတ်ပင် ကန့်ကွက်ဆန္ဒပြတော့သည်။ ခက်တာက နှစ်ယောက်စလုံး ကိုယ့်အယူအဆကို ကိုယ်စွဲစွဲပိုင်ပိုင် ကိုင်ထားကြသူများဖြစ်ရာ ပြဿနာက တော်တော် အချေအတင် ဖြစ်လာသည်။ မှတ်မိသေးသည်။ မောင်ဝဏ္ဏက...

"ကျွန်တော်က ပရိသတ်ကို ရုံထဲက ထွက်သွားတဲ့အခါ တွေးစရာလေး တစ်ခု ပါသွားစေချင်တာပါ" ဟု ဆိုသည်။ အဖေကမူ...

"လောကမှာ ကိုယ့်ပိုက်ဆံ အကုန်ခံပြီး တွေးတဲ့သူ မရှိဘူးကွ" ဟု ပြောသည်။ နောက်ဆုံး အဖေက "ဟေ့ကောင် ဇာတ်သိမ်းခန်းမပြင်ရင် ဆင်ဆာတင်ဖို့ ကုမ္ပဏီလက်မှတ် ငါ မထိုးဘူး" ဟု အနိုင်နှင့် ပိုင်းလိုက်ပါသည်။

ဤသို့ဖြစ်ရသည်မှာ အဖေ့ဘက်ကလည်း အကြောင်းခိုင်လုံပါသည်။ အကြောင်းမှာ ယင်း 'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဇာတ်ကားကို ရိုက်ကူးရာတွင် အဖေက 'သဘာဝအုပ်စု သာခုရုပ်ရှင်' မှ ထုတ်လုပ်သောကြောင့် ဖြစ်သည်။

အဖေသည် နာမည်တစ်လုံးကို သတိထားပြီး ရွေးချယ်သလို၊ ထိုနာမည်နိုင်ခဲ့လာလျှင်လည်း အစွန်းအထင်းမရှိအောင်၊ မူဝါဒမပျက်အောင် စောင့်ထိန်းတတ်သူ ဖြစ်သောကြောင့်ပင်။ သဘောမှာ သဘာဝအုပ်စုမှ ထုတ်လုပ်သော ဇာတ်ကားသည် သဘာဝကျရမည်ဟူသော မူကို ကိုင်စွဲထားခြင်း ဖြစ်သည်။

နောက်ဆုံး မောင်ဝဏ္ဏ မကျေမလည်နှင့် လက်လျှော့ရသည်။ ဇာတ်သိမ်းခန်း ပြင်ပေးလိုက်ရသည်။

* * *

ကျွန်တော် ပြောလိုသည်မှာ ထိုစဉ်က ကျွန်တော့်အတွေး ဖြစ်သည်။

ကျွန်တော်သည် ငယ်စဉ်ကတည်းက ဖခင်ကြီး၏ အနီးကပ်ဆုံးသား ဖြစ်ခဲ့ရသဖြင့် အဖေ့အရိပ် အများဆုံး လွှမ်းမိုးခံခဲ့ရသော်လည်း ထိုစဉ်ကမူ တက်သစ်စလည်းဖြစ်၊ တိုးတက်သော လူငယ်လည်းဖြစ်သည့် အစ်ကိုမောင်ဝဏ္ဏကို ပို၍ အထင်ကြီးခဲ့ပါသည်။ (မောင်ဝဏ္ဏ၏ လက်ထောက်သဖွယ်လည်း နေခဲ့ရပါသည်)

ဘာပဲဖြစ်ဖြစ် နောင် ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာ၊ ထုတ်လုပ်သူ ဖြစ်လာသောအခါ နှစ်ယောက်စလုံး၏ နည်းပညာများကို သင့်နိုးရာရာ ကောက်





နုတ် ဖလှယ်ပြီး ရိုက်ကူးပါသည်။ ထိုအခါ ကျွန်တော်ပိုင် ပုံစံသစ်တစ်ခုကို ရခဲ့ပါသည်။

မည်သို့ပင်ရှိစေ အနီးကပ်နေခဲ့ရသော ဖခင်ထက် သူငယ်ချင်းလို ဆက်ဆံရသော မောင်ဝဏ္ဏဘက်သို့ ကျွန်တော်က (လူငယ်ပီပီ) အလေးသာခဲ့တာတော့ သေချာပါသည်။

"ပရိသတ်ကို တွေးစရာ တစ်ခုခုပေးရမည်" ဟူသော သဘောကို ကျွန်တော်က လက်ခံခဲ့ပါသည်။ သို့သော် ခုနှယ်ခါ ပြန်တွေးတော့...

"သားဗလကြီး၊ အနုပညာသည်ဆိုတာ ပရိသတ်ရှေ့ကလည်း သိပ်မပြေးနဲ့၊ ပရိသတ်နောက်ကလည်း ရေသာခိုမလိုက်နဲ့၊ ပရိသတ်နံဘေးက လျှောက်ပြီး မသိမသာ လက်တွဲခေါ်" ဟု အမှတ်မထင် ပြောခဲ့ဖူးသော ဖခင်ကြီး၏စကားသည် ကျွန်တော့်အား မြူဆွယ်နေပြီလား မသိဟု တစ်ပတ်လည်နေမိသည်။ အစ်ကိုမောင်ဝဏ္ဏမှုကား အသက်ကလေးရလာသော်လည်း လူငယ် အတွေးသစ်သမားများနှင့် ပေါင်းဖက်မွေ့လျော်နေသည်ကို တွေ့ရတုန်းပင်။

[အတွေးသစ်ဂျာနယ်၊ ၂၀၀၄ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ လောင်းလျာ

ကျွန်တော့်ကိုမွေးသော ၁၉၅၁ ခုနှစ်တွင် 'သစ္စာ' ဟူသော စာပေမဂ္ဂဇင်း တစ်စောင်ကို ကျွန်တော့်ဖခင် ဆရာသာရက ကိုယ်တိုင် အယ်ဒီတာလုပ်ပြီး စတင်ထုတ်ဝေခဲ့ကြောင်း ရေးပြီးခဲ့ပါပြီ။ သည့်မတိုင်ခင်က စာရေးဆရာများ စုပေါင်းပိုင်ဆိုင် ထုတ်ဝေသော ပဒေသာမဂ္ဂဇင်းသည်လည်း အဖေ၏ ပူတူတူး ပုံနှိပ်တိုက်မှပင် ရိုက်နှိပ်ပြီး အယ်ဒီတာအဖွဲ့ကိုလည်း အိမ်မှာပင် ထားရှိခဲ့ရာ အဖေ၏အိမ်သည် စာရေးဆရာအိမ် (သို့မဟုတ်) စာရေးဆရာများ၏ စုဝေးရာ ဂေဟာဟု သမုတ်သော် ရတန်ကောင်းပါမည်။

ဤသည်ပင်လျှင် နောင်တစ်ချိန် စာပေလောက၌ စာရေးဆရာ သုမောင် ဆိုသူတစ်ယောက် ပေါ်ပေါက်လာမည့် အတိတ်နိမိတ်ဟု ဆိုလျှင်လည်း လွန်မည် မထင်ပါ။

လူ့သဘာဝ၌ သူ့လုပ်ငန်းသဘာဝအလိုက် အခြေခံပြီး ကြီးပြင်းခဲ့ရသူတွေ များပါသည်။ 'ငှက်ပျောပင်စိုက်မိလိုက်ဖသာ' ဆိုသည့် စကားလည်း ရှိပါသည်။ သူ့ကံနှင့်သူ ဖြစ်လာတတ်သည့် သဘောကို ကျွန်တော် မလွန်ဆန်ပါ။ သို့သော် ရေခံမြေခံသည် လူတစ်ယောက်၏ ငယ်ဘဝ နုနယ်စိတ်ကို လမ်းကြောင်းပေးတတ်ပါသည်။

တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို မိမိတို့ မိရိုးဖလာလုပ်ငန်းများမှ ဆန့်ကျင်ကွဲထွက်လျက် အခြားလုပ်ငန်းတွင် အောင်မြင်သွားကြတာတွေလည်း ရှိပါသည်။





မိရိုးဖလာ ရေခံမြေခံပေါ်မူတည်ပြီး 'မွေးခံထိုက်စေ' ထုံးနှင့်အညီ အောင်မြင်သွားကြသူတွေလည်း ရှိပါသည်။

ဒါတွေကို အကျယ်အကျယ် မငြိမ်းဖွယ် ရှင်းနေလျှင်လည်း ဆုံးမည် မထင်ပါ။ ကျွန်တော်က အတတ်နိုင်ဆုံး ယေဘုယျသဘောကိုသာ ရေးတတ်သူ ဖြစ်သောကြောင့် ရေခံမြေခံလည်းရှိ မိရိုးဖလာကိုလည်း ဝါသနာအရင်းခံလျှင် အောင်မြင်သွားတတ်တာ များသည်ဟု ကျွန်တော် ယုံပါသည်။

ဤစာစုမှာလည်း ကျွန်တော့်ဘဝ၏ တစ်စိတ်တစ်ဒေသ ကောက်ကြောင်းဖြစ်သောကြောင့် ကိုယ်တွေ့နှင့်သာ ပုံခိုင်းရပါမည်။

စောစောကပြောသလို ကျွန်တော့်မှာ ရေခံမြေခံ ကောင်းခဲ့ရိုးမှန်ပါသည်။ စာပေကိုလည်း ငယ်ကတည်းက ဝါသနာထုံပါသည်။ သို့သော် ကျွန်တော့်ဖခင်သည် "မင်းတို့ ကြီးလာလျှင် ဘာလုပ်ကြ၊ ဘာလုပ်စေချင်တယ်" ဟူ၍ ဘယ်တုန်းကမျှ လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ ခိုင်းစေခြင်း မပြုခဲ့ကြောင်း ဝန်ခံအပ်ပါသည်။ ဤနေရာတွင် သားသမီးအပေါ် ပေယျာလကန်ထားသည်ဟု မဆိုပါ။

ကျွန်တော်တို့ကို မိမိဘဝအတွက် ရွေးချယ်ခွင့်တွေပေးရင်း ကျွန်တော်တို့ လျှောက်မိသော လမ်းကိုသာ ထိန်းသိမ်းပေးပါသည်။ အမေကလည်း သူ့ကံနှင့်သူဆိုတာကိုသာ ယုံကြည်ပါသည်။

သည်တော့ ငယ်ကတည်းက ကျွန်တော်တို့ ကိုယ့်လမ်းကို ရွေးချယ်ခဲ့ကြပါသည်။

ဥပမာ–ကျွန်တော့်အစ်ကို မောင်ဝဏ္ဏသည် ဆယ်တန်းအောင်စဉ်က ဆေးတက္ကသိုလ် အမှတ်မီသော်လည်း လူကြိုက်အနည်းဆုံး ဒဿနိကဗေဒကို ယူခဲ့ပါသည်။

ကျွန်တော်သည် 'ရှစ်တန်း' ရောက်သောအခါ တက္ကသိုလ်ဝင်တန်း (သို့) ဆယ်တန်းကိုပါ တစ်ပြိုင်နက် ဖြေဆိုခွင့်ရအောင် အမှတ်ကောင်းခဲ့သော်လည်း နတ်မောက် စက်မှုလက်မှုအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။

တကယ်ဆို သည်အရွယ်ကလေးတွေ ပညာရေးအတွက် ရွေးချယ်မှုကို အဖေအမေတို့က မစွက်ဖက်သင့်ပေဘူးလား။ သည်အထိ လွတ်လပ်ခွင့်ပေးရကောင်းလားဟု အပြစ်ဆိုကလည်း ခံရရုံသာ ရှိပါသည်။

ယခု ဤစာရေးနေချိန်တွင် ပထမဆုံး သတိရမိသူမှာ စာရေးဆရာ သခင်တင်ဦး (ဗိုလ်သခင်ဆရာ) ဖြစ်ပါသည်။ ကျွန်တော်က ဦးလေး ကိုတင်ဦးဟူ၍သာ ခေါ်ဝေါ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ပြောခဲ့သလို ကျွန်တော်တို့ ညီအစ်ကိုတွေ မွေးတော့ မီးနေစောင့်ကြသူများမှာ စာရေးဆရာများ ဖြစ်ကြသော်လည်း အလှည့်ကျမဟုတ်မူဘဲ ဖေဖေ့ထက်ပင် ဝတ္ထုရေးကျေးဇူးရှင် ဆေးရုံသို့ အချိန်မှန်မပျက်မကွက်ရောက်ခဲ့သူမှာ ဦးလေးကိုတင်ဦး ဖြစ်ပါသည်။ ဦးလေးသော်တာဆွေ၊ ဦးလေးတင့်တယ်၊ အစ်ကို အောင်လင်းတို့က ကြုံသလို မီးနေစောင့်ကြပါသည်။

ဦးလေး ကိုတင်ဦးကား မီးနေစောင့်ရုံသာမဟုတ် ကျွန်တော်တို့ကိုလည်း တောက်တက်ပြေးစမှ ကျောင်းနေသည်အထိ ထိန်းကျောင်းပေးရှာပါသည်။

ဤတွင် ကျွန်တော် ပြောလိုသောအကြောင်း ရောက်ပါပြီ။ စကားကြီးစကားကျယ်များသုံးပြီး ရေခံမြေခံကိစ္စ၊ ဝါသနာကိစ္စ၊ သူ့ကံနှင့်သူသာ စသဖြင့် အစချီခဲ့သော်လည်း ယခုပြောမည့် အကြောင်းအရာကား အသေးအမွှား ဖြစ်နေတာကိုတော့ ခွင့်လွှတ်စေချင်ပါသည်။ စာရေးဆရာတစ်ဦး ဖြစ်လာရပုံဆိုသော အလေးအနက်ကိစ္စတွေမပါဘဲ ရိုးစင်းစွာ နိမိတ်ဖတ်လိုက်ပုံကလေးသာ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

စာဖတ်သူအဖို့ ပြုံးချင့်စရာကလေးမျှ ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ ကျွန်တော့်အဖို့မူ မမေ့နိုင်ပါချေ။

ကျွန်တော် မူလတန်း ပထမနှစ် (ဟိုစဉ်က မူလတန်း သုံးနှစ်တက်ရသည်) တက်လို့ ကကြီး၊ ခခွေး A.B.C.D တတ်စအရွယ်တွင် အမေနှင့် ရုပ်ရှင်တစ်ကား သွားကြည့်ပါသည်။ အဖေ ဘယ်သွားသွား၊ အမေ ဘယ်သွားသွား တောက်တဲ့လိုကပ်ပြီး လိုက်ချင်တတ်သော ကျွန်တော့်ကို ထိုစဉ်က ဦးလေးကိုတင်ဦးက ထိန်းကျောင်းသွားပါသည်။ အမြဲလိုလို အလုပ်များနေတတ်သော အဖေ့ကိုယ်စား၊ အမေ၏ ကိုယ်ရံတော်အဖြစ်လည်း ဖြစ်ပါမည်။

ပြသနေသော ဇာတ်ကားမှာ PRISONER OF ZENDA (ဇင်းဒါးမှ အကျဉ်းသမား) ဖြစ်ပါသည်။ ရုံရှေ့ရောက်လို့ လက်မှတ်ဝယ်နေစဉ်မှာ A.B.C.D တတ်စ ကျွန်တော်က ပိုစတာကိုကြည့်ပြီး ဝေဖန်ပါသည်။

"မေမေ ဒီကောင်တွေ အင်္ဂလိပ်စာ မရေးတတ်သေးဘူး။ 'Z' က ရှေ့ဆုံးရောက်ပြီး 'A' က နောက်ဆုံးရောက်နေတယ်"

ကျွန်တော်၏ ဝေဖန်ချက်ကို ကြားသောအခါ ဦးလေး ကိုတင်ဦးက...





"မညိုရေ ဒီကောင်တော့ ကြီးရင် စာရေးဆရာ ဖြစ်မှာပဲဗျ" ဟု နိမိတ်ဖတ်ပါသည်။

ချစ်စွာသော စာဖတ်သူ။ ကလေးငယ်တစ်ယောက်၏ အသိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားပုံကို စာရေးဆရာကြီးတစ်ယောက်က မှတ်ချက်ချ နိမိတ်ဖတ်ခြင်းသည် မည်၍ မည်မျှ ဆက်စပ်နေမှန်း ယခုတိုင် ကျွန်တော် မသိသေးပါ။

သည်ကိစ္စနှင့် ပတ်သက်၍ ပညာရှင်များက ဆုံးဖြတ်ပါလိမ့်မည်။ စာဖတ်သူကလည်း ပြုံးစေ့စေ့ဖြင့် ဆင်ခြင်စေချင်ပါသည်။

[လယ်ယာစီးပွားသတင်းဂျာနယ်၊ အမှတ် ၃၅၊ ၂၀၀၁ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## ဇော်ထိုက်ရေ

"ကိုယ့်ရဲ့ ညာဘက်ခြေထောက် နည်းနည်းသိမ်နေတယ်ကွ၊ ငယ်ငယ်က ဘောလုံးကစားရင်း ထိထားတဲ့ဒဏ်ပေါ့" ဟု ကျွန်တော်က ပြောသောအခါ…

"ကျွန်တော့် ခြေထောက်လည်း သိမ်သွားရင် ဒုက္ခပဲ" ဟု သူက ပြန်ပြောပါသည်။ သူသည် လက်ရွေးစင် ဘောလုံးသမား 'ဇော်ထိုက်' ပါ။

ဇော်ထိုက်တစ်ယောက် ညာခြေသလုံးရိုး သွင်သွင်ကျိုးသွားတာ ဘောလုံးဝါသနာရှင်များ သိပြီးဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျောက်ပတ်တီးကို ပေါင်ရင်းထိ စည်းထားရရှာသည်။ ဇော်ထိုက် ခြေသလုံးရိုးကျိုးသွားကြောင်း ကျွန်တော်ချက်ချင်း မသိပါ။ စာဆိုတော်ပွဲတွေနှင့် ခရီးယာယီများနေသဖြင့် ဘောလုံးပွဲတွေနှင့် အလှမ်းဝေးခဲ့သောကာလတွင်းမှာ သူ ခြေကျိုးသွားခဲ့ခြင်းကြောင့် ဖြစ်၏။

တစ်နေ့ ချိုင်းထောက်ကြီးဖြင့် နေပူကျဲကျဲမှာ ကိုရှုပ လက်ဖက်ရည်ဆိုင်၏ ခနော်ခနဲ့ တံတားပေါ် ယိုင်ထိုးတက်လာသော သူ့ကိုတွေ့မှ အကြောင်းစုံသိရပါသည်။ ထိုအချိန်သည် သူ ခြေကျိုးပြီးလို့ တစ်လနီးပါး ရှိနေပါပြီ။ စကားစမြည် ပြောကြတော့ သူ တော်တော် စိတ်ညစ်နေမှန်း သိရသည်။ ကျောက်ပတ်တီးကြီး ပေါင်ရင်းထိစည်းထားပြီး သီးသန့်အခန်း (သုဝဏ္ဏအားကစားကွင်းဆေးခန်း) မှာ တစ်ယောက်တည်း နေရသည့်အပြင် ဘယ်မှမသွားရ၊ မလှုပ်ရှားရတဲ့။ သူ့ခံစားချက်ကို မှန်းဆကြည့်လို့ ရပါသည်။ တစ်နယ်တစ်ကျေးမှာ သူ့မိခင် ဆုံးပါးကွယ်လွန်သွားတာ ဘာမျှမကြာသေး၊ သူက ခြေကျိုးရသည်။ ဘောလုံးသမား ခြေကျိုးတာ မဆန်းသော်လည်း ဘတ်စ်ကားဒရိုင်ဘာ ယာဉ်တိုက်မှုကြီးဖြစ်သလို လုပ်ငန်းခွင် ပျက်ကွက်ရသည်။ ထို့ထက်ကား ဝါသနာအရင်းခံဖြစ်





သော အားကစားနှင့် ခေတ္တကင်းကွာနေရသည်။ အဆိုးရွားဆုံးကား သုဝဏ္ဏအားကစားကွင်းဆေးခန်းသည် ဘောလုံးကွင်းနှင့် ကပ်လျက်ရှိနေသဖြင့် အခန်းဝထွက်လိုက်သည်နှင့် ကွင်းကို မြင်ရသည်။ ထို့အပြင် သူ ခြေကျိုးပြီးစ အခန်းအောင်းနေစဉ်ကာလသည် ပြည်နယ်နှင့်တိုင်းပွဲတွေ အရှိန် အလွန်မြင့်နေသောအချိန်။ မကြည့်ချင် မြင်လျက်သား၊ မကြားချင် နားဆင်လျက်သား ဆိုသလိုပြည်နယ်နှင့်ကိုင်း ပွဲစဉ်များ၏ မြင်ကွင်းနှင့် ပရိသတ် အားပေးသံများသည် သူ့အဖို့ ဘယ်လောက် မရိုးမရွဖြစ်ရမည်ကို ခန့်မှန်းနိုင်သည်။

သည်လိုနှင့် တစ်လပြည့်ပြီးသွားသောအခါ ကိုရှုပ လက်ဖက်ရည်ဆိုင်သို့ နေ့စဉ်လိုလို သူ ရောက်လာတော့သည်။ ဆရာဝန်က ကိုရှုပဆိုင်လောက်တော့ သွားခွင့်ပြုပြီဟု ဆိုသည်။ ကျောက်ပတ်တီးကား မဖြုတ်ရသေးပါ။ ထို့အပြင် ကျောက်ပတ်တီး 'အသစ်' ပင် ထပ်စည်းထားပါသည်။ နောက်တစ်လနေမှ လုံးဝ ဖြုတ်ရမတဲ့။ ထိုအချိန်တွင် ကျွန်တော်က ဟိုးအထက်က စကားကို သွားစမိခြင်း ဖြစ်သည်။ တကယ်လည်း ကျွန်တော့် ညာဘက်ခြေထောက်က အနည်းငယ် သိမ်နေပါသည်။ ငယ်စဉ်ကျောင်းသားဘဝ ဘောလုံးကန်စဉ်က ညို့သကျည်းကို (Toe Kick) ဖိနပ်ဦးဖြင့် အကန်ခံရခြင်းကြောင့် အကြောညပ်သွားပုံရသည်။ ဟိုစဉ်က တရုတ်ဆေးသာ စည်းခဲ့ရာ တစ်ခါဆေးစည်း (ခုနစ်ကျပ်) ကို နှမြောပြီး တစ်ပတ်ခန့်နှင့် ရပ်ပစ်လိုက်ခဲ့သည်။ တရုတ်ဆရာကတော့ အပြောသား။ "ကြာရင် ခြေထောက်သိမ်သွားလိမ့်မယ်" ဟု။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ခုနှယ်ခါ အရွယ်ရလာတော့ ခြေထောက်ကိုက်ခဲခြင်းဒဏ်ကို ခံရပါသည်။ ခြေထောက် သိမ်လိုက်လာတာက မသိမသာမို့တော်သေးသည်။ နို့မို့ဖြင့် ခြေဆာသွားလျှင် ရပ်ရှင်ရိုက်ရခက်ပါလိမ့်မည်။

"ကျွန်တော့် ခြေထောက်လည်း သိမ်သွားရင် ဒုက္ခပဲ" ဟု သူ ပြောသည်မှာ ပထမကျောက်ပတ်တီးကို ခွဲထုတ်ပြီး ဒုတိယကျောက်ပတ်တီး ထပ်စည်းသောနေ့က သူ့ခြေသလုံးကို သူ ဂရုတစိုက် ကြည့်ခဲ့ရာ နည်းနည်းသိမ်နေတာ တွေ့ရသောကြောင့်ဟု ဆိုပါသည်။ ကျွန်တော်က "ဒါက ကျောက်ပတ်တီး စည်းထားပြီး မလှုပ်ရလို့ပါ။ နောက်တော့ မူလအတိုင်း ပြန်ဖြစ်သွားမှာပဲ။ ကိုယ့်ဒဏ်ရာနဲ့ မတူဘူး" ဟု ပြောရပါသည်။ ထို့နောက် သူက ကျွန်တော့်ခြေထောက်အတွက် သူ့ဆရာဝန်ကြီးနှင့် တွေ့ကြည့်ပါလားဟု အကြံပြုပါသည်။ သုဝဏ္ဏအားကစားကွင်းနှင့် ပတ်သက်သော ပုဂ္ဂိုလ်မှန်သမျှ ကျွန်တော်နှင့် ခင်မင်



www.burmeseclassic.com

www.burmeseclassic.com

နေကြသည် တစ်ကြောင်း၊ အားကစားဆိုင်ရာ ဆရာဝန်ကြီးနှင့် ပြသရမည် တစ်ကြောင်း၊ လေ့ကျင့်ခန်းလုပ်ရန်လည်း အိမ်နှင့်ကွင်းနီးသည် တစ်ကြောင်း ကြောင့် ကျွန်တော် ဝမ်းသာသွားသည်။ ထို့ကြောင့် နောက်တစ်နေ့တွင် သူ့ ဆေးခန်းသို့ သွားသည်။ ဆရာဝန်ကြီးနှင့် တွေ့သည်။ လေ့ကျင့်ခန်း (ဇော်ထိုက် နှင့်အတူ) လုပ်ရန် ညွှန်ကြားသည်။ ထိုစဉ် ကျွန်တော် ဂရုစိုက်မိတာရှိသည်။ 'ဇော်ထိုက်' ကို သီးသန့်ထားသောအခန်းကို ဖြစ်သည်။ လေအေးစက်၊ ပန်ကာ၊ ခုတင်၊ ဧည့်ခံစရာနေရာ၊ ရေချိုးအိမ်သာ စသဖြင့် ဟိုတယ်အသေးစားသဖွယ် ရှိနေတာမြင်ရတော့ အားရစရာကောင်းလှသည်။

ဇော်ထိုက်က ကျွန်တော့်ကို သူ့မိသားစုဓာတ်ပုံ အယ်(လ်)ဘမ်များ ထုတ်ပြရင်း ဧည့်ခံသည်။ ပထမဆုံး လှန်မိသည့်မျက်နှာမှာ သူ့မိခင် အသုဘပုံဖြစ်နေသဖြင့် စိတ်မကောင်း ဖြစ်ရသည်။ တစ်ဆက်တည်းမှာပင် ဇော်ထိုက်၏ ခုတင်ခေါင်းရင်းမှာ သူ့အဖေနှင့် အမေဓာတ်ပုံကြီးနှစ်ပုံကို တွေ့ရသည်။ ကျွန်တော် ရောက်ခိုက်မှာ "ဦးသုမောင် ခဏနော်" ဟု ပြောပြီး (ချိုင်းထောက်ကြီး တကားကားဖြင့်) သူ့မိဘဓာတ်ပုံများရှေ့ရှိ ပန်းအိုးကို ပန်းအသစ်လဲလှယ်နေသည်။ ကြည်နူးရပါသည်။ မိဘကို အလေးထားသူကလေးပါလားဟု ကျေနပ်ရသည်။

* * *

ဒါတွေကို ပြောပြနေတာက သူနှင့် ကျွန်တော်၏ ဆက်ဆံရေးအသေးစားကို ဖော်ပြချင်၍ ဖြစ်သည်။

စောစောက ပြောသလို ဇော်ထိုက် လက်ဖက်ရည်ဆိုင် လာလာထိုင်သောအခါ သူက ဆိုင်ရှေ့မျက်နှာစာခုံမှာ နေရာယူပါသည်။ ကျွန်တော်တို့နှင့် စကားလက်ဆုံကျရာမှာလည်း ထိုလမ်းမတန်းဝိုင်းပင် ဖြစ်သည်။ ကားလမ်းမ၏ ဟိုမှာဘက် မျက်နှာချင်းဆိုင်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။ ကျောင်းဝင်ပေါက်မုခ်ဦးတွင် နဂါးနှစ်ကောင် ခြံရံထားသည်။ မုခ်ဝအပေါ်တည့်တည့်တွင် အင်္ဂတေမန်ဘုရား ဆင်းတုတော်တစ်ဆူ ကိန်းဝပ်ပါသည်။ ထိုဆင်းတုတွင် ဦးခေါင်းတော်မရှိဘဲ ဖြစ်နေသည်။ ဘယ်သို့ဖြစ်၍ ဦးခေါင်းတော် ပြတ်နေခဲ့သည်ကို မသိသော်လည်း အမြင်မတော်ဘူးဟု စိတ်၌ ကသိကအောက်ဖြစ်နေတာတော့ ကြာပါပြီ။ သည်မနက် လက်ဖက်ရည်ဆိုင်ရောက်တော့ 'ဇော်ထိုက်' မရောက်သေးပါ။ လမ်းမတန်းဘက် ဟိုငေးသည်ငေးလုပ်နေရင်း မျက်စိက





ဘုန်းကြီးကျောင်း မုခ်ဦးသို့ရောက်သွားရာ တစ်ခုခု ထူးခြားနေတာ တွေ့ရသည်။ လားလား ဦးခေါင်းတော်ပဲ့ အင်္ဂတေမန်ဘုရားဆင်းတုနေရာတွင် ကျောက်ဖြူဆင်းတုတော်ကြီးတစ်ဆူက သပ္ပာယ်စွာ နေရာယူ စံပယ်နေပါတကား။ စုံစမ်းလိုက်တော့။ ဟုတ်ပါ့။

"ဇော်ထိုက်က ဒီနေရာမှာထိုင်ရင်း ဆင်းတုတော် ဦးခေါင်းတော်ပြတ်နေတာကို သတိထားမိသွားလို့ မနေ့ကပဲ ဆင်းတုတော်ဝယ်၊ သံဃာတော်တွေ သစ်သီးဆွမ်းကပ်၊ အနေကဇာတင်ပြီး သူ့အမေနာမည် ကမ္ပည်းထိုးလှူဒါန်းလိုက်တာလေ" ဟု လက်ဖက်ရည် သောက်ဖော်သောက်ဖက်တစ်ယောက်က ပြန်ပြောပါသည်။

ကျွန်တော့်မှာ 'ဇော်ထိုက်' အတွက် မုဒိတာပွားရင်းက ကိုယ့်ဘာသာလည်း ရှက်ရွံ့နေပါသည်။ ဆင်းတုတော်နှင့် ပတ်သက်၍ သည်နေရာကလေးမှာ နေ့တိုင်းထိုင်ပြီး အပြစ်တင်စကားတွေသာ ဆိုနေခဲ့မိသည်။ ဘာလုပ်ပေးသင့်သည်ကို တစ်ခါမျှ မစဉ်းစားမိပါကလား။ ဒါ့ထက် ဆိုးတာက 'ဇော်ထိုက်' တို့ လူငယ်များနှင့်ဆုံလျှင် ဘောလုံးအကြောင်းသာမက စာပေအကြောင်း၊ ယဉ်ကျေးမှုအကြောင်း၊ ဘာသာရေးအကြောင်းတွေကို လူကြီးလုပ်ပြီး ပြောဆိုဆုံးမနေတတ်သော ကျွန်တော်။

ဘာပဲဖြစ်ဖြစ် ထိုတဒင်္ဂမှာတော့ ကျွန်တော့်ဖခင်၏ နာမည်ကို အသံထွက်ရွတ်ဆိုလိုက်ပါသည်။

"သာဓု... သာဓု... သာဓု"

[တက်လမ်းဂျာနယ်၊ အတွဲ ၂၊ အမှတ် ၅၆၊
မတ်လ ၁၅၊ ၂၀၀၁ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## မပေါက်ခဲ့သော သီချင်းကောင်းများ

"ဟော့... ရန်လေး အားတဲ့တစ်ရက် ကိုယ့်အိမ်လာခဲ့ဦး၊ မင်းကို ကိုယ့်ရဲ့ မပေါက်ခဲ့တဲ့သီချင်းတွေပေးမယ်" ဟု မင်းသားရန်အောင်ကို ကျွန်တော်က စေတနာဗလပွဖြင့် ဖိတ်ခဲ့ပါသည်။ သူကလည်း "ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် လာခဲ့မယ်" ဟု ဝန်ခံခဲ့ပါသည်။ သူနှင့်တွေ့တိုင်း ကျွန်တော်က ဖိတ်မြဲဖိတ်ပြီး သူကလည်း "ဟုတ်ကဲ့" မြဲ ဖြစ်သော်လည်း သည်နေ့ထိ ပေါ်မလာခဲ့ပါ။ ဒါက သူ့မှာလည်း မအားလပ်သည့်အကြောင်းတွေကြောင့် ဖြစ်ပါလိမ့်မည်။ သို့မဟုတ် ပါက ကျွန်တော်၏ ဖိတ်ခေါ်စကားတွင် "ကိုယ့်ရဲ့ မပေါက်ခဲ့တဲ့သီချင်းတွေပေးမယ်" ဆိုစကားပေါ် တလွဲယူဆခဲ့သလား မပြောတတ်ပေ။ ဘာပဲဖြစ်ဖြစ် လူကြီးလုပ်သူ ကျွန်တော်ကတော့ သူ့ကို တွေ့တိုင်း ဖိတ်ခေါ်မြဲပါပင်။

'ရန်အောင်' ၏ သီချင်းသံကို မြန်မာ့အသံ၊ ရုပ်ရှင်ဇာတ်ဝင်တေးကဏ္ဍမှာ စတင်ကြားဖူးခြင်းကပင်လျှင် ကျွန်တော်က သဘောကျခဲ့၏။ ရိုးရိုးသားသား ပြောကြကြေး၊ ကျွန်တော့်အသံနှင့် ဆင်သောကြောင့် ဖြစ်သည်။ သူက 'ဘယ်' လုံး ပိုကြီးပြီး 'ညာ' သံကို ကျွန်တော့်လောက် မရောက်ပါ။

သူ့အသံကို စိတ်ဝင်စားခဲ့ရာမှ တစ်နေ့တွင် သမ္မတဟိုတယ် မင်္ဂလာဧည့်ခံပွဲတစ်ခုတွင် သူနှင့် ဆုံပါသည်။ ထိုစဉ်က ကျွန်တော်နှင့် အေးဘုံကို မင်္ဂလာရှင်က လူကြီးအရာသွင်းပြီး သတို့သား၊ သတို့သမီး ပန်းကုံးစွပ်ပေးရန် အကူအညီ တောင်းခဲ့ခြင်း ဖြစ်သည်။ ရန်အောင်ကတော့ တေးသီဆိုပေးရန် ရောက်





လာခဲ့သည်။ မှတ်မှတ်ရရ သူ အကယ်ဒမီ ပထမဆုံးရပြီးကာစအချိန်က ဖြစ်သည်။

သည်လိုနှင့် ပန်းကုံးစွပ်သောလုပ်ငန်းအပြီးတွင် မင်္ဂလာတေးများဖြင့် ဧည့်ခံရာ 'ရန်အောင်' က စတင်ဖျော်ဖြေပါသည်။ သူက ပြုံးတုံ့တုံ့အမူအရာဖြင့် ကျွန်တော့်ကို လှမ်းကြည့်ရင်း ကျွန်တော့်သီချင်း 'မင်္ဂလာဦးမှာ' ကို သီဆိုပါသည်။ သူ့အပြုံးက "အစ်ကို့သီချင်း ကျွန်တော် ဆိုမယ်နော်" ဟု ရိုးရိုးသားသား ခွင့်ပန်နေသလို ထင်ရပါသည်။ သူ သီဆိုသောအခါတွင်လည်း ကျွန်တော်နှင့် အေးဘုံ ထိုင်နေရာ နောက်ကျောနားကပ်လာပြီး ဆိုသဖြင့် ကျွန်တော်တို့ရော ပရိသတ်ပါ သဘောကျ လက်ခုပ်တီးရပါသည်။ သူ သီဆိုပြီး၍ ကျွန်တော်တို့ စားပွဲတွင် လာပိုင်းထိုင်သောအခါ ကျွန်တော်က အထက်ပါစကားကို ပြောမိခြင်း ဖြစ်ပါသည်။

"မပေါက်ခဲ့တဲ့ သီချင်းတွေ" ဟု ဝိသေသနပြုရတာကို ယခု ကျွန်တော် ရှင်းပြပါမည်။ ရန်အောင်ကိုသာ မဟုတ်၊ သည်နေ့ တေးဂီတလောကနှင့် ပတ်သက်၍ ရှင်းပြချင်ခြင်း ဖြစ်သည်။

သည်ကနေ့သည် ပြန်ဆိုတေးခေတ် ဖြစ်သည်။ အထူးသဖြင့် လူသိများ ကျော်ကြားခဲ့သော တေးတွေကို ပြန်ဆိုနေကြပါသည်။ သည်ကိစ္စနှင့် ပတ်သက်၍ အဆိုတော်တစ်ဦးဖြစ်သော ကျွန်တော်က ဝင်ရောက်စွက်ဖက်ရန် မလိုအပ်ပါ။ ခေတ်၏အလျင်၊ ပရိသတ်၏ အလိုအရ ဖြစ်နေသည်ဟု ယူဆပါသည်။ ဘာပဲဖြစ်ဖြစ် သုတေသီများ၊ ဆောင်းပါးရှင်များ၊ ဂျာနယ်ဆရာများ၊ ကာတွန်းဆရာများက ပြန်ဆိုတေးများ ပီပြင်စေရန်၊ တေးသစ်များ ဖော်ထုတ်ရန်၊ ပြန်ဆိုတေးများကြောင့် မူလတေးများ မပျက်စီးစေရန် စသဖြင့် ဝေဖန်ပိုင်းခြား ထိန်းကွပ်နေကြပါသည်။

ခု ကျွန်တော် ပြောချင်တာက မကျော်ကြားခဲ့သော တေးဟောင်းများ ပြန်ဆိုရေးကိစ္စ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် "သစ်မရောက်ခင် ဝါးကူ" သဘောမျိုးပါ။ မြန်မာသံ တေးသီချင်းသစ်များ ဖော်ထုတ်ဖန်တီးရန်နှင့် အခွင့်မသာသေးလျှင်ပင် ပရိသတ်နားစွဲနိုင်မည့် တေးဟောင်း၊ တေးကောင်းများကို လတ်တလော ပြန်ဆိုကြစေလိုခြင်း ဖြစ်ပါသည်။ သီချင်းအသစ်စက်စက် မဟုတ်သော်လည်း 'မသုံးဖူးလျှင် အသစ်' ဆိုသကဲ့သို့ ကြားဖူးနားဝနည်းသော သီချင်းများကို ပြန်လည်ဖော်ထုတ်စေလိုခြင်းပါ။ သည်ကြားထဲက ထိုသီချင်းဟောင်းများ ပရိသတ်ကြား ရောက်သွား ပေါက်သွားပြီဆိုလျှင် မူလပညာရှင်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရော ပြန်ဆိုပညာရှင်အတွက်ပါ အကျိုးရှိပါလိမ့်မည်။ အနီးစပ်ဆုံး ဥပမာတစ်ခုက 'ပန်းဦးပန်မယ့်သူ'

ထိုသီချင်းဖြင့် ကျွန်တော် အဆိုကျော် စ,ဖြစ်ရသည်။ လျှပ်စစ်တူရိယာတွေ ခေတ်စားနေချိန်တွင် အဆိုတော် ပေါက်စကလေးက မြန်မာ့ဆိုင်းဖြင့် တစ်သစ်ဆန်းလိုက်ရာ ချက်ချင်း ကျော်ကြားသွားခဲ့သည်။ ကျွန်တော်သည်လည်း ရောင်းတမ်းဝင် အဆိုတော်ဘဝသို့ ရုတ်ချည်း ရောက်သွားခဲ့ရသည်။

သို့သော် ထိုသီချင်းသည် (လယ်တောကအပြန် ပန်ချင်တယ် ခရေဖူး ဆိုလို့ မောင်ခူးကာပေး အစချီ ခြေဆင်းမပါ) ဓာတ်ဆရာကြီး ဦးဖိုးစိန် သီဆိုခဲ့သော ဓာတ်သဘင်နှစ်ပါးသွားသီချင်း ဖြစ်ပါသည်။ နောက်ပိုင်း ဓာတ်ဆရာ ရွှေမန်းတင်မောင် ဆိုခဲ့ပါသေးသည်။ ရေးကျခဲ့သောသီချင်း ဖြစ်သည့်အပြင် ဓာတ်သဘင်သီချင်း ဖြစ်သောကြောင့် ကျွန်တော့်ခေတ်တွင် ပရိသတ်က သီချင်း၏ မူလကို မသိတော့ပါ။ ဒါ့အပြင် လူငယ်မင်းသားတစ်ယောက်က ဆိုင်းဝိုင်းဖြင့်၊ ပြီးတော့မှ ဘယ်သံအေးအေးလေးဖြင့် သီဆိုလိုက်သောအခါ ကျွန်တော်ပိုင်သီချင်းကဲ့သို့ ပရိသတ်ကြားမှာ တာစားသွားပါသည်။ ပညာရှင်များကလည်း မကဲ့ရဲ့ကြပါ။

ပြီးတော့ စောစောက ပြောခဲ့သော 'မင်္ဂလာဦးမှာ' သီချင်း။ ထိုသီချင်းကို စန္ဒရားဦးလှထွင်က ရေးစပ်ပြီး ကျွန်တော်နှင့် မြန်မာ့အသံအတွက် ဓာတ်ပြား သွင်းခဲ့ရာ ချက်ချင်းပင် အောင်မြင်သွားခဲ့သည်မှာ ယနေ့တိုင် ဖြစ်တော့၏။ သို့သော် မူလထိုသီချင်းအဆိုရှင်ကား ကိုဇော်မင်းလေး ဖြစ်သည်ကို တော်ရုံလူ မသိကြပါ။ အကြောင်းမှာ ထိုသီချင်းကို မထင်မရှား ရုပ်ရှင်ကားတစ်ကား၌ နောက်ခံတေးအဖြစ် ဇော်မင်းလေးက ဆိုခဲ့သောကြောင့် ဖြစ်၏။ ထိုအကြောင်း ကျွန်တော်ကိုယ်တိုင်ပင် မသိခဲ့ပါ။ နောင်တစ်ချိန် ကိုဇော်မင်းလေး ပြန်ပြောမှ ကျေးဇူးတင်စွာ သိရပါသည်။

နီးစပ်ရာ ဥပမာထပ်ပေးရလျှင် 'ရီရီသန့်' ဟူ၍ မြန်မာ့သံအဆိုတော် တစ်ယောက်အဖြစ် ဟုန်းဟုန်းတောက်ခဲ့သော 'ဇေယျာ့ကမ်းအလှပန်းချီ' တေးသီချင်း၏ မူလအဆိုတော်မှာလည်း သည်ကိစ္စကို သိရတာကတော့ အစ်ကို မောင်ဝဏ္ဏ ရိုက်ကူးခဲ့သော ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း ဓာတ်ကားတွင် မင်းသမီး မြတ်မွန်၏ နောက်ခံတေးအဖြစ် ပထမ အသုံးပြုခဲ့ခြင်းကြောင့် ဖြစ်၏။ ထိုစဉ်ကလည်း ပရိသတ် ကောင်းစွာ မသိမိခဲ့ကြပါပေ။





ထိုသာဓကများအပေါ် အခြေခံ၍ ကျွန်တော်က ရန်အောင်အပေါ် စေတနာစကား ဆိုခဲ့ခြင်းဖြစ်သည်။ မပေါက်ခဲ့သော တေးကောင်းများသည် နောက်လူအဖို့ တေးသစ်ဖြစ်သွားနိုင်ပါသည်။ ကျွန်တော်က ရန်အောင့်ကို နာမည်တပ်၍ ရင်းရင်းနှီးနှီးပြောခဲ့သော်လည်း တကယ်တော့မူ ကျွန်တော် စေတနာအရင်းခံကား နောက်တက်လာမည့် အဆိုရှင်များအတွက် အဓိကဖြစ်ပါသည်။

[သတင်းစုံဂျာနယ်၊ ၂၀၀၄ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## မြိတ်လေယာဉ်ပေါ်က အီကြာကွေး

တစ်လောဆီက မြိတ်မြို့သို့ စာပေခရီးထွက်ရသည်။ မြိတ်နှင့် တနင်္သာရီနှစ်မြို့တွင် စာပေဟောပြောရန် ဖြစ်သည်။ "ရွှေမြင်သာဂျာနယ်" အကွက်ရေးသားရမည် ဖြစ်သော်လည်း မြိတ်ခရီးစဉ်သည် လေယာဉ်ခရီးသာဖြစ်သည်ကိုတော့ ခွင့်လွှတ်ကြပါ။ ယာဉ်တော့ ယာဉ်ပဲပေါ့လေ။

ပြောချင်တာလေးက စာဖတ်သူ ပြုံးစေ့စေ့ဖြစ်ရုံ တစ်မည်မျှသာပါ။ ပညာပေးသုတပိုင်း မဟုတ်ပါ။ ခရီးသွား ဆောင်းပါးလည်း မဟုတ်ပါ။

အဖြစ်က...

ကျွန်တော်တို့ စီးကြရမည့် မြိတ်လေယာဉ်က နံနက် (၆:၃၀) ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ပါမည်။ ထို့အပြင် လေဆိပ်သို့ နံနက်(၄ နာရီသာသာ) အရောက်သွားပြီး သတင်းပို့ရမည်။ ကျွန်တော်တို့ စာရေးဆရာဆိုတာတွေက ညဉ့်နက်သန်းခေါင်မှ အိပ်ရာဝင်ကြသူများ ဖြစ်သည်။ သွားမည့်ဆရာများက ဆရာအီကြာကွေး၊ ဆရာဟိန်းလတ်၊ ဆရာချစ်ဦးညိုနှင့် ကျွန်တော်။ နေရပ်၊ ဒေသတွေက ရန်ကုန်မြို့၏ အစွန်အဖျား တစ်နေရာစီ။ မြိတ်စာပေခရီးကို စတင်စီစဉ်ခဲ့သူက ကျွန်တော်။ သည်တော့ စာရေးဆရာတွေ ကြိုဖို့ပြုဖို့ကျွန်တော့်မှာ တာဝန်ရှိသည်။ နောက်ဆုံး ဆရာချစ်နှင့် ဆရာဟိန်းတို့က တစ်တွဲ။ ကျွန်တော်နှင့် ဂုရုကြီးကတစ်တွဲ လေယာဉ်ကွင်းဆင်းကြဖို့ စီစဉ်ရသည်။ လေယာဉ်ကွင်း (နံနက် ၄ နာရီသာသာအရောက်) ဆိုတော့ အိမ်မှ နံနက် (၃) နာရီ စထွက်ရသည်။ ညက (၁) နာရီမှ အိပ်ရာဝင်သဖြင့် တစ်မှေးသာမှေးရသည်။ နံနက် (၂) နာရီခွဲလောက် လူးလဲထပြီး မျက်နှာသစ် တွေ့ကရာ အဝတ်





အစား ကောက်လဲပြီး ဆရာကြီးကွေးကို အပြေးကြိုရသည်။ ကျွန်တော်သည် ဘယ်ခရီးသွားသွား (နိုင်ငံရပ်ခြား ခရီးပင်ဖြစ်စေ) တွေ့ကရာ အဝတ်ကိုသာ ဝတ်တတ်သည်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း၊ ဘယ်ခရီးပင်ဖြစ်စေ ငုတ်တုတ် ထိုင်ရတာချင်းအတူတူမို့ အဝတ်အစားကို သီးသန့်ရွေးမနေခဲ့ပါ။ ဟိုရောက်မှ သင့်ရာပွဲအလိုက် အဝတ်လဲသည်။

သည်ခရီးမှာလည်း ဝတ်လက်စ ရှပ်အင်္ကျီ၊ လုံချည်နှင့် လွယ်အိတ်ကောက်လွယ်ပြီး ထွက်ခဲ့သည်။ ဆရာကွေးကို ဝင်ကြိုတော့ သူလည်း တွေ့ကရာ အဝတ်ဖြင့်ပင် ထလိုက်လာသည်။ လေယာဉ်ကွင်းမှာ ဆုံကြတော့ လားလား ဆရာဟိန်းလတ်နှင့် ဆရာချစ်ဦးညိုက နိုင်ငံခြားဖြစ် ရှပ်အင်္ကျီအကောင်းစား မင်းစတိုင် (Man Style) ဘောင်းဘီ၊ ရှူးဖိနပ်ကိုယ်စီနှင့် ပီဘိခရီးသွားအဆင်တန်ဆာများနှင့်ပါလား။ ဆရာကွေးမှာ အမြဲတမ်း ဘောင်းဘီဝတ်သော်လည်း နွမ်းဖတ်နေသော ဂျင်းအစုတ်ကြီးနှင့်ပါ။ သည်မှာတွင် ပြဿနာနည်းနည်း ပေါ်တော့သည်။ လေယာဉ်ခန်းမထဲဝင်တော့ စတိုင်ကျကျ ဝတ်စားထားသူ ဆရာချစ်နှင့် ဆရာဟိန်းတို့ကို ဂိတ်ပေါက်က မစစ်ဆေးဘဲ အင်္ကျီနွမ်း၊ လုံချည်နွမ်းနှင့် လွယ်အိတ်လွယ်ထားသော ကျွန်တော့်အား မှတ်ပုံတင် စစ်ပါတော့သည်။ မှတ်ပုံတင်ထုတ်ပြလိုက်မှ "သြော်... ဆရာသုမောင်ကိုး" ဟု အားတုံ့အားနာ ဖြစ်သွားပါသည်။ သုမောင်အစစ်ဟု ယုံကြည်သွားပါသည်။ ခက်တာက ဆရာကြီး အီကြာကွေး။

သူက ဂျင်းဘောင်းဘီ အနွမ်း၊ ရှပ်အင်္ကျီဖြူဖတ်ဖြူရော်၊ ဝန်ထမ်းဦးထုပ်လျှာထိုးကလေးက ခပ်ငိုက်ငိုက်၊ လက်ဆွဲတော် မျက်နှာသုတ်ပဝါကလေးကလည်း ပခုံးပေါ်တင်လျက်နှင့် ကျွန်တော့်နောက်က ကပ်ပါလာလေရာ စစ်ဆေးသူက။

"ဒီလူကြီးရော အထဲခေါ်သွားမှာလား" ဟု မေးပါတော့သည်။ ဟုတ်ပါ့။ ဆရာကွေးပုံစံမှာ လေယာဉ်ဝန်ထမ်း အထုပ်ထမ်းသမားပုံ ပေါက်နေတာကိုး။ ဒါနှင့် ကျွန်တော်တို့လည်း အရှည်အရှည် ရှင်းပြမနေတော့ဘဲ ခေါင်းညိတ်ပြရင်း ပြုံးစေ့စေ့ဖြင့် ဧည့်ခန်းထဲ ဝင်ခဲ့ပါသည်။ ဂုရုကြီးကို ကျွန်တော်တို့နောက်က အိတ်ထမ်းသမား ထင်သွားတာကိုး။ ရယ်လိုက်ရတာလေ။

အတွင်းရောက်လာတော့လည်း အလွန်အဆင်ပြေပါသည်။ ကိုယ့်အထုပ်ကိုယ်ပင်မဆွဲရ၊ လေယာဉ်အမှုထမ်းကလေးများက ဝိုင်းသယ်ကြသည်။ အခြားစစ်ဆေးမှုများပင် မလုပ်တော့ပါ။ နံနက်စာများဖြင့်ပင် တည်ခင်း ဧည့်ခံကြပါ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သေးသည်။ (မြိတ်မြို့မှ လေကြောင်းအရာရှိကြီး ဦးကျော်လင်း 'စာရေးဆရာ ဟိန်းလတ်ကျော်' က ကြိုတင်ဖုန်းဆက်ထားမှန်း နောက်မှသိရသည်။)

သည်လိုနှင့် ကျွန်တော်တို့ မြိတ်ခရီးစဉ် စတင်ပါတော့သည်။ လေယာဉ်ကောင်းကင်အမြင့်သို့ ရောက်ပြီး ငြိမ်သက်သွားတော့ "ဦးသုမောင် ကပ္ပတိန်ကြီးက ခဏကြွခဲ့ပါဦးတဲ့" ဟု လေယာဉ်မယ်ကလေးက ကျွန်တော့်ကို ရွေးပြီး လေယာဉ်မောင်းခန်းသို့ ဖိတ်ကြားပါသည်။ ကျွန်တော်သည် လေယာဉ်ခရီးသွားတိုင်း လေယာဉ်မှူးများနှင့် ခင်မင်သွားခဲ့လေ့ရှိရာ ယခုလည်း မိတ်ဆွေဖြစ်မည်အထင်ဖြင့် လေယာဉ်ဦးခန်းထဲ လိုက်သွားပါသည်။ လေယာဉ်မှူးကြီးနှစ်ယောက်ကြားမှ ခုံပုလေးတွင် ထိုင်လိုက်တော့မှ ပထမလေယာဉ်မှူးကြီးက...

"ကိုသုမောင် ဆောင်းပါးတွေ ဖတ်တော့ မော်တော်ကား အမြန်မောင်းတာ ဝါသနာပါမှန်း သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လေယာဉ်မောင်းကြတဲ့ အတွေ့အကြုံ ဗဟုသုတရအောင် တမင်ခေါ်ပြတာပါ" ဟု ဧည့်ထောက်ခံပါသည်။ လေယာဉ်မောင်းပုံ၊ ဆက်သွယ်ပုံ စသဖြင့် ကိရိယာတန်ဆာပလာများ လုပ်ကိုင်နေရင်း ရှင်းပြပါမည်။ ကျွန်တော်လည်း စိတ်ဝင်စားသဖြင့် ခရီးသည်ခန်းသို့ ပြန်မသွားသေးဘဲ ဦးခန်းမှာပင် ထိုင်နေလိုက်တော့သည်။ လေယာဉ်မှူးကြီးက နံနက်စာ တစ်ခုခုစားဖို့ပြောရာ ပြည့်စုံခဲ့ပြီဖြစ်ကြောင်း ပြောပြီး ရေနွေးကြမ်း တောင်းသောက်ပါသည်။ လေယာဉ်မယ်ကလေးက ရေနွေးကြမ်း လာပို့သည်တွင် ဦးခန်းနှင့် ခရီးသည်ခန်းကြား ကာထားသော လိုက်ကာကြားမှ ဆရာကြီး အီကြာကွေး ငုံကိုက်နေသည်ကို လှမ်းမြင်ရသဖြင့် ကျီစယ်လိုစိတ်ပေါက်သွားပါသည်။ ကျွန်တော့်ကို လေယာဉ်မယ်ကလေးက "ဦးသုမောင် ဘာများသုံးဆောင်ချင်သေးလဲ" ဟု မေးသည်နှင့် ကြုံသွားလေရာ။

"ကျွန်တော်ကတော့ ပြည့်စုံပါပြီ။ ဟို... ဟိုရှေ့ဆုံးမှာထိုင်နေတဲ့ ဦးထုပ်နဲ့ ဘဘကြီး တွေ့တယ်မဟုတ်လား။ သူကတော့ ခဏခဏ ဆာတတ်တယ်"

"ရပါတယ်ရှင် ဘာစီစဉ်ပေးရမလဲ"

"ဪ... သူက နံနက်စောစော အီကြာကွေး စားတတ်တယ်၊ အဲဒါ"

"ဟင်... ကျွန်မတို့လေယာဉ်ပေါ်မှာ အီကြာကွေး မရှိပါဘူးရှင့်"

"ဒါဖြင့်လည်း သူ့ကို တောင်းပန်လိုက်ပါကွယ်။ လေယာဉ်ပေါ်မှာ အီကြာကွေး မရှိဘူးလို့။ သူက အသက်ကြီးတော့ စားချင်တာမစားရရင် စိတ်တိုတတ်တယ်" ဟု အချွန်နှင့် မ,ပေးလိုက်ရာ ဆရာကွေးကို မသိရှာသော လေယာဉ်





မယ်ကလေးသည် "ဟုတ်ကဲ့ရှင်" ဟု ပြောပြီး လေယာဉ်ခရီးသည်ခန်း ဆရာအီကြာကွေးရှိရာ ထွက်သွားပါတော့သည်။

ကျွန်တော်နှင့် လေယာဉ်မှူးကြီးများ အားပါးတရ ရယ်မောလိုက်နိုင်ကြသော်လည်း မြိတ်မြို့လေဆိပ်သို့ ရောက်သောအခါ ဆရာအီကြာကွေးက ကျွန်တော့်ကို ဆဲလည်းဆဲ ရယ်လည်းရယ်။

(ဆရာကွေးရေ ကန်တော့နော်)

[ရွှေမြင်သာဂျာနယ်၊ အတွဲ ၁၊ အမှတ် ၃၉၊
ဧပြီလ ၁၀ ရက်၊ ၂၀၀၀ ပြည့်နှစ်]

www.burmeseclassic.com

## မွန်းလွဲချိန် အလွမ်း

ညက ဆရာချစ်ဦးညိုထံ ဖုန်းဆက်သည်။ (၅၅၀) ဇာတ်တော်များထဲမှ ဘုရားအလောင်း အရက်သမားကြီးဘ၀ ဖြစ်တော်စဉ်ကို သိချင်၍ ဖြစ်သည်။ ဇာတက၊ ရာဇ၀င်၊ ဇာတ်သဘင်နှင့် ပတ်သက်၍ သိလိုသော အချက်ရှိလျှင် သည်လိုပဲ သူ့ထံ ဖုန်းဆက်မေးလေ့ရှိသည်။ ကျွန်တော်က ထိုထိုအကြောင်းအရာမျိုး၌ ဖတ်အားမှတ်အားနည်းသည်။ သူက ထိုစာပေမျိုးထဲ၌ ကျင်လည်နေသူမို့ တစ်ခါတစ်ရံ ဒက်ခနဲ ဖြေသည်။ တစ်ခါတစ်ရံ ခဏနေဦးဆိုပြီး ကျမ်းကိုးတွေ ပြန်လှန်ပြီး ဖြေသည်။ ကျွန်တော်ကလည်း ကတ်သီးကတ်သတ်တွေ မေးလေ့ရှိသည်။ ကျမ်းစာအုပ်တွေ သိမ်းဆည်းကိုးကားသောအလေ့ ကျွန်တော့်မှာ မရှိပါ။ သည်လိုပဲ ဆိုင်ရာဘာသာရပ်အတွက် ဆိုင်ရာစာရေးဆရာများကို ဖုန်းဆက် မေးလိုက်တတ်သည်။ စာအုပ်သိမ်းရတာ သက်သာသလို၊ လက်ညှိုးကလေး ခြောက်ခါနှိပ်လိုက်ရုံနှင့် လိုသောအကိုးအကားကို ရတတ်သောကြောင့် ဖြစ်သည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကွန်ပျူတာ၊ အင်တာနက်သုံးသလို သဘောထားသည်။ တကယ်တော့ အဓိကအားနည်းချက်မှာ ကျွန်တော်က မှတ်ဉာဏ်သိပ်မကောင်းခြင်း ဖြစ်သည်။ အရက်အလွန်အကျွံ သောက်ခဲ့သောဒဏ်လည်း ဖြစ်နိုင်သည်။ အရွယ်ရလာလို့ မှတ်ချင်ရာကို မှတ်ပြီး၊ မမှတ်ချင်ရာကို မမှတ်သော ဓလေ့လည်း ဖြစ်နိုင်သည်။ ဆရာဟိန်းလတ်၏ စကားအလိုအရ ဦးနှောက်၏ ဘယ်ဘက်ခြမ်းအားနည်းတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။





ညက ဖုန်းဆက်တော့…

"ညီလေးဗလ၊ မောင်သု ၀မ်းသာလိုက်တာကွာ" ဟု သူက စပြီးဖြေသည်။ ကျွန်တော်က "ကိုကိုချစ်လား" ဟု မေးရုံသာ ရှိပါသေးသည်။ (သူ့ကို ကိုကိုချစ်ခေါ်လျှင် သူက သဘောကျသည်။ ကော်နီကို မျက်စိထဲ မြင်လာလို့ဟု ၀န်ခံခဲ့သည်)

ကျွန်တော်က နာမည်ခေါ်ရုံရှိသေး။ သူက ကျွန်တော့်ကို နာမည်သုံးမျိုးတပ်ပြီး ၀မ်းခေါင်းသံကြီးဖြင့် ၀မ်းသာကြောင်း ပြောသောကြောင့် အံ့သြရသည်။ တစ်ခုခုတော့ဖြစ်နေတာ သေချာနေပါပြီ။

"နေပါဦးဗျ၊ ကျွန်တော် ဘာမှမပြောရသေးဘူး"

"ကိစ္စမရှိဘူး။ မောင်ရင့်အသံကြားလိုက်ကတည်းက ၀မ်းသာနေပြီ။ ခု ကိုယ် ၀မ်းနည်းနေတုန်းမို့ ပိုပြီး ၀မ်းသာသွားပြီ"

"နေစမ်းပါဦးဗျာ၊ ကိုကိုချစ် ဘာဖြစ်နေသလဲ"

"ကိုယ် ၀မ်းနည်းနေတယ်။ နေမထိထိုင်မသာ ဖြစ်နေတယ်။ တစ်ယောက်တည်း ငေါင်နေတယ်"

သည်လူ အရက်မူးနေသလားဟု တွေးမိသေးသည်။ မဖြစ်နိုင်ပေ။ သူ ဘီယာလေး ဘာလေးသောက်တာ သိထားပေမယ့် အမူးလွန်တာ မဖြစ်ဖူးပေ။ ခုဟာက သူ့လေသံရော၊ စကားတွေပါ အမူးသမားသဖွယ် ဖြစ်နေသည်။

"ကိုကိုချစ် အရက်သောက်နေသလား"

"ဟင့်အင်း၊ ဘီယာနည်းနည်း သောက်ထားတာပါ။ ဒါပေမဲ့ ကိုယ် မခံစားနိုင်ဘူး။ ကိုယ့်ဘာသာကိုယ် မူးအောင်ကြိုးစားနေတယ်။ မူးသွားရင် ကောင်းမယ်"

ထပ်မေးနေလျှင် ထပ်ရှည်နေဦးမည်စိုးသဖြင့် လိုရင်းကို ဖွတ်ပြောရသည်။

"ကိုင်း… ကိုကိုချစ်ကိစ္စ ခဏထားဦး။ ကျွန်တော် သိချင်တာလေး အရင်မေးမယ်"

"နိုးနိုး ကိုယ်မဖြေနိုင်ဘူး။ လတ်တလောမှာ နိပါတ်တော်တွေ၊ ဇာတကတွေ၊ ပန်တျာလန်ဘရာတွေ မမေးပါနဲ့။ ကိုယ်စိတ်ညစ်နေတယ်"

"နည်းနည်းလေးပါဗျာ၊ ကျွန်တော့်မှာ အရေးကြီးနေလို့ပါ" ဆိုတော့မှ



www.burmeseclassic.com

www.burmeseclassic.com



အားနာသွားသလိုလို၊ စိတ်မရှည်သလိုလို ပြီးပြီးရောလိုလို "ဆိုကွာ… ဆိုကွာ" ဟု ပြောပါသည်။ ကျွန်တော်က လိုရင်းမေးတော့…

"ဇာတ်တော်နာမည်တော့ မေ့နေပြီ။ ကျမ်းစာအုပ်တွေလည်း ပြန်မလှန်နိုင်ဘူး။ ကိုယ်က စာကြည့်တိုက် မဟုတ်ဘူး" ဟု ဘုတောပြီး ဖြစ်တော်စဉ်အကျဉ်းကို စိတ်မပါ့တပါ ပြောပြသည်။ ကိုယ် လိုချင်တာရပြီမို့ သူ့ခံစားချက်ကို အလှည့်ပေးပြီး သည်းညည်းခံ နားထောင်ရန် ဆုံးဖြတ်လိုက်ရသည်။

"ကိုကိုချစ် ဘာဖြစ်နေတာလဲ"

"ကိုယ်တစ်ယောက်တည်း ဖြစ်နေတယ်"

"ဖယောင်းတိုင်ကြီးရော၊ လောကခံကြီးရော" (ဤသည်မှာ သူ့ဇနီး၏ နာမည်ပြောင်များဖြစ်သည်)

"အဲဒါပြောတာပေါ့။ သူ မရှိဘူး။ အိန္ဒိယသွားပြီ"

"ဟာ… အပြီးထွက်သွားတာလား"

"မင်းကြီးတော်ကြီး"

တကယ်တော့ သူ့ဇနီးသည်မှာ အစ်ကိုဖြစ်သူ ဆေးကုသမှုခံရာတွင် အဖော်အဖြစ် အိန္ဒိယသို့ လိုက်ပါသွားဟာ ကျွန်တော် သိပြီးဖြစ်သည်။

"ဘယ်လောက် ကြာမှာလဲ"

"နှစ်လကွာ၊ နှစ်လကြီးများတောင် ညီလေးရာ၊ ဘိုသုရာ၊ ကိုဗလလေးရာ အဲဒီနှစ်လလုံး ကိုယ်တော့ ခံစားနေရတော့မှာပဲ"

ဤတွင် ကျွန်တော်သည် ရယ်ချင်တစ်ဝက်၊ ကိုယ်ချင်းစာစိတ်တစ်ဝက် ဖြစ်သွားရပါသည်။ ရယ်ချင်ရသည်မှာ သည်အရွယ်ကြီးကျမှ သည်လောက်ဖြစ်ရသလားဟု၊ ပြီးတော့ နိုင်ငံခြားခရီးသွားတာ အပျော်လည်းမဟုတ်၊ အလုပ်နှင့်လည်းမဟုတ်၊ ကျန်းမာရေးကိစ္စ။ ဒါကို သူက ရှာကြံပြီး ခံစားနေသတဲ့။

ညားခါစတွေဆိုလည်း ထားလိုက်တော့။ စောစောကပြောသလို သူ့လောကခံကြီး အိန္ဒိယပြည် အပြီးထွက်သွားတာဆိုရင် ထားလိုက်တော့။ အိုကြီးအိုမ အရွယ်လွန်ကြီးတွေ မခွဲစဖူး၊ ဘုရားဖူးပဲဖြစ်ဖြစ် ခေတ္တခွဲရတာမျိုးဆိုလျှင်ပင် ထားလိုက်ပါတော့။ ခုဟာက စာရေးဆရာရင့်မာကြီးတစ်ယောက်၊ ပြီးတော့ ကိုယ်တိုင်က စာပေဟောပြောပွဲတွေ အများဆုံးထွက်နေသည့် ပုဂ္ဂိုလ်၊ နိုင်ငံခြား ခဏခဏသွားနေသည့် ပညာရှင်။

ဟော… သည်မှာတွင် စောစောကပြောသော ကိုယ်ချင်းစာစိတ် တစ်





ဝက် ပါလာပါတော့သည်။ ကျွန်တော်တို့ အနုပညာရှင်များသည် (အထူးသဖြင့် စာပေ၊ ဂီတ၊ ရုပ်ရှင်) မကြာခဏ ခရီးထွက်ကြရပါသည်။ ခရီးတို၊ ခရီးရှည်၊ နိုင်ငံရပ်ခြား။ ထိုအခါမျိုးတွင် ကိုယ်ကတော့ အလုပ်အကိုင်ဖြင့်ဖြစ်စေ၊ ကျရာမှာ ပျော်ပါး စားသောက်နေခဲ့ကြသည်။ အိမ်က မိန်းမကို လွမ်းတာလောက် တစ်ခါတစ်ရံမျှကလေး ရှိတတ်ရုံမှအပ တယ်လီဖုန်းကလေး လှမ်းဆက်ဖို့ပင် အပိုအလုပ်လို သဘောထားခဲ့ကြသည်။ (နယ်ထွက်ပစ္စည်းတွေမှာမှာကိုလည်း ကြောက်သည်) ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကိုယ်တွေ့။ တစ်ခါဖူးမျှ "အေးဘုံ တစ်ယောက်အိမ်မှာ အိပ်ရာကြီးပေါ်မှာ တစ်ယောက်တည်း ဘယ်နှယ့်နေရှာမလဲ" ဟု မတွေးဖူးကြောင်း ဝန်ခံပါသည်။

ငယ်စဉ် ညားခါစကတော့ သွားလေရာ ဗိုက်ကြီးတကားကားဖြင့်ပင် ခေါ်သွားခဲ့ဖူးပါသည်။ ကြာတော့လည်း အတူခရီးသွားဖို့ပင် အင်တင်တင် ဖြစ်လာခဲ့သည်မှာ ဓမ္မတာမဟုတ်လား။

ထိုသို့ ဆရာချစ်ထံမှ တယ်လီဖုန်းထဲ အလွမ်းသယ်တာ ခံနေရတုန်းနံဘေးမှ တီဗွီဖွင့်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော အေးဘုံကို လှမ်းကြည့်လိုက်မိသေးသည်။ "ဩော်… သနားစရာကြီးပါလား" ဟူ၍လည်း နောင်တလိုလို ရလိုက်သေးသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော် စဉ်းစားကြည့်မိသည်မှာ ခရီးယာယီများသောယောကျ်ားများ (အနုပညာသည်) သည် အိမ်ကမိန်းမ ဘယ်လို ဘယ်ညာနေရှာသည်ကို ကိုယ်ချင်းမစာတတ်သော်လည်း ကိုယ့်အလှည့် မိန်းမ သူတစ်ယောက်တည်း ခရီးသွားစဉ်မှာတော့ (အနုပညာသည်ပီပီ) လိုသည်ထက် ပိုခံစားရမှာသေချာသည်။ ကိုယ်က သွားချင်တိုင်း သွားထားဖူးသဖြင့် မနာလိုတိုရှည်စိတ်ကလေးကလည်း ပါကောင်းပါပါမည်။ ဒါလည်း ကိုယ်ချင်းစာခြင်း တစ်မျိုးဟု ထင်ပါသည်။ ခုပင် ဆရာချစ်ဦးညိုကိုကြည့်။

သူက တော်ပါသေးသည်။ ကျွန်တော့်တုန်းကဆိုလျှင် တစ်ယောက်တည်း ဘယ်ခရီးမျှ မသွားဖူးသော အေးဘုံ၊ တစ်ခါက မင်္ဂလာဒုံမှာ ဆယ်ရက် တရားစခန်း သွားဝင်သည်ကိုပင် ကျွန်တော့်မှာ နှစ်ယောက်အိပ်ခုတင်ကြီးပေါ် လူးလိမ့်နေခဲ့ရပါသည်။ အခြားကြောင့်တော့မဟုတ်။ သူမရှိသဖြင့် အရက်ကို လွတ်လွတ်လပ်လပ်ကြီး သောက်နိုင်သောကြောင့်ပင်။

ဩော်… စာရေးဆရာ အနုပညာရှင်ကတော်များနေရာမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ခဏလေးဖြစ်ဖြစ် ဝင်ခဲစားနေကြည့်ဖို့တော့ မကောင်းပေဘူးလား။ ကိုယ်က သွားချင်ရာသွား အိမ်ပြန်ရောက်တော့ မျက်နှာမကောင်းရှာသော မိန်းမကို လူကြမ်းကြီးသဖွယ် ပြက်လုံးလိုလို စာပေထဲ ထည့်ရေးမည့်အစားပေါ့လေ။

**မှတ်ချက်။** ။ အထက်ပါကိစ္စကို ကာယကံရှင် ကိုချစ်ဦးညို ကိုယ်တိုင်က ရေးပေးပါဆိုသဖြင့် ရေးရပါသည်။ မယုံလျှင် သူ့ကိုမေးကြည့်။

[ပေါ်ပြူလာဂျာနယ်၊ အတွဲ ၅၊ အမှတ် ၁၇၊ ၁-၅-၂၀၀၁]



## အားနာပါးနာ ရယ်စရာ

ကျွန်တော့်ထံကို ကံချွန်က စာတိုကလေးရေးပြီး သူ၏ 'ဟာသဂျာနယ်' အတွက် စာမူတောင်းခြင်းများကိုက အချင်းချင်း ပြုံးချင်စရာ ဖြစ်ရလေသည်။ ဟာသဆန်ဆန် ဆိုပါစို့။

အကြောင်းမှာ သူက ဟာသအခြေခံရှိပြီး ကျွန်တော်က သဘာဝအခြေခံ ရှိနေခြင်းသည် အကြောင်းအရင်း ဖြစ်နေသောကြောင့်ပင်။

ကိုကံချွန်သည် ကာတွန်းရေးဆွဲခဲ့သလို တစ်ဖက်က ဝတ္ထုနှင့် စာပေဆောင်းပါးများ ရေးပါသည်။ ကျွန်တော် နားလည်သည်မှာ ကာတွန်းဆိုလိုက်တာနှင့် ဟာသပါရမည်။ ထို့ကြောင့် ကိုကံချွန်မှာ ဟာသရှိတာ သေချာပါပြီ။ ထူးခြားသည်မှာ ကိုကံချွန်နှင့်အတူ စာပေဟောပြောပွဲ (၄) ပွဲ သွားခဲ့ဖူးရာ ထိုဟောပြောပွဲများတွင် ကိုကံချွန် ကြားညှပ်ပြောသော ဟာသများသည် ပရိသတ်အဖို့ ထင်ထားသလောက် မရယ်ကြရသည်ကို ကိုယ်တိုင် ကြုံဖူးပါသည်။ ထိုပွဲများတွင် အတူပါသူ ကိုချစ်ဦးညိုကား အားလုံးထဲတွင် စာလေးများရေးသူဖြစ်ပြီး ဟောပြောပွဲတွင်လည်း အလေးအပင်များ ပြောသည့်ကြားက သူ့ကို ပရိသတ်က တဝုန်းဝုန်း ပွဲကျနေပြန်သည်။ ဒါလည်း ကျွန်တော့်အဖို့ ပြုံးချင်စရာပင်။ ဟော... ထိုဟောပြောပွဲများ၏ ခရီးစဉ်တွင် လည်းကောင်း၊ နားနေချိန်များတွင် လည်းကောင်း စကားဝိုင်းဖွဲ့ကြရာတွင်မူ ကိုကံချွန်သည် ရယ်စရာများကို အပြောနိုင်ဆုံး ဖြစ်နေပြန်ပါရော။

ထိုဆရာ ကိုကံချွန်က သူ၏ ဟာသဂျာနယ်အတွက် ကျွန်တော့်လို ဟာသ စာပေမကျွမ်းကျင်သူကို တကူးတကန့် စာမူတောင်းတာကရော...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းတွင် Dr. Know ဟူသော ကြောင်စီစီလူတစ်ယောက်ကို ဇာတ်ကောင်ပြုပြီး ရေးခဲ့တာ မှန်ပါသည်။ သောကြာစာစောင်မဂ္ဂဇင်းတွင် အရက်သမား အမှားတစ်ခါဆိုပြီး တစ်ခါသောက် တစ်ခါမှားတတ်သော ကျွန်တော်၏ အရက်သမားဘဝ ကသောင်းကနင်း ကိုယ်တွေ့ မှတ်တမ်းတွေကို ရေးခဲ့တာလည်း မှန်ပါသည်။ သို့သော် ထိုစာမူများကို ဟာသဟု ကျွန်တော်က မမှတ်ယူပါ။ သရော်စာလည်း မဟုတ်ဟု ထင်ပါသည်။ သို့သော် လူ့သဘာဝ အချိုးမကျသည့် အဖြစ်များအတွက် ပြုံးချင်လျှင်တော့ ပြုံးဖြစ်ကောင်းပါလိမ့်မည်။ ဟာသရသပေါင်းများစွာကို ပညာရှင်များက ခွဲခြားသတ်မှတ်ထားသော်လည်း ဂျာနယ်လိုစာစောင်များတွင်မူ အများသူငါ စာဖတ်ပရိသတ် ရယ်ပွဲဖွဲ့နိုင်သော စာမျိုး၊ စာခန့်ဆိုလျှင်လည်း ဟာသနှင့် ပတ်သက်သော ပညာပေးစာမျိုးသာ ဦးစားပေးသင့်မည်ဟု ကျွန်တော် ထင်ပါသည်။ ဤသည်မှာ ဂျာနယ်စာဖတ်ပရိသတ်အများစုကို အလေးထားအပ်သောကြောင့် ဖြစ်သည်။ ပေါက်လွှတ်ပဲစား အောက်ပိုင်းပြက်လုံးများနှင့် အလွန်အဆင့်မြင့်သော ဟာသများကိုလည်း သတိထားရမည် ဖြစ်ပါသည်။ ကိုင်း... ဟာသပညာ မကျွမ်းကျင်ပါဟု ဝန်ခံခဲ့သော် ကျွန်တော် အခုလိုရေးတာ သရော်ပြုံးချင်စရာ မကောင်းပေဘူးလား။

ဟာသသည် အသက်ရှည်ဆေး ဟုတ် မဟုတ်၊ ကျွန်တော် မသိသော်လည်း သန့်ရှင်းစွာ ရယ်မောလိုက်ရလျှင် အကြောအချဉ်တွေ ပြေသွားတာတော့ သေချာမှန်း သိပါသည်။ ဘယ်လောက် အရုပ်ဆိုးသူဖြစ်ဖြစ်၊ ရယ်လိုက်လျှင် အကြည့်ခံတာလည်း ကိုယ်တွေ့ဖြစ်ပါသည်။ သို့သော် အသက်ကလေးရလာလေ သန့်ရှင်းစွာ ရယ်မောနိုင်ခြင်း နည်းပါးလာလေလေ ဖြစ်သည်မှာ အဘယ်ကြောင့်ပါနည်း။

ဟာသဓာတ်ခံရှိသလို ဟာသကို ထုတ်လုပ်နိုင်သော ပညာရှင်များ ရှားပါးပါသည်။ ထို့အတူ ဟာသကို ခွင်ကျစွာ ရယ်မောနိုင်သော သူလည်း ရှားပါးသည်ဟု ထင်၏။ ပြုသူနှင့် ဖြစ်သူ ခွင်ကျသော ဟာသများမှာ အများအားဖြင့် အတွင်းလုံးဟုခေါ်သော ကိုယ်ချင်း ကိုယ်ချင်းသာ သဘောပေါက်သည့် ဟာသများ ဖြစ်ပါသည်။ ဥပမာ ဌာနဆိုင်ရာ ဟာသများ ဖြစ်သည်။ ဤသို့ပင် လျှင် သူ့အသိုင်းအဝိုင်းဝင်သူ ဟာသရှိပါသည်။ ကျွန်တော်သည် ကိုယ့်အိမ်မှာ ကိုယ် ရယ်စရာမောစရာ ပြောဆိုနားထောင်၍ မရတတ်သောအခါ မြို့ထဲဘက်





ထွက်ပြီး အပေါင်းအသင်း စာရေးဆရာများနှင့် လက်ဖက်ရည်ဝိုင်းမှာ ထိုင်ပါသည်။ ထိုအခါ ရယ်မောပျော်ရွှင်ရပါသည်။ 'အတွင်းလုံး' တွင် ရယ်စရာက ငိုစရာထက် အားသာပါသည်။ စကားဝိုင်းတစ်ခုတွင် ရယ်စရာပြောလျှင် အများက ရယ်တတ်ကြသော်လည်း ငိုစရာကို ငိုပြီးပြောသော်လည်း ဝိုင်းမငိုကြပါ။ အသုဘမှာပင်လျှင် ကာယကံရှင်များကိုယ်၌ မငိုသူရှိပါသည်။

ရယ်မောရခြင်းကို လူတိုင်း နှစ်သက်ကြသလို ဟာသသည် လူရာဝင်ဆုံးပညာ ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်တော်တို့ အရှေ့တိုင်းတွင် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာတွင်သာ အားနာခြင်းဟူသော ဝေါဟာရရှိမည်ဟု ဆိုပါသည်။ မြန်မာစကားဝိုင်းများတွင် ဘယ်အကြောင်းအရာပေါ်မှာ အခြေခံဟာသလေး စွတ်တတ်ကြပါသည်။ ထိုဟာသသည် ရယ်စရာမကောင်းလျှင် တောင်မှ အားနာပါးနာ ရယ်ပေးကြရမည်ကို စာဖတ်သူများ ကြုံဖူးပါလိမ့်မည်။ ယဉ်ကျေးမှုတစ်ခုပင်။

ကျွန်တော်၏ ကြီးတော်ကြီးတစ်ယောက် ဇာတ်ပွဲကြည့်နေရင်း လူရွှင်တော်များ၏ ပြက်လုံးအပေါ် ငေါ့တော့တော့ ပြောခဲ့သော စကားကိုလည်း ကြားယောင်နေပါသည်။

မရယ်ရတဲ့အပြင် ရယ်တောင်မှ ရယ်လိုက်ချင်သေး ဟေး... ဟေး... ဒါကို စေ့စေ့တွေးလျှင် ပြုံးချင်စရာဟု ထင်သည်။

ကျွန်တော်က အတွေ့အကြုံတွေကို အခြေခံရေးသော စာရေးဆရာမျိုးဖြစ်သည်။ စာရေးလည်း အလွန်မြန်သည်။ ဒါကို အပေါင်းအသင်းများက သိကြသည်။ ထိုအပေါင်းအသင်းများသည် မဂ္ဂဇင်း၊ ဂျာနယ် တာဝန်ခံများ ဖြစ်ကြသောအခါ ကိုကံချွန်ကဲ့သို့ (ဆိုင်ဆိုင် မဆိုင်ဆိုင်) စာမူများ တောင်းပါသည်။ ကျွန်တော်ကလည်း အားနာပါးနာ ရေးပါသည်။ ထိုကြောင့် ဤစာစုကို 'ဆိုင်ဆိုင် မဆိုင်ဆိုင်' 'အားနာပါးနာ' ရယ်ပွဲဖွဲ့ပေးကြပါဟု တောင်းပန်ချင်ပါသည်။

[ဟာသဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၊
ဩဂုတ်လ ၂၂ ရက်၊ ၂၀၀၁ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာစာမူ

ကျွန်တော်တို့ စာပေနယ်၊ မဂ္ဂဇင်းဂျာနယ် လောကမှာ 'မင်္ဂလာစာမူ' ဆိုတာ ရှိ၏။ မူလကတော့ မဂ္ဂဇင်း၊ ဂျာနယ်တစ်စောင်စောင် စီစဉ်ပြီဆိုလျှင် ယင်းမဂ္ဂဇင်း၊ ဂျာနယ်သို့ ပထမဦးဆုံး စတင်ရောက်ရှိလာသော (သို့မဟုတ်) သွားရောက် တောင်းယူရရှိသော စာမူကို ဆိုခဲ့ပါသည်။ ထိုစာမူသည် မသုံးမဖြစ် သုံးရမည့်စာမူလည်း ဖြစ်ရပါမည်။ ဆိုကြပါစို့။ စာမူကလည်း ကောင်းပြီး စာရေးဆရာကလည်း နာမည်ရ (စာသမားစစ်စစ်) ဖြစ်ပါက 'မင်္ဂလာစာမူပေ့' ဟု အယ်ဒီတာများက လက်ခမောင်း ခတ်ကြပါသည်။

ထိုအစဉ်အလာ ကြွေးကြော်သံ ဘယ်လိုက ဘယ်လို ပေါ်ပေါက်လာသည် မသိရသော်လည်း ကျွန်တော့်ကိုယ်တွေ့အားဖြင့်မူ 'ချယ်ရီမဂ္ဂဇင်း' စတင်ထွက်ပေါ်ရန် တာစူစဉ်ကာလဆီက တာဝန်ခံအယ်ဒီတာ ဆရာအောင်ပြည့်၏ 'မင်္ဂလာစာမူပေ့' ဟူသော ထောပနာပြုသံကို ကောင်းစွာ ခံစားမွေ့လျော်ခဲ့ရပါသည်။

ထိုစဉ် (၁၉၈၄) ဆီက ကျွန်တော့်မှာလည်း ဉာဏ်ကလေးက အလွန်ရွှင်နေခဲ့ပြီး မဂ္ဂဇင်းတစ်စောင်စောင်က စာမူတောင်းလာပြီဆိုသည်နှင့် ထိုမဂ္ဂဇင်း၏ လမ်းကြောင်းနှင့် လိုက်ဖက်သည့် စာမူမျိုးကို ချက်ချင်း ရေးသားနိုင်ခဲ့လေ၏။ ဆရာအောင်ပြည့်က ချယ်ရီအတွက် စာမူလှမ်းတောင်းလာသည်နှင့် နောက်တစ်နေ့မှာပင် ပန်းနှင့်သက်ဆိုင်သော ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားပေးပို့နိုင်ခဲ့ပါသည်။ ထိုအခါ ဆရာအောင်ပြည့်က စောစောကပြောသလို "မင်္ဂလာစာမူပေ့" ဟု အားရပါးရကြီး ထအော်ပါသည်။ မှတ်မှတ်ရရ ချယ်ရီမဂ္ဂဇင်း စတင်





ထွက်ရှိသော (၁၉၈၄) ခု၊ ဩဂုတ်လ အတွဲ (၁)၊ အမှတ် (၁) အတွက် သုမောင်၏ စာမူကို ပထမဆုံး လက်ခံရရှိပါသည်။ သူက ကျေကျေနပ်နပ်ကြီး လက်ခမောင်းခတ်သံပြုသလို ကျွန်တော့်မှာလည်း ပီတိတွေ တမြုံ့မြုံ့ ဝါးခဲ့ရလေသည်။ မြင်သာအောင်ပြောရလျှင် ငယ်စဉ်က ပထမဆုံးစာမူ ပုံနှိပ်ဖော်ပြခြင်းခံရသောအချိန်တွင် ခံစားရသလိုမျိုး အသေးစား ပီတိဖြစ်ရ၏။ မိမိစာမူ ပထမဆုံး ပုံနှိပ်ဖော်ပြခံရစဉ် ကလောင်သစ် ဘဝကလောက်တော့ မပျော်ခဲ့ပါ။ ဒါကြောင့် 'အသေးစားပီတိ' ဟု ဆိုပါသည်။

မည်သို့ပင်ရှိစေ စာရေးဆရာဟူသည် ကလောင်သက်၊ လူသက်ကြီးငယ်မရွေး မိမိစာမူ ပုံနှိပ်ဖော်ပြခံရပြီဆိုသည်နှင့် ပျော်ရွှင်ရစမြဲ ဖြစ်သည်။ မိမိစာပေအကြောင်း တစ်ပါးသော စာရေးဆရာက ရေးသားလျှင် ဝေဖန်သုံးသပ်ပြုလျှင်လည်း ပျော်ရွှင်ပါသည်။ မင်္ဂလာယူပါသည်။ စာရေးဆရာနှင့် သူ့စာပေကြားတွင် မင်္ဂလာယူစရာများစွာ ရှိသည်ဟု ကျွန်တော် ထင်ပါသည်။ အထူးသဖြင့်မူ မိမိ၏ လက်ရေး၊ လက်နှိပ်စက်ရေး၊ ကွန်ပျူတာရေး၊ ပါးစပ်ပြောရေး၊ စာမူဘဝမှ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ၊ လုံးချင်း စာမျက်နှာများအပေါ် ရောက်ရှိသွားသည်နှင့် ပို၍ ပျော်ရွှင်ရပါသည်။ အထပ်ထပ်လည်း ပြန်ဖတ်ရပါသည်။ စောစောက ပြောသလို ထူးထူးခြားခြား ပုံနှိပ်ဖော်ပြခံရလျှင်ကား မင်္ဂလာယူရပါသည်။

သည်ဘက် ဆယ်စုနှစ်တွင် ဂျာနယ်တွေ ပလူပျံ ပေါ်ထွက်လာသောအခါ ကျွန်တော့်မှာ မင်္ဂလာယူစရာတွေ ပို၍ များလာသည်။ ဟိုကသည်က စာမူတောင်းလာကြသည်။ အထူးသဖြင့် ဂျာနယ်အသစ်တစ်စောင် ပေါ်လာတိုင်း မင်္ဂလာစာမူကို တောင်းယူလာကြသည်။ "ပထမဆုံးထွက်မည့် ဂျာနယ်မှာ ဖော်ပြချင်လို့" "ဂျာနယ်၏ ဘာရတု ညာရတုမှာ ဖော်ပြချင်လို့" စာမူအလျှဉ်းသင့်သလို ရချင်သော အယ်ဒီတာများရှိသလို ပုံမှန်လိုချင်သော ဆရာများလည်း ရှိ၏။ မိမိထက် ဝါကြီးသော ဆရာများ၏ ဆဲဆိုတောင်းယူခြင်းများ ခံခဲ့ရသလို ခေါင်းခေါက်တောင်းသော သူငယ်ချင်း အယ်ဒီတာများလည်းရှိ၏။ အောက်ကျို့လာသော လူငယ်များစွာကိုလည်း တွေ့ရ၏။ ဘာပဲဖြစ်ဖြစ် စာမူအတောင်းခံရသည်ပင် 'မင်္ဂလာ' ဟု ယူဆရပါသည်။ ဂျာနယ်များနှင့် ပြိုင်၍ မဂ္ဂဇင်းများကလည်း အရင်ကထက် ပိုပြီး စာမူအတောင်း စိတ်လာခဲ့ပါသည်။ တစ်ခုပဲ ရှိတာက ပုံမှန်စာမူကိစ္စ ဖြစ်သည်။ 'ပုံမှန်စာမူ' ပေးပါ။ ယူပါမည်ဟု ကတိခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီးကျမှ မိမိဘက်မှ ပျက်ကွက်သွားတာ၊ ဂျာနယ်မဂ္ဂဇင်းဘက်က ပျက်ကွက်သွားတာမျိုး ဖြစ်၏။ တောင်းသူဘက်ကရော ရေးသူဘက်ကပါ စာလောဘတွေ ကြီးပြီး ခြေလှမ်း လက်လှမ်းတွေ သွက်ခဲ့ရာမှ ကြာသော် အကြောင်းကြောင်းကြောင့် စာမူစဉ်ဆက် ပြတ်ကုန်တတ်ပါသည်။ ဒါကတော့ 'အမင်္ဂလာ' ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ကြီးငယ်မဟူသော စာရေးဆရာများနှင့် နှုရင့်မတူသော ဂျာနယ်မဂ္ဂဇင်းများ ကွင်းဆက် ပို၍ မိလာတာကတော့ သေချာပါသည်။ ထိုအခြေအနေကိုလည်း ကျွန်တော်က မင်္ဂလာရှိသည်ဟု ယုံစားပါသည်။

'မင်္ဂလာစာမှု' အကြောင်းကို လက်ရှိ ကျွန်တော့်အခြေအနေနှင့် ချိန်ထိုးပြီး ရေးနေသဖြင့် စာဖတ်သူအား တစ်မျိုးတစ်မည် ထင်စရာတော့ ရှိပါသည်။ ကလောင်သွေးနေသော ကလောင်သစ်အကြောင်း၊ မပါသေးသောကြောင့် ဖြစ်၏။ တကယ်တော့ ကျွန်တော်က ကလောင်သစ်များ၏ 'မင်္ဂလာစာမှု' ကိုဖွ ဖြင့် အဆုံးသတ်လိုသောကြောင့် တမင်တကာ ချန်ထားခဲ့ခြင်း ဖြစ်ပါသည်။

(၁၉၇၃) ခုနှစ်၊ နိုပင်ဘာလတွင် အလွန်ထင်ရှားကျော်ကြား ခိုင်ခဲ့သော ရှုမဝမဂ္ဂဇင်းကြီးက 'သုမောင်' ဟူသော ကလောင်သစ်လေး တစ်ချောင်းကို ဖျှတ်ခနဲ ကောက်ယူစင်တင်ခဲ့ပါသည်။

ထိုကာလသည် ရှုမဝအတွက်ရော ကျွန်တော့်အတွက်ပါ မင်္ဂလာအရှိဆုံးဟု ထင်ပါသည်။ ကလောင်သစ်တစ်ယောက်၏ ပထမဆုံးပုံနှိပ် ဖော်ပြခြင်းခံရသော စာမူသည် မင်္ဂလာအရှိဆုံး ဖြစ်ပါသည်။

[အကောက်ခွန်ဂျာနယ်၊ အတွဲ ၂၊ အမှတ် ၃၀
ဇန်နဝါရီလ ၁ ရက်၊ ၂၀၀၂ ခုနှစ်]



## ရွှေလာဘ်ကောင်

(၁၈-၁-၂၀၀၂) နေ့ထုတ် စာဖတ်သူဂျာနယ်မှာ ကျွန်တော်က ဆောင်းပါး တစ်ပုဒ် ရေးဖြစ်ခဲ့ပါတယ်။ ခရီးသွားဆောင်းပါးမဟုတ်ပေမယ့် ခရီးသွားဟန်လွှဲ ကြုံတွေ့ရတဲ့ အဖြစ်ကလေးကို ရေးလိုက်တာပါ။ အခု ရေးမယ့်စာစုကလည်း အဲ့ဒီဆောင်းပါးကို မှီပြီးရေးရမှာမို့ မူလဆောင်းပါးအကြောင်း နည်းနည်းတော့ ပြန်ပြောရပါလိမ့်မယ်။

(၅-၁-၂၀၀၂) နေ့က ညနေပိုင်း အကယ်ဒမီပေးပွဲမှာ အမျိုးသား ဓာတ်ပို့ဆုအတွက် ကျွန်တော် စာအိတ်ဖောက်တာကို လူတော်တော်များများ တီဗွီမှာ ကြည့်လိုက်ကြရမယ် ထင်ပါတယ်။ ကျွန်တော် စာအိတ်ဖောက်လိုက်တော့ လူကြမ်းမင်းသား အောင်ခိုင်ရဲ့ နာမည်ကို တွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော့်စိတ်ဟာ အကယ်ဒမီပေးပွဲမတိုင်ခင် ညနေစောစောဆီကို ပြန်ရောက်သွားပါတယ်။ အဲဒီညနေ စောစော (၃) နာရီကနေ (၅) နာရီအတွင်းမှာ ကျွန်တော်က သုဝဏ္ဏဘောလုံးကွင်းထဲ ရောက်နေပါတယ်။ ဘောလုံးပွဲက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပထမအကြို ဗိုလ်လုပွဲပါ။ အသင်းနှစ်သင်းက စီးပွားကူးသန်းနဲ့ ပတ္တမြားနဂါး။ ကျွန်တော် ထုံးစံအတိုင်း အားငယ်တဲ့အသင်းကို အားပေးတာဆိုတော့ ကျွန်တော် ပတ္တမြားနဂါးဘက်ကပေါ့။ အထူးသဖြင့် ပတ္တမြားနဂါးအသင်းရဲ့ တိုက်စစ်မှူး (မြန်မာ့လက်ရွေးစင်ဟောင်း) အောင်ခိုင်ကို အားပါးတရ အော်ဟစ်အားပေးခဲ့တာပေါ့။ ဘောလုံးပွဲပြီး လမ်းတစ်ဖက်ဖြတ်ကူးလိုက်ရုံနဲ့ အကယ်ဒမီပေးပွဲရှိရာကို ရောက်ပါတယ်။ သက်ဆိုင်ရာက အကယ်ဒမီစာအိတ်ဖောက်ပေးဖို့ အကူအညီတောင်းရာမှာ 'ဓာတ်ပို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်ဆိုလာပါတယ်။ ထုံးစံအတိုင်း အားနည်းတဲ့သူတွေကို အားပေးတတ်တဲ့ ကျွန်တော်ဟာ ဓာတ်ပို့စာအိတ် ဖောက်ပေးဖို့ သဘောတူလိုက်ပါတယ်။ ဟော... ကြည့်။ စာအိတ်ဖွင့်လိုက်တော့ 'အောင်ခိုင်' ပဲ ဖြစ်နေပြန်ပါရော။ တိုက်ဆိုင်မှုပဲဆိုဆို မတော်တဆပဲပြောပြော ကျွန်တော့်နှုတ်ခမ်းမှာ နတ်စီး၊ ဓာတ်စီးတဲ့သဘောတော့ ဖြစ်သွားခဲ့ပြီ မဟုတ်လား။

ဒါနဲ့တင် မပြီးပါဘူး။ နောက်တစ်နေ့ (၆-၁-၂၀၀၂) မနက်စောစော ပြည်မြို့ဘက် စာပေဟောပြောပွဲ ခရီးထွက်ရာမှာ တိုက်ဆိုင်မှုတစ်ခုပဲဆိုဆို ကြုံရပြန်ပါတယ်။ စောစောကပြောသလို ကျွန်တော့်ကို နတ်စောင့်နေသလားမသိ။

အဖြစ်က ကျွန်တော်တို့ မူလအစီအစဉ် ခရီးထွက်ဖို့ရာမှာ အဝေးပြေး မှန်လုံကားနဲ့ဖြစ်ပေမယ့် အတူခရီးဖော် စာရေးဆရာ နွမ်ဂျာသိုင်းက သူ့ကားကို ဓာတ်ဆီထည့်ပေးပါ။ သူ လိုက်မောင်းပို့မယ်ဆိုလာတဲ့အတွက် ဝမ်းသာအားရ သဘောတူလိုက်ပါတယ်။ ကိုယ်ပိုင်ကားနဲ့ဆိုတော့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး သွားနိုင်တာပေါ့။ ကျွန်တော်တို့ စာရေးဆရာတစ်စုဟာ လမ်းမှာ နားနားနေနေ စားစားသောက်သောက်ပဲ ခရီးထွက်ခဲ့ကြပါတယ်။ ကျွန်တော်က မျက်နှာသိမို့ လမ်းခရီးမှာ နေရာရွေးပြီး ရပ်နားကြပါတယ်။ ထမင်း၊ လက်ဖက်ရည်၊ အအေး စတဲ့ ကိစ္စများအတွက် မြို့ကြီးမြို့နယ်တွေမှာ ကားကို မရပ်ဘဲ ကျေးရွာကလေးတွေမှာသာ ရပ်တန့်နားခဲ့ကြပါတယ်။ ဒါပေမဲ့ ညတုန်းကမှ တီဗွီမှာ အကယ်ဒမီ စာအိတ်ဖောက်တာ အရှင်လတ်လတ်ကြီး မြင်ခဲ့ကြရတာကြောင့် တောပရိသတ်ကလည်း ကျွန်တော့်ကို ကောင်းကောင်း မှတ်မိသွားပါတယ်။ ‹သူတို့တစ်တွေက ကျွန်တော့်နား စုပြုံလာကြပြီး ညက အောင်ခိုင်အတွက် စာအိတ်ဖောက်ပေးတာကို ကျေးဇူးတင်နေကြလေရဲ့။ သူတို့ ကြိုက်တဲ့ ဓာတ်လိုက်ကို ကျွန်တော်ကပဲ ရွေးချယ်ပြီး အကယ်ဒမီဆုပေးခဲ့တယ်လို့ ထင်နေကြတာကိုး။ တောပရိသတ်များ ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ သူတို့ရဲ့အောင်ခိုင် ဆုရတာဟာ ကျွန်တော်ကပဲ လာဘ်ကောင်း သလိုလို အထင်ရှိကြလေရဲ့။ ကြည့်သူတို့ ပြောပုံကို...

"ဦးသုမောင်ကြီးက လာဘ်ကောင်းတယ်။ သူ့မော်တော်ကားလည်း လာဘ်ကောင်းမှာပဲ" ဆိုပြီး နွမ်ဂျာသိုင်းရဲ့ ကားကို ကျွန်တော့်ကားအထင်နဲ့ ဝိုင်းကြည့်ကြပါတယ်။ ကားနံပါတ်ကို မှတ်ကြပါတယ်။ ဒါဟာ ဟောပြောရမယ့် မြို့ ရောက်တဲ့အထိ တစ်လမ်းလုံးပါပဲ။





ဆိုကြပါစို့ရဲ့။ ဟောပြောပွဲပြီးလို့ နောက်နေ့အပြန် (၇-၁-၂၀၀၂) နေ့ တစ်လမ်းလုံးမှာလည်း တိုက်ဆိုင်မှုတစ်ခုကို ကြုံရပြန်ပါတယ်။ အပြန်ခရီးမှာ ကျွန်တော်တို့ကို ကျေးရွာဈေးဆိုင်များက ထမင်းအလကား ကျွေးကြပါတယ်။ လက်ဖက်ရည် အလကား တိုက်ကြပါတယ်။ မုန့်ပဲသွားရေစာ ဝယ်လျှင်လည်း ပိုပိုသာသာ ထည့်ပေးကြပါတယ်။ အထူးသဖြင့် ကျွန်တော့်ကို ကားပိုင်ရှင်အထင်နဲ့ ပိုပြီး အရေးပေးကြပါတယ်။ "ကိုသုမောင်ကြီး လာဘ်ကောင်းတယ်တော့။ ဦးသုမောင်က လူတင်မက ကားပါ လာဘ်ကောင်းတယ်ဗျ" ဆိုတဲ့ ထောမနာသံတွေ ကျွန်တော့်အနားမှာ တဝဲဝဲလည်နေတော့တာပါပဲ။ ဘာကြောင့် ဒီလို ဖြစ်ရတယ်ဆိုတာ ကျွန်တော် မသိပါလို့ ဆောင်းပါးကို အဆုံးသတ်ခဲ့ပါတယ်။

* * *

တစ်နေ့ကတော့ နွမ်ဂျာသိုင်း ကျွန်တော့်ဆီ လာလည်ပါတယ်။ ကျွန်တော့်ကို လက်ဖက်ရည်သောက် ဖိတ်ပါတယ်။ ပြီးတော့ ဆိုင်းမဆင့် ဗုံမဆင့် ဝမ်းသာအားရ အာလုတ်ပြုပါတယ်။

"ဘိုသုရဲ့နှုတ်ခမ်း နတ်စောင့်တယ် ဆိုရုံတင်မကဘူးဗျ၊ ဘိုသုစီးတဲ့ ကျွန်တော့်ကားလည်း နတ်စောင့်တယ်ဆိုတာ အမှန်ပဲ"

"ဘာကြောင့်လဲဗျ"

"ကြည့်လေ ကျွန်တော်တို့ စာပေခရီး အတူထွက်ခဲ့ကြတဲ့ ကျွန်တော့် ကား အခုမရှိတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ဆိုလိုက်တဲ့ တစ်ခွန်းဈေးနဲ့ ရောင်းထွက်သွားပြီဗျ"

"တယ်ဟုတ်ပါလား"

"အဲဒါ စာဖတ်သူဂျာနယ်မှာ ခင်ဗျားရေးလိုက်တဲ့ ခရီးသွား ဆောင်းပါးကို အဲဒီဝယ်တဲ့သူက ဖတ်လိုက်ရလို့တဲ့ဗျာ"

"ဟား... ဟား ဒါဆို ကျွန်တော့်ကို ကိုနွမ်ဂျာ ပွဲခပေးရမှာပေါ့"

"ဒါကြောင့် အခု လက်ဖက်ရည် ခေါ်တိုက်တာပေါ့"

"လက်ဖက်ရည်သောက်နဲ့ ဘယ်ရမလဲ"

"ဟဲ... ဟဲ လက်ဖက်ရည်ဖိုးထက် များများလိုချင်ရင် ကျွန်တော့်ဆီက ကားဝယ်သွားတဲ့လူဆီ သွားတောင်းပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ပွဲခဆိုတာ ရောင်းသူက ပေးရတာပဲ"

"အဲဒါပြောတာပေါ့။ အဲဒီလူကလည်း နေ့တွင်းချင်းမှာ နောက်တစ်ယောက်ကို မတန်မရာဈေးနဲ့ လက်လွှဲပြန်ရောင်းလိုက်သတဲ့ဗျို့"

ဩော်… ကျွန်တော့်မှတ်ခမ်းတွင်မက ကျွန်တော်စီးခဲ့တဲ့ကားတင်မက ကျွန်တော် အဲဒီဆောင်းပါးရေးလိုက်တဲ့ လက်ကိုပါ နတ်စီးနေပြီထင်ပါရဲ့လေ။

[ရွှေမြင်သာဂျာနယ်၊ အတွဲ ၂၊ အမှတ် ၁၁၊
ဖေဖော်ဝါရီလ ၂၆ ရက်၊ ၂၀၀၂ ခုနှစ်]



## ဦးထုပ်ကြီးတစ်လုံး

ကျွန်တော်က 'အလွမ်းစကား' ထက် 'ကွမ်းစကား' ကို ပိုပြီး ရေးတတ်ပါတယ်။ အလွမ်းစကားရေးရတာ တစ်ခါတစ်ရံ အားနာဖို့ ကောင်းတတ်ပါတယ်။ အထူးသဖြင့် နာရေးနဲ့ ပတ်သက်တဲ့ အလွမ်းစကားမျိုးပေါ့။ ကာယကံရှင်တွေကို ဆွပေးသလို ဖြစ်ဖြစ်သွားတတ်လို့ပါပဲ။ ပြီးတော့ အလွမ်းစကားရေးပြီဆိုကတည်းက ကာယကံရှင်နဲ့ သူ့အသိုင်းအဝိုင်းကို ငဲ့ညှာပြီး အကောင်းတွေသာ ရေးရတတ်တယ် မဟုတ်လား။

ကွမ်းစကားကတော့ ဒီလိုမဟုတ်ဘူး။ အရှည်မရ၊ အဖတ်မရတဲ့ စကားမျိုးမို့ အရသာရှိရင်ပြီးရောဆိုပြီး ပေါ့ပေါ့ပါးပါး ရေးနိုင်ပါတယ်။

ခု ဒီစာစုကိုလည်း (လွမ်းရမယ့်အချိန် ဖြစ်ပေမယ့်) ကွမ်းစကားကိုပဲ ရေးပါ့မယ်။ ရေးသူရော၊ ကာယကံရှင်ရော၊ စာဖတ်သူပါ အသက်ရှူချောင်စေချင်လို့ပါ။

* * *

'ဆရာလင်းယုန်မောင်မောင်' ကို 'ဦးထုပ်ကြီး' ဆိုပြီး လူသိရှင်ကြား စတင်ခေါ်ဝေါ်ခဲ့တာ ကျွန်တော်ပါ။ အကြောင်း…။ ကျွန်တော် စာပေနယ်ဝင်စ 'စာသူငယ်' အရွယ်မှာ ကိုယ့်ရှေ့က ဆရာ့ဆရာကြီးများထံ အကြောင်းမရှိ အကြောင်းရှာပြီး ချဉ်းကပ်ခဲ့ပါတယ်။ ပညာယူချင်တဲ့ သဘောရင်းနဲ့ပါ။ ဒါပေမဲ့ ကျွန်တော် ကံကောင်းတာလား၊ ကံဆိုးတာလားတော့ မသိပါဘူး။ ချဉ်းကပ်မိတဲ့ ဆရာများ အားလုံးလိုလိုက ကျွန်တော့်ကို တပည့်တစ်ယောက်လို မဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူငယ်ချင်းလို၊ ညီငယ်တစ်ယောက်လိုသာ အလေးထားကြပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါဟာလည်း ကျွန်တော့်အဖို့ စာပေအမြတ်ထွက်ဖို့ပါပဲ။ စောစောကပြောသလို စာပေနယ်ထဲဝင်စ တွေ့မြင်လေရာ ဆရာကြီး၊ ဆရာငယ်များနဲ့ ပေါင်းဖက်မိ၊ သူတို့က အရောဝင်တော့ ကျွန်တော်ကလည်း ပါးလျက်နားလျက် လုပ်မိပါတယ်။

ကျွန်တော်တို့ စာပေနယ်မှာ ဆရာလင်းယုန်မောင်မောင်ကို ဥက္ကဋ္ဌလို့ ပညတ်ကြပါတယ်။ စာပေဟောပြောပွဲအပါအဝင် စာပေ သာရေးနာရေးကိစ္စတွေမှာ ဦးဆောင်ဦးရွက် ပြုတတ်လွန်းလို့ပါ။ တစ်နေ့တော့ နှလုံးလှစာအုပ်တိုက်မှာ ညနေခင်း လူစုံချိန် ကျွန်တော်သွားတော့ ဆရာလင်းယုန်ကြီး ရောက်မလာပါဘူး။ ကျွန်တော်တို့က ဥက္ကဋ္ဌ မရောက်သေးပါလားလို့ ပြောကြဆိုကြတော့ နှလုံးလှ ဦးချစ်မောင်ရဲ့သမီးငယ်လေးက မပီကလာပီကလာနဲ့ 'အုပ်ထုပ်ကြီး (ဦးထုပ်ကြီး) နေမကောင်းလို့ မလာတော့ဘူး' လို့ ဝင်ပြောပါတယ်။ ကျွန်တော်တို့ ရယ်ပွဲဖွဲ့လိုက်ကြပေမယ့် နောင်သော် ကျွန်တော်ကတော့ ဆရာ့ကို အုပ်ထုပ်ကြီးလို့ပဲ သညာပေးနေမိပါတော့တယ်။ ဆရာက စိတ်မဆိုးပါဘူး။

"ဟ… မင်းတို့ဂီတအစည်းအရုံး ဥက္ကဋ္ဌလည်း ဦးထုပ်ကြီးအမြဲလိုလို ဆောင်းတာပဲ" လို့ သာသာနဲ့နာနာ ပြန်ပြောခဲ့ပါတယ်။

* * *

၁၉၈၀ ပြည့်နှစ်သာသာမှာ ကျွန်တော်တို့ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများ စုပေါင်းပြီး မွန်ပြည်နယ် တောင်ဇွန်းမြို့နားက ပေါက်တောရွာကို ဟောပြောပွဲ သွားကြပါတယ်။ အနုပညာရှင်က ၁၂ ယောက်ဖြစ်ပြီး စာနာသူ ပရိသတ်က ပွဲပြီးခါနီးတော့ ခုနစ်ယောက်ပဲကျန်တာ မှတ်မိနေပါတယ်။ အဲဒီကအပြန် ကျိုက်ထိုဘူတာရောက်တော့ ကျွန်တော်ရယ်၊ ဆရာလင်းယုန်ရယ်၊ ဆရာဆင်ဖြူကျွန်းအောင်သိန်းရယ်ကို နာမည်တပ်ပြီး ရထားပေါ်က ဆွဲချကြပါတယ်။ ပထမ စိုးရိမ်ကြပါတယ်။ နောက်မှ သူတို့ ကျိုက်ထိုမှာ စာပေပွဲ ဝင်ပြောဖို့ ဖိတ်တာပါတဲ့။ ချက်ချင်းကြီးမို့ ရေနံဆီမီးအိမ်နဲ့ ဟောကြရပါတယ်။ ပွဲမှာ ကျွန်တော်က နောက်ဆုံးဟောရတော့ ရှေ့က ဆရာနှစ်ယောက်ကို ကျီစယ်ချင်တိုင်း ကျီစယ်ခွင့်ရတာပေါ့။ ကျွန်တော်က 'ရသ' အကြောင်းပြောရာမှာ 'မျက်လှည့်လိုပါပဲ၊ ကိုယ့်ကို လိမ်နေမှန်းသိသိကြီးနဲ့ ငွေပေးကြည့်





ကြတယ်။ ရသဆိုတာ ဒီသဘောပါပဲ' လို့ ပြောပါတယ်။ ဥပမာ 'လင်းယုန်တစ်ကောင်' ကို 'ဆင်ကြီး' ဖြစ်သွားအောင် လုပ်ပြတာမျိုးပေါ့လို့ ရှေ့က ဆရာနှစ်ယောက်ကို ကျီစယ်ခဲ့ပါတယ်။ ဟောပြောပွဲပြီးလို့ တည်းခိုအိမ်ပြန်ပြီး ဝိုင်းဖွဲ့ကြတော့ ကျွန်တော် ခါးနာနေပါတော့တယ်။ ရထားခရီးကြမ်းတာကြောင့်ရော ဟောပြောပွဲမှာ စကားပြောစင်မပါလို့ အမှီသဟဲမရှိပဲ ပြောရတာကြောင့်ရောပါ။

အရက်ကောင်းကောင်း မသောက်နိုင်ဘဲ မှောက်လျက်နေတဲ့ ကျွန်တော့်ကို ဆရာဆင်ဖြူကျွန်းနဲ့ ဆရာလင်းယုန်တို့က တစ်လှည့်စီ တက်နင်းပေးကြတာကို မှတ်မိနေပါတယ်။ အထူးသဖြင့် 'သေနာကောင်လေး လူကြီးတွေကို တိရစ္ဆာန်နဲ့နှိုင်းလို့ ခုလိုဒဏ်ခံရတာ' လို့ ဆရာလင်းယုန်က ထောမနာပြုတာကိုတော့ မမေ့နိုင်ပါဘူးဗျာ။

* * *

တစ်ခါကလည်း နယ်ဟောပြောပွဲတစ်ခု သွားဟောကြတော့ ကျွန်တော် (သုမောင်)၊ ဆရာလင်းယုန်မောင်မောင်၊ ဆရာရန်အောင်မောင်မောင်နဲ့ ဆရာကြီး ဦးရန်အောင်တို့ ပါဝင်ပါတယ်။ မောင်တွေထပ်ပြီး ရန်အောင်တွေ ကပ်နေတဲ့ပွဲပါ။ စင်ပေါ်မှာ တစ်ယောက်ကိုတစ်ယောက် ကျီစယ်ကြတဲ့အခါ နောက်ဆုံးပိတ်တော့ ဆရာကြီး ဦးရန်အောင်က 'ဟေ့ ဘယ်သူဘာပြောပြော မင်းတို့အားလုံး ငါ့ထက် အသက်ငယ်တာ သေချာတယ်။ အားလုံး ငါ့တူ၊ ငါ့သားတွေပဲ' လို့ အထက်စည်းယူလိုက်ပါတယ်။ ဆရာလင်းယုန်က 'ကျွန်တော့်ကို သမက်နေရာထားပါလို့' ပြန်ပြောတော့ ဆရာကြီးက ချွေးမသားလို့ ဆဲပါတယ်။

အဲဒီပွဲမှာပဲ မှတ်မိနေတာ တစ်ခုရှိပါသေးတယ်။ ပွဲသွားခါနီး 'အုပ်ထုပ်ကြီး' က ပုဆိုးအသစ်ထုတ်ဝတ်တော့ အထက်အောက် လွဲနေပါတယ်။ ပုဆိုးဆိုတာက ကွင်းနှစ်ဖက်မှာ တစ်ကွင်းက အနားသပ်ရပ်ပါတယ်။ ကွင်းတစ်ဖက်ကတော့ ချည်စလေးတွေ ထိုးထိုးထောင်ထောင်ပါ။ ပုဆိုးဝတ်တဲ့အခါ ချည်စထိုးထိုးထောင်ထောင်ရှိတဲ့ကွင်းကို ခါးမှာထားပြီး ဝတ်ရပါတယ်။ ဒါကို ငယ်စဉ်က ကျွန်တော့်အဘိုးက သင်ခဲ့ပါတယ်။ ဒီတော့ ဆရာလင်းယုန် ပုဆိုးအဝတ်ပြောင်းပြန်ဖြစ်နေတာကို ကျွန်တော်က ပြင်ဝတ်ပေးရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အသက်ငါးဆယ်ကျော်မှ မြန်မာပုဆိုးဝတ်နည်း သုမောင်က သင်ပေးလေရဲ့' လို့ ပါးစပ်နဲ့ရော စာနဲ့ပါ မကြာခဏ ဆရာက ပြောလေ့ရှိပါတယ်။

* * *

ရေးမယ်ဆိုရင် ဆရာလင်းယုန်နဲ့ ပတ်သက်တာတွေ အများကြီးပါ။ ဒါပေမဲ့ လောလောဆယ် ရာသီစာလောက်ရေးတာမို့ အတိုချုပ်ရပါတယ်။ ပြီးတော့ ကျွန်တော် ပြောခဲ့သားပဲ။ ဒီစာဟာ 'အလွမ်းစကား' မဟုတ် 'ကွမ်းစကား' ပါလို့။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အရက်မသောက်ဖို့ မတားမြစ်ဘဲ အရက်ကို အကျိုးရှိအောင်သောက်ဖို့ သွန်သင်ခဲ့တဲ့ 'အုပ်ထုပ်ကြီး'။

စာပေအနုပညာ သာရေးမှာရော၊ နာရေးမှာရော ရှေ့တန်းက ပါဝင်ခဲ့တဲ့ ဆရာလင်းယုန်မောင်မောင်ဟာ မနေ့ (မေလ ၂၆ ရက်) က ညခုနစ်နာရီဆယ့်ငါးမှာ ကွယ်လွန်သွားပါတယ်။ အဲဒီမတိုင်ခင်ရက်ပိုင်းတွေမှာ ကျွန်တော်ဟာ (ခရီးသွားဟန်လွှဲ) ဆရာ့အိမ်ဝင်ပြီး လူနာမေးပါတယ်။ ရုပ်အခြေအနေ မကောင်းတော့ပေမယ့် စိတ်အခြေအနေ ကောင်းပါတယ်။ မှတ်ဉာဏ်တွေလည်း ကောင်းဆဲပါ။ ကျွန်တော်က ငွေကြေးအကူအညီ ပေးချင်ပေမယ့် သင့် မသင့်၊ ရာ မရာ စဉ်းစားနေခဲ့ရပါတယ်။ ဆရာနဲ့ ကျွန်တော့်ကြားမှာ ငွေကြေးကိစ္စ အဆက်အဆံ မရှိဖူးဘူး။ ပြီးတော့ ကျွန်တော့်မျက်နှာ မြင်ရရုံနဲ့ ဆရာက အားရှိနေပြီးသားလို့လည်း ယုံကြည်ပါတယ်။ ဘာပဲဖြစ်ဖြစ် ခုနယ်ခါ ငွေကြေးတစ်ပြားတစ်ချပ်ဟာလည်း လိုရာသုံးဖို့ ဖြစ်နိုင်တယ်လို့ တစ်ဖက်က ယူဆနေပြန်ပါတယ်။

ဒီလိုနဲ့ မေလ (၂၆) ရက်နေ့က နေ့လယ်ပိုင်း ဂျာနယ်တိုက်တစ်ခုက အပြန် ဆရာ့ဆီ ဝင်ဖြစ်ပြန်ပါတယ်။ အခြေအနေက ပိုဆိုးနေပါပြီ။ ဒါပေမဲ့ လေသံသဲ့သဲ့နဲ့ ကျွန်တော့်ကို မေးပါတယ်။ 'ဟောပြောပွဲတွေ သွားဖြစ်လား' တဲ့။ 'မနက်တိုင်း စာမှန်မှန်ရေးရဲ့လား' တဲ့။ သတိကတော့ ကောင်းတုန်းပါပဲ။ ဒါနဲ့ ကျွန်တော်လည်း ဆုံးဖြတ်ချက် ချလိုက်တယ်။ ဆရာ့သားငယ်လက်ထဲ ငွေနည်းနည်းပါတဲ့ စာအိတ်တစ်လုံး ထည့်ပေးလိုက်တယ်။ ဘယ်လောက်ရယ် မသိပါဘူး။ စာမူခတွေပါ။





"အစ်ကို့ စာမူခတွေပါ။ ဂျာနယ်တိုက်က ထုတ်လာတာ" လို့ စကားခံရပါတယ်။ ငွေရဲ့ အရှက်ရေတန်ဖိုးနဲ့ ငွေရဲ့ အသုံးချတန်ဖိုး ကွာခြားစေချင်လို့ပါ။ အပြစ်မဲ့တဲ့ငွေ ဖြစ်စေချင်လို့ပါ။

"အုပ်ထုပ်ကြီး သုံးချင်ရာသုံးပါစေကွာ။ အဲ... တစ်ခုတော့ရှိတယ်။ ငွေနဲ့ ကန်တော့တယ်ဆိုပြီး ကိုယ့်ကို ထဆဲမှာလည်း ကြောက်ရသေးတယ်"

"မပူပါနဲ့ အစ်ကိုရာ။ အဖေက ဆဲမှာသေချာပါတယ်။ ပေးတာနည်းတယ်ဆိုပြီးတော့"

ကျွန်တော်တို့ သန့်ရှင်းစွာ ရယ်မောနိုင်လိုက်ကြပါရဲ့။

ဒါပေမဲ့ အဲဒီငွေဟာ နာရီပိုင်းသာခြားပြီး ကျွန်တော်က ကြိုတင်ထည့်ဝင်လိုက်ရတဲ့ နာရေးအကူငွေ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော် ဘယ့်နှယ်လုပ်သိပါ့မလဲလေ။

[အလင်းတန်းဂျာနယ်၊ အမှတ် ၂၀၅၊ ဇွန်လ ၁၀ ရက်၊ ၂၀၀၂ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## မျှောက်မင်းသား

ကျွန်တော်က ရုပ်ရှင်မင်းသားလုပ်ဖို့ စိတ်ကူးမယဉ်ခဲ့ပေမယ့် ကံတရားအလှည့်အပြောင်းကြောင့် အကယ်ဒမီ ဖြစ်ခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် သရုပ်ဆောင်ဘဝမှာ နှစ်ပေါင်း ၃၀ လောက် ကျင်လည်ပြီးတော့လည်း ရုပ်ရှင်မရိုက်ရ မနေနိုင်မဟုတ်တဲ့တိုင်အောင် ဘယ်လိုပြောမလဲ။ အဲ… ပိုးကတော့ ခန္ဓာကိုယ်ထဲ ပျံ့နှံ့နေခဲ့ပြီဗျာ။ အရွယ်ရလာတဲ့အလျောက် သရုပ်ဆောင်ရတဲ့ အခန်းကဏ္ဍကလည်း ပုံစံပြောင်းလာခဲ့ပါတယ်။ ခုနယ်ခါတော့ အဖေခန်း၊ ပထွေးခန်းဆိုပါတော့လေ။ ဘာပဲဖြစ်ဖြစ် 'ဗေထိ' ဆိုရင် လက်ကလေးက ချိုးမိလျက်သား ဖြစ်ဖြစ်သွားတတ်ပါရဲ့။ ခက်တာက ကျွန်တော့်အင်္ဂါရုပ်နဲ့ ဂုဏ်ဒြပ်ပါ၊ ဘယ်လိုပဲ သရုပ်ဆောင်ဆောင် ဥပဓိရုပ်ကောင်းတဲ့ သူဌေးကြီး၊ ဆရာဝန်ကြီးစတဲ့ပုံ မပေါက်ပါဘူး။ စာပေသမား၊ အရက်သမားကြီးဆိုရင်တော့ လိုက်ဖက်ပါတယ်။ ဒီတော့ ကျွန်တော့်ကို ငှားရမ်းကြရာမှာလည်း အဲသလို အခြေခံ လူတန်းစားအခန်းသာ များတတ်ပါတယ်။ ပြီးတော့ ကျွန်တော့် ဂုဏ်ဒြပ်ပါ၊ ကျွန်တော်က စာရေးဆရာတစ်ပိုင်း၊ အကယ်ဒမီမင်းသားလည်း တစ်ပိုင်းဖြစ်ခဲ့လေတော့ ငှားရမ်းတဲ့သူတွေက လိုသုံးမယ်သုံး ခေါ်မသုံးကြပါဘူး။ ဇာတ်နဲ့အံဝင်ပြီး စရိုက်ပီပီပြင်ပြင်နဲ့ အဓိကဇာတ်ပို့နေရာမျိုးကျမှ ခေါ်သုံးကြတာပါ။ ဒါမျိုးဆိုတာကလည်း ဆယ်ခါ့ရံတစ်ခါသာ ကြုံတတ်တာကလား။





အဲဒါကိုက ပြဿနာပါပဲဗျာ။ စောစောကပြောသလို ကိုယ်ကလည်း စာရေးတာတစ်ပိုင်း၊ သီချင်းဆိုတာတစ်ပိုင်းနဲ့ စားဝတ်နေရေး ပြေလည်တယ်ဆိုပေမယ့် ရုပ်ရှင်ပိုးက ရှိနေတော့ ဘယ်အခန်းလာငှားငှား၊ ရိုက်ချင်တတ်တာပေါ့။ သူ့ရိုကလည်း လိုအပ်မှ အံဝင်မှ လာပြီး ငှားရမ်းကြတာဆိုတော့ ဆန့်ငင် ဆန့်ငင် ဖြစ်ရတာပေါ့။ တစ်ကားတလေ ရိုက်လိုက်ရလို့ ရုပ်ရှင်စိတ်ကလေး ပြန်လည်လာပြီဆိုရင်တော့ ဟော… သူ့ရိုက ကျွန်တော့်ဆီ ပေါ်မလာကြတော့ပြန်ဘူး။ အဲဒါကြောင့် ကိုယ်က မေ့မေ့ပျောက်ပျောက် နေလိုက်ချိန်ကျပြန်တော့ သူ့ရိုက လာငှားကြပြန်ရော။ တော်တော် ကတ်သီးကတ်သတ်နိုင်တဲ့ ကိစ္စပါပဲဗျာ။

ရှက်နေစရာ မလိုပါဘူးလေ။ တစ်ခါတလေများ ခြံထဲ မော်တော်ကားတစ်စီး ဝင်လာရင် ဒါမှမဟုတ် ရုပ်ရှင်ဗွီဒီယိုနယ်က လူတစ်ယောက်ရောက်လာရင်ငါ့များ လာငှားတာလားလို့ မျှော်လင့်မိတာ အမှန်ပါပဲ။

မှတ်မိတာလေးတစ်ခု ပြောပြချင်သည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်လောက်က ဖြစ်သည်။ နာမည်ကျော် ရုပ်ရှင်မင်းသားတွေ စုပေါင်းပြီး ရုပ်ရှင်ရိုက်ကြသည်။ ထိုစဉ်က ရှုပါများမှာ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ စိုးနိုင်၊ လင်းထင် စသူတို့ ဖြစ်သည်။ အခြား နာမည်ကြီးမင်းသားတွေလည်း ပါဝင်ကြသည်။ တစ်ယောက်လျှင် ငါးထောင်ကျပ်နှုန်း ထည့်ဝင်ကြသည်။ စုစုပေါင်း မင်းသားဆယ့်တစ်ယောက်။ စုပေါင်းငွေ ငါးသောင်းငါးထောင် ရသည်ဆိုလျှင်ပဲ ရုပ်ရှင်ကားကြီးတစ်ကား စတင်ရိုက်ကူးလို့ ရနေသောအချိန်။ မှတ်မှတ်ရရ ထိုဇာတ်ကားကို ကျွန်တော့်အဖေ၏စက်ဖြင့် ရိုက်ကူးသည်။ အတွင်းခန်းများကိုလည်း အဖေ့ခြံထဲ စတူဒီယိုတွင် ရိုက်သည်။ စုပေါင်းရိုက်ကူးသော ဇာတ်ကား ဖြစ်သဖြင့် မင်းသား ၁၁ ယောက်ကို ဘယ်သူ့ဘယ်သူ ဦးစားပေး၍ မရပေ။ ရှုပါလည်း ဒါပဲ။ နာမည်ကြီးလည်း ဒီတိုင်းပဲ။ နာမည်ကျလည်း ဒီသဘောပဲဟူ၍ ဆုကြေးနိမ့်မြင့် မခွဲခြားဘဲ လုပ်ကြကိုင်ကြသည်။ ဤတွင် ဇာတ်သဘောအရ ခေါင်းဆောင်မင်းသားရွေးဖို့ လိုလာသည်။ သည်တော့ မဲစနစ်သုံးရသည်။ မဲနှိုက်ကြသောအခါ ရှုပါမဟုတ်တော့သော 'ကောလိပ်ဂျင်နေဝင်း' ကြီးက နံပါတ်တစ် ပေါက်သည်။ သည်လိုပါပဲ ထူးခြားတာက ထိုဇာတ်ကားအတွက် ဦးဆောင်ဦးရွက်လုပ်ရမည့် ကိစ္စမှန်သမျှ မဲစနစ်ကိုသာ သုံးခဲ့ရာ နေရာတိုင်းမှာ ကောလိပ်ဂျင်နေဝင်းသာလျှင် နံပါတ်တစ်၊ ဂဏန်းတစ်သာ မဲပေါက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမှာ "မင်းသားအားလုံး လုပ်ငန်းခွင်ပေါ်တွင် အရက်မသောက်ရ" ဟူသော စည်းကမ်းဖြစ်သည်။ မင်းသားအားလုံးလိုလိုက အရက်သောက်တတ်သူချည်းမို့ ထိုပညတ်ချက်ကို အရေးတယူ စာချုပ်လက်မှတ် ကိုးရသည်။ သည်တော့လည်း ကောလိပ်ဂျင်နေဝင်းက ထိပ်ဆုံးမှပင် လက်မှတ် ထိုးရပြန်တော့သည်။ အမှန်တော့ ထိုကာလတွင် ကောလိပ်ဂျင်နေဝင်းမှာ အရက်ကို အချိန်မရွေး သောက်သုံးနေသူ ဖြစ်၏။

သည်လိုနှင့် ရုပ်ရှင် စရိုက်ကြတော့ နေ့လယ်စာ ထမင်းစားချိန်တွင် ထမင်းမစားခင် ကောလိပ်ဂျင် အရက်ဆာလာသည်။ လုပ်ငန်းခွင်ပေါ် အရက်မသောက်ရဟူသော စည်းကမ်းကို သူက ဦးဆောင် လက်မှတ်ထိုးထားသဖြင့် အခက်ကြုံသည်။ နောက်ဆုံး မနေနိုင်မထိုင်နိုင် ဖြစ်လာသောအခါ သူ့ခများ အရက်ကြိုက်တတ်သော မင်းသားငယ်များထဲ တိုးတိုးတိတ်တိတ် ပူဆာရတော့သည်။

"ငါ့ကို နှစ်ပက်လောက် ပေးစမ်းပါကွာ။ ထမင်းစားကောင်းရုံလေးပါ"

"ဟာ... အစ်ကိုကြီးကစပြီး ဝန်ခံကတိစာချုပ် လက်မှတ်ထိုးထားတာပဲ"

ဤသို့ဖြင့် ကျန်မင်းသားငယ် ဆယ်ယောက်ပြည့်သာသွားသည်။ သူ့ကို အားလုံးက ချေးကိုင်နေကြလေသည်။ အမှန်တော့ သင်းတို့လည်း ခွက်ပုန်းချပြီးသားပါ။

နောက်ဆုံး (ဇော်လင်းနှင့် သန်းဖေလေး ထင်သည်)။

"အစ်ကိုကြီး ကျွန်တော်တို့ခိုင်းတာ လုပ်မလား၊ နှစ်ပက်ပေးမယ်"

"ဘာလုပ်ရလုပ်ရကွာ"

"ကောင်းပြီ ဒါဆို မျောက်လိုကပြ"

နောက်ပိုင်း လူမမြင်ကွယ်ရာသွားပြီး မင်းသားငယ်များက ထမင်းစားသံပန်းကန်ပြားတွေ တီးကြ၊ 'ဝေလာမျောက်ကြီး ရှောက်သီးစားမလား' ဟူ၍ သီချင်းတွေ ဆိုကြနှင့် ဦးနေဝင်းကို မျောက်လို က,ခိုင်းကြတော့သည်။ လူကြီးခများ မောလောက်အောင်ကပြီးမှ အရက်နှစ်ပက် ရလေသည်။ သို့သော် နောက်ရက်များတွင်ကား နေ့လယ် ထမင်းစားချိန်ရောက်သည်နှင့် ကောလိပ်ဂျင်သည် မင်းသားငယ်များ စုဝေးရာနေရာသို့ရောက်လာပြီး "ဟေ့ကောင်တွေ မအေပေးတွေ၊ ငါ မျောက်လို ကချင်နေပြီကွ ငါ က,တော့မယ်"





သည်အဖြစ်အပျက်ကလေးမှာ ပြုံးချင်စရာဖြစ်ပေမယ့် တကယ် စဉ်းစားကြည့်တော့ မိမိ ကြိုက်နှစ်သက်ရာကို ရလိုဇောကြီးလျှင် ကိုယ့်သိက္ခာကို လျှော့ရမြဲဟု တွေးမိသည်။ မှ ကျွန်တော်လည်း ဘာထူးသနည်း။ ရုပ်ရှင်လေးတစ်ကားစ နှစ်ကားစ ပြန်ရိုက်ကူးရသောအခါ ရုပ်ရှင်ပိုး ပြန်ဝင်လာပြီး နောက်ပေါက် ရုပ်ရှင်သမားလေးများကို "ငါ မျောက်လို ကပြချင်ပြီ" ဟု ပြောရမည့်ကိန်း ဆိုက်နေပါပြီကော။

[လယ်ယာစီးပွားသတင်း၊ အမှတ် ၁၀၁၊ ၄ွန် ၂၁ ရက်၊ ၂၀၀၂ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်လုပ်ချင်တဲ့ ပန်းချီပြပွဲ

ပန်းချီပန်းပုကျောင်းဆိုရင်လည်း ကျွန်တော်က တက်ဖူးလိုက်တာပါပဲ။
ပန်းပုဆရာ ဆန်နီညိမ်းနဲ့ ကျောင်းနေဖက်ဖြစ်လို့တောင် ဂုဏ်ယူလို့ ရပါတယ်။
ဒါပေမဲ့ တစ်နှစ်ပဲတက်ပြီး ဘာမှ မည်မည်ရရ မရေးတတ် မခြစ်တတ်ခဲ့ပါဘူး။
ငယ်တုန်းက စိတ်ကစားပြီး ထင်ရာလျှောက်လုပ်တဲ့ သဘောပါ။ ပန်းချီကို
စိတ်ဝင်စားတာကလည်း ဦးလေးအောင်စိုး (ဗဂျီအောင်စိုး) နဲ့ ပေါင်းမိရာက
စတာပါ။ ခေတ်ပေါ်ပန်းချီတွေကို စိတ်ဝင်စား အထင်ကြီးခဲ့ပေမယ့် တကယ်
တမ်း ပန်းချီကို နှစ်သက်တာက ပုံတူရေးဆွဲတာကိုပါပဲ။ ကလေးစိတ်နဲ့ ဆိုပါ
တော့လေ။

ဘာပဲဖြစ်ဖြစ် စာပေနယ်ထဲ ရောက်လာတာတဲ့အခါမှာ ပန်းချီနဲ့ ပန်းချီ
ဆရာတွေကို အလိုလိုအကျွမ်းဝင်ရမယ့်သဘော ရှိတာယ်မဟုတ်ပါလား။ ကျွန်တော်
'စာသူငယ်' ဘဝမှာ ကြုံရဆုံရတဲ့ ပန်းချီဆရာတွေဟာ စံတိုး၊ မောင်မောင်သိုက်၊
မောင်ညိုဝင်း၊ မောင်ဒီ (မျိုးညွန့်)၊ တင်လှဝင်း၊ (ယခု ထင်တစ်လုံး ပိုလာသူ)
စတဲ့ ဆရာတွေပေါ့။ ခုတော့ ဦးတပ်ပြီးခေါ်ရမယ့် ဆရာကြီးတွေ ဖြစ်ကုန်ပါ
ပြီ။ ကျွန်တော်က လူသာငယ်တာ ပေါင်းတော့ လူကြီးတွေနဲ့။ သူတို့ကလည်း
လူသာကြီးတာ ပေါင်းတော့ချာတိတ်တွေနဲ့။ သေချာတာတစ်ခုကတော့ အားလုံး
ရဲ့ ပင်တိုင်နာယကကြီးကတော့ ဦးလေးအောင်စိုး (ဗဂျီအောင်စိုး) ပါပဲ။
ပန်းချီဆရာ ပေါင်းစုံနဲ့ ပေါင်းသင်းဖူးရာမှာ အနီးစပ်ဆုံးကတော့
မောင်ညိုဝင်းပါ။ သူက ကျွန်တော့်ခြံနဲ့ လမ်းလျှောက်သွားရင် ဆယ်မိနစ်လောက်
သာဝေးတဲ့ရပ်ကွက်မှာ နေတာကိုး။ ညနေတိုင်းလိုလို ဆုံဖြစ်တယ် ဆိုပါစို့။





နောက်တစ်ကြောင်းက သူဟာ မဂ္ဂဇင်းမျက်နှာဖုံးတွေ အတွင်းသရုပ်ဖော်ပုံတွေ
လည်း ရေးပါတယ်။ လုံးချင်းမျက်နှာဖုံးလည်း ရေးပါတယ်။ ပန်းချီကားသီးသန့်
လည်း ရေးတယ်။ အထူးသဖြင့်ကတော့ အဲဒီခေတ်က ရုပ်ရှင်ရုံဆင် ပိုစတာကြီး
တွေကို တစ်မူဆန်းသစ် ရေးဆွဲတာပါပဲ။ စုတ်ချက်ကြမ်းကြမ်းကြီးတွေနဲ့ အရောင်
ရဲရဲတွေကိုသုံးပြီး ရေးတာမို့ ကျွန်တော်တို့က နှစ်သက်ပါတယ်။ အထူးသဖြင့်
ရုပ်ရှင်ရုံဆင် ပိုစတာကြီးတွေကို စုတ်ချက်ကြမ်းကြမ်းရေးတော့ အနီးကြည့်မှာ
ဓာတ်ကောင်သရုပ် မပီပေမယ့် ဝေးဝေးကကြည့်လေ ထင်းခနဲ မြင်လေပါပဲ။
ရုံဆင်ပိုစတာဆိုတာ အဝေးကကြည့်ရတာ မဟုတ်လား။ အဲဒီရေးနည်းမူကို သူက
စွဲမြဲသုံးပါတယ်။ ဆိုကြပါစို့။ ရုံဆင်ပိုစတာကို လေးလက်မ ခြောက်လက်မ
စတဲ့ စုတ်တံကြီးတွေနဲ့ရေးရင် စာအုပ်မျက်နှာဖုံးမှာတော့ တစ်မတ်၊ ငါးမူး
စတဲ့ စုတ်တံလေးတွေနဲ့ ရေးတာပဲ ကွာခြားပါတယ်။ စုတ်ချက်နဲ့အရောင်ကတော့
အတူတူပါပဲ။ အဲဒီအချိန်တွေက ကျွန်တော်ဟာ ကိုယ်တိုင်လည်း စာရေးပြီး
ထုတ်ဝေသူတစ်ပိုင်း၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ထောက်အယ်ဒီတာလည်း တစ်ပိုင်း
မို့ သူနဲ့ ပိုပြီး နီးစပ်ရပါတယ်။ ပြီးတော့ အဖေ့ရဲ့ရုပ်ရှင်တွေ၊ အစ်ကိုမောင်ဝဏ္ဏ
ရဲ့ ရုပ်ရှင်တွေမှာလည်း မန်နေဂျာလုပ်ရပြန်တော့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ပန်းချီ
တွေအတွက် မောင်ညိုဝင်းနဲ့ မကင်းရပြန်ဘူးပေါ့။ လူငယ်ပီပီ ရဲရဲရင့်ရင့် ရေး
ချက်တွေကို သဘောကျတာရယ်၊ အိမ်ချင်းနီးတာရယ်ကြောင့် သူနဲ့ အတွဲများ
ပေမယ့် စိတ်ညစ်ဖို့ကောင်းတာက သူ့ဆီ ဘယ်ပန်းချီ အမျိုးအစားပဲအပ်အပ်
ရက်ချိန်းကြာတာပါပဲ။ အလုပ်တွေ လက်မလည်လို့ ကြာတာလားဆိုတော့ မဟုတ်
ပါဘူး။ သူ့စိတ်ပါမှ စ,ရေးတတ်လို့ပါ။ ပြီးတော့ ပန်းချီထက် သူက ငါးမျှား
တာတို့၊ ကလေးတွေနဲ့ စွန်လွှတ်တာတို့ကို ပိုပြီး အချိန်ပေးလေ့ ရှိတာကိုး။
(မယုံမရှိနဲ့ သူ့ကိုမေးကြည့်) အဲ ရေးပြီဆိုတော့လည်း တစ်ထိုင်တည်းနဲ့ ပြီး
တယ်။ မဂ္ဂဇင်းသရုပ်ဖော်မပြောနဲ့ ရုပ်ရှင်ပိုစတာကြီးတွေတောင် ရက်ပိုင်းနဲ့ပြီး
အောင် ရေးနိုင်တယ်။ ဒါလည်း မယုံမရှိနဲ့။

အဲ... ကျွန်တော်ပြောချင်တာက သူနဲ့ကျွန်တော့်အကြောင်း မဟုတ်ပါ
ဘူး။ သူ့အနုပညာအကြောင်းလည်း မဟုတ်ပါဘူး။ ပြောခဲ့သားပဲ။ ကျွန်တော်
က ပန်းချီဆိုရင် ပုံတူလောက်သာ သိခဲ့တဲ့လူပါလို့။ ခုပြောမှာကလည်း သူ့ရဲ့
ပုံတူတွေ ပန်းချီကားတွေ ကိစ္စပါပဲ။ ဒါပေမဲ့ ငယ်ငယ်က ကြိုက်ခဲ့တဲ့ ပုံတူ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားနဲ့ ခုအရွယ်မှာ နှစ်သက်လာတဲ့ ပုံတူပန်းချီကား သဘောကတော့ ကွာခြားခဲ့ပါပြီလေ။

စောစောက ကျွန်တော် ပြောခဲ့ပါတယ်။ ကျွန်တော်တို့အုပ်စုရဲ့ နာယကကြီး ဗဂျီအောင်စိုးပါလို့ ပြောကြစို့ရဲ့။ တစ်နေ့တော့ ဦးလေးအောင်စိုး ကွယ်လွန်ခဲ့ပါတယ်။ အဲဒီမှာတင် ကျွန်တော်တို့ လူငယ်အနုပညာသမားတွေက မိမိ တတ်စွမ်းရာ ငွေကြေး၊ အနုပညာ စသည်များနဲ့ ကူညီကြပါတယ်။ အဲဒီမှာ ဆရာညိုဟာ ဦးလေးအောင်စိုးရဲ့ ပုံတူပန်းချီကားကို တစ်ထိုင်တည်းဆွဲပြီး ကူညီပါတော့တယ်။ နိဗ္ဗာန်ယာဉ်ရဲ့ရှေ့မှာ ထောင်ထားဖို့ပါ။ ကျွန်တော်ဟာ သူနဲ့ အနီးကပ်ပေါင်းသင်းလာခဲ့ပြီး သူ ပန်းချီရေးတာကို ကြည့်ခဲ့တဲ့သူဆိုတော့ ဦးအောင်စိုးပုံတူရေးနေတဲ့ သူ့ရဲ့လက်နဲ့ သူ့ရဲ့စိတ်ဟာ ပိုပြီး အသက်ဝင်နေမှန်း သိနေပါတယ်။ ပါးစပ်ကလည်း 'ဦးလေးရေ… ဦးလေးရေ' နဲ့ ကျွန်တော်တို့ ခေါ်သလိုခေါ်ပြီး စုတ်ချက်ကြမ်းကြမ်းတွေကို ပစ်ခတ်နေတော့တာပါပဲ။ ဒါဟာ အသုဘရှင်တွေအတွက် မောင်ညိုဝင်းရဲ့ ထူးခြားပြီး အဖိုးတန်တဲ့ အကူအညီ (ပထမဆုံးအကြိမ်) လို့ ကျွန်တော် ထင်ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော့်ဖခင်ကြီး အသုဘမှာပါ။ ကိုယ့်အပူနဲ့ကိုယ်မို့ သူ့ကိုလည်း သတိရနေချိန် မရှိပါဘူး။ ဒါပေမဲ့ အသုဘချမယ့်နေ့မတိုင်ခင် ညကြီးသန်းခေါင်မှာ သူဟာ လက်စွဲတော်အိတ်တစ်လုံးဆွဲပြီး ပန်းချီပစ္စည်းတွေနဲ့ ရောက်ချလာပါတယ်။ အိမ်ရှေ့မန်ကျည်းပင်မှာ ပိတ်ကားချပ်ကို ချိတ်ပြီး ကျွန်တော့်စိတ်ထင် (တစ်နာရီလောက်အတွင်းမှာ) ဦးသာခုရဲ့ ရုပ်ရော်စိတ်ပါတူတဲ့ ပုံတူပန်းချီကားကြီး ဆွဲပါတော့တယ်။ ထုံးစံအတိုင်း ပါးစပ်က အဖေ့ကို တ,ရင်း ပစ်ခတ်ရေးဆွဲတာပါ။ (ဒီပုံ မင်းလူကို ကျွန်တော်က လက်ဆောင်ပေးထားတာ ခုထိ သူ့အိမ်မှာ ရှိနေပါတယ်) အဖေ့ရဲ့ပုံတူ 'နိဗ္ဗာန်ပန်းချီ' ဟာ ဆရာညိုရဲ့ ဒုတိယမြောက်လို့ ကျွန်တော် ထင်ပါတယ်။ မှတ်မိတယ်။ အထောက်တော်လှအောင်၊ မြတ်လေး စသဖြင့်ကနေ့ နောက်ဆုံး တက္ကသိုလ်ဘုန်းနိုင်၊ လင်းယုန်မောင်မောင်အထိပါ။ ကားချပ်ပေါင်း သုံးဆယ်လောက်ရှိမယ် ထင်ပါရဲ့။ ဒီလိုနဲ့ ဆရာညိုဟာ သူ ချစ်ခင်ယုံကြည်တဲ့ အနုပညာသမား သွားလေသူတွေအတွက် သူ့ရဲ့ ညွှန်ကြားတဲ့ ခံစားချက် ပုံတူပန်းချီတွေကို လက်ကြမ်းကြီးနဲ့ ဆက်တိုက် ရေးဖြစ်ပါတော့တယ်။ ဘယ်သူကမှ တာဝန်ပေးခြင်း၊ အကူအညီတောင်းခြင်း မရှိခဲ့ပါဘူး။ ဒီနေရာမှာ အနုပညာအရှိန်အဝါနဲ့ နာမည်ကြီးတာ၊ ငယ်တာကို သူ ဂရုမစိုက်ပါဘူး။





သူ ယုံကြည်တဲ့သူဆို အချိန်တန်ရင် ပန်းချီပစ္စည်းအိတ်ကလေးဆွဲပြီး ရောက်ချလာတော့တယ်။ ဒီအစဉ်အလာကို သူက 'တမင်တကာ' ယူပြီး လုပ်တာမဟုတ်မှန်း သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ ရေးဆွဲပေးတဲ့ 'နိဗ္ဗာန်ပန်းချီ' ပုံတူတွေရဲ့ ကာယကံရှင်တွေဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ဂန္ထဝင်ဖြစ်ခဲ့ကြသူတွေဖြစ်ပြီး သူ့ရဲ့ ပုံတူပန်းချီကားတွေဟာလည်း ဂန္ထဝင်မြောက်နေတယ်ဆိုတာ သူကိုယ်တိုင်က အခုထိ သိပုံမပေါ်လို့ပါပဲ။ ဟုတ်သားပဲလေ။ အနုပညာသည်ဆိုတာက မိမိ အနုပညာကို ကိုယ့်စိတ်က သိပ်ပြီး ဆုံးဖြတ်ချက်ပေးလိုတာမှ မဟုတ်ဘဲ။

ဒီအချက်ကို အခြေခံပြီး သူ့ဘက်ကနေ ကျွန်တော် စဉ်းစားပြီး လုပ်ချင်နေတဲ့ ဆန္ဒလေးတစ်ခု ရှိပါတယ်။ အခြား သူ့ရောင်းရင်းတွေကလည်း ကျွန်တော်နဲ့ စကားစပ်မိတိုင်း ကျွန်တော့်ဆန္ဒကို သဘောမျှကြပါတယ်။ ဒါကတော့ တစ်ချိန်ချိန်မှာ 'ပန်းချီမောင်ညိုဝင်း' ရဲ့ တစ်ကိုယ်တော်ဂန္ထဝင်ပုံတူပန်းချီကားပြပွဲလုပ်ဖို့ပါပဲ။ ကာယကံရှင်တွေကလည်း ကျေနပ်မှာပါ။

အင်း… ပြောမယ့်သာပြောရတာ။ သူကပါ သဘောတူဦးမှပါလေ။ ဒီလူကြီးက ပေကပ်ကပ်ရယ်။

[ပန်းသတင်းဂျာနယ်၊ အမှတ် ၂၊ ဇွန်လ ၂၅ ရက်၊ ၂၀၀၂ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## ရွှေကျားပြောသော ပုံပြင်

ကျွန်တော်တို့ ငယ်စဉ်တောင်ကျေး ပုလုကွေးဘ၀မှာ ပုံပြင်ကို စပြီး နားထောင်ကြပါတယ်။ ပုံပြင်ပေါင်းများစွာထဲက အစွဲလမ်းဆုံး၊ အကြားရဆုံး၊ ပထမဆုံး ပုံပြင်ကတော့ ရွှေယုန်နဲ့ 'ရွှေကျား' ပုံပြင်ပါပဲ။

အခု ဒီစာစုမှာ အဲဒီပုံပြင်ထဲက ဇာတ်ကောင် 'ရွှေကျား' ကို ယူပြီး ခေါင်းစဉ်းတပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောပြမှာက ပုံပြင်ထဲက 'ရွှေကျား' အကြောင်း မဟုတ်ပါဘူး။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက ဆရာသမားလို၊ ဦးလေးသားချင်းလို (အဆုံးစွန်) သူငယ်ချင်းလို ပေါင်းသင်း အားကျခဲ့ရတဲ့ 'ကျား' အကြောင်းပါ။ အဲ ဆရာကျားလို့လည်း သညာပြုပါတယ်။ 'ကျားကြီး' လို့လည်း ချစ်စနိုး သမုတ်ပါတယ်။ မြန်မာရော၊ ကမ္ဘာရောက အသိအမှတ် ပြုကြတာကတော့ လက်ဝှေ့ကျော် 'ကျားဘညိမ်း' ပါပဲ။

ကျားဘညိမ်းဆိုလို့ စကားမစပ် ပြောရဦးမယ်။ လက်ဝှေ့ကျော် ဦးဘညိမ်း ဟာ ကျားတစ်ကောင်လို ရဲရင့်ပြီး ကြမ်းတမ်းလို့ 'ကျား' ဆိုတဲ့ ဂုဏ်ပုဒ်ကို ယူခဲ့တာ မဟုတ်ပါဘူးတဲ့။ ကျွန်တော်တို့ အပျင်းပြေကစားတဲ့ ၁၂ ကောင်ကျား ထိုးတာမှာ အလွန်တော်ပြီး အလွန်ဝါသနာကြီးတာကြောင့် သူ့ကို ကျားဘညိမ်း လို့ ခေါ်တွင်ခဲ့တာပါပဲ။

အဲဒီ 'ကျား' ကို ကျွန်တော်က ချစ်ခင်လေးစားတာကြောင့် ယနေ့ ခေတ်အလိုအရ 'ရွှေကျား' လို့ သတ်မှတ်ပါတယ်။





ကျွန်တော် မှတ်မိသလောက် ဆရာကျားနဲ့ ပေါင်းသင်းခဲ့ရာမှာ အကြိမ် များစွာဟာ ဆရာကျားရဲ့ ပုံပြင်တွေ နားထောင်ခဲ့ရတာချည်းပါပဲ။ ဆရာဟာ အကြောင်းအရာတစ်ခုခုကို စကားဝိုင်းမှာ ကြုံလာဆုံလာရင် ချက်ချင်းဆိုသလို ပဲ အဲဒီအကြောင်းအရာနဲ့ လိုက်ဖက်တဲ့ ဟာသဆန်တဲ့ ပုံပြင်တွေကို ပြောပြတတ် ပါတယ်။ ထိထိမိမိ ရှိလှသလို ရယ်မောပျော်ရွှင်ရတဲ့ ပုံပြင်တွေပါပဲ။ ထူးခြား တာက ဆရာကျား (ရွှေကျား) ရဲ့ ပုံပြင်တွေဟာ ရှေးဘိုးဘေးဘီဘင်လက်ထက် က တစ်ဆင့်စကားနဲ့ အစဉ်အလာအရ ပြောလာကြတဲ့ ရိုးရာပုံပြင်တွေ မဟုတ် ပါဘူး။ သူ့ဘာသာသူ ရာကြံတီထွင်ပြီး အပြောင်အပြက် ပြောခဲ့တာချည်းပါပဲ။ ယုတ္တိယုတ္တာလည်း ရှိလှပါတယ်။ ရှိမှာပေါ့။ သူက သူနဲ့ ခေတ်ပြိုင်ဖြစ်ပေါ်ခဲ့ တဲ့ လူတွေနဲ့ အကြောင်းအရာတွေကို စပ်ဟပ်ပြီး တီထွင်ခဲ့တာကိုး။ နားထောင် လို့ကောင်းသလို ယုတ္တိရှိလွန်းလို့ တကယ့်အဖြစ်အပျက်များလား ထင်ခဲ့ကြရ တာ မနည်းပါဘူး။ ဒါကြောင့်လည်း ကျွန်တော်ဆိုရင် လူဘုံအလယ်မှာ အရှက် ကွဲခဲ့ရဖူးပါရဲ့။

တစ်ခါသား သူက ကျွန်တော့်ကို မိုဟာမက်အလီ (ကမ္ဘာကျော်ဂန္ထဝင်) ရဲ့အကြောင်းတစ်ခု အတည်ပေါက်ကြီး ပြောပြပါတယ်။ အချိန်ကလည်း မိုဟာမက် အလီ သရဖူ စွန့်လွှတ်ခဲ့ရပြီး နောက်တစ်ကြိမ် ပြန်ယူခဲ့တဲ့ကာလဆိုတော့ ပရိသတ် အလွန်စိတ်ဝင်စားနေချိန်၊ မိုဟာမက်ရဲ့ ထိကပါး ရိကပါး ပြောင်မြောက်လှတဲ့ စကားတွေကလည်း ကမ္ဘာကျော်နေချိန်ကိုး။

'အလီဟာ အင်္ဂလန်မှာ လူဖြူလက်ဝှေ့ကျော်နဲ့ ထိုးသတ်ကြတော့ တစ် ကြိမ်မှာ တစ်ဖက်လူရဲ့ လက်သီးချက်မိပြီး ဖင်ထိုင်ကျသွားတယ်။ သူက ချက်ချင်း ပြန်ထပြီး ပရိသတ်ကို အော်ကြီးဟစ်ကျယ် ပြော်သတဲ့။ အယ်လီဇ ဘက် ဘုရင်မကြီးက 'အလီ... အလီ' ဆိုပြီး အော်ဟစ်အားပေးတာကြောင့် သူက ယောင်ရမ်းပြီး လှည့်ကြည့်မိလို့ ခုလို အလစ်ထိုးခံရတာပါတဲ့"

အဲဒီအကြောင်းကို ရုပ်ရှင်ရိုက်ကွင်းတစ်ခုမှာ ကျွန်တော်ကလည်း အတည် ပေါက်ကြီး ပြန်ပြောပြတော့ အဖွဲ့သားတွေအားလုံးက သဘောကျပြီး ရယ်မော ကြလေရဲ့။ ဒါပေမဲ့ အလီ အသည်းစွဲမင်းသားကြီး ညွန့်ဝင်းကတော့ မရယ်တဲ့ အပြင် "ခင်ဗျား ဘာပေါက်ကရတွေ လျှောက်ပြောတာလဲ။ ကျွန်တော် အလီ ရာဇဝင် အကုန်ဖတ်ထားပြီးသားဗျ။ ခင်ဗျားပြောတဲ့အကြောင်း မပါဘူး" လို့ လက်တို့ပြောမှ အရှက်ကွဲရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆိုချင်တာက ဝတ္ထုသမားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်တောင် တကယ် ထင်ရအောင် 'ရွှေကျား' ပုံပြောကောင်းတာကိုပါ။

* * *

တစ်မြန်နေ့ကတော့ လက်ဖွေ့ကျော် ကျားဘညိမ်းရဲ့သား ပန်းပုဆရာ ဆန်နီညိမ်း (ဘာမှလည်း မဆိုင်ဘူးနော်) ဆီ အလည်သွားပါတယ်။ မတွေ့ရ တာကြာပြီဖြစ်တဲ့ သူငယ်ချင်းနှစ်ယောက် ပြန်ဆုံတော့ ရှေးဟောင်းနှောင်းဖြစ် တွေ ပြောကြပါတယ်။ ထုံးစံအတိုင်း ဆန်နီညိမ်းက အိမ်ရှင်ဆိုတော့ ကျွန်တော့် ကို ကျွန်တော့်ဖခင် (ဆရာမု) အကြောင်း ချီးမွမ်းခန်းနဲ့ ဧည့်ထောက်ခံပါတယ်။ ဒီတော့လည်း ကျွန်တော်ကလည်း သူ့အဖေ (ဆရာကျား) အကြောင်း ရွှေနား တော် ပြန်သွင်းရတာပေါ့။ ဒီမှာတင် စောစောကပြောတဲ့ 'ရွှေကျား' ပုံပြော ကောင်းကြောင်းတွေ ရောက်သွားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဲဒီအချိန် မှာ (ဆရာကျားနဲ့ လက်တွဲခဲ့ဖူးတဲ့ အားကစားဆောင်းပါးရှင်) ဆရာစိန်မျိုးမြင့် က ကျွန်တော်တို့ဝိုင်းထဲ ရောက်ချလာတယ်။ သူကလည်း ဆရာကျား ချီးမွမ်း ခန်းထဲ သူ့အတွေ့အကြုံတွေနဲ့ ဝင်ရောက်လာပါတော့တယ်။

"တစ်ခါသားကွာ ငါတို့ တံခွန်ဂျာနယ်တိုက်မှာ ထိုင်နေတုန်း ဆရာကျား ရောက်လာတယ်။ မျက်စိမျက်နှာ မကောင်းဘူး။ ပြီးတော့မှ သူက မနက်က ငါနဲ့အကြည် (ဆရာကျားဇနီး) တော်တော် ဒုက္ခရောက်သွားတယ်။ မနေ့ညက နယ်က လက်ဖွေ့သမားတွေ ငါတို့အိမ်မှာ အိပ်ကြတယ်။ ငါ့တပည့်တွေကို ငါက အခန်းလွတ် တစ်ခန်းတည်းစုပြီး အိပ်ခိုင်းတယ်။ ဒီမနက်တော့ကွာ နေ ဖင်ထိုးတဲ့အထိ အိပ်ရာက မထကြလို့ အကြည်က စိတ်ပူပြီး အခန်းတံခါးသွား ထုပြီး နှိုးတယ်။ ဒီတော့လည်း ဒီကောင်တွေက ကြည်ကြည်လင်လင် လန်းလန်း ဆန်းဆန်းအသံနဲ့ သူတို့ နိုးနေကြပါပြီလို့ အသံပြန်ပြုတယ်။ ဒါနဲ့ ငါကလည်း သင်းတို့ အိပ်ရာက အစောကြီးနိုးပြီး ဘာကြောင့် ချက်ချင်း မထကြသလဲ သိ ချင်လို့ အခန်းထဲ ဝင်သွားတော့ ငနဲသားတွေ ခြင်ထောင်ထဲ ငုတ်တုတ်ထိုင် ရက် တွေ့ရတယ်။ 'ဟေ့ကောင်တွေ အပြင်ထွက်ကြတော့လေ' လို့ပြောတော့ မှ ခြင်ထောင်အပြင် ဘယ်လိုထွက်ရမှန်း မသိဘူး။ အပေါက်ရှာမတွေ့လို့တဲ့။ တယ်ခက်တဲ့ကောင်တွေကွာ" ဆိုပြီး ငါတို့ ရယ်ပွဲမဖွဲ့ခင်မှာ စကားဖြတ်၊ စိတ် ညစ်တဲ့ အမူအရာနဲ့ ဂျာနယ်တိုက်ပေါ်က ပြန်ဆင်းသွားပါရော"





ဆရာကျားဟာ အဲသလို ခေတ်ပြိုင်ပုံပြင်တွေ ပြောတဲ့အခါမှာ ပိုပြီး ယုတ္တိတန်အောင်၊ ပိုပြီး ရယ်ရအောင် အပြစ်လည်းလွတ်အောင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတတ်ပါတယ်။ အခု ပုံပြင်ဆိုရင် ဇာတ်ကောင်နေရာမှာ တခြား အားကစားသမားတွေ မသုံးဘဲ သူ့ချစ်တပည့် လက်ဖွေ့သမားတွေကို သုံးထား တယ်။ ဆရာကျားရဲ့ ပုံပြင်ဇာတ်ကောင်အဖြစ် မကြာမကြာလို အသုံးချခံရတာ ကတော့ ရွှေမန္တလေးသားတွေပါပဲ။ ဘာကြောင့်လဲဆိုတော့ ဆရာကျားဘညိမ်း ကိုယ်တိုင်က ရွှေမန္တလေးသား မဟုတ်ပါလား။ ဩော်... ဟာသလုပ်တယ် ဆိုတာကလည်း အချင်းချင်း ကျီစယ်မှ ကြည်နူးစရာကောင်းတာကိုးလေ။

ဆိုကြပါစို့ရဲ့။ အဲဒီနေ့က 'ရွှေကျားပုံပြင်' တွေ တစ်ယောက်တစ်လှည့် ပြောလိုက်ကြတာ၊ ကျွန်တော့်မှာ သမီးငယ်လေး ကျောင်းသွားကြိုဖို့ရာ တစ်နာရီ နီးပါးလောက် အချိန်တွေ နောက်ကျယူရရောပါပဲ။ ဒါနဲ့ ကျွန်တော်က ဆန်နီ ညိမ်းကို ပြောရပါတယ်။

"ကိုင်း... ခင်ဗျား အဖေအကြောင်း ပြောရရုံနဲ့ အလုပ်တွေ မေ့ကုန် ပြီဗျ၊ ဒါတောင် သူကိုယ်တိုင်နဲ့ ထိုင်ပြီးပြောရ၊ အဲ... နားထောင်ရတာ မဟုတ် သေးဘူး" လို့။

**မှတ်ချက်။** ။ ဤစာစု ရေးနေချိန်မှာ ၂၀၀၂ ဇူလိုင်လ ၂၈ ရက်မှာ ဖြစ်ပါသည်။ ဆရာကျားသည် ကျွန်တော်တို့ လက်ပေါ်မှာတွင် ၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါသည်။ ဘာလိုလိုနှင့် ၂၃ နှစ် တင်းတင်းပြည့်ခဲ့ပါပြီကောဗျာ။ တစ်ဆက်တည်း အကူအညီတောင်းလိုသည်မှာ ကျွန်တော်ကဲ့သို့ ဆရာကျား၏ အရင်းအချာမဟုတ်ဘဲ နီးစပ်ရာ စာပေ၊ ဂီတ၊ ပန်းချီနှင့် အားကစားနယ်ပယ်မှ ပုဂ္ဂိုလ်များကလည်း ရွှေကျား ပုံပြင်များ မှတ်မိသိရှိပါက ရေးကြပါ၊ ပြောကြပါ။

[တက်လမ်းဂျာနယ်၊ အတွဲ ၃၊ အမှတ် ၂၇၊ ၂၀၀၂ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## မြင်းသမား

ငယ်စဉ်ပုလုကွေးအခါက အဘွားဖြစ်သူနှင့် မြင်းပွဲလိုက်ဖူး၏။ အဘွား (အဖေ့အမေ) က မြင်းဝါသနာပါ၏။ မြင်းလောင်းတာ ဆိုပါစို့။ ကျွန်တော်က မြင်းဆိုလို့ ရှင်ပြုစဉ်တုန်းက မြင်းပုလေး စီးရတာ မှတ်မှတ်ထင်ထင် ရှိနေ၏။ အဖေဝယ်ပေးထားသော ကစားစရာ မြင်းကျား (ဗိုအုန်းသီး ကလေးကစားစရာဆိုင်ကထုတ်လုပ်သည်) သစ်သားရုပ်တော့ ကောင်းကောင်းစီးခဲ့ရ၏။ Floating Chair လို လှုပ်တုပ်လှုပ်တုပ် မြင်းရုပ်ဖြစ်၏။ အိမ်က ခန်းစည်းလိုက်ကာမှ မြင်းရုပ်ကလေးများကို ကတ်ကြေးဖြင့် အသေအချာညှပ်ပြီး ဆော့ကစားသဖြင့် ကြီးတော်ကြီးခေါင်းခေါက်တာကိုလည်း မှတ်မိနေ၏။

အဘွားနှင့် မြင်းပွဲလိုက်ရတာက ဟိုမှာ 'ကူးလ်ဖီး' ခေါ် ရေခဲမုန့်အတောင့်တွေ စားရသောကြောင့် ဖြစ်၏။ မှတ်မိသေး၏။ အဘွားက မြင်းကိစ္စ ကြည့်မောနေလို့ ကူးလ်ဖီး ကုလားကြီးကို အနားခေါ် မြေးစားချင်သလောက် စားပါစေ ခိုင်းလိုက်ရာ ကျွန်တော်က ခြောက်တောင့်စားသဖြင့် မြင်းလောင်းကြေးနှင့် မကာမိဖြစ်ပြီး ဗိုက်ခေါက်ဆွဲလိမ်ခံရတာကို ဖြစ်၏။ ခုနယ်ဆို တစ်တောင့်ပင် မနည်းစားယူရမည့် အရွယ်အစားပါ။

ထိုသို့သော 'မြင်း'၊ 'မြင်းပြိုင်ပွဲ' နှင့် 'မြင်းကွင်း' သည် ကျွန်တော့်ဘဝထဲ မှတ်မှတ်ထင်ထင် ဝင်လာလိမ့်မည်ဟု ဘယ့်နှယ်လုပ်ပြီး သိပါမည်နည်း။ ပြီးတော့ မြင်းပွဲဆိုတာတွေကလည်း ကျွန်တော် အရွယ်မရောက်ခင်မှာပင် ပိတ်သိမ်းပြီး မဟုတ်ပါလား။

* * *





အစ်ကို မောင်ဝဏ္ဏက 'ပန်းတွေနဲ့ဝေ' ရုပ်ရှင်ဇာတ်ကား ရိုက်ကူးတော့ ကျွန်တော် မင်းသားမဖြစ်သေးပေ။ မင်းသားတော့ လုပ်နေပါပြီ။ 'ချစ်စံနမူ' ဆိုသည့် ပွဲဦးထွက်ကို စတင်ရိုက်ကူးနေချိန်။ ပန်းတွေနဲ့ဝေ ဇာတ်ကားမှာတော့ 'ကားရိုက်မန်နေဂျာ' လုပ်နေရ၏။ 'ပန်းတွေနဲ့ဝေ' မှာ ခေါင်းဆောင်ကြသူတွေက 'ညွှန့်ဝင်း' နှင့် 'ခင်ယုမေ'။ ကားရိုက်မန်နေဂျာဆိုတာက မင်းသား၊ မင်းသမီး ကြိုတာပို့တာလည်း လုပ်ရသည်ဆိုတော့ 'ညွှန့်ဝင်း' နှင့် 'ခင်ယုမေ' က ကျွန်တော့်ကို ခင်မင်သွားကြသည်။ တစ်ဆက်တည်းမှာပင် အဖေက ကျွန်တော့်ကို မင်းသားတင်ရိုက်နေမှန်း သူတို့က သိသွားကြတော့ ထိုစဉ်က စူပါများပီပီ ကျွန်တော့်ကို အရာရာ သွန်သင်ပေးသည်။

"မင်းသားလုပ်မယ်ဆိုရင် ဘက်စုံတတ်ထားရမယ်" ဟု သူရိုက ဆိုသည်။

"ကျွန်တော်က ဘယ်လိုမင်းသားဖြစ်လာမယ် မသိဘူး" ဆိုတော့…

"ဆရာသာမရိုက်ရင် အောင်မြင်မှာပါ။ နောင်ဆို ဗိုက်တင်တွေဘာတွေလည်း ရိုက်ရမှာပေါ့" ဟု စကားမြှူဆွယ်သည်။

"ကျွန်တော်က ရန်မဖြစ်တတ်ဘူး" ဟု စကားကပ်တော့…

"ဘာပဲဖြစ်ဖြစ် ကျန်းမာရေး လေ့ကျင့်သင့်တယ်" တဲ့။

နောက်တော့ ဗိုတ်မတာ၊ ဂျူဒို၊ ကရာတေး ကစားတာ စသဖြင့် ပင်ပန်းမယ့်အလုပ်တွေ မလုပ်ချင်သော ကျွန်တော့်ကို မြင်းစီးဖို့ အကြံပေးသည်။ မမကြီး ခင်ယုမေက စပြီး အကြံပေးတာ ဘာကြောင့်မှန်းမသိ အံ့ဩမိသည်။ သူကတော့ ရိုးရိုးပင် ပြောသည်။

"ကိုဗလလေးရဲ့ မြင်းစီးတယ်ဆိုတာ ကိုယ်က အပင်ပန်းခံပြီး လှုပ်ရှားရတာ မဟုတ်ဘူး။ မြင်းလှုပ်တာကို ကိုယ်က အလိုက်သင့် လိုက်လှုပ်ပေးရတာ။ ပညာသားပါတယ်။ သူလှုပ်သမျှ ကိုယ်က အလိုက်သင့် လိုက်မလှုပ်ရင် ပြုတ်ကျမှာမို့ သတိလည်း ထားနေရတယ်။ သူများလှုပ်တာ ကိုယ်က လိုက်ရတော့ မပင်ပန်းပေမယ့် ပင်ပန်းပြန်ရော" တဲ့။

အစ်ကိုကြီး ညွှန့်ဝင်းကတော့…

"မောင်ရင်က ပိန်တယ်။ မြင်းစီးရင် ပိန်သူ ဝပြီး၊ ဝသူ ပိန်စေသကွယ့်။ ပြီးတော့ မောင်ရင့်လို မော်တော်ကားမောင်းတာ ဝါသနာပါသူဟာ သက်ရှိယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုထိန်းမလဲ။ အရှိန်ကို ဘယ်လိုခံစားမလဲဆိုတာ လေ့လာနိုင်တယ်” ဟု ပညာတတ်စကားပြောသည်။

ဆိုကြပါစို့။ မြင်းစီးဖို့ သဘောတူမိသည်။

* * *

ထိုစဉ်က ညဘက်မှ စာရေးသောအကျင့်ရှိခဲ့ရာ နံနက် အိပ်ရာထ အမြဲ နောက်ကျခဲ့သည်။ မြင်းကွင်းသို့ သွားရတာက နံနက် ငါးနာရီခန့်ဆိုတော့ ကျွန်တော့်ကို ညွန့်ဝင်းနှင့် ခင်ယုမေက တစ်လှည့်စီ လာနှိုးပြီး ခေါ်သွားကြရသည်။ ကိုညွန့်ဝင်းက ‘ချာကာမာရသွန်’ ဆိုသော အမေရိကန် ကားကြီးနှင့်ဖြစ်ပြီး မမခင်ယုမေက ‘ဘဲလ်အဲယား’ အမေရိကန်ကားဖြင့် ဖြစ်သည်။ ကျွန်တော့်မှာ မော်တော်ကား မရှိပါ။ အဖေ့ကားကလည်း အစုတ်ပလုတ်မို့ မြင်းသွားစီးရမှာ ထက် သူတို့ကားတွေ ကပ်စီးရမှာ ပို၍ ကျေနပ်မိသည်။ (တစ်ခါသား ကိုညွန့်ဝင်း သူ့ကားပျက်နေလို့ သုံးဘီးကားငှားပြီး လာခေါ်တာ မှတ်မိနေပြန်၏)

ထိုစဉ်က မြင်းကွင်း မြင်းအသင်းမှာ ယခု ကျိုက္ကဆံကွင်းကြီးမှာပင် ဖြစ်၏။ မြင်းတွေက ပေါပြီး စီးမည့်သူက သိပ်မရှိလှပေ။ ထိုအခါ ကျွန်တော် က မြင်းနှစ်ကောင် အပိုင်စားရသည်။ အပိုင်စားဆိုတာက ကြိုက်ရာမြင်း ယူစီးနိုင်တာကို ပြောတာ။ ကိုညွန့်ဝင်းတို့ကတော့ ကိုယ်ပိုင်မြင်းတွေပင် မွေးထားသည်။ သူ့မြင်းနာမည်တွေ မှတ်မိနေ၏။ ‘ချစ်ဖော’၊ ‘သိင်္ဂဖော’၊ ‘ရမ္မက်ဖော’ တဲ့။ ဒါနှင့် ကျွန်တော်က သူ့ကို ကျီစယ်သည်။ နောက်တစ်ကောင် မွေးရင် ‘တဏှာဖော’ လို့ နာမည်ပေးပါလားဟု။ ထိုအခါ သူ ကျွန်တော့်ကို စိတ်ဆိုးပြီး သုံးရက်လောက် အိမ်လာမခေါ်တော့ပေ။

ကျွန်တော်စီးခွင့်ရသော မြင်းနှစ်ကောင် နာမည်များမှာ ‘အောင်သိန်းဝင်း’ နှင့် ‘ဝဏ္ဏ’ ဖြစ်သည်။ ‘အောင်သိန်းဝင်း’ က ပိန်လှီသော်လည်း ပြေးအားကောင်းသည်။ ‘ဝဏ္ဏ’ က အလွန်လှပ တောင့်တင်းသဖြင့် အသားကျစီးလို့ကောင်းသည်။ ‘အောင်သိန်းဝင်း’ ကို ကြိမ်ပင် တို့စရာမလို။ ဝင့်လိုက်ရုံနှင့် တအားပြေးသည်။ ‘ဝဏ္ဏ’ ကတော့ ရိုက်မှပြေးသည်။ ကျွန်တော်ကလည်း ‘ဝဏ္ဏ’ ကို စီးလျှင် ရိုက်ပြီးစီးသည်။ ရိုက်လျှင်လည်း ပါးစပ်ကပါ ‘ဟဲ့… ဝဏ္ဏ ပေ့ာကောင် ဝဏ္ဏ’ ဟု တအားအော်ဟစ်သည်။ ကိုညွန့်ဝင်းက ‘သိပ်မရိုက်ပါ





နဲ့ဗျာ’ လို့ပြောတော့ ‘အိမ်မှာ အစ်ကိုမောင်ဝဏ္ဏကို မနိုင်လို့ မြင်းဝဏ္ဏကို အစ်ကို့ အမှတ်နဲ့ ဆော်တာဗျ’ ဟု ဖြေရသည်။ သည်တော့လည်း သူက သဘောကျပြီး ရယ်ပြန်ပါသည်။

‘ဝဏ္ဏ’ ကို အလွန်ချစ်သော မြင်းစီးသမတစ်ဦး ပေါ်လာသည်။ ထိုစဉ်က ‘ဩစတြေးလျ’ သံအမတ်ကြီး၏သမီး ဖြစ်သည်။ ဖြူဖြူတုတ်တုတ်ကလေးပါ။ သူက မြင်းကို တစ်အူထုံ့ဆင်းလို ဂရုစိုက်သူ ဖြစ်သည်။ မြင်းစီးတာက နည်းနည်း။ ဝဏ္ဏကို မြက်ခင်းပေါ် လှဲအိပ်ခိုင်းပြီး မြင်း၏ ဗိုက်ပေါ် သူက မှီထိုင်သည်။ ပါးလျက်နားလျက် လုပ်သည်။ သူရို့ပြည်ဖြစ် မြင်းစာတွေ တနင့်ကျွေးသည်။ တစ်ခါသား ဝဏ္ဏ၏ မြင်းစာနည်းနည်း လျှာပေါ်တင်မြည်းကြည့်ဖူးသည်။ အောင်မယ် ကောင်းသားဗျ။ သည်တော့ ‘ဝဏ္ဏ’ ဆိုတဲ့ကောင် စည်းကမ်းမပျက် ဘယ်ခံနိုင်မည်နည်း။ အိမ်မှာက အဲ… မြင်းဇောင်းမှာက အကောင်းဆုံး စားရ၊ ဖီးကြမ်းငှက်ပျောသီးပေါ့။ ဒါတောင် ကျွန်တော် စားမကုန်လို့ကျွေးမှ စားရရှာတာ။ သည်မှာ ထိုကောင်မလေးနှင့် ကျွန်တော် ‘ဝဏ္ဏ’ ကို လုကြရတော့သည်။ သူက သူ့စီမံ (လူဖြူ) ဆိုတော့ အမျိုးသားချင်း ရိုင်းပင်းသော ကျွန်တော်က ‘ဝဏ္ဏ’ ကို လက်ဦးမှု ရသည်။ ကျွန်တော်က အကြံသမား ဖြစ်သည်။ ကောင်မလေး မနက်တိုင်း မြင်းကွင်းလာတာက သူ့အဖေရဲ့ အကောင်းစား မာစီဒီးကားကြီးနှင့်။ ကျွန်တော် မျက်စိကျနေတာ ကြာပြီ။ ကိုင်း… ‘ဝဏ္ဏ’ လိုချင်ရင် နင့်ကားငါယူ စီးမယ်ပေါ့။ သည်လိုနှင့် သံအမတ်ကြီးပိုင် မော်တော်ကားကို မနက်တိုင်း ကျွန်တော် မောင်းနှင်ခွင့်ရသွားတော့သည်။

နောက်ဆုံး မှတ်မိနေတာက မြင်းကွင်းကို သူရို့အိမ်သဖွယ် သဘောထားနေသော ရုပ်ရှင်မင်းသား၊ မင်းသမီးစုံတွဲ ဖြစ်သည်။ တက်သစ်စ မင်းသားလေး ပြုံးမောင်မောင်နှင့် အကယ်ဒမီ ခင်သီတာထွန်းတို့ ဖြစ်သည်။ သူရို့က မညားသေးပါဘူး။ နည်းနည်းတော့ ရိုးတိုးရိပ်တိတ် ဖြစ်နေပြီ။ ဒါကို ကျွန်တော်က သိသည်။ ပြုံးမောင်မောင်က ကြောက်နေသည်။ ခင်သီတာထွန်းက ‘မလဲမီ တွဲပါတော့မည်’ ဆိုတာလို။

ဒီနှစ်ယောက် တော်တော်နှင့် အဆင်ပြေမှာ မဟုတ်ဘူးဟု သိနေသော ကျွန်တော်သည် တစ်နေ့သော ဒီဇင်ဘာလနံနက် ဝေလီဝေလင်းကွင် သူရို့စုံတွဲနှင့် ကွင်းနှစ်ပတ်မြင်းပြိုင်မည်ဟု စိမ်ခေါ်လိုက်သည်။ သုံးကောင်သား ပြိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတာ ကွင်းတစ်ပတ်ပြည့်တော့ ကျွန်တော်က 'အောင်သိန်းဝင်း' ကို ဓာက်သတ်ပြီး မြင်းဈောင်းထဲ အသာလျှိုပြီး ပြန်ခဲ့သည်။

ဒီဇင်ဘာနှင်းမှုန်တွေကြားမှာ ဟိုနှစ်ကောင် ပျောက်သွားကြရာ သူတို့ မင်္ဂလာဆောင်ကျမှ ပြန်ပေါ်လာတော့သည်။

[လယ်ယာစီးပွားသတင်း၊ အမှတ် ၁၁၀၊ ဩဂုတ်လ ၂၃ ရက်၊ ၂၀၀၂ ခုနှစ်]



## တစ်ပတ်လည်ကျေးဇူး

ရွှေအမြုတေမဂ္ဂဇင်း (အမှတ် ၁၅၁၊ ၁၅၂ ဇွန်လ၊ ဇူလိုင် ၂၀၀၂) တို့ကို ဖတ်သည်။ 'ဆရာဝင်းငြိမ်း၏ တက္ကသိုလ်ဘုန်းနိုင်နှင့် တွေ့ဆုံခြင်း' ကို တွေ့သည်။ ထိုအင်တာဗျူးမှာ လွန်ခဲ့သော (၁၇) နှစ်က ပေဖူးလွှာမဂ္ဂဇင်းတွင် ပါရှိပြီးသား ဖြစ်သည်။ ဒါကို ဆရာဘုန်းနိုင် ကွယ်လွန်သော (၁၀-၅-၂၀၀၂) နှင့် တိုက်ဆိုင်၍ ပြန်လည် ဖော်ပြခြင်းဖြစ်သည်။ ဆရာဝင်းငြိမ်း၏ 'တစ်ပတ်လည်အလွမ်း' ဆိုကြပါစို့။ ကနေ့ စာဖတ်သူများအဖို့ အသစ်အဆန်းဖြစ်သော်လည်း ယခင် စာဖတ်သူများအတွက်တော့ 'တစ်ပတ်လည် ခံစားမှု' ဟု ဆိုရပါမည်။ ထိုစဉ်က ပေဖူးလွှာမှာ ကျွန်တော်တို့ကိုလည်း ဆရာဝင်းငြိမ်းက အင်တာဗျူးလုပ်ခဲ့တာမို့ ဆရာဘုန်းနိုင်နှင့် အင်တာဗျူးကို ပြန်ဖတ်တာ 'တစ်ပတ်လည် ငယ်ဂုဏ်' ကို ရသည်။ ခုလို တစ်ပတ်လည်ပြီး ပြန်ဖတ်တော့ တစ်ပတ်လည် အတွေးကို ပြန်ပေါ်လာသည်။

ပထမတွေးမိတာက 'သုမောင်' ဟူသော ကလောင်အမည်ကိစ္စကို ဖြစ်သည်။ ဆရာက ဖြေထားသည်။ ကျောင်းမှာတုန်းက 'ဆွေသုမောင်' ကလောင်အမည်ဖြင့် ရေးခဲ့ဖူးသည်ဟု။ 'ဆွေသုမောင် အမွေများကိုလ၊ မေယုတောင် နေရထားတွင်ပ၊ ခွေစကားမှာလိုက်မယ်' တေးထပ်ထဲက လှလို့ယူသုံး ကြောင်းဟု၊ 'ဆွေ' ဆိုတဲ့ စကားက ကလက်သည်ဟု 'သုမောင်' ချည်းပဲ သုံးခဲ့သည်ဟု၊ (ခုလည်း-သုမောင်ရှိနေသည်) ဟု။

လွန်ခဲ့သော (၁၇) နှစ် ဆရာ့အင်တာဗျူးကို ဖတ်ရစဉ်က နည်းနည်းတော့ ကျွဲမြီးတိုသွားခဲ့ပါသည်။ ဆရာသည် သုမောင် ကလောင်အမည်ကို သုံးဖူးတာ ကျွန်တော် မသိကြောင်း၊ ကျွန်တော့်ဖခင် ဆရာသာခုလည်း 'သုမောင်' ကလောင်အမည် သုံးဖူးကြောင်း၊ 'တက္ကသိုလ် သုမောင်' တို့၊ 'လုလင်' ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း ဖတ်ဖူးကြောင်း ကျွန်တော်ကတော့ သု (ကောင်းသော) မောင် (လူကလေး) ကို နှစ်သက်သဖြင့် သုမောင်ကလောင်အမည်ကို ခံယူကြောင်း စသဖြင့် စာတစ်ပုဒ်ရေးဖြစ်ခဲ့သည်။ ဟောပြောပွဲတစ်ခုတွင် ဆရာနှင့် ဆုံတော့လည်း ရှင်းပြမိသည်။ ထိုစဉ်က ဆရာက ပြုံးတုန့်ခဲ့သည်။

ဟော... ခုကာစ်ကြိမ် ဆရာ့အဖြေတွေကို ပြန်ဖတ်ပြန်တော့ အတွေးတစ်မျိုးသစ်လာသည်။ 'သုမောင်' ဟူသော ကလောင်အမည်ကို ဆရာဘုန်းနိုင်လည်း နှစ်လိုစွာ သုံးခဲ့ဖူးသည်ဟု ဂုဏ်ယူလို့ရသည်။ ဆရာ့ကို ဂုဏ်ပြုရာပင်ရောက်သည်ဟုလည်း တစ်ပတ်လည် တွေးရပေသည်။ ကခြားမကြည့်နှင့်။ ကျွန်တော်၏ ဒုတိယသားကိုမွေးတော့ သောကြာနေ့ ဖြစ်သဖြင့် နေ့သင့်နံသင့်ဖြစ်သော 'မောင်သောကြာ' ဟု မှည့်ခေါ်ခဲ့ရာ နောင်သော် 'ဖိုးသောကြာ' ပင် ဖြစ်သွားတော့သည်။ သူ အနုပညာနယ်သို့ ဝင်လိမ့်မည်မထင်ခဲ့။ မှ သူ အနုပညာနယ်ဝင်တော့လည်း 'ဖိုးသောကြာ' ပင် ဖြစ်သွားတော့သည်။ စာပေနယ်မှာ ဆရာဖိုးသောကြာဆိုတာ အခိုင်အမာရှိပြီးသားပင်။ သို့သော် ကျွန်တော်က ထို ဆရာဖိုးသောကြာကို ဂုဏ်ပြုနာမည်ကိုပင် နှစ်နှစ်ကာကာ လက်ခံစေသည်။ ဆရာဖိုးသောကြာကို ဂုဏ်ပြုသောအားဖြင့်ဟု။ ဒါက ရွှေအမြုတေ (အမှတ် ၁၅၁၊ ဇွန်လ ၂၀၀၂) ဖတ်ပြီး ပြန်တွေးမိသော ဆရာဘုန်းနိုင်၏ ကျေးဇူးဖြစ်သည်။ ဒုတိယအနေဖြင့် (အမှတ် ၁၅၂–ဇူလိုင်လ ၂၀၀၂) မှ ဆရာဘုန်းနိုင်အဖြေများကို ဆက်ဖတ်သည်။ ကမ္ဘာ့စာရေးဆရာကြီးတွေနှင့် ပတ်သက်ပြီး 'ကန့်သတ်သိမြင်မှု' နှင့် 'ကန့်သတ်မဲ့သိမြင်မှု' ဟူ၍ ဆရာဘုန်းနိုင် ခွဲခြားဖူးတာကို ဆရာဝင်းငြိမ်းက ပြန်ပြီး နှိုင်းယှဉ်ခွဲပြဖို့ တောင်းဆိုသည်။

ထိုအခါ ဆရာဘုန်းနိုင်က ပြန်လည်နှိုင်းဆ ခွဲခြားပြသည်။

*'ကန့်သတ်သိမြင်မှု' ဆိုတာ အင်္ဂလိပ်လို Limited Vision ခေါ်ကြောင်း၊ ကန့်သတ်မဲ့ သိမြင်မှုဆိုတာကျတော့ Absolute Vision ခေါ်ကြောင်း။ ယေဘုယျအားဖြင့် စာရေးဆရာသည် 'လူ' အကြောင်းတွေ ရေးကြောင်း။ သို့သော် ဘယ်သူ့အကြောင်းလဲ။ အရင်က လူတွေအကြောင်းလား၊ လက်ရှိ ယနေ့လူတွေအကြောင်းလား၊ (သို့မဟုတ်) ယခင်၊ ယခု နောင်ဆိုပြီး လူသားတိုင်း၏ စရိုက်အကြောင်းလား။*

ထို့ပြင် ဆရာက ထပ်ပြီး ရှင်းပြသေးသည်။

Time Space ဆိုတာ ရှိကြောင်း၊ ဘယ်အချိန် ဘယ်ဒေသလဲ။ စာရေးဆရာ တချို့က တစ်ချိန်ချိန်က အကြောင်းတွေသာ သိကြကြောင်း၊ နောက်





တစ်ချိန်ချိန်ကို မသိကြောင်း၊ တစ်ခါတစ်ရံကျတော့ ဒေသတစ်ခုခုအကြောင်းပဲ သိသည်။ အခြားဒေသအကြောင်းမသိ။ ထိုအခါ တစ်ချိန်မှာ ပရိသတ်ကြိုက်သော စာရေးဆရာကို နောင်အချိန်ကျတော့ သိပင်မသိကြတော့ကြောင်း၊ ဒေသတစ်ခုအကြောင်း ရေးဖွဲ့တော့ အခြားဒေသကလူတွေ နားမလည်တော့ကြောင်း။ အချိန်နှင့် ပထဝီကန့်သတ်မှုကြောင့် ဖြစ်ကြောင်း။ အချိန်နှင့် ပထဝီကန့်သတ်မှု ဘောင်ကိုလွန်ပြီး ဘယ်အချိန် ဘယ်နေရာမှာပဲဖတ်ဖတ် လူတွေ လက်ခံနားလည်နိုင်သည့် စာပေနှင့် စာရေးဆရာမျိုး ကမ္ဘာမှာ အလွန်ရှားကြောင်း၊ ဥပမာအားဖြင့် မြန်မာစာပေမှာ နတ်သျှင်နောင်နှင့် အနန္တသူရိယ အမတ်ကြီးတို့၏ ကဗျာများမှာ ကွာခြားကြောင်း။ နတ်သျှင်နောင်၏ ကဗျာများကို တစ်ချိန်မှာပဲ ကြိုက်နှစ်သက်ကြပြီး နောင်တစ်ချိန်မှာ မကြိုက်တတ်တော့ကြောင်း၊ အနန္တသူရိယအမတ်ကြီး၏ 'သူတည်း တစ်ယောက်ကောင်းဖို့ရောက်မူ' ကဗျာဆိုလျှင်...သူသည် သူ့ကို သတ်မိန့်ပေးသော နရသီဟပတေ့ဘုရင်ကိုလည်း မကြည့်–ပုဂံပြည်ကိုလည်း မကြည့်၊ သံသရာတစ်ခုလုံးကို ကြည့်ပြီးရေးကြောင်း၊ ဒါသည် Absolute Vision ရှိတာကို ပြကြောင်း။

စသဖြင့် ဖြစ်ပါသည်။ ဆရာ့ရှင်းလင်းချက်က ပို၍ များပြားစုံလင်ပါသည်။ ကျွန်တော်က လိုရင်းကိုသာ ထုတ်နုတ်တင်ပြပါသည်။ အကြောင်းမှာ...

ကျွန်တော် စာပေနယ်သို့ စတင်ဝင်ရောက်ကတည်းက ရွေးပြီးဖတ်သော စာပေများမှာ လူ့စရိုက်၊ လူ့သဘာဝ၊ (လူမျိုး ကိုးကွယ်သည့်ဘာသာ ဘယ်လိုပင် ကွဲပြားပါစေ) များ ရေးဖွဲ့သည့် စာပေဝတ္ထုများသာ ဖြစ်သည်။ ကိုယ်တိုင်စာရေးတော့လည်း ထိုအဖွဲ့မျိုးသာ ဖြစ်တတ်သည်။ အများအားဖြင့် ဝတ္ထုတိုမှာ ဖြစ်သည်။ ဝတ္ထုရှည်ကတော့ နောက်ခံကာလဒေသတွေ ပါဝင်သဖြင့် ထိုအဖွဲ့မျိုးရေးရတာ ခက်သည်။ သို့သော် ဝတ္ထုရှည်မှာလည်း ဇာတ်ကောင်များ၏ အနေအထိုင် အပြောအဆိုကို သာမန်လူများစု၏ သဘာဝအတိုင်းသာ ဖြစ်စေသည်။ ဒါက ဆရာ့အင်တာဗျူး မဖတ်ရခင်ကကို ပြောခြင်းဖြစ်သည်။ ကိုယ့်စာပေဝတ္ထုကို ထိုကဲ့သို့ အဖွဲ့ဝင်ဆန်နေမှန်းပင် မသိသေးပေ။ နောက်ပိုင်း ဆရာ့အင်တာဗျူးကို (ပထမအကြိမ်) ဖတ်ရတော့ အတော်ပင် ပီတိဖြစ်ရသည်။ ကျေနပ်ခြင်းသည် 'ဘဝင်လေ' ကို ပေါ်ပေါက်စေသည်။ ကျွန်တော်သည် ထိုအဖွဲ့မျိုး၌ သာယာပြီး Absolute Vision ကို မရအရ ရှာဖွေရေးတော့မည်။ ထိုအခါ မူလပင်ကို သူ့အလိုလို ရေးသားခဲ့မှု သည်းခြေပျက်တော့သည်။ ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



မှု ကင်းစင်သွားတော့သည်။ ဒါကိုလည်း ကိုယ့်ဘာသာမသိဘဲ ကျေနပ်နေခဲ့ပြန်သည်။ ထိုကာလများတွင် ကျွန်တော်၏ စာပေဝတ္ထုများ ထိုးနက်တိုက်ခိုက်ခြင်း ခံရတော့သည်။ ကျွန်တော်က စာရေးအားကောင်းသူမို့ ရတတ်သည့် အကြောင်းအရာကို မြင်အောင်ရေးနိုင်သည်။ သို့သော် ကျွန်တော်၏ စေတနာနှင့် ကျွန်တော်၏ ရိုးဂုဏ်သည် တစ်ထပ်တည်း မကျသဖြင့် ကျွန်တော်၏ စာပေများ ထော်လော်ကန့်လန့် ဖြစ်ကုန်ပါတော့သည်။ သည်လိုနှင့် ကျွန်တော်၏ စာရေးဂိုဏ်းကို ဇက်သတ်ယူရသည်။ ဒါကလည်း ပင်ကိုသိဖြင့် မဟုတ်ပေ။ ဝေဖန်ထိုးနက်သူ များလာသောကြောင့် စိတ်ပျက်အားလျော့လာသည့်သဘောမျှသာ ဖြစ်သည်။ ကျွန်တော်က ဆရာဘုန်းနိုင်၏ အင်တာဗျူးမှ ကောက်နုတ်ပြီး ပြန်လည် ချေပခဲ့စဉ်ကလည်း ထိုးနက်သူများ၏ ရယ်ပွဲဖွဲ့ခြင်းကိုသာ ခံရပါသည်။ သူတို့ ရယ်ပွဲဖွဲ့ကြခြင်းမှာ ဆရာ့ကိုမဟုတ်။ ကျွန်တော့်ကိုသာ ဖြစ်မှန်းလည်း သိနေခဲ့ပါသည်။ အဖြေမှန်ကိုကား ထိုစဉ်ကာလက လုံးဝ မရရှိခဲ့ပါပေ။

* * *

သည်လိုနှင့် ယခုနောက်ပိုင်း ကျွန်တော် စာပေရေးသားမှု ပြန်၍ ပုံမှန်ဖြစ်လာသည်။ ယခင်နှစ်စဉ်က ဆရာ့ဆရာများ၏ အဆိုအမိန့်များကို မလိမ်မိုးစွာ ဆွဲယူ ကာကွယ်မိခြင်းကိုလည်း မေ့ပျောက်ထားနိုင်ခဲ့သည်။ ကုန်ကုန်ပြောကြ ကြေး ရိုးဂုဏ်နှင့် စေတနာကိုပင် တမင်တကာ မရှာဖွေမိတော့ချေ။ စိတ်ထဲ ရှိသည့်အတိုင်းသာ ရေးချနေမိသည်။

ဟော… ယခုတစ်ကြိမ် ဆရာ့အင်တာဗျူးအဖြေများကို ပြန်ဖတ်ရသော အခါ ဟိုယခင် (၁၇) နှစ်ကလိုပဲ ပီတိဖြစ်ရပြန်သည်။ 'ဘောင်ဘင်ခတ် ပီတိ' တော့ မဟုတ်ပေ။ စမ်းရေကဲ့သို့ ငြိမ့်ငြိမ့်စီးသော ပီတိမျိုးဖြစ်သည်။ ထိုအတွက်လည်း ကိုယ့်ကိုယ်ကို ကျေနပ်ရသည်။

တစ်ဆက်တည်းမှာပင် ထိုပီတိအပေါ် နောက်တစ်ကြိမ် ထပ်ပြီး မသာယာမိဖို့ သတိကြီးစွာ ထားလိုက်ရသည်။

[အတွေးသစ်ဂျာနယ်၊ အတွဲ ၂၊ အမှတ် ၉၆၊
ဩဂုတ်လ ၂၆ ရက်၊ ၂၀၀၂ ခုနှစ်]



# အသစ်စက်စက်အပေါင်းကြီး

အသစ်စက်စက် အယ်ဒီတာကြီး ဆရာမောင်တည်ငြိမ်က ကျွန်တော့်ဆီ တယ်လီဖုန်း ဆက်ပါတယ်။ 'အသစ်စက်စက်' လို့ ပြောရတာက သူ အခုစာမူတောင်းတဲ့ 'အတွေးသစ်' ဂျာနယ်ကို စတင်ကိုင်တွယ် တာဝန်ယူတော့မှာမို့ပါ။

တကယ်တော့ ဆရာမောင်တည်ငြိမ်ဟာ နာမည်နဲ့လိုက်အောင် အယ်ဒီတာ ငြိမ်ငြိမ်ပါတယ်။ (လူခြေတော့မငြိမ်ဘူးဗျ) သပြေတေးမဂ္ဂဇင်းကိုင်တုန်းကလည်း တော်တော်ကြာပါတယ်။ ဟောသတင်းစုံဂျာနယ်မှာ ကျောက်ချခဲ့တာလည်း အကြာကြီးပါ။ ခု အတွေးသစ်မှာလည်း ကြာဦးမယ် ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ်။

သူက 'အတွေးသစ်' ရောက်ရောက်ချင်း ကျွန်တော့်ဆီ စာမူလှမ်းတောင်းတယ်။ သံယောဇဉ်ကြောင့်လား၊ ဘော်ဒါသဘောလား၊ သုမောင် စာမူလိုချင်လို့လား၊ မကောင်းတတ်လို့လား။ တစ်ခုခုတော့ တစ်ခုခုပါပဲ။ သေချာတာက သူဟာ ကျွန်တော့်ကို 'ချစ်' တယ်၊ 'ချုပ်' တယ်။ ဒီနှစ်ခုပေါင်းပြီး မင်္ဂလာစာမူတောင်းတာကတော့ သေချာနေပါပြီ။ ပြီးတော့ ကြည့်ပါဦး။

"ကိုဗလရေ၊ အတွေးသစ် ကျွန်တော် စကိုင်တော့မယ်။ အဲဒါ စာမူလေး ချီးမြှင့်ပါဦး။ လာယူပါ့မယ်။ ဘယ်နေ့မှ ပြီးပြီးရပါတယ်။ ဒီနေ့လည်း ရတယ်။ အိုဗျာ နက်ဖြန်ထိဆိုရင်တောင် စောင့်ပါမယ်" တဲ့။ ကြည့်ပါဦးဗျာ။ ပြောပုံလေး မသင်းဘူးလား။ နောက်ပြီး ပြောသေးတယ်။

"ထမင်းစားပြီးပြီလား" (ကျွန်တော်က ဟိုတယ်လိုက်ကျွေးမယ် ထင်တာ)



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီဗျာ"

"ဘာဟင်းချက်လဲ"

"ဝက်သား"

"ဝက်သားဟင်းစားရင် အချဉ်လေးတစ်ခုခု ထည့်စားပေးဗျ" တဲ့။ ဒီကလည်း သိလိုက်ပါရဲ့လေ။ 'တစ်ပတ်လည်အတွေး' ဆိုပြီး အစဉ်လိုက်ရေးနေတဲ့ အဘိဓမ္မာသေးသေးလေးတွေ များနေပြီ။ အီလာပြီ။ တစ်ခုခု ရှာကြံပြီး အသစ်တစ်ပုဒ်လောက် ရေးပါလို့ ပြောလိုက်တာပါပဲ။ ဩော်... အယ်ဒီတာများ ပြောပါတယ်။ သူတို့က ဆောင့်ကြောင့်ကလေးထိုင်ပြီးမှ ငယ်ထိပ်ကို ခေါက်တတ်တဲ့ ပညာမှာ ပါရဂူတွေကိုးဗျ။

ကိုင်း... ဒါဆို အယ်ဒီတာနဲ့ စာရေးဆရာ ဘယ်သူက ပိုပြီး ဉာဏ်များသလဲ။ လက်ဖွေ့စကားနဲ့ပြောရရင် အယ်ဒီတာက 'ပင့်' လက်သီးသမား။ စာရေးဆရာက 'ဝိုက်' လက်သီးသမား။ ခွင်ပေါ်ရောက်မှ ပညာပါတဲ့သူက ဒါမှမဟုတ် ဉာဏ်များတဲ့သူက အလဲထိုးတော့တာပဲ။ တစ်ခါတလေတော့ သတိလက်လွတ် ဖြစ်သွားတာ။ ကံဇာတာသာတာတော့ ရှိတာပေါ့လေ။ ဒါပေမဲ့ သေချာတာ တစ်ခုကတော့ စာပေသမားတွေဟာ လက်ဝှေ့သမားတွေ မဟုတ်ကြပါဘူး။ သူငယ်ချင်းတွေ စကားနိုင်လုတဲ့သဘောမျိုးပါ။

သူနဲ့ ကျွန်တော် ပညာပြိုင်ကြတာ များပါပြီ။ သူတစ်လှည့် ကိုယ်တစ်လှည့်ချည်း ဖြစ်တတ်ကြပါရဲ့။ အခြေအနေအရ ဆိုပါစို့။ ခုပွဲမှာတော့ သရေကျတယ်ထင်တာပဲ။ ဘာကြောင့်ဆို သူ စာမူတောင်းတာက အတွေးသစ် (၁၀၀) မြောက် အထူးထုတ်အတွက် တောင်းပုံတောင်းနည်းကလည်း အပေါ်မှာဖော်ပြခဲ့သလို 'ပင့်လက်သီး'၊ ရှောင်ဖို့တောင် အချိန်မရလိုက်ပါဘူး။ ဒါပေမဲ့ စောစောက ပြောသလို 'ကံ' တရား။

သူ ပင့်လက်သီး ထိုးလိုက်ချိန်မှာ ကျွန်တော်က မတော်တဆ ချော်လဲသွားတော့ လွဲရတာပေါ့။ သဘောကတော့ သူ့ဆီ စာမူမပေးမဖြစ် ပေးရမယ်။ ကျွန်တော်က ရတ်တရက် ခရီးထွက်ရတယ်။ ဟော... ခုတော့ ပွဲပြန်စပါပြီ။ ဒါကြောင့် ဒီစာမူကို ရေးပါပြီ။ ကောင်းပြီ။ ဘာရေးမလဲ။

ခုနကပြောတဲ့ အယ်ဒီတာနဲ့ စာရေးဆရာပြိုင်ပွဲကိုပဲ ရေးရတော့မှာပဲ။

(၁၉၈၀) ပြည့်နှစ်ဆီက သုမောင်တို့ လုံးချင်းစာရေးအလွန်မြန်နေချိန် စာဇာတာ အလွန်တက်နေချိန်မှာ သူက သပြေတေးမဂ္ဂဇင်းအယ်ဒီတာ။ ဟော





ခက်ခက်ခဲခဲနဲ့ တာဝန်အလွန်ကြီးတဲ့ အခန်းဆက်ဝတ္ထုရှည်မှ လိုချင်သတဲ့ဗျား။ ကျွန်တော့်မှာက သူ့ချစ်ကြောက် ရှိသေရတာ တစ်ပိုင်း၊ စာရေးအားကလည်း (သောက်ချက်ကလည်း ကောင်း) နေချိန်ဆိုတော့ လွယ်လွယ်ပဲ 'ဟုတ်ကဲ့' လိုက်တာပေါ့။ ဒီလိုနဲ့ ရေးဖြစ်သွားရော ဆိုပါစို့။ ဒီနေရာမှာ ကြားဖြတ်ပြောရဦးမယ်။ ကျွန်တော်က စာရေးရင် အရက်မသောက်ဘူး။ ဒေါသသင့်မှာစိုးလို့။ ပြီးတော့ ဆိတ်ငြိမ်တဲ့နေရာမှာ မရေးဘူး။ အထူးသဖြင့်ကတော့ ပုံနှိပ်စက်သံတဂျုံးဂျုံးနဲ့ ပုံနှိပ်တိုက်မှာ သွားပြီးရေးရမှ အရသာရှိတယ်။ ဉာဏ်ရွှင်တယ်။ တစ်မျိုးပေါ့လေ။ အဆိုတော်များ တီးလုံးသံကြားမှ ဆိုလို့ကောင်းသလိုပေါ့ဗျာ။

ကိုင်း... စပြီးရေးပြီ ဆိုကြပါစို့ရဲ့။ တစ်လ၊ နှစ်လ၊ သုံးလေးလမှန်လို့ဗျ။ သူကလည်း 'မတည်မငြိမ်' အပြုံးကလေးနဲ့ပေါ့လေ။ ဘယ်နှယ့် 'တည်ငြိမ်' စွာ ပြုံးနိုင်ပါ့မလဲ။ ပြောခဲ့ပါပကော။ သောက်ကောင် သုမောင်က ရုပ်ရှင်ဂီတဘက် အလုပ်တွေက များနေတော့ တစ်ခါတလေ တစ်နေ့လုံးမှ စာတစ်မျက်နှာလောက် ရေးနိုင်တာကိုး။ ဒီလိုနဲ့ တစ်ခုသောလမှာ ကျွန်တော့်စာမူအခန်းဆက် ပြတ်သွားတော့၏။ လုံးဝပြတ်တာ မဟုတ်။ ကြားဖြတ်ပြတ်သွားတာ။

ဒီမှာတင် စောစောကပြောတဲ့ အယ်ဒီတာနဲ့ စာရေးဆရာ ဉာဏ်ထိုးပွဲကြီး တစ်ပွဲဖြစ်ခဲ့ရတော့တာပါပဲ။

တစ်နေ့ သူ့တိုက်ရောက်သွားပြီး စာထိုင်ရေးမယ်လုပ်တော့...

"ကိုဗလရေ ခင်ဗျားတော့ ကံကောင်းတာပဲ"

"ဘာလို့လဲဗျ၊ ကျွန်တော်က အမြဲတမ်း ကံကောင်းနေတဲ့ ပစ်တိုင်းထောင်"

"မဟုတ်ဘူးဗျ၊ ဟိုမယ်တွေ့လား" (စက်ရိုက်ခန်းအပေါ်ထပ် သူထိုင်တဲ့နေရာ ပြပါတယ်)

"အဲ့ဒါ ဘာဖြစ်သလဲ"

"အဲဒီအခန်းကို ဆရာကြီးက ခင်ဗျား စာရေးဖို့ သီးသန့်ပေးလိုက်ပါတဲ့"

"ဟာ... မလိုပါဘူး"

"မဟုတ်သေးဘူးဗျ၊ ခင်ဗျားကြိုက်တတ်တဲ့ ပုံနှိပ်စက်သံလည်း ကြားနေရမယ်။ ပြီးတော့ စာရေးပြီး အမောပြေသောက်ဖို့ အရက်လည်း အဆင်သင့်ပဲ လုပ်ပေးလိုက်လို့ အမိန့်ထုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြောင်း သိကြပါတယ်လေ။ မျက်စိတစ်မှိတ်ရဲ့ ဆယ်ပုံတစ်ပုံအတွင်းမှာပဲ 'နိပ်ဟ' ပေါ့။

သို့သော်…

မနက်ဆယ်နာရီလောက် အဲဒီအခန်းထဲရောက်၊ စာရေးပြီးတော့ အရက်သောက်၊ ဘာကြာလိုက်လို့လဲ။ နေ့လယ်ခင်းတော့ စာမှုပြီး အရက်သောက်ပြီးပြီ။ ဒါပေမဲ့ဗျာ အဲဒီနေ့က ကျွန်တော် ညဆယ်နာရီကျော်မှ အိမ်ပြန်ရောက်ပါတယ်။

အရက်မူးသွားလို့ မဟုတ်ဘူးဗျို့။ ဆရာမောင်တည်ငြိမ်က အခန်းကို အပြင်က သော့ခတ်သွားလို့။

[အတွေးသစ်ဂျာနယ်၊ အတွဲ ၃၊ အမှတ် ၁၀၄၊
အောက်တိုဘာလ ၂၁ ရက်၊ ၂၀၀၂ ခုနှစ်]



## နမ်းတတ်ကြပါစေသတည်း

ဒီဆောင်းပါး ရေးမိတာက အကြောင်းနှစ်ခုရှိလို့ပါ။ တစ်ခုက ပြီးခဲ့တဲ့ (၂၀၀၁ အတွက်) အကယ်ဒမီပေးပွဲမှာ တီဗွီကပြတော့ 'နေအောင်' ရဲ့ပါးကို ကျွန်တော်က အိမ်သာသုံးစက္ကူနုနုကလေးနဲ့ တယုတယ သုတ်ပေးနေတာ ပါသွားတယ်။ ဒီမှာတွင် ကျွန်တော့်ပရိသတ်က "ဘာဖြစ်လို့ နေအောင်ရဲ့ပါးကို ချွေးသုတ်ပေးနေရတာလဲ" မေးကြပါလေရော။ ဒါကို ဖြေနေရတာ အလုပ်တစ်ခုဖြစ်ခဲ့ပါတယ်။ အမှန်က အခုခေတ်စားနေတဲ့ အကယ်ဒမီအနမ်းကြောင့်ပါ။ ခုနယ်ခါက ဒါဟာ ခေတ်ပြိုင်အလုပ်တစ်ခုလို ဂုဏ်ပြုနေကြတာပါ။ ယောကျ်ားချင်း၊ မိန်းမချင်း၊ ယောကျ်ားက မိန်းမကို၊ မိန်းမက ယောကျ်ားကို ဂုဏ်ပြုပြီးနမ်းနေကြပါတယ်။ ယဉ်ကျေးမှုအရ သင့်တာရှိသလို မသင့်တာလည်း ရှိပါတယ်။ အဖေအရွယ်က သားသမီးအရွယ်၊ အမေအရွယ်က သားသမီးအရွယ်၊ သူငယ်ချင်းချင်းဆိုတာတော့ ယဉ်ကျေးဖွယ်ရာတယ် ဆိုရပါမယ်။

ရွယ်တူတန်းတူ (အနုပညာမောင်နှမလို့ပဲဆိုဆို) ယောကျ်ားနဲ့ မိန်းမနမ်းကြတာတော့ မသင့်ပါဘူး။ လူလယ်ခေါင်ကြီးမှာ။ ပြီးတော့ ခုခေတ်မှာက မီဒီယာတွေ တအားမြန်နေတယ် မဟုတ်လား။ မတော်တဆ ပရိသတ်မြင်သွားရင် မကောင်းပါဘူး။ မီဒီယာတွေက ဘယ်လောက်ပဲထိန်းထိန်း တိုက်ရိုက်ရုပ်သံလွှင့်တာနဲ့ကျတော့ ရှောင်ဖို့ မလွယ်တော့ပါဘူး။ မီဒီယာသမားလည်း မတတ်နိုင်ပါဘူး။ နမ်းချင်သပဆိုရင်လည်း မီဒီယာတွေအလွတ်မှာ နမ်းစေချင်ပါတယ်။ ဆိုလိုတာက ဆုကြေညာတဲ့အချိန်မျိုး၊ ဓာတ်ပုံဆရာတွေ၊ တီဗွီဆရာတွေရဲ့ရှေ့မီးရောင်တဝင်းဝင်းကြားမှာ မနမ်းမိဖို့ပါ။ ဆုကြေညာပြီး အဲဒီဆုရသူရဲ့ အနုပညာ



www.burmeseclassic.com

www.burmeseclassic.com

ကို ပိတ်ကားပေါ်မှာ ပြန်ပြပါတယ်။ အဲဒီအချိန်မှာ မီးမှောင်ချထားပြီး ဓာတ်ပုံ၊ တီဗွီတွေလည်း ကာယကံရှင်နှာ.မှာ မရှိကြတော့ပါဘူး။ အဲဒီလို မှောင်ချထားတုန်း နမ်းပါလေ့။ နမ်းရုံမက ကိုက်စားလို့တောင် ရပါတယ်။

ပြီးခဲ့တဲ့ အကယ်ဒမီပွဲမှာ ဗျိုင်းနှစ်ကောင်ကြား ကျီးကန်းရောက်သလို အသားဖြူဖြူ လူရည်ချောချော နေအောင်နဲ့ ထွန်းထွန်းဝင်းကြားမှာ ကျွန်တော်က နေရာရပါတယ်။ ဆုမကြေညာခင်ကတည်းက မီဒီယာတွေက 'နေအောင်' ကိုပဲ ခဏခဏ ဗျူးနေကြတော့ ကျွန်တော်က "စနေသားလေးရေ ခင်ဗျားတော့ သေချာထင်တယ်"

"ထင်တာပဲဗျာ၊ ဒါပေမဲ့ မသေချာပါဘူး"

"ဟာ... ခင်ဗျား ကြိုမသိဘူးလား"

"မသိရပါဘူး ဘော့စ်ရယ်" တဲ့။

နောက်ပိုင်း ဆုပေးခါနီးလေ စနေသားလေး မောင်နေအောင်နှာ လူအုံလာလေဖြစ်တော့ ထွန်းထွန်းဝင်းက "သူ့ဒွေးဘိုနေ သေချာပါပြီ" လို့ ပြောပါတယ်။ ကျွန်တော်က နေအောင်ရဲ့လက်ကို ဖျစ်ညှစ်ပြီး ဂုဏ်ပြုတော့ သူ့လက်တွေ အေးစက်နေလေရဲ့။ အကယ်ဒမီများရှင် ဦးညွန့်ဝင်းက စာအိတ်တက်ဖောက်ပြီး ဂုဏ်ပြုကြေညာလိုက်တော့ 'နေအောင်' ပါတဲ့ဗျား။ သည်မှာတွင် နံ့ဘေးနံ့ဘီကရော၊ ခပ်လှမ်းလှမ်းကပါ နေအောင့်အနှာ ဝိုင်းအုံပြုံကျလာတာ ဘေးက ကျွန်တော် အတော်ကြီး ရှောင်ယူရပါတယ်။ ကာယကံရှင်ကတော့ စိတ်လှုပ်ရှားနေပြီး မသိရှာပါဘူး။ နံ့ဘေးက ကျွန်တော့်မှာသာ အသားဖြူဖြူ လူရည်သန့်သန့် နေအောင်အစား မျက်နှာယားရပါတယ်။ မတော်တဆ တီဗွီထဲ၊ ဂျာနယ်ထဲ ပါသွားရင် မသင့်ဘူး မဟုတ်လား။ ဒါကြောင့် အိမ်သာသုံး စက္ကူနုနုလေးနဲ့ စနေသားလေးရဲ့ ပါးနဲ့နဖူးကို သုတ်ပေးခဲ့ရတာပါ။ တီဗွီထဲမှာတော့ နှုတ်ခမ်းနီရာတွေ မမြင်ရဘူး ပြောကြတာပဲ။ ဘာပဲဖြစ်ဖြစ် ပေါ်တာ မပေါ်တာတစ်ပိုင်း မသင့်တာက တစ်ပိုင်းပါ။

ဒါဖြင့် "နင့်အလှည့်တုန်းကကောဟဲ့" လို့ မေးစရာရှိပါတယ်။ မှတ်မှတ်ရရ ကျွန်တော် ဆုရတုန်းက အမေ ဒေါ်စံရှားတင်နမ်းတာ ခံရပါတယ်။ ကျန်လူတွေကတော့ လက်ဆွဲနှုတ်ဆက်ကြရုံပါပဲ။ ကျွန်တော်ကလည်း မီးမှောင်သွားချိန်မှာ အေးဘုံကို နမ်းမိပါတယ်။ နှာခေါင်းနဲ့ပါ။ ဒါတောင် လက်မြန်လှတဲ့ ကိုရွှေဝင်းငြိမ်း မိဖြစ်အောင် မိသွားသေးရဲ့။





နောက်တစ်ခုက အဲဒီ အကယ်ဒမီအနမ်းကို ဘယ်သူကစခဲ့တာလည်း ဆိုတာပါ။ ရိုးရိုးရှင်းရှင်းပြောရရင်တော့ ကျွန်တော့်ဖခင် ဦးသာဓုက စခဲ့တာပါ။ ကြာခဲ့ပါပြီ။ (၁၉၇၁) အစ်ကိုမောင်ဝဏ္ဏက ပွဲဦးထွက်ဓာတ်ကားမှာပဲ ဒါရိုက်တာဆုကို ရလေတော့ သူ့လိုပဲ ပွဲဦးထွက်ဓာတ်ကားမှာ ဒါရိုက်တာဆုရခဲ့တဲ့ အဖေက ဝမ်းသာပြီး မောင်ဝဏ္ဏရဲ့ပါးကို အားပါးတရ နမ်းလိုက်ပါတယ်။ (အပြင်မှာလည်း သားတွေကို သေခါနီးထိ နမ်းခဲ့တုန်းပါ)။ အဲဒီဓာတ်ပုံကို အဲဒီခေတ်သတင်းစာတွေက မျက်နှာဖုံးပေါ်တင်ပြီး ဂုဏ်ပြုခဲ့ကြတယ်။ ဒါဟာ သန့်စင်တဲ့အနမ်းပါ။ မင်းမော်ကွန်းကို ဇင်ဝိုင်းက နမ်းသလိုမျိုးပေါ့။

ကိုယ့်ဘက်ကိုယ်ယက် ပြောတာဆိုရင်လည်း ခံပါ့မယ်။ ဘာပဲဖြစ်ဖြစ် ဘယ်လိုအနမ်းမျိုးပဲဖြစ်ဖြစ် လူမြင်ကွင်းနဲ့ သင့်တဲ့အနမ်းမျိုး၊ မမြင်ကွယ်ရာ နမ်းရတဲ့ အနမ်းမျိုး နမ်းတတ်ကြပါစေလို့ ဆုတောင်းမိပါတယ်ဗျာ။

[ပေါ်ပြူလာဂျာနယ်၊ ၂၀၀၄ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## ဘရန်ဒီတစ်ပုလင်း

အရက်သေစာနှင့် ပတ်သက်၍ ကျွန်တော့်အား စာဖတ်သူများ အပါအဝင် ပရိသတ်အပေါင်းတို့က သိရှိမှတ်တမ်းတင်ပြီးဖြစ်သည်ကို ငြင်းမရတော့ပေ။ ဤတွင် ပရိသတ်ဘက်မှ အလိုလို သိသွားကြသလို ကျွန်တော်ကိုယ်တိုင်ကလည်း စာပေဆောင်းပါးများအားဖြင့် 'ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်' လုပ်ခဲ့မိခြင်းကြောင့်လည်း ပါဝင်ပါသည်။ စာရေးဆရာသည် ကိုယ့်ဘဝကို အရှိအတိုင်း ဖော်ပြရေးသားရာ၌ လူ့စည်း၊ ဘီလူးစည်းဆိုတာ ထားသင့်ကြောင်း ကျွန်တော် သိပါတယ်။ နေရာတကာ အမှန်အတိုင်း ရေးသင့် မသင့် ချင့်ချိန်အပ်မှန်းလည်း သဘောပေါက်ပါသည်။ ကျွန်တော် အရေးများသည်မှာ အတ္ထုပ္ပတ္တိစာပေမျိုး မဟုတ်သော်လည်း ဘဝအတွေ့အကြုံ စာပေစာရင်းမျိုးတော့ အပါအဝင် ဖြစ်ခဲ့လေရာ အရှိအတိုင်း ရေးမိသားမိခြင်းသာ ဖြစ်ပါသည်။ သည့်အတွက်လည်း အရက်သေစာနှင့် ပတ်သက်သော စာမျိုးတွေ ရေးဖြစ်ခဲ့ရာ ကိုယ်တိုင် ထိနိုက်နစ်နာရသည်များရှိသလို သောက်ဖော်သောက်ဖက်များအတွက် ငြိစွန်းစရာများလည်း ဖြစ်ခဲ့သဖြင့် စိတ်မကောင်းပါ။ မည်သို့ပင်ရှိစေ ရေးလက်စရှိပြီးမှတော့ ဆက်ရေးရန်သာ အကြောင်းရှိတော့သည်ဟု ထင်ပါသည်။

* * *

ယေဘုယျအားဖြင့် အသက် ၂၀ ဝန်းကျင်လောက်မှာ အရက်ကို စတင်သောက်သုံးတတ်လာကြောင်း ကျွန်တော် ဝန်ခံဖူးပါသည်။ သို့သော် နိုက်နိုက်ချွတ်ချွတ် ရေးရပါလျှင် ကျွန်တော်သည် သူမောင်မဖြစ်ခင် ပုလုကွေးဘဝ ဗလ





ကြီး ဘဝကတည်းက အရက်စသောက်ဖူးသည်ဆိုပါအံ့။ ယုံဖွယ်မရှိပေ။ အသက် နှစ်နှစ်၊ သုံးနှစ်အရွယ်တွင် အရက်စသောက်ဖူးကြောင်းကို ကျွန်တော့်မိခင်က ပြန်ပြောပြသဖြင့် သိရှိမှတ်သားခဲ့ရပါသည်။ ဤမျှ ငယ်ရွယ်သောအရွယ်တွင် အရက်ကို ကျွန်တော် ဘယ်လိုလုပ် သောက်နိုင်ခဲ့ပါသနည်း။

ကျွန်တော့်ကိုမွေးသော (၁၉၅၁) ခုနှစ်တွင် ကျွန်တော့်ဖခင် စာပေဗိမာန်ဆုရခဲ့သဖြင့် နာမည်ကျော် စာရေးဆရာ ဖြစ်နေခဲ့ကြောင်း ရေးခဲ့ဖူးပါသည်။ တစ်ပြိုင်နက်မှာပင် အဖေ့ကိုယ်ပိုင် 'သစ္စာ' မဂ္ဂဇင်းဟူ၍လည်း ထုတ်ဝေနိုင်ခဲ့ပါသည်။ ထိုအခါ အဖေ့အိမ်မှာ စာရေးဆရာပေါင်းစုံ စတည်းချခဲ့ကြလေသည်။ အမေက ကျောင်းဆရာမမို့ တစ်နေကုန် အိမ်မှာမရှိခဲ့ပါ။ အချိန်တန်၍ ကျွန်တော်နို့ဆာလျှင် အဖေကသော် လည်းကောင်း၊ အဖေ့သူငယ်ချင်း စာရေးဆရာများကသော် လည်းကောင်း ကျွန်တော့်ကို ချီပိုးပြီး အမေ့ကျောင်းသို့ ပို့ပေးရပါသည်။ မိခင် နို့တိုက်ကျွေးရေး။

ဆိုကြပါစို့ရဲ့။ ကျွန်တော်သည် စာရေးဆရာများ လက်ပေါ်တွင် အလွဲအပြောင်းဖြင့် ကြီးပြင်းခဲ့ရသော စာပေကံကောင်းသူ။ သို့သော် ထိုစဉ်က (သူရို့ လက်ပေါ်တွင်) ကျွန်တော် ကြီးပြင်းခဲ့ရသော စာရေးဆရာများမှာ အရက်သေစာ နှစ်ခြိုက်ကြသူများ ဖြစ်နေခဲ့ပြန်ပါသည်။ ဥပမာ–ဦးလေးဆွေ (ဆရာသော်တာဆွေ)၊ ဦးလေးစိန် (ဆရာတင့်တယ်)၊ ဦးလေးဖေ (ဆရာအောင်လင်း) စသူတို့ပင်။

ဤသို့သော စာရေးဆရာကြီးများ လက်ပေါ် နေခဲ့ရရုံတော့ဖြင့် အရက်သောက်တတ်သွားရောတဲ့လား။ မဟုတ်ပေ။ အရွယ်က နှစ်နှစ်၊ သုံးနှစ်သားမျှရှိသေးသည်ဆိုခဲ့ပြီ မဟုတ်ပါလား။

အကြောင်းရင်းမှာ ကျွန်တော်သည် ငယ်စဉ်က တစ်အိမ်လုံးသာမက တစ်ရပ်ကွက်လုံး၏ 'အော့ကြောလန်' လူဆိုးကလေး ဖြစ်နေခဲ့ခြင်းပင်။ စောစောကပြောသော စာရေးဆရာကြီးများကလည်း ကျွန်တော့်ကို ချစ်ကြသည် ဆိုပေသည့် ကျွန်တော့်ဆိုးမျိုးကိုကား ကြာတော့ ဘယ်မှာ ခံနိုင်မည်နည်း။ အလွန်ဆော့သော၊ ဆိုးသော ကျွန်တော့်ကို ငြိမ်ဆေးတိုက်ကျွေးရတော့သည်။ ယင်းကားအခြားမဟုတ်ပါ။ ကျွန်တော်စို့သော နို့ဘူးထဲ အရက်အနည်းငယ် ထည့်ပြီးတိုက်ကျွေးကြခြင်းဖြစ်တော့ ထိုငြိမ်ဆေးကို စတင်ဖော်ဆောင်သူကား ဆရာသော်တာဆွေပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသော် ကျွန်တော့်မိခင်သည် သွားကိုက်ရောဂါဖြစ်လေရာ ဆရာစန္ဒြ (လင်္ကာဒီပဝေဒင်နှင့် စာရေးဆရာ) က ဘရန်ဒီအရက်ကလေးကို ဂွမ်းဖြင့် တို့ပြီး သွားကြားတွင် သိပ်ပေးပါက သက်သာသည်ဟု နည်းပေးပါသတဲ့။ ထိုနည်းအတိုင်း လုပ်ကြည့်ရာ သွားကိုက်နာ သက်သာပါသည်တဲ့။ နောင်သော် ဘရန်ဒီ အမေ့သွားနာကို မသက်သာစေတော့ပါ။ အကြောင်းကား အမေ ကျောင်းသွားနေစဉ် ထိုဘရန်ဒီပုလင်းကို ဆရာသော်တာဆွေက နိုးတွယ်ပြီး ရေရောရောထားသဖြင့် အရက်ဓာတ်တွေ လျော့ပါးကုန်ရခြင်းကြောင့်ပါတဲ့။

သည်အကြောင်းတွေ နောင်အခါ ဆရာသော်တာဆွေက ကျွန်တော့်ကို ပြန်ပြောပြပါသည်။

* * *

ဘရန်ဒီအရက်ကို အလွန်ကြိုက်သော "ဘရန်ဒီတစ်ပုလင်း" ဝတ္ထုဖြင့် နာမည်ကျော်ခဲ့သော ဆရာသော်တာဆွေကို ကျွန်တော်က တစ်ဖန် 'ဘရန်ဒီတစ်ပုလင်း' ဖြင့် ကန်တော့ဖူးပါသည်။ ကျွန်တော် အရက်ဖြတ်ထားတုန်းက ဖြစ်၏။ တစ်နေ့ အိမ်ရှင်းရာမှ ဘရန်ဒီပုလင်း အသစ်တစ်လုံး ချောင်ကြားထဲက ထွက်ပေါ်လာပါသည်။ အင်းစိန်ဘက်သို့ သွားစရာပေါ်လေရာ ထိုဘရန်ဒီပုလင်းကို ယူခဲ့ပြီး ဆရာသော်တာဆွေအိမ်သို့ လမ်းကြုံဝင်ရပါသည်။ ကျွန်တော် ရောက်သွားတော့ ဆရာဆွေမှာ အရက်ချက်ရင်းတန်းလန်း ဖြစ်ပါသည်။ ထိုစဉ်က ဆရာသည် အရက်ကို ကိုယ်တိုင် ချက်သောက်နေရရှာ၏။ ကျွန်တော်က ဘရန်ဒီပုလင်းဖြင့် ကန်တော့သောအခါ ဆရာသော်တာဆွေက 'သာဓု' ခေါ်ပါသည်။ "မင့်ကျေးဇူး မမေ့ပါဘူးကွာ" ဟုလည်း ပြောပါသည်။ နောင်အခါ ဆရာ့ဇနီး (အန်တီမေ) ကွယ်လွန်သွားတော့ ဆရာသည် သူ့သမီးကြီး နေထိုင်ရာ ပြည်ထောင်စုရိပ်သာတိုက်ခန်းသို့ ပြောင်းသွားပါသည်။ ဆရာဆွေသည် ဘယ်တုန်းကမျှ သားသမီးများ အရိပ်အာဝါသတွင် ခိုလှုံနေထိုင်ခဲ့သူ မဟုတ်ချေ။ အသက်ကြီးပြီး စိတ်ဓာတ် ကျလာသောကြောင့်သာ သမီးနှင့် သမက် တိုက်ခန်းသို့ သွားရောက်ခဲ့ပုံရသည်။

တစ်နေ့တွင် ကျွန်တော့်ထံ တယ်လီဖုန်းလာပါသည်။

"သုမောင်ရှိလား ဗလရှိလား"

"ဟုတ်ကဲ့ ကျွန်တော်ပါ"





"အေး... ငါ သော်တာဆွေ ဆက်နေတာ။ မင်း အခု အရက်သောက်နေလား"

"ဘုန်းကြီးဝတ်က ထွက်ခါစမို့ နားနေတယ် ဦးလေး"

"ဒါဖြင့် ပြန်သောက်ရင် ငါ့သမီးအိမ်ကို လာခဲ့စမ်း၊ မင့်ကို အရက်တိုက်ချင်လို့"

"ဟုတ်ကဲ့ ဦးလေး"

"ဟော့... ခု ငါ ကြီးပွားနေတယ်ကွယ့်။ ငါ့အိပ်ခန်းပတ်ပတ်လည်မှာ နိုင်ငံခြားအရက်မျိုးစုံ ရှိတယ်။ ငါ့သမက် စီစဉ်ပေးထားတာ။ ဘရန်ဒီ၊ ဝီစကီ အစုံပဲဟော့ ဟဲ... ဟဲ အဖြူတို့၊ ချက်အရက်တို့တော့ မပါဘူးပေါ့ကွာ။ အဲဒါ မင့်သောက်ချင်စိတ်ပေါ်တဲ့အချိန် လာခဲ့စမ်း မင့်ကို ကျေးဇူးဆပ်ချင်လို့"

တကယ်တော့ ထိုအကြိမ် အရက်ဖြတ်စဉ်က ကာလအတော် ကြာသွားခဲ့သော ကျွန်တော့်မှာ ဦးလေးဆွေ ကွယ်လွန်ချိန်အထိ သူ့ထံ သွားရောက် အရက်သောက်ခြင်း မပြုနိုင်ခဲ့ပါ။ ထိုနည်းတူပင် ထူးခြားတာက အရက်ကြိုက်သော ကျွန်တော်သည် အရက်ကို စွဲစွဲမြဲမြဲ သောက်ခဲ့သော ဆရာသော်တာဆွေ နှင့် တစ်ခါဖူးမျှ အရက်အတူမသောက်ခဲ့ဖူးခြင်းပင် ဖြစ်ပါတော့သည်။

[လယ်ယာစီးပွားသတင်းဂျာနယ်၊ အမှတ် ၁၃၈၊ ၇-၃-၂၀၀၃]



www.burmeseclassic.com

www.burmeseclassic.com

## ကောင်းရင်ရပ်တော့

ကျွန်တော် ဘာသာရေးကိစ္စတွေမှာလည်း ထဲထဲဝင်ဝင် ပါဝင်ဖူးသူ ဖြစ်၏။ သမားရိုးကျ မိရိုးဖလာ ဘာသာရေးကိစ္စများသာမကပဲ သာသနာရေးဟုပင် ကင်ပွန်းတပ်၍ရသော ကိစ္စများ၌ ပါဝင်ပတ်သက်ခဲ့ဖူးခြင်းကို ဆိုပါသည်။

ဘာသာရေးဆိုသည်မှာ မိမိတို့ ကိုးကွယ်အပ်သော အယူဝါဒတစ်ခုကိုသာ ဆိုပါသည်။ 'သာသနာရေး' ဆိုသည်ကား မိမိတို့ဘာသာကိုပင်လျှင် နက်နက်နဲနဲ လိုက်စားပြုမူခြင်းသဘော။ အခြားဘာသာဝင်များ၏ အလေ့အထုံးများကိုပါ ဝင်စားခြင်းသဘော ဖြစ်ပါသည်။

ဥပမာ ငယ်စဉ်က အလယ်တန်းကျောင်းသားဘဝအထိ စိန်ပေါလ်ကျောင်းတွင် ပညာသင်ကြားခဲ့ရာ ကျောင်းစာအပြင် ခရစ်ယာန်ဘာသာ၏ အလေ့အကျင့်များကိုပါ မရမနေ ပတ်သက်ခဲ့ရပါသည်။ မိမိ အသိုက်အဝန်းထဲတွင် 'အစ္စလာမ်' ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ ရှိနေခဲ့ရာ ယင်းဘာသာတရားတို့ကိုလည်း အလိုအလျောက် စိတ်ပါဝင်စားခဲ့ရပြန်သည်။ နောင်အခါ ယင်းမျိုးကွဲ ဘာသာကြီးများနှင့် ပတ်သက်သော အခမ်းအနားများတွင် ကိုယ်တိုင် ကိုယ်ကျ ပါဝင်ကူညီရသည်အထိ ဖြစ်ခဲ့ပါသည်။ အလှူခံပေးခြင်း၊ ဟောပြောပေးခြင်း၊ တေးသီဆိုပေးခြင်း စသည်ဖြင့် ဖြစ်သည်။

အဓိကအားဖြင့်မူ ဗုဒ္ဓဘာသာအရေးအခင်းများ၌ ပိုမို၍ ပြုဆောင်တတ်လာပါသည်။ သမားရိုးကျ အခြေခံ ဗုဒ္ဓဘာသာစရိုက်များကို ကျင့်ကြံရုံမျှမကတော့ဘဲ ဗုဒ္ဓစာပေများကို လိုက်စားခြင်း၊ ကိုယ်တိုင်ရေးဖွဲ့ခြင်း၊ ဓမ္မတေးများ





ပူဇော်ခြင်း စသည်များအပြင် တရားထိုင်ခြင်း၊ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်းတို့ကို ပြုမူလာနိုင်ခဲ့ပါသည်။

အထူးသဖြင့် တစ်ချိန်သောအခါက 'မင်းကွန်းတိပိဋက' အဖွဲ့ကြီး (တိ/နိ) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ဖူးခြင်းပင်။ မူလက ဓမ္မတေးများ သီဆိုပေးခြင်းမျှသာ ဖြစ်သော်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်တို့က ပုံသေအဖွဲ့ဝင် ဖြစ်စေခဲ့ကြပါသည်။ စာရေးဆရာဟု အသိအမှတ်ပြုခံရသော အပိုင်းကလည်း ပံ့ပိုးခဲ့ပုံရပါသည်။ မင်းကွန်းဆရာတော်ဘုရားကြီး 'အရှင်ဝိစိတ္တသာရာဘိဝံသ' ကိုယ်တိုင်က ကျွန်တော့်အား စာရေးသူတစ်ယောက်အဖြစ် အသိအမှတ်ပြုကာ တိပိဋကတ်အဖွဲ့ မင်းကွန်းတိပိဋကတ်မြန်မာပြန်အဖွဲ့ငယ်တွင် တာဝန်ပေးတော်မူခဲ့ပါသည်။ ဆိုကြပါစို့။ ကျွန်တော်သည် ပရိယတ်ပဋိပတ် နှံ့စပ်ကျွမ်းကျင်သော တန်ခိုးကြီးဆရာတော်နှင့် နီးနီးကပ်ကပ် နေခွင့်ရခဲ့ပါသည်။ သို့သော် တိပိဋကနိကာယအဖွဲ့နှင့် ကျွန်တော် နီးစပ်ခွင့်ရသောကာလမှာ ဆရာတော်ကြီးနာမကျန်းဖြစ်ခါစ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဖြစ်သဖြင့် (ဆရာတော်ကြီးက ၁၉၉၂ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပါသည်) အနေနီးသော်လည်း ခရီးမတွင်လှဟု အားမလိုအားမရ ဖြစ်ရပါသေးသည်။

တစ်ခုထူးခြားပြန်သည်မှာ ဆရာတော်ကြီးသည် ကျွန်တော့်အား စကားပြောလျှင် တိုတိုတုတ်တုတ်နှင့် ပဟေဠိဆန်သော အတွေးစကားမျိုးကိုသာ ဆိုမိန့်တတ်ခြင်းပင်။ ဒါသည် ဆရာတော်ကြီး၏ မူလနှုတ်နည်းခြင်း အလေ့အထများ၊ စာရေးဆရာတစ်ဦးအနေဖြင့် လိုရင်းတိုရှင်း ပြောသည်လား။ 'သု' ကောင်းသော 'မောင်' လူကလေးဟု အမည်တပ်ထားပြီး မကောင်းမှုဘက်၌ အားသန်နေသဖြင့် သိပ်ပြီး ရောရောဝင်ဝင် မရှိတာလားတော့ ကျွန်တော် မခန့်မှန်းတတ်ပါချေ။

မည်သို့ပင်ရှိစေ။ ဆရာတော်ကြီးနှင့် အနီးနေခွင့်ရသခိုက်မှာတော့ အချိန်တိုင်းသည် ကျွန်တော့်အတွက် တန်ဖိုးရှိခဲ့သည်ချည်းသာ။

ဥပမေယျ တစ်ခုပြရပါလျှင် တစ်ခါသား ဗုဒ္ဓပူဇနိယပွဲတော်တစ်ခုတွင် ကျွန်တော်က ဓမ္မတေးဖြင့် ပူဇော်ခွင့် ရခဲ့ပါသည်။ ညအချိန်လည်းဖြစ်ပြန်၊ ချမ်းချမ်းစိမ့်စိမ့်လည်း ရှိလေရာ ကျွန်တော် အရက်သောက်ထားခဲ့ပါသည်။ သီချင်းဆိုပြီး ပြန်မည်လုပ်တော့ 'မင်းကွန်းဆရာတော်ကြီး ရောက်နေတယ်' ဟု ပြောလာသဖြင့် တက်ရောက်ဖူးမြော်ရပါသည်။ ဤတွင် လိုအပ်သည်ထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုတတ်သော ယမကာသမားများ ထုံးစံအတိုင်း ကျွန်တော်က ဆရာတော်ကြီး၏ ခြေအစုံကို နှဖူးတိုက်ပြီး ဝတ်ပြုလိုက်ရာ ဆရာတော်ကြီးက "သာဓု... သာဓု" ဟု ကောင်းချီးပေးပါသည်။ သို့သော် 'သာဓု' နှစ်ကြိမ်သာ ခေါ်ဆိုလိုက်ခြင်းက ထူးခြားနေပါသည်။ ကျွန်တော့်ကိုယ်မှ ယမကာနံ့တွေ ထွက်နေပုံရသောကြောင့် ဖြစ်ပါလိမ့်မည်။ သို့သော် အများသူငါ သာမန်အရပ်သုံးစကား ဖြစ်သည့် "ဟော့... သာဓုနှစ်ကြိမ်ပဲ ခေါ်ဦးမယ်" ဟု ခနိုးခနဲ့ ပြောပုံမျိုးက မဟုတ်ပြန်ပါပေ။ စောစောကပြောသလို ပညာရှိအထာသုံးလိုက်ခြင်း ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်အတွက် ကျွန်တော် အကယ်ဒမီရသော ၁၉၉၁ ခုနှစ် ကုန်ပိုင်းတွင် ဆရာတော်ကြီး၏ ကျန်းမာရေး တော်တော်ညံ့နေပါပြီ။ ကျွန်တော်တို့လည်း ဆရာတော်ကြီးအနီးတွင် (တရားနာရန်မဟုတ်မူဘဲ) ဝေယျာဝစ္စပြုစုကူညီရန် ရှိနေခဲ့ကြပါသည်။ အနီးတွင် ကျွန်တော်ရှိနေမှန်း သိသောအခါ ဆရာတော်ကြီးက ကျွန်တော့်အား ကွက်၍ စကားဆိုပါသည်။

"ဒကာကြီး ကောင်းရင်ရပ်တော့" တဲ့။

ထိုစဉ်က ကျွန်တော်သည် အကယ်ဒမီ ပူပူနွေးနွေး ရထားသူဖြစ်သော်လည်း အကယ်ဒမီ စသော လူမှုကိစ္စများ၌ စိတ်ဝင်စားခြင်း မရှိသော ဆရာတော်ကြီးက ကျွန်တော်၏ အောင်မြင်ကျော်ကြားမှုအပေါ် 'ရပ်ဖို့ကောင်းပြီ' ဟု တိုက်ရိုက်မိန့်ကြားခြင်း မဖြစ်နိုင်ပါ။ ယေဘုယျသဘော အများသူငါအတွက် ခြုံငုံပြီး တရားဟောခြင်းမျိုး မဟုတ်မူဘဲ ကျွန်တော့်ကို ကွက်ပြီး ပြောသောစကား ဖြစ်နေသဖြင့် ထူးခြားသည်ကတော့ သေချာပါသည်။ ပြီးတော့ ကျွန်တော့်ဘဝတွင် ကောင်းသောအပြုအမူ၊ အနေအထိုင်၊ အကျင့်အကြံများစွာ ရှိနေလေရာ ကောင်းမြတ်တာတွေ အကုန်ရပ်ပစ်ဟု မိန့်စရာလည်း အကြောင်းမရှိပေ။

သေချာတာတစ်ခုက 'နေ' သည် မွန်းမတည့်မီအထိ ခရီးရှည်သလို ထင်ရသော်လည်း 'မွန်းတိမ်း' သည်နှင့် အချိန်တိုသလိုမျိုး ဖြစ်တတ်သည်ကြောင့် အကောင်းဆုံးအချိန်တွင် တတ်နိုင်သမျှ ရပ်တန့်လိုက်ဖို့ (ရှေ့ဆက်သွားလျှင် ကျဆင်းတော့မည်) တတ်နိုင်သမျှ မွန်းတည့်ချိန်ကို သတိသမ္ပစဉ် ဆွဲထား (ချွဲထား) ဖို့ မိန့်ကြားလိုက်ခြင်းပင် ဖြစ်ပါလိမ့်မည်။

ထိုစကားကို တရားနာပရိသတ်ကြီးအား ဟောပြောသည်ဆိုလျှင်တော့ အလွန်ကျယ်ပြန့်သော အတွေးတစ်ရပ် ဖြစ်ပါလိမ့်မည်။ သို့သော် လူ့သဘာဝမှာ ကိုယ့်ဘက်ကိုယ်ယက်ပြီး ကိုယ်ချင်းစာတတ်ပါသည်။ ကျွန်တော်သည်





ဆရာတော်ကြီးစကားကို ကြားနာလိုက်ရပြီးနောက် အချိန်တော်တော်ကြာအောင် 'အရက်ပြတ်' သွားလေသည်။

ဟုတ်သားပဲ။ အရက်ကို ကောင်းကောင်းကြီး သောက်ဖြစ်ခဲ့ဖူးပြီ မဟုတ်ပါလားလေ။

[ပေါ်ပြူလာဂျာနယ်၊ အတွဲ ၇၊ အမှတ် ၁၀၊ မတ်လ ၁၁ ရက်၊ ၂၀၀၃ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## ဆရာထွေးသို့ ပေးပို့သည့်မေတ္တာစာ

(၂၄-၄-၂၀၀၃) နေ့က ဆရာခင်မောင်ထွေး (ပျဉ်းမနား) ၏ မင်္ဂလာ ရွှေရတုသို့ ကြွရောက်ခဲ့ရပါသည်။ အဲသည့်နေ့မတိုင်ခင် (၂၁-၄-၂၀၀၃) နေ့မှာ ကျွန်တော်က ပေါ်ပြူလာဂျာနယ်တိုက်သို့ ရောက်ခဲ့သည်။ [illegible] ထုံးစံအတိုင်း ... စဉ် တနင်္လာနေ့ ညနေတိုင်း မြို့ထဲထွက်ပြီး ဂျာနယ်တိုက်ပေါင်းစုံကို သွားနေကျ ဖြစ်သည်။ ပေါ်ပြူလာဂျာနယ်သို့ ရောက်လျှင် အယ်ဒီတာတွေ၊ စာရေးဆရာတွေ စုံလင်ပါက ကြာကြာထိုင်ဖြစ်သည်။ စကားစမြည် ပြောဖြစ်သည်။ ဆိုင်းဘုတ်မသိသော တိုက်မှာ လူမစုံလျှင် လမ်းထိပ်ဘက်သို့ ထွက်သည်။ ထိုမှာက အမြဲလိုလို စာပေသမားတွေ စုံညီ လက်ဖက်ရည်ဆိုင်သို့ သွားသည်။ ထိုအထဲတွင် သည်။ အထူးသဖြင့် အားကစားကလောင်ရှင်တွေ စုနေကြသည်။ ထိုအထဲတွင် ဆရာခင်မောင်ထွေးကို အဝေးကပင် မြင်နိုင်သည်။ သူက အသက်အကြီးဆုံး၊ ဝါအရင့်ဆုံးမို့ အများထက်ထူးပြီး ခွေးခြေအမြင့်ကြီးဖြင့် ထိုင်သည်။ သူများတွေက ခွေးခြေပုကလေးတွေနှင့် ထိုင်ကြသည်။ သူ့ကို စီးကရက်ခဲလျက် မားမားကြီး မြင်နေကျ ဖြစ်သည်။ အဲသည်နေ့ လက်ဖက်ရည်ဆိုင် ရောက်သွားတော့ ဆရာက ဖိတ်စာတွေ ဝေနေတာနှင့် ကြုံသည်။ ကျွန်တော့်ကိုမြင်တော့ "ကိုသုမောင်အတွက် ဖိတ်စာပို့ပေးပါ့မယ်" ဟု မလုံမလဲပြောသည်။ ကျွန်တော့် အတွက် ဖိတ်စာရည်ရွယ်ရင်းမရှိတာ ပေါ်လွင်သော်လည်း ကျွန်တော်က "ဖိတ်စာ မပေးပါနဲ့ လာခဲ့ပါ့မယ်၊ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာအခမ်းအနား သာပြောပါ ဆရာ" ဟု လူကြီးအရှက်ပြေစေရန် လေပြည်ထိုးရသည်။ အနီးရှိ





ဆရာတစ်ယောက်က ကျွန်တော့်ကို အားနာလို့လား၊ သူကိုယ်တိုင် မတက်ရောက်နိုင်၍လားမသိ။ သူ့ဖိတ်စာကို ကျွန်တော့်ထံ တစ်ဆင့်ကမ်းပါသည်။ ဖတ်ကြည့်လိုက်တော့ ဆရာထွေး၏ လက်ထပ်မင်္ဂလာ ရွှေရတုပွဲအတွက် ဖိတ်ကြားခြင်း ဖြစ်နေသည်။ ထိုအခါတွင်တော့ ကျွန်တော်သည် စောစောက လူကြီးအပေါ် ကျီစယ်လိုခဲ့သော စိတ်ညစ်တွေ ပျောက်သွားသည်။ တကယ်ပင် ကြည်နူးပီတိ ဖြစ်သွားတော့၏။ သြော်... ငါ့ဆရာနှယ် အိမ်ထောင်သက်ပင် (၅၀) ရှိပါပေါ့ လားဟု။ သည်အရွယ်ထိ ချစ်တုန်းခင်တုန်းပါလားဟု မသတ်မှတ်ရဲသော်လည်း အိမ်ထောင်ရေးသစ္စာ နှစ်ပေါင်းများစွာ တိုင်ခဲ့ပြီဆိုတော့ သေချာပါသည်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်တို့လို လူလတ်ပိုင်းများအဖို့ အတုယူစရာပင် မဟုတ်ပါလား။

"လာဖြစ်အောင်လာမယ် ဆရာ၊ စိတ်ချ" ဟူသော ပဋိညာဉ်စကားကို (စိတ်အထင်) ငါးကြိမ်လောက် ကျွန်တော် ပြောဖြစ်သွားလေသည်။

ကျင်းပမည့် နေရာကလည်း သက်တော်ရှည် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ စံကျောင်းမှာတဲ့။ စိတ်ထဲကလည်း ကျွန်တော့်ဖခင်နာမည်ကို တ,လိုက်ရသည်။ 'သာခု'

ကျွန်တော် တကယ်ပင် ကြည်နူးဝမ်းမြောက်သွားသည်ကို ဆရာက သတိပြုမိသဖြင့် ဖိတ်စာကိစ္စ ပိုပြီး အားနာသွားဟန် တူပါသည်။

"အမှန်က အားကစားကလောင်ရှင် နည်းနည်းလောက်ပဲ ဖိတ်မယ် စိတ်ကူးတာပါ။ အင်း... ကျွန်တော့်စာမူတွေ ဒိုင်ခံထည့်ပေးနေတဲ့ ကိုဟိန်းလတ်တို့လို အယ်ဒီတာတွေလည်း မဖိတ်လို့မကောင်းဘူး မဟုတ်လား" ဟု ဟာသ တစ်ဝက် ပင်ကိုတစ်ပိုင်းဖြင့် ပြောရှာသည်။

* * *

ဆရာ့ကို ကျွန်တော် ချစ်ခင်ရတာမှာ အဓိက အချက်နှစ်ချက်ရှိသည်။ ပထမအချက်က ဆရာစီးကရက်ခဲပုံမှာ ကျွန်တော့်ဖခင် ဆရာသာခုနှင့် တစ်ထပ်တည်းတူ၍ ဖြစ်သည်။ နောက်တစ်ချက်က ဆရာသည် ကျွန်တော့်အား မိတ်ဆက်ပေးသောအခါမျိုး၊ စာရေးသည့်အခါမျိုးတွင် အမြဲတစေ 'စာရေးဆရာ သုမောင်' ဟု တကူးတကန့် ပြောလေ့ရှိတာကြောင့်ပင်။ အသေးအဖွဲ့ကိစ္စကလေးများပင် ဖြစ်သော်လည်း ခံတွင်းတွေ့ဖွယ်၊ နားသာဖွယ် ဖြစ်ရသည်။ ဆရာက ကျွန်တော့်ကို ခင်မင်ခြင်းမှာလည်း စာပေတွေ ရေးသားနေသောကြောင့်ပင် ဖြစ်တန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ကျွန်တော့်အား ရုပ်ရှင်မင်းသား အဆိုကျော်အဖြစ် သိပ်ပြီး အလေးပေးပုံ မရပေ။ ယခုနောက်ပိုင်း အားကစားဆောင်းပါးများကို 'ရသ' သဘောနှောပြီး ကျွန်တော်က ရေးလာသောအခါ ဆရာက ပိုပြီး တွယ်တာလာပုံရလေသည်။ အားကစား ကလောင်ရှင်တစ်ယောက်လိုပင် ကျွန်တော့်အပေါ် ဆက်ဆံသမှု ပြုလာခဲ့သည်။

* * *

ပြီးခဲ့သည့် နှစ်လလောက်က ဖိုးချစ်ဝင်းမောင်က ကျွန်တော့်ထံ စာမူချူရင်း သူ့ 'ရန်သစ်မဂ္ဂဇင်း' လက်ဆောင်ပေးသည်။ ဆရာထွေး၏ ဆောင်းပါးပါလာသည်။ ရေးဖြစ်ပဟောင်း အောက်မေ့ဖွယ်စာစု ဖြစ်သည်။ ဆရာကြီးသိန်းဖေမြင့်၏ ကောင်းမှုဖြင့် ဆရာခင်မောင်ထွေး စာပေနယ်မှာ အလားမြောက်လာပုံကို ရေးဖွဲ့ထားသည်။ ကျေးဇူးစကား ဆောင်းပါးဟု ဆိုအပ်ပါသည်။ သည်နေရာမှာ မှတ်ဖွယ်သုတ တစ်ခုသွားတွေ့သည်။ ဆရာထွေးတစ်ယောက် အားကစားသတင်းထောက်ဘဝမှ အားကစားကလောင်ရှင်ဖြစ်လာခဲ့သော အချိန်ကာလ ဖြစ်သည်။ ဆရာ့အဆိုအရ (၁၉၉၅) ခုနှစ်တွင် စာပေလောကသို့ ဝင်ရောက်ပြီး အားကစား ကလောင်ရှင် ဖြစ်လာသည်ဆိုတော့ ဆရာ့ စာရေးသက်သည် ခုနယ်ဆိုလျှင် (၄၄ နှစ်) ရှိပါပြီ။

ဟော... အခု ဆရာ့ ရွှေရတုမင်္ဂလာ အခါတော်နှင့် တွက်ချက်သော် စာရေးသက်နှင့် ချစ်သက် (ခြောက်) နှစ် ကွာသည်။ ဆရာသည် အိမ်ထောင်ကျပြီးမှ စာပေထောင်ကျသူ၊ ဘာပဲဖြစ်ဖြစ် (၂၀၀၉) ခုနှစ်တွင် စာပေရွှေရတုကျင်းပနိုင်ပါစေ။

* * *

ကျွန်တော်က ရသဆန်သော အားကစားဆောင်းပါးတွေ ရေးသားသည် ဆိုသော်လည်း တစ်ခါတစ်ရံတော့ ပြုပြင်ရေးလေး ဘာလေး ရေးဖြစ်သည်။ တစ်ခါ ဘောလုံးပွဲ အမှတ်ပေးဇယားပျက်နေတာတို့၊ ဘာတို့လောက် ဖြစ်သည်။ တစ်ခါတစ်ရံ အားကစားသမားတွေ၏ ချစ်ဖွယ်အကြောင်းလေးတွေ ရေးသည်။ ဆရာကျားဘညိမ်း၏ ဟာသပုံပြင်လေးတွေ စမြုံ့ပြန်သည်။ သည်လို အတိုအထွာလေးတွေ ကျွန်တော်ရေးတာ ဆရာထွေးက အားပေးသည်။ တကယ်တော့ ကျွန်တော့်အနေနှင့်လည်း ထိုမျှသာ ရေးနိုင်ရေးတတ် ရေးခွင့်ရှိပါသည်။ နဂို





ကမှ အားကစားကလောင်ရှင်စစ်စစ် တစ်ယောက်မဟုတ်ဘဲလေ။ သို့သော် အားတက်စရာတစ်ခုကိုတော့ ခုတလော ဖတ်ရသည်။ ဆရာခင်မောင်ထွေး၏ ဆောင်းပါးများ ဖြစ်သည်။ သဘောကတော့ ဘောလုံးချည်းပဲ လုံးမနေကြပါနှင့်။ ဘက်ဟမ်းတို့၊ ရိုနာဒိုတို့ချည်း လုပ်မနေကြပါနှင့်။ မြန်မာ့ဘောလုံး၊ မြန်မာ့အားကစားသမားတွေကိုလည်း စာထဲထည့်ရေးကြပါ။ အခြားအားကစားတွေကိုလည်း ဆေးဖော်ကြောဖက် လုပ်ပါဦးတဲ့။ ဂျာနယ်တွေမှာ အင်္ဂလိပ်စာလုံးပေါင်းတွေ နေရာအယူများနေတာကိုလည်း ဆရာက ထောက်ပြသည်။ (ဗူးသီးငါးပေါင်းကြော်တွေမပါတာ တော်သေး ဆရာရေ)

ခုတလော ဆရာထွေးသည် ဤသို့သော ပြုပြင်ရေး ဆောင်းပါးတွေ အရေးများသဖြင့် ဝမ်းသာသည်။ ဆရာ့လို ကလောင်ရှင့်ကြီးကရေးတော့ ပိုပြီး အရာရောက်သည်ပေါ့။ ရိုးရိုးပြောရရင် ကျွန်တော် ရေးချင်သော်လည်း မရေးရဲသော အကြောင်းအရာများမို့ နံဘေးက ဝမ်းသာရခြင်း ဖြစ်သည်။ ဆရာ့အပေါ် ကျေနပ်ဂုဏ်ယူနေရင်း ဆရာ၏ ရွှေရတုမင်္ဂလာသို့ ကြွရောက်ခွင့်ရခဲ့တာ ကောင်းလေစွ။

* * *

ပြုံးချင်စရာကလေးဖြင့် အဆုံးသတ်ချင်ပါသည်။

ဆရာတို့ ဇနီးမောင်နှံ၏ ရွှေရတုမင်္ဂလာပွဲမှ ပြန်မည်လုပ်တော့ ဆရာ့ဇနီးက ကျွန်တော့်လက်ကို အကြာကြီး ဆွဲထားပြီး နှုတ်ဆက်သည်။

"ကိုသုမောင် သီချင်းတွေလည်း အမြဲတမ်း နားထောင်တယ်။ ကိုသုမောင် ရုပ်ရှင်ဆိုရင်လည်း မလွတ်တမ်း ကြည့်တယ်။ သိပ်ကြိုက်တာပေါ့' ဟူသော ပဋိသန္ထာရ စကားကို ရိုးရိုးကြီး ဆိုရှာသည်။ သို့သော် အကြိမ်ပေါင်းမနည်း ပြောနေသောအခါ ဆရာထွေးက ရယ်ကျဲကျဲလုပ်ရင်း "အလကားပါဗျာ၊ ရုပ်သံကလာတဲ့ ခင်ဗျားသီချင်းတွေနဲ့ အလကားပြတဲ့ ရုပ်ရှင်တွေကို ပြောနေတာ" ဟု မနာလိုတိုရှည်ဆန်သော စကားဖြင့် ဝင်ပိတ်သည်။ ဩော်... ဒါကြောင့်လည်း သုမောင်ကို စာရေးဆရာအဖြစ်သာ ဆရာထွေး အသိအမှတ်ပြုတာ ဖြစ်တန်ကောင်းသည်။

[တက်လမ်းဂျာနယ်၊ မေလ ၁၅ ရက်၊ ၂၀၀၃ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## အဆွေးသခင်ရဲ့ တေးပလ္လင်

၂၀၀၃ ခုနှစ် မေလထုတ် 'ရနံ့သစ်' မဂ္ဂဇင်းမှာ 'စက်တပ်ထားသော လူများ' ဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။ အဆိုကျော်တွေဟာ ကိုယ့်သီချင်းကိုပဲ ပြန်ဆိုရာမှာ တစ်ကြိမ်နှင့်တစ်ကြိမ် ဆိုဟန်ဆိုပေါက် မတူကြတဲ့အကြောင်းပါ။ အဆိုတတ်၊ အဆိုနပ်လာတဲ့အခါ သီချင်းတစ်ပုဒ်ကို ကိုယ့်ဟန်နဲ့ကိုယ် ကြိုက်သလို ဆိုတတ်ကြတဲ့သဘော ဖြစ်ပါတယ်။ ကျွန်တော်ဆိုခဲ့တဲ့ 'နဂါးနီ' သီချင်းကိုပဲ ကာရာအိုကေမှာ ကိုယ်တိုင်ပြန်ဆိုတော့ ကာရာအိုကေစက်က ကျွန်တော့်ကို အမှတ်အပြည့် မပေးတော့ဘဲ အခြားဝါသနာရှင်ကိုသာ အမှတ်တွေ အများကြီးပေးခဲ့တာ ကျွန်တော် ပမာပြုခဲ့ပါရဲ့။ အဲ့ဒီဆောင်းပါးပါလာတဲ့ရက်ပိုင်းမှာပဲ အခြားဖြစ်ရပ်တစ်ခုနဲ့ တိုက်တိုက်ဆိုင်ဆိုင် တိုးခဲ့လို့ ခုဒီစာစုကို ရေးရပါတယ်။

* * *

အများသိကြပြီးဖြစ်တဲ့ အဆွေးပလ္လင်ပေါ်က တေးသခင်ကြီး 'ကိုတင်လှိုင်' အကြောင်းပါ။ 'ကိုတင်လှိုင်' ဆိုပြီး နာမည်ကြီးနေလို့ 'ကိုတင်လှိုင်' လို့ပဲ သုံးနှုန်းလိုက်ပါတယ်ဗျာ။ တကယ်တော့ သူဟာ ကျွန်တော့်ထက် ဝါရော အသက်ပါ အများကြီး ကြီးပါတယ်။ ပြောရရင် ကျွန်တော်တို့ ငယ်စဉ်ကပဲ သူ့ရဲ့သီချင်းတွေကို နားစွဲခဲ့ရတာပါ။ ဘယ်လောက် ကြိုက်ခဲ့သလဲဆိုရင် သူကိုယ်တိုင်မဟုတ်ဘဲ သူ့လေနဲ့ သူ့သီချင်းကောင်းကောင်း ဆိုနိုင်တဲ့ ဝါသနာတူချင်းကိုတောင် အားကျခဲ့ရတာပါ။





စကားစပ်ပြီး ပြောရပါဦးမယ်။ တစ်ခါမှာ မြောက်ဥက္ကလာမြို့ဘက် စာပေဟောပြောပွဲ သွားရပါတယ်။ (အဲဒီတုန်းက ကျွန်တော်ဟာ စာရေးဆရာပေါက်စ၊ အဆိုတော်ပေါက်စ ဖြစ်နေပါပြီ) စာပေဟောပြောပွဲက ညဉ့်နက်သန်းခေါင်ကျော်မှ ပြီးပါတယ်။ ဟောသူတွေက ကျွန်တော်၊ မောင်သိန်းဆိုင်၊ မောင်ဝဏ္ဏ၊ အောင်ပြည့်နဲ့ ငြိမ်းကျော်တို့ပါ။ ဟောပြောပွဲပြီးတော့ အနီးအနားမှာရှိတဲ့ ဆရာတင့်ဆန်း (မောင်သိန်းဆိုင်ရဲ့ ဖခင်) အိမ်မှာ စတည်းချပါတယ်။ ဝိုင်းဖွဲ့ကြတယ်ဆိုပါစို့။ ဒီလိုနဲ့ မနက်နှစ်နာရီလောက်မှာ သူတို့အိမ်ရှေ့ ကားလမ်းမဆီက တီးလုံးမဲ့သီချင်းသံကို ပီပီပြင်ပြင် ကြားလာရပါတယ်။ ကျွန်တော်တို့အကြိုက် ကိုတင်လှိုင် ကိုယ်တိုင်များ လာဆိုနေသလားထင်ပါရဲ့။ ကောင်းလိုက်တဲ့အသံနဲ့ ဆိုပေါက်ဆိုဟန်။

ကျွန်တော်တို့တွေမှာ သောက်လက်စတွေ ခဏရပ် ပြောလက်စ လက်စသတ်ပြီးတော့ကို အရေးတယူ နားထောင်ကြရတဲ့အထိပါပဲ။ ဆိုတဲ့သူကလည်း ကိုတင်လှိုင် စပယ်ရှယ်လစ်ထင်ပါ့။ ရှိသမျှ ကိုတင်လှိုင် စီးရီးခွေတွေ ကုန်သလောက်ကို ဆိုနေလေရဲ့။

နောက်ဆုံးတော့ ကျွန်တော်တို့ မနေနိုင်ကြတော့ပါဘူး။ အိမ်ပေါ်ကဆင်း လမ်းမဘက်လျှောက်ပြီး အသံလာရာကို သွားကြရပါတယ်။ လမ်းဘေးဓာတ်မီးတိုင်အောက်မှာတော့ လုံချည်ခေါင်းမြီးခြုံပြီး (ဆောင်းရာသီကြီးပါ) ငုတ်တုတ်ဟာစ်နေတဲ့ လူငယ်တစ်ယောက်။ ကျွန်တော်တို့က သူ့အနား အသာအယာကပ်ပြီး ဝိုင်းထိုင်လိုက်ကြပါတယ်။ အဆိုရှင် အာရုံပျက်မှာစိုးလို့ အသံတောင် မပြုရဲပါဘူး။ ဆိုလက်စ သီချင်းပြီးတော့မှ အဲဒီပုဂ္ဂိုလ်ကို ကျွန်တော်တို့က ထပ်ပြီး ပွဲတောင်းရတယ်။

"အစ်ကိုကြီးရာ ကောင်းလိုက်တာဗျာ ကိုတင်လှိုင်ကျနေတာပဲ လုပ်စမ်းပါဦး" ဘကြီးအောင်ညာတယ် သီချင်း"

သူက မငြင်းပါဘူး။ လုံချည်ခေါင်းမြီးခြုံရက်ကပဲ ကိုတင်လှိုင်ရဲ့ 'ဘကြီးအောင် ညာတယ်' ကို အပီအပြင် ဟာစ်ပါတယ်။ ၁၉၅၇ ခုနှစ် မူလ ကိုတင်လှိုင်ဆိုတဲ့အတိုင်း ချွတ်စွပ်။ ကျွန်တော်တို့ မနေနိုင် မထိုင်နိုင် ဖြစ်လာပြီး စည်းဝါးဝင်လိုက်မိပါတယ်။ ဆရာအောင်ပြည့်ဆိုရင် လိုက်တောင်ဆိုရှာပါတယ်။ အဲဒီတော့မှ ဒီပုဂ္ဂိုလ်က ခေါင်းမြီးခြုံကို ဆွဲဖွင့်ပြီး...

"ဟော့... မအေပေးတွေ နားထောင်ချင် ကောင်းကောင်း နားထောင်



www.burmeseclassic.com

www.burmeseclassic.com



သဲယောင်မလိုက်ကြနဲ့ ဖိလင်အောက်တယ်" ဆိုပြီး သူ့မျက်နှာကြီး လှည့်ပြတယ်။ လားလား ကိုတင်လှိုင်ကိုယ်တိုင် ဖြစ်နေပါပေါ့လား။

"အေး... မင်းတို့ ဟောပြောပွဲ ခုနက ငါ နားထောင်ပြီးပြီ။ ခု ငါဆိုတာ ပြန်နားထောင်" တဲ့။

* * *

"အဲဒီ ကိုတင်လှိုင်အကြောင်း ဆက်ရရင် တစ်လောဆီက ပန်းချီမောင်မောင်သိုက်ရဲ့တူ မင်္ဂလာဆောင်ရာမှာ ကျွန်တော့်ကို မင်္ဂလာစကား ပြောခိုင်းပါတယ်။ ပန်းချီမောင်မောင်သိုက်နဲ့အတူ သတို့သားရဲ့ လူကြီးတွေအဖြစ် ကိုတင်လှိုင်ကိုပါ တွေ့ရပါတယ်။ မင်္ဂလာအချိန်မှာ ကိုယ်ရော သူတို့ပါ လူကြီးလူကောင်းတွေ လုပ်နေခဲ့ပြီး အခမ်းအနားပြီးလို့ ညနေလည်းစောင်းရော မင်္ဂလာရှင်က ပြုစုတဲ့ဝိုင်းမှာ 'အမင်္ဂလာ' အမှုကို ပြုကြရောဆိုပါစို့။ ကျွန်တော်ကတော့ ညပိုင်းအလုပ်ရှိလို့ စောစောပဲ ထပြန်ခဲ့ပေမယ့် ကိုမောင်မောင်သိုက်နဲ့ ကိုတင်လှိုင်ကတော့ အဲဒီကနေ ဆက်လိုက်ကြတာ ခရီးရှည်သွားတော့တာပါပဲတဲ့ဗျာ။ သတင်းစကား ဒီလို ပြန်ကြားရပါတယ်။

"သူတို့က မင်္ဂလာဆောင်မှာ အတော်လေး ရွှင်သွားကြတော့ ကာရာအိုကေဆိုင် သွားကြမယ် ဖြစ်ပါရော့"

"ဟာ... ကိုတင်လှိုင်က ကာရာအိုကေဆိုင်မှာ သွားဆိုပါ့မလား"

"အူရွှင်နေပြီလေ။ ဖိုးဆိုချင်မောင်မောင်သိုက်ကလည်း အဆွယ်ကောင်းကောင်း ထင်ပါရဲ့။ ပြီးတော့ သူတို့သွားကြတဲ့ဆိုင်ကလည်း အဆိုကောင်းရင် ဆုတော်ငွေတွေ တော်တော်ချဆိုပဲ"

"ဒါတော့ မနိပ်ပါဘူးဗျာ၊ ကိုတင်လှိုင်လို အဆိုတော်ကြီးတစ်ယောက်က ကာရာအိုကေဆိုင်မှာ သီချင်းဆိုပြီး ဆုယူတယ်ဆိုရင် မတရားဘူး"

"မဟုတ်ဘူးလေ။ သူတို့ ကိုတင်လှိုင်ရယ်လို့ ဘယ်သူကမှ သိတာ မဟုတ်ဘဲ"

"ကိုင်းနော့ဖြင့် ကာရာအိုကေဆိုတော့ရော ကိုတင်လှိုင်ရဲ့ သီချင်းတွေမှ ဟုတ်ကဲ့လား"

"ဒါပေါ့ဗျာ၊ ကိုတင်လှိုင်သီချင်းခွေ ဖွင့်နိုင်းပြီး ဆိုကြတာပေါ့"

"ဆုရရော ဆိုပါတော့"





"အေးဗျ၊ တော်တော်များများ ရလိုက်ကြတယ်"

"ဒါကြောင့် မတရားဘူးပြောတာဗျ၊ ကိုယ့်သီချင်း ကိုယ်ပြန်ဆိုတာပဲဟာ"

"မဟုတ်ဘူးဗျာရေ၊ ကိုတင်လှိုင်သီချင်းကို ကိုတင်လှိုင်ဆိုတာ ဆုမရဘဲ မောင်မောင်သိုက်ကချည်း ဆုတွေရနေတာတဲ့ ရှင်းပြီလား"

ကျွန်တော့်မှာ ရှင်းပြီးသားပင် မဟုတ်ပါလား။ ပြောခဲ့ပြီးပါပကော။ ကျွန်တော်လည်း နဂါးနီကို ကာရာအိုကေဆိုရာမှာ ဝါသနာရှင်လောက် အမှတ်မရခဲ့ဖူးဘူးလို့။ အဆိုကျော်ဆိုတာ ကိုယ့်သီချင်းပေမယ့် တစ်ခေါက်ကို တစ်မျိုးဆိုချတာလားလေ။

"ကိုင်း... ဒီစာစုလေးကို ပြုံးချင်စရာအနေနဲ့ ဖတ်ချင်လည်း ဖတ်ကြပါ"

အဲ "အနုပညာဆိုတာ စက်ရုပ်မဟုတ်ဘူး"

"အနုပညာဆိုတာ စက်နဲ့လှည့်ထုတ်တဲ့ ပစ္စည်းမျိုး မဟုတ်ဘူး" လို့ သဘောထားပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့။ မယုံရင် ကိုမောင်မောင်သိုက်ကိုလည်း ပန်းချီကားတစ်ပုံတည်း အချပ်ရေများစွာ ရေးခိုင်းကြည့်။ သူ မရေးနိုင်ပါဘူး။ ရေးလည်းရေးမှာ မဟုတ်ပါဘူးလေ။

[ဂီတကမ္ဘာဂျာနယ်၊ အမှတ် ၁၈၊ မေလ ၁၉ ရက်၊ ၂၀၀၃ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## အောင်ကာရန် ဆောင်နိမိတ်တွေနဲ့

လူတွေက 'ကံ' ကြမ္မာအလှည့်အပြောင်းဆိုပြီး အကောင်းအဆိုးနှစ်မျိုးကိုပဲ ဂရုစိုက်တတ်ကြပါတယ်။ အထူးသဖြင့် လောကီအကျိုး၊ ငွေကြေး၊ ဂုဏ်၊ နာမည်ကျော်စောမှု စသဖြင့်ပေါ့လေ။

ကျွန်တော်ကတော့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာတတ်တဲ့ ပီတိဖြစ်စရာလေးတွေ၊ ပျော်စရာလေးတွေ၊ တရားကျစရာလေးတွေ ကြုံလာရင်လည်း 'ကံကောင်းလိုက်တာ' လို့ ထင်မိတတ်ပါတယ်ဗျာ။ ဆိုပါစို့ ကိုယ်အလွန်လေးစားတဲ့ စာရေးဆရာကြီးတစ်ယောက်ကို ဖျတ်ခနဲ မြင်ဖူးရုံလေးရှိတာနဲ့ကို ကံကောင်းတယ်လို့ပဲ ခံစားရတတ်တာမျိုးပေါ့။ စကားပြောခွင့်၊ နည်းနာခံခွင့်၊ စာပေဆွေးနွေးနိုင်ခွင့်လောက်များ ရမယ်ဆိုရင်တော့ မပြောပါနဲ့တော့ပါပဲ။

ခုလည်း ဂီတနဲ့ပတ်သက်လို့ အထူးသဖြင့် သီချင်းအဆိုနဲ့ ပတ်သက်လို့ ကံကောင်းခဲ့ရတာလေး ပြန်တွေးမိနေပါတယ်။

မှတ်မှတ်ရရ ၂၀၀၀ ပြည့်နှစ် မန္တလေးမြို့မဂီတအသင်းကြီးရဲ့ စိန်ရတုပွဲ သွားရောက်ကူညီဖျော်ဖြေခဲ့ရတုန်းကပါ။ အဲဒီတုန်းက ရန်ကုန်က ဂီတပညာရှင် အတော်များများ မန္တလေးကို သွားခဲ့ကြပါတယ်။ မိတ်ဆွေရင်းချာသဘော၊ မိသားစုသဘောနှင့်မို့ ချစ်ဖို့အလွန်ကောင်းပါတယ်။ အောက်ပြည်အောက်ရွာက ဂီတပညာရှင်များကလည်း မြို့မပွဲမို့ မြို့မသီချင်းတွေ တတ်အားသလောက် ဆိုကြပါတယ်။

ကျွန်တော်ကတော့ နန်းတော်ရှေ့ဆရာတင်ရဲ့ 'လှောင်' သီချင်းကို ဆိုပါတယ်။ ကျွန်တော် ကံကောင်းတယ်ဆိုရတာက သီချင်းတစ်ပုဒ်လုံးကို (အောင်)





ကာရန်တွေနဲ့ချည်း ယူထားတာမို့ တေးဆိုသူရဲ့အမည်ကို သီချင်းထဲ ထည့်ဆိုတဲ့အခါ 'သုမောင်' ဆိုတော့ ကာရန်သင့်သွားတာကြောင့်ပါပဲ။ အဲဒီ 'လှောင်' သီချင်းကို မူလက (မန္တလေး) ဦးချစ်ဖွယ်ကြီးဆိုခဲ့တာပါ။ နောက်တော့ ဦးချစ်ဖွယ်ရဲ့သား (မန္တလေး) ဦးသိန်းတန်က ဆိုခဲ့တယ်လို့ သိရပါတယ်ဗျ။ မူလသီချင်းကို ဓာတ်ပြား၊ တိပ်ခွေ စသဖြင့် သွင်းထားတာ မရှိလို့ ဘယ်သူဆိုခဲ့တာ အကျော်ကြားဆုံးလဲ ကျွန်တော် မသိရပါဘူး။ ကျွန်တော့်အနေနဲ့တော့ အဲဒီ 'လှောင်' သီချင်းကို မြို့မအဖွဲ့နဲ့ ရန်ကုန်မှာပဲ တိပ်ခွေစီးရီးထဲမှာ ကျွန်တော် သွင်းဖူးဆိုဖူးတာပါ။ သီချင်းစာသားမှာက...

"အလွန်တကယ် သရော်**လှောင်** ရှုံတယ် ကျွန်တော် **ရှောင်** ခုနစ်ဆယ်ကျော် **တောင်**ကို မြို့မနဲ့ ဝေးမယ်မထင်**ပေါင်** သားတွေက **လှောင်** သမီးတွေက **လှောင်** ပွဲတီးတဲ့ခါ မိန်းမက**လှောင်** နေ့တိုင်း မင်းတို့ ကျုပ်ကို **လှောင်** **လှောင်**ပေမယ်လို့ကွယ် သု**မောင်ကြီး**တရားမချို့**ပေါင်** သနားဖို့**အကောင်**' တဲ့။

အရင့်အရင် ကျွန်တော့်ထက် ဦးစွာသီဆိုခဲ့တဲ့ ပညာရှင်ကြီးတွေထဲမှာ **'အောင်'** ကာရန်ပါတဲ့ သူမရှိခဲ့ဖူးလို့ သိရပါတယ်။ ဥပမာ ဦးသိန်းတန်ကြီးဆိုရင်လည်း 'သိန်းတန်ကြီး တရားမချို့**ပေါင်** သနားဖို့**အကောင်**' လို့ပဲ ဆိုရမှာပါ။ ဦးချစ်ဖွယ်ကြီးဆိုတာ ဖြစ်ရင်လည်း 'ချစ်ဖွယ်ကြီး တရားမချို့**ပေါင်**' လို့သာ ဆိုခဲ့မှာပါဗျာ။

ခုတော့ ကျွန်တော် ဘယ်လောက် ကံကောင်းပါသလဲ။ 'အောင်' ကာရန်ယူထားတဲ့ သီချင်းကိုမှ ဆိုခွင့်ရခဲ့တာ။ ဒီသီချင်းဟာ ကျွန်တော့်အထက် ဘိုးစဉ်ဘောင်ဆက်က ပေါ်ခဲ့ပေမယ့် ကျွန်တော့်အလှည့်ကျခါမှ တိပ်ခွေသွင်းဖြစ်ပြီး ကိုယ့်နာမည်ထည့်ဆိုခွင့် ရလိုက်တော့ နောင်တစ်ချိန်မှာ ကျွန်တော့်သီချင်းလိုများ ဖြစ်သွားလေမလားပေါ့။

အဲသလိုများ ဖြစ်သွားခဲ့ရင်လည်း ကျွန်တော်ကတော့ တိတ်တိတ်ကလေး ကျိတ်ပြီး ဂုဏ်ယူနေမိတော့မှာပါပဲ။

စောစောကပြောသလို မန္တလေးမှာ စင်တင်ဂီတဖျော်ဖြေရတော့လည်း ပရိသတ်ကို ဟန်နဲ့ပန်နဲ့ ရင်ဘတ်ကြီး ပုတ်ပုတ်ဆိုပြရတာ အရသာရှိလိုက်တာဗျာ။ အဲသလို ကျွန်တော်ကဆိုတော့ အမေလူထုဒေါ်အမာက သူ့စင်အောက်က နားထောင်ရကြောင်း၊ ငယ်မူပြန်ပြီး ခြေလက်နဲ့ စည်းဝါးလိုက်နေမိကြောင်း မဟေသီမဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ် တကူးတကန့် ရေးခဲ့ပါသေးတယ်။ အမေ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ယင်ယင်က သီချင်းဆိုပဲ။ ကဲ… ကျွန်တော် သုမောင်ကို ကံမဆောင်ပေဘူးလား။

တလောဆီက အစ်ကိုချစ်ဆွေ (စန္ဒရားချစ်ဆွေ) က ဘာသဒ္ဒါပေါက်တယ် မသိပါဘူး။ "ဟေ့ကောင်… ဗလ မင့်ကို သီချင်းအသစ်တစ်ပုဒ်စပ်ပေးမယ်" လို့ ပြောပါတယ်။ ဒီလိုရေးရတာက အစ်ကိုချစ်ဆွေဟာ သီချင်းသစ်မပြောနဲ့၊ သူ့သီချင်းဟောင်းတွေ ပြန်ဆိုချင်တယ်လို့ တောင်းရင်တောင် (ဘယ်လောက်ပုံပေ,ပေး) စိတ်မထင်ရင် ဘုဆတ်ဆတ်ကြီး ငေါက်လွှတ်တတ်တဲ့သူပါ။ "မင်းဆိုလို့ ကရုဏာသက်စရာ တစ်ကွက်မှ မရှိဘူး" လို့လည်း ငေါ့တော့တော့ လှောင်တောင်တောင် ပြောချင်ပြောတတ်ပါရဲ့။

ခုတော့ ဘာအဆက်အစပ်မှ မရှိဘဲ (လက်ဖက်ရည်ဆိုင်မှာ) သူကစပြီး စေတနာတွေ စီးဆင်းလာတော့ "ဟ… ငါ ထီပေါက်တာပဲ" လို့ လက်ခမောင်းခတ်မိပါတယ်။ အကြောင်းသိတွေကလည်း "ဟေ့… ဘိုသူ့ ထီထိုး" လို့ ဩဘာပေးကြလေရဲ့။

တကယ်ပါပဲ။ အဲဒီကိစ္စကို သူ မမေ့မလျော့ အကောင်အထည်ဖော်ခဲ့ရာမှာ မနေ့က (၁၉–၅–၂၀၀၃) မှာ မြန်မာ့အသံတီးဝိုင်းနဲ့ သူ့သီချင်းကို သီဆိုဖြစ်ခဲ့ပါတော့တယ်။ 'အစ်ကိုချစ်' ကိုယ်တိုင် စန္ဒရားမတီးပေမယ့် ကျွန်တော့်အနားကပ်ပြီး တစ်ချိန်လုံး လိုက်ဆိုပြပေးခဲ့ပါတယ်။ (သူ့အသံကလေးပါ အမှတ်တရရှိအောင် ကျွန်တော်က သီချင်းတိုက်တုန်း အိတ်ဆောင်ကက်ဆက်နဲ့ တိတ်တိတ်သွင်းယူထားလိုက်ပါတယ်) ကိုင်း… သီချင်းကို ကြည့်ပါဦး။ ခေါင်းစဉ်က "မောင်မောင်ပစ်တိုင်းထောင်"

စာသားတချို့ကို ဖော်ပြရရင်…

*"ကျရာအရပ်မှာ တ**ထောင်ထောင်** အရှုံးမပေး**ပေါင်** အပြုံးကလေး**ဆောင်** အမုန်းတေးစကားကို **ရှောင် မောင်**ပစ်တိုင်း**ထောင်** ဘဝကို အရှုံးမခံရန်းကန်ခြင်းနဲ့ ပြိုင်ရ**အောင်** အားငယ်စိတ်တွေ**ရှောင် မောင်**ပစ်တိုင်း**ထောင်** နှလုံးသားလေးများ ဖြူစင်သ**မောင်** (ပစ်တိုင်း**ထောင်**)၂ **မောင် မောင်** ပစ်တိုင်း**ထောင်** x x x" စသဖြင့်ပေါ့ဗျာ။*

ကြည့်စမ်းပါဗျာ။ ဒီသီချင်း ကျွန်တော့်ကိုယ်ပိုင်ဖြစ်မယ့်သီချင်းကလည်း 'အောင်' ကာရန်ပါပဲလား။ အကြောင်းအရာကလည်း ကျွန်တော့်စရိုက်နဲ့ ကိုက်





ပါပေ့။ 'ကျရာအရပ်မှာ တထောင်ထောင်' တဲ့။ ကျွန်တော့်မှာလေ ဆိုနေရင်းက ထလိုက်ရတဲ့ကြက်သီး။

ပြီးတော့ စာဖတ်သူကို ကျွန်တော် တိတ်တိတ်ခိုးသွင်းထားတဲ့ အစ်ကိုချစ်ဆွေရဲ့ အသံတွေ ဖွင့်ပြချင်စမ်းပါဘိ။ ဆိုပေါက်လွဲလို့ ဆဲတဲ့အသံတွေ၊ ပီဘိအဆိုတော်သစ်ကလေးကို သီချင်းချပေးနေသလို အရစ်အဟဲတွေ ပြပေးနေတာတွေ၊ အဝင်အထွက်တွေ စိတ်တိုင်းမကျလို့ စာရွက်ကို တဖြန်းဖြန်း ရိုက်တဲ့အသံတွေ။

သြော်… ငါးဆယ်ကျော် အဘိုးအိုလေးကို ခုနစ်ဆယ်ကျော်အဘိုးကြီးက သီချင်းတက်ပေးနေပုံများ နံဘေးကနေလာကြည့်ကြစေချင်စမ်းပါဘိ။

ကိုင်း… ကျွန်တော် ကံမကောင်းပေဘူးလားဗျာတို့။

[ပေါ်ပြူလာဂျာနယ်၊ ဇူလိုင်လ ၁ ရက်၊ ၂၀၀၃ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## လမ်းသလားနှစ်ရှည်နိုင်ပါစေ

အမှန်က ကာရန်နဘေထပ်ပြီး ပြောရိုးပြောစဉ် ရှိခဲ့တာက 'ယန္တရားခေတ်မလေ လမ်းသလားနှစ်ရှည် အလွမ်းသမားဖြစ်ထွေ စန္ဒရားချစ်ဆွေ' ပါတဲ့။ ဒီစကားလေးကို တီထွင်ခဲ့သူကလည်း ကာယကံရှင် အစ်ကိုချစ်ဆွေ (စန္ဒရားချစ်ဆွေ) ပါပဲဗျာ ဒီနဘေထပ်ကလေး စတင်ပေါ်ပေါက်လာချိန်က ၁၉၇၅ ဝန်းကျင်၊ ကျွန်တော် အရက်သမားဘဝ ပီပီသသကာလ။ အဲဒီတုန်းက ညနေခင်း အရက်သောက်ပြီး မြို့လုံးပတ်လည် လှည့်ပြီဆိုရင် ကျွန်တော်တို့ သောက်တဲ့ဆိုင်နဲ့ အနီးဆုံး (ပန်းချီဆရာ ပေါ်ဦးသက်စတည်းချတဲ့) လောကနတ် ပန်းချီပြခန်းကို စတင်ထိုးဖောက် ဝင်ရောက်ပါတယ်။ အဲဒီကပြီးရင် ဆူးလေစေတီကော်ကို လက်ယာရစ်ပတ်ပြီး အနီးဆုံးအိမ်တွေ ဝင်ရောက်မွှေနှောက်တော့တာပါပဲ။ စာရေးဆရာမ မလေးလုံအိမ်ကနေ စလိုက်တာ နောက်ဆုံးလမ်းခွဲကြတော့ စိန့်ပေါလ်ကျောင်းမှတ်တိုင်။ ဒီမှာတွင် အနီးဆုံး ဖြစ်ပြန်တဲ့ အစ်ကိုချစ်ဆွေအိမ်ကို အပြီးသတ် သွားရောက် နှောင့်ယှက်ကြတော့တာပေါ့လေ။ ခက်တာက ကျွန်တော်တို့အုပ်စုမှာ ကျွန်တော်က အငယ်ဆုံး။ အကြီးဆုံးက စာရေးဆရာကြီး…။ ဆရာကြီးက အစ်ကိုချစ်ဆွေနဲ့ ရွယ်တူလောက်ဆိုတော့ ခံရသူ အစ်ကိုခများမှာ ကျွန်တော်တို့လူသိုက်ကို ဆဲချင်ဆိုချင်ရင်တောင် သူ့သက်တူရွယ်တူ ဆရာတွေ ပါနေတော့ သည်းညည်းခံရရှာပါရော။ နေ့စဉ်မဟုတ်တောင် တစ်ပတ်ခြားတစ်ခါလောက် သွားရောက်နှိပ်စက်ရတဲ့ အကြောင်းရင်းကတော့ ချစ်စရာကောင်းပါတယ်လို့ ကိုယ့်ဘက်ကိုယ်ယက်ပြီး ပြောရမှာပါ။ ကျွန်တော်တို့ အစ်ကိုချစ်ဆွေအိမ်ရှေ့ ဗာဒံပင်အောက်မှာ စန္ဒရားချစ်ဆွေရဲ့ သီချင်းတွေကို သံသေးသံကြောင်





သံပြိုင်သီဆိုကြတာ မဟုတ်လား။ အစ်ကိုချစ်ကလည်း အိမ်ပေါ်ကဆင်းလာပြီး ကျွန်တော်တို့ကို ဧည့်ခံရှာပါတယ်။ စိတ်လိုလက်ရရှိရင် သူ ပါဝင်ပြီး သီချင်းတိုးတိုး ဆိုပါတယ်။ သူ့သီချင်းကွေတော့ မဟုတ်ပါဘူး။ သူများသီချင်းတွေကို စာသားဖျက်ပြီး ဟာသဖြစ်အောင် လုပ်ဆိုတာပါ။ 'ဂေါ်ရင်ဂျီကုလား ဆယ့်နှစ်လ ရာသီဘွဲ့' တို့၊ 'ခေတ်သစ်ရတုပိုဒ်စုံ' တို့ စသဖြင့်ပေါ့လေ။ အလွန်ပျော်စရာကောင်းခဲ့ပါရဲ့။ ငယ်ကလကည်း ငယ်ကြပေသေးတာကိုး။ စကားမစပ်ပြောရဦးမယ်။ အစ်ကိုချစ်ဆွေဟာ အလွမ်းသမားပြောရလောက်အောင် အဆွေးသီချင်းတွေ အများဆုံး ရေးစပ်သီဆိုခဲ့ပေမယ့် တကယ့်အရှိမှာတော့ ဟာသဘက်ကို အားသန်သူပါ။ သူနဲ့တွေ့ရင် ရယ်စရာပဲ ပြောပါတယ်။ သူ့အလွမ်းသီချင်းတွေရဲ့ ရာဇဝင်ဖြစ်ပေါ် အခြေခံတာတွေကိုတောင် ဟာသအဖြစ် ပြောတတ်သူပါ။ ကုန်ကုန်ပြောကြကြေး သူနဲ့ စကားနိုင်လုတာတို့၊ သူ့ကို မတရားနောက်တာတို့ လုပ်မိလို့ 'ဆဲ' ရင်တောင် ဟာသနဲ့ ဆဲတတ်ပါတယ်။ ဖရုဿဝါစာ မပါပါဘူး။ ရယ်စရာဆဲနည်း ဆိုကြပါစို့။

အဲ… တစ်ခါကတော့ ကျွန်တော်တို့အုပ်စုနဲ့ အစ်ကိုချစ် ပါလာခဲ့ပါတယ်။ မှတ်မှတ်ရရ 'မရိုးမရင်းကလပ်' ဆိုလား၊ 'ကမ်းရိုးတန်းစောင့်အသင်း' ဆိုလား။ အဲဒီမှာ သူ့သီချင်း 'ပန်းတံတား' ကို ကျွန်တော်နဲ့ အကယ်ဒမီခင်ယုမေတို့ သီဆိုကပြဖို့ကိစ္စ၊ အစမ်းလေ့ကျင့်ကြတဲ့ ညကပါ။ အစ်ကိုချစ်အဲဒီအချိန်က အရက်ဖြတ်လိုက်ပြီလားဆိုတာတော့ မမှတ်မိပါဘူး။ မှတ်မိနေတာက…

"ဟော့ကောင် ဗလ ငါ့နာမည်က ငါ့သီချင်းတွေလိုပဲ နဘေထပ်ထားတာကွ။ 'ယန္တရားခေတ်မလေ လမ်းသလားနှစ်ရှည် အလွမ်းသမားဖြစ်ထွေ စန္ဒရားချစ်ဆွေ' တဲ့။ မင်း စဉ်းစားကြည့် ငါက အလွမ်းသမား၊ စန္ဒရားလည်းတီးတယ်။ ပြီးတော့ ခုလိုပဲ လမ်းသလားနေရတာ ပျော်တယ်လေ" တဲ့။

ဒီတုန်းက ကျွန်တော်လည်း မူးမူးရူးရူးနဲ့မို့…

"ဒါကို ပန်းရထားလှစ်မွေ့ ထပ်ဖြည့်ပေါ့ အစ်ကိုရာ" ပြောမိလို့ ကျွန်တော့်ပစ္စည်းနဲ့ ကျွန်တော့်ကို ဟာသမြောက်အောင် ဆဲတာလည်း မှတ်မိနေပါတယ်။

ဒါဟာ ခု ကျွန်တော်ပြောချင်နေတဲ့ အဓိကအကြောင်းပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့ထုတ် ခြောက်နှစ်ပြည့် ပေါ်ပြူလာဂျာနယ်မှာ ကျွန်တော်က 'အောင်ကာရန် ဆောင်နိမိတ်တွေနဲ့' ဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။ အကြောင်းအရာကတော့ မန္တလေးနန်းတော်ရှေ့ ဆရာတင်ရဲ့ 'လှောင်' ဆိုတဲ့ သီချင်းကို ကျွန်တော် ပြန်ဆိုခွင့်ရတဲ့အကြောင်း၊ အရင့်အရင်က ဦးချစ်ဖွယ်တို့၊ ဦးသိန်းတန် (မန္တလေး) တို့ သီဆိုရာမှာ သီချင်းရဲ့ကာရန် (အောင်ကာရန်) နဲ့မညီဘဲ ကျွန်တော့်အလှည့်ကျမှ 'သုမောင်' ဆိုတော့ 'အောင်ကာရန်' သွားမိတာ ကျွန်တော် ကံကောင်းကြောင်း။ (သီချင်းတစ်ပုဒ်လုံးကလည်း 'ပြောင်' 'အောင်' 'မောင်' 'လှောင်' စသဖြင့် ယူထားတာပါ)

ဟော... တလောဆီက စန္ဒရားချစ်ဆွေက ကျွန်တော့်အတွက် သီချင်းအသစ်တစ်ပုဒ် စပ်ပေးပြန်တော့လည်း 'မောင်မောင်ပစ်တိုင်းထောင်' တဲ့။ စာသားအားလုံးမှာလည်း 'ရှောင်' 'အောင်' 'မောင်' 'ထောင်' စသဖြင့် အောင်ကာရန်တွေချည်းပါလာလို့ ထပ်ဆင့်ကံကောင်းဟဲ့အကြောင်း၊ ဒီလိုကံကောင်းမှုကလေးမျိုးဟာ အနုပညာသည်တစ်ယောက်အဖို့ အလွန်ပီတိဖြစ်ရကြောင်း စသဖြင့်ပေါ့လေ။

ရေးတဲ့နေရာမှာ တစ်ခု ကျွန်တော်မှားသွားပါတယ်။ 'ငါးဆယ်ကျော်အဘိုးအိုလေးကို ခုနစ်ဆယ်ကျော် အဘိုးကြီးက သီချင်းချပေးနေတာ ဘယ်လောက် ကြည်နူးစရာကောင်းသလဲ' ဆိုတဲ့ စာပါသွားပါတယ်။ အမှန်က အစ်ကိုချစ်ဆွေက ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်တွင်းပါ။ ဖြစ်ပုံက အစ်ကိုချစ်ဆွေ၊ အစ်ကိုမောင်မောင်ကြီး၊ အစ်ကိုမင်းနောင်တို့ဟာ တစ်ယောက်တစ်ယောက် 'မင်း' တွေ၊ 'ငါ' တွေ သုံးနှုန်းပြီး ဆဲဆိုပေါင်းသင်းနေကြတာမို့ ကျွန်တော့်စိတ်ထဲ တစ်ရွယ်တည်းထင်ခဲ့တာကိုး။ (လူကြီးတွေရဲ့အသက်ကိုလည်း ကျွန်တော်က မမေး၊ မစစ်ရဲဘူးလေဗျာ) ဒီတော့ စာထဲမှာ အစ်ကိုချစ်ဆွေကို ခုနစ်ဆယ်ကျော်လို့ ရေးမိတာပေါ့။

အဲဒီဂျာနယ်ထွက်ထွက်ချင်းပဲ ကျွန်တော် အစ်ကိုချစ်ဆီ ဖုန်းဆက်ပြီး အမှားကို ဝန်ခံခဲ့ပါတယ်။ ဒီတော့ သူက "ကောင်းသားပဲကွ၊ မင့်စာထဲက အတိုင်းဆို ငါ အသက်ပိုရှည်ဦးမှာပေါ့" လို့ ပီတိစကားပြောပါတယ်။ နောက်မှ "ဟော့ကောင်ဗလ တစ်ခုတော့ရှိတယ်။ ငါက ခုနစ်ဆယ်ပြည့်မွေးနေ့ လုပ်ဦးမှာ။ အဲဒါဆို မင့်စာအရ ငါ့သက္ကရာဇ် ဖြုံသလိုဖြစ်နေဦးမယ်။ တစ်နေရာရာမှာ ပြင်ရေးဦးကွာ" လို့ တယ်လီဖုန်း ပြန်ဆက်ပြောပါလေရော။





ခုအချိန်မှာ ကျွန်တော်တို့ဟာ ငယ်တုန်းကလို အစ်ကိုကြီးတွေကို ကျီစယ် နောက်ပြောင်နေလို့ မရတော့ပါဘူး။ ကြီးသူကို ရိုသေရပါမယ်။

ဒါကြောင့် ငယ်တုန်းက ကျွန်တော် ကျီစယ်ခဲ့တဲ့ စကားနဘေကို ပြန်ပြင်ရပါမယ်။

*"အစ်ကို စန္ဒရားချစ်ဆွေ၊ ပန်းရထားမလှစ်ဖွေပါစေနဲ့၊ ယန္တရားခေတ်မှာ အရင်လိုပဲ၊ အခုအတိုင်းပဲ အလွမ်းသမားဖြစ်တွေတွေရေးပြီး ကျွန်တော်တို့နဲ့အတူ ပျော်ပျော်ကြီး လမ်းသလားနှစ်ရှည် နေကြရအောင်ဗျာ..."*

ကျွန်တော်တို့ဟာ ယန္တရားခေတ်ကြီးမှာ စမ်းတဝါးဝါး ဖြစ်နေခဲ့ကြတာမှ မဟုတ်ဖဲဘဲ။

[ပေါ်ပြူလာဂျာနယ်၊ ၂၂-၇-၂၀၀၃ ခုနှစ်]

www.burmeseclassic.com

## မေသဥ္ဇာဦးရေ...

'နိုင်ငံတော်ဇာတ်ကား' ဆိုတာ ရှိတယ်။ သဘောကတော့ နိုင်ငံတော် နေ့ထူးနေ့မြတ်ကွေမှာ တီဗွီကပြသဖို့ ဇာတ်လမ်းတို၊ ဇာတ်လမ်းရှည် စသဖြင့် ရိုက်ကူးထုတ်လွှင့်တာပါ။ ပြဿနာက ဇာတ်ဆောင်တွေကိစ္စပါ။ နိုင်ငံတော်ကိစ္စ မို့ မဖြစ်မနေ ကူညီနေပါတယ်။ အခကြေးငွေ မရတာလည်း ရှိပါတယ်။ လက် ဆောင် သို့မဟုတ် သရုပ်ဆောင်ခ လျှော့ဈေးရတာလည်း ရှိပါတယ်။ သရုပ် ဆောင်ကြီးတွေအနေနဲ့ကတော့ အလျဉ်းသင့်သလို ကူညီကြတာပါပဲ။ အဲ... တီဗွီမှာ ကြော်ငြာလေး တစ်မိနစ်လောက်ပါဖို့အရေး ခက်နေကြရှာတဲ့ အသစ် ကလေးတွေကျတော့ အဲသလို နိုင်ငံတော်ကားတွေမှာ ပါချင်လွန်းလို့ မနည်း ဖယ်ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလိုဇာတ်ကားမျိုးတွေဟာ နိုင်ငံတော်အတွက်ရော ပရိသတ် အတွက်ပါ အကျိုးရှိပါတယ်။ အနုပညာရှင်တွေအတွက်လည်း (ငွေကြေးကို ဘေးဖယ်ထားဦး) ပြည်သူ့အကျိုးပြု လုပ်ငန်းလုပ်ရာကျပါတယ်။

* * *

ကိုင်း ပြောချင်တာက အရွယ်မကျခင် အမေခန်းဝင်ရိုက်တဲ့ မေသဥ္ဇာဦး ကိစ္စပါ။ တလောဆီက ဆို၊ က၊ ရေး၊ တီးအတွက် ဇာတ်လမ်းရှည်တစ်ပုဒ် ရိုက်ကူးပေးဖို့ သက်ဆိုင်ရာက အကူအညီတောင်းပါတယ်။ ကျွန်တော်ကလည်း ဂီတသမားဆိုတော့ ဝတ္တုရော၊ ဒါရိုက်တာပါ တာဝန်ယူလိုက်ပါတယ်။ စိန်ခြယ် ဖြာရောင်လင်းဆိုတဲ့ ဇာတ်ကား။ အဲ...ပြဿနာက စောစောကပြောတဲ့ဇာတ်ဆောင်





ကိစ္စ။ မင်းသမီးကိစ္စ။ ဇာတ်လမ်းကိုက မင်းသမီးဇာတ်လမ်းကိုး။ ကျွန်တော် ဘယ့်နှယ် လုပ်ရမလဲ။ ကိုယ်တိုင်က သရုပ်ဆောင်ဆိုတော့ ကိုယ်ချင်းစာရတယ်။ ကိုယ့်စီးပွားရေးနဲ့ကိုယ် လုပ်ကိုင်စားသောက်နေရတဲ့ကြားက (စေတနာ ဘယ် လောက်ပဲပါပါ) အကူအညီပေးရတဲ့ အလုပ်နဲ့ လဲလှယ်ဖို့ဆိုတာ တော်တော် စဉ်းစားရတယ် မဟုတ်လား။ စောစောကပြောသလို ကိုယ်ချင်းစာရတယ်လေ။ ပြီးတော့ ကျွန်တော်ရိုက်မှာက ဇာတ်ကားကြီး တစ်ကားလို သေသေချာချာ။ ပထမတော့ ကျွန်တော် နှိပ်စက်နေကျ အကယ်ဒမီ မို့မို့မြင့်အောင်ကို အကူ အညီ တောင်းမလို့ပါ။ ခဏခဏဆိုတော့လည်း မကောင်းဘူး။ နောက်ဆုံး မျက်နှာ ပူပူနဲ့ပဲ မင်းသမီးလတ်တစ်လက်ကို အကူအညီတောင်းရပါတော့တယ်။ ကိုယ်တိုင် ပဲ သွားပြီး ခခယယ ပြောရပါတယ်။ အဆင်ပြေသွားပါတယ်။ ငွေကြေးကိစ္စလည်း စီးပွားရေးသဘောမဟုတ်ဘဲ ရတန်သလောက်ပေါ့။ ဘာပဲဖြစ်ဖြစ် အဆင်ပြေ သွားတာကိုပဲ ဝမ်းသာရပါတယ်။ ဒါနဲ့ ရိုက်မယ့် ရက်ချိန်းတွေ ဘာတွေ ချိတ် ပေါ့လေ။

ကျွန်တော့်မှာက အကျင့်တစ်ခုရှိတယ်။ မင်းသား၊ မင်းသမီးအသစ်ဖြစ် ပစေ ကိုယ်တိုင် တယုတယ တလေးတစား ဆက်ဆံတယ်။ အပေါ်စီး မနေ တတ်ဘူး။ လည်ပင်းဖက်ပေါင်းတယ်။ အဲ... စောစောကပြောတဲ့ မင်းသမီး ကျတော့ ပိုပြီး ဂရုစိုက်ရတာပေါ့။ မကြာမကြာ ဖုန်းဆက်ပြီး ရိုက်ရက်ကို သတိပေးတယ်။

ရိုက်မယ့်ရက် မတိုင်ခင် နှစ်ရက်အလိုမှာလည်း ဖုန်းဆက်သေးတယ်။

အဲဗျာ... ရိုက်မယ့်ရက် တစ်ရက်အလို လှမ်းဖုန်းဆက်တော့မှ 'အပြင် ဇာတ်ကားက ရက်ရွှေ့လိုက်လို့ ရက်ချင်းတိုက်နေတယ်။ ရက်ရွှေ့ပေးပါ' တောင်းပန် ရှာပါတယ်။ ကျွန်တော့်မှာ နားလည်မှုရှိပါတယ်။ ရက်ရွှေ့လို့ကလည်း မရတော့ ဘူး။ သူ့သူ့ကိုယ်ကိုယ် စီးပွားရေးကို အလေးပေးရမှာပေါ့။ ကျွန်တော်ဆိုလည်း ဒီလိုပဲနေမှာပါ။ ခွင့်လွှတ်လိုက်ရပါတော့တယ်။ စိတ်မဆိုးနိုင်ပါဘူး။

ကိုင်း... မတတ်သာတဲ့အဆုံး ရိုက်ခါနီးရက်မှာ ကပ်ပြီး အကယ်ဒမီ ပူပူနွေးနွေး မေသဥ္ဇာဦးဆီ မန်နေဂျာကို ဖုန်းလှမ်းဆက်ခိုင်းရတယ်။ ကိုယ်တိုင် မဆက်ရဲတော့ဘူး။ အားနာတာရော၊ ကိုယ်ချင်းစာတာရော ဆိုပါတော့။ သူက နာမည်ကြီးတာရောလေ။ ပြီးတော့ ဖိုးသောကြာရဲ့ အမေခန်း။

အလို ချက်ချင်းပါပဲ။ မေသဥ္ဇာဦးက ရိုက်ပေးပါ့မယ်တဲ့။ ဝမ်းသာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ ဒါပေမဲ့ တစ်မိနစ်အတွင်းမှာပဲ (ကျွန်တော့်ဖုန်းနံပါတ် ဘယ်ကရလဲ မသိ) မေသဇ္ဇာဦးဆီကတဲ့။ ဟဲ့… သောက်ပလုံတ်တုတ် အကျိုးတော့ နည်းပြီထင်ရဲ့။ နောက်မှ မေသဇ္ဇာဦးက သူ မနက်ရုပ်ရှင်အထူးပွဲရှိလို့ နည်းနည်းနောက်ကျရင် ရမလား မေးတာပါဆိုတော့ ကျွန်တော့်မှာလေ ဖြစ်လိုက်ရတဲ့ ပီတိ။ ချက်ချင်းပဲ မေသဇ္ဇာဦးရဲ့ အနုပညာအလုပ် လေးစားမှုအပေါ် လေးစားမိပါတယ်။ နောက်ထပ် မေသဇ္ဇာဦးဆီ အဆက်အသွယ် ထပ်မလုပ်ရတော့ပါ။ အဲ… ရိုက်မယ့်နေ့ မနက်ကျမှ သူ့ကို ရိုက်ကွင်းက စောင့်နေရပါတယ်။ အချိန်တန်လို့ သူ ရောက်မလာတော့ နည်းနည်း စိတ်ပူတာပေါ့လေ။ ဟော… တယ်လီဖုန်းတဲ့။ မေသဇ္ဇာဦးဆီကတဲ့။ စိန်ပေါလ်ကျောင်းရှေ့မှာ သူ့ကားပျက်နေလို့တဲ့။ ဒီမှာကလည်း သူ့ကို သွားကြိုဖို့ ကားအဆင်သင့် မရှိဘူး။ ကိစ္စမရှိဘူးတဲ့။ သူ့အစ်မကား လှမ်းခေါ်ထားတယ်တဲ့။ မကြာပါဘူး။ တယ်လီဖုန်းထပ်လာပြန်ရော။ ဖြစ်ချင်တော့ သူ့အစ်မကားကလည်း လမ်းမှာပျက်ပြန်သတဲ့။ အဲဒါက အရေးမကြီးဘူး။ ကားအတက်အဆင်းမှာ ခြေခေါက်လဲလို့ တရုတ်ဆေးဝင်စီးရမယ်တဲ့။ ဒါဆို နားလိုက်ပါတော့ဆိုတော့ “ဟင့်အင်း ဇာကြီး ကတိပေးပြီးပြီ ရောက်အောင်လာခဲ့မယ်။ လမ်းလျှောက်ခန်းမပါရင် ပြီးရော” တဲ့။ ဒါဆိုလည်း လာခဲ့ပါလို့သာ ပြောလိုက်ရတယ်။ ရိုက်မယ့်အခန်းက ရွှေခြေကျင်းကြီးနဲ့ လှေကားပေါ်တက်တာကနေ စရမှာ။ ခြေထောက်ချည်း ရိုက်မှာ။

သူ ရောက်လာတော့ အဖော်တစ်ယောက်ကတွဲပြီး ကားပေါ်က ချရတယ်။ ခြေတစ်ဖက် တန်းလန်းနဲ့ ထော့ကျိုး ထော့ကျိုး။ တော်တော် အခြေအနေ ဆိုးပုံရတယ်။ ကျွန်တော် ကားမရိုက်ရက်တော့ပါဘူး။ ဒါပေမဲ့ “ဦးဗလရတယ်။ လမ်းမလျှောက်ရရင်ပြီးတာပဲ” ဆိုတာနဲ့ ရိုက်ဖြစ်သွားတယ် ဆိုပါတော့။ (ရွှေခြေကျင်းနဲ့ လှေကားပေါ် တက်သွားတဲ့ ခြေထောက်ရိုက်ချက်ကိုတော့ မင်းသမီးငယ်လေးကို မေသဇ္ဇာဦးရဲ့ ရိုက်ကွင်းထဘီ ခဏငှားဝတ်ခိုင်းပြီး ခြေထောက်ချည်းသက်သက် ဖြတ်ရိုက်လိုက်တယ်။ မေသဇ္ဇာဦးရဲ့ ခြေထောက်အစား မင်းသမီးလေးရဲ့ ခြေထောက်လုပ်ရတာပေါ့လေ။ အဲဒီနေ့က တတ်နိုင်သလောက် မေသဇ္ဇာဦးရဲ့ ကိုယ်အထက်ပိုင်းကိုပဲ ငြိမ်ငြိမ် သရုပ်ဆောင်ခိုင်းရတော့တယ်။ မေသဇ္ဇာဦးဟာ ရုပ်ရှင်ကားကြီးမှာ အကယ်ဒမီရအောင် လုပ်သလိုပဲ။ ပီပီသသရုပ်ဆောင်တယ်။ ကလေးတစ်ယောက်လိုပဲ တွေးပြီး ရိုးရိုးကြီးပဲ နေပါတယ်။ ကျွန်တော်ကလည်း စေတနာတွေကို ပိုသထက်ပိုပြီး သူ့အခန်းတွေ





ထပ်ဖြည့်တယ်။ နေ့လယ်ပိုင်းလောက်ကျတော့ ‘ညီမလေး ပြန်နားတော့’ ဆိုပြီး ရိုက်ကွင်း ဖျက်လိုက်ပါတယ်။ ကျွန်တော် မရိုက်ရက်တော့ဘူးလေ။

ပြောချင်တာက ဒါပါပဲ။ သရုပ်ဆောင်တစ်ယောက်ရဲ့ မိမိ အနုပညာအပေါ်မှာထားတဲ့ စေတနာပါ။ မေသဇ္ဇာဦး တစ်သက်လုံး သရုပ်ဆောင်လုပ်စားလို့ရမယ်လို့ ကျွန်တော် ယုံကြည်နေတယ်။ ဒါပေမဲ့ မေသဇ္ဇာဦးရဲ့ ခြေထောက်လှလှကလေး တော်တော့်ကို နာသွားရှာသတဲ့။ အားနာလိုက်တာလေ။

[အလင်းတန်းဂျာနယ်၊ အောက်တိုဘာလ ၁၃ ရက်၊ ၂၀၀၃ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာဖြစ်မော်တော်ကားအစ သာခုက

တလောက မြန်မာနိုင်ငံမှ ထုတ်လုပ်သော မော်တော်ယာဉ်များပြပွဲ၊ ရောင်းပွဲသို့ သွားရောက် လေ့လာခဲ့ပါသည်။ ကျေနပ်အားရပီတိလည်း ဖြစ်ရသည်။ သွားရည်လည်း ယိုသည်။ ဝယ်ချင်သည်။ ပိုက်ဆံက မရှိ။ သည်ကြားထဲကပဲ ပြုံးရမလိုလို ဝမ်းနည်းရမလိုလို ဖြစ်ရသေးသည်။

အဲသည် ပြုံးရမလိုလို ဝမ်းနည်းရမလိုလို ဖြစ်သောကိစ္စကို ပြောချင်ပါသည်။ အဖေ့ကို သတိရသွားခြင်းကြောင့်ပင်။

ကျွန်တော့်ဖခင် စာရေးဆရာ ဒါရိုက်တာသာခုသည် မူလအနုပညာလုပ်ငန်းထက် မော်တော်ကားပြင်တာကို ပို၍ ဝါသနာပါကြောင်း ကျွန်တော် မကြာခဏ ရေးဖူးသည်။ တစ်ခါကဆို ရုပ်ရှင်ရိုက်ဖို့ မင်းသားအလာကို စောင့်နေရသည်။ မင်းသားက တော်တော်နောက်ကျမှ ရောက်လာသည်။ (ကောလိပ်ဂျင်နေဝင်းပါ) သူသည် အချိန်အလွန်တိကျသော မင်းသားဖြစ်သည်။ ထိုနေ့ကမှ နောက်ကျသဖြင့် အဖေကမေးတော့ သူ့မော်တော်ကား လမ်းမှာပျက်နေလို့ဟု ပြောသည်။ အဖေ ဘာလုပ်သည်ထင်သနည်း။ ရုပ်ရှင်ရိုက်ကွင်းကို ချက်ချင်းဖျက်သိမ်းပစ်လိုက်သည်။ ဖျာတစ်ချပ်ယူ၊ ကားပြင်ကိရိယာတွေယူပြီး ကောလိပ်ဂျင်နေဝင်း၏ ကားအောက်သို့ဝင်၍ မော်တော်ကား ပြင်တော့သည်။ ထိုနေ့က လုံးဝ ရုပ်ရှင်မရိုက်လိုက်ကြရ။

တစ်ခါကလည်း "အကြင်တို့ လင်မယား" ဆိုသည့် ဇာတ်ကား အကြီးအကျယ် အောင်မြင်တော့ အဖေက ကျွန်တော် (မင်းသားသစ်) ကို ထိုစဉ်က ရှုပါမင်းသား ညွန့်ဝင်း၏ဈေး ပိုက်ဆံပေးသည်။ ကျွန်တော်က မယူရက်။ ထို့





ကြောင့် အလွန်ကောင်းသော အမေရိကန် မော်တော်ကားကြီးတစ်စီး ချက်ချင်းသွားဝယ်ပြီး အဖေ့ကို လက်ဆောင်ပြန်ပေး၍ ကန်တော့သည်။ အဖေသည် အမေရိကန်ကားတွေ အလွန်ကြိုက်သည်။ ကျွန်တော်ဝယ်ပေးသော ကားကြီးကို ချက်ချင်း တက်မောင်းပြီး ပီတိတွေဝေနေခဲ့သည်။

အဲနော နောက်နေ့မနက်မိုးလင်းလို့ အိပ်ရာကထကြည့်လိုက်တော့ ထိုမော်တော်ကားအသစ်စက်စက်ကြီးမှာ အင်ဂျင်ချပြီးသား ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရတော့သည်။

"ဘယ်လိုလုပ်လိုက်တာလဲ အဖေရယ်" ဆိုတော့...

"ဘာကြောင့် ဒါလောက်ကောင်းတယ်ဆိုတာ သိချင်လို့ ဖြုတ်ကြည့်တာပါကွာ ဟဲ... ဟဲ" တဲ့ မှတ်ကရောပါပဲ။

* * *

ကျွန်တော် မှတ်မိနေတာလေး ပြောပြရဦးမည်။ ဗိုလ်ကာတွန်းဆိုသော ဇာတ်ကားရိုက်ကူးစဉ် ကျွန်တော်ရှိလှ လေးငါးခြောက်တန်းလောက် အရွယ်ပေါ့။ အဖေ့မှာ FORDSON ဆိုသော ဗင်ကားကြီးတစ်စီး ရှိသည်။ 'ဗင်' ကားဆိုတော့ ရုပ်ရှင်ရိုက်ရာမှာ အသုံးပြုရကျပ်သည်။ ထိုအခါ အဖေသည် ဂဟေဆော်သမားတစ်ယောက်ခေါ်ပြီး ထိုဗင်ကားကို ကိုယ်တိုင် ခါးမှ ဖြတ်ချပစ်လိုက်သည်။ နောက်တော့ ထိုစဉ်က ကြက်တန်းခေါ် ကားဟောင်းပစ္စည်းတွေပုံရောင်းသောနေရာကို သွားသည်။ လုံးဝ သုံးမရတော့သည့် 'ပစ်ကပ်' ကားတစ်စီးကို သွားဝယ်သည်။ ထို 'ပစ်ကပ်' ကားဖင်ပိုင်းကို ဖြတ်သည်။ ပြီးတော့ သူ့ဗင်ကားနောက်ပိုင်းမှာ တင်ပြီး ဆက်လိုက်သည်။ ဗင်ကားဘဝမှ ပစ်ကပ်ဖြစ်သွားလေတော့သည်။

ငယ်စဉ် ကျွန်တော်တို့ ကျောင်းသွားတော့ အိမ်နီးနားချင်းကလေးတွေပါ လိုက်လို့ရအောင်ဆိုပြီး အဖေက THAMES ဆိုသော အင်္ဂလိပ်မော်တော်ကားတစ်စီး ဝယ်သည်။ ပေါင်မုန့်ပုံဆိုပါစို့။ ပြဿနာမှာ ကားက ဂီယာ လုံးဝမကောင်း။ ထိုအခါ အဖေသည် ကြက်တန်းသွား၏။ ချက်ပလက်ကားဂီယာတစ်လုံးဝယ်၏။ စောစောကပြောသော အင်္ဂလိပ်ကားအင်ဂျင်နှင့် အမေရိကန်ဂီယာလုံးကို မရအရ တွဲစပ်လိုက်တော့သည်။ အောင်မယ် သူ့ဟာသူတော့ ဟန်အကျသား တောက်တက်တောက်တက်မက သွားလာလှုပ်ရှားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အမေပြောပြတာလေးတစ်ခု မှတ်မိသေး၏။

ဂျပန်ခေတ် ဆိုပါစို့။ အဖေနှင့်အမေ ညားခါစ။ သည်တုန်းက အဖေသည် ပုတ္တတူးပေါင်ဒါ ထုတ်လုပ်ရောင်းချနေခဲ့သည်။ ပိုက်ဆံဝင်ငွေ ကောင်းသည် ဆိုပါစို့။ သည်လိုပဲ အမေရိကန်လုပ် မော်တော်ကားတစ်စီး ဝယ်စီးသည်။ ထိုအချိန်က ဂျပန်တို့သည် အမေရိကန်ကို အလွန်မုန်းသလောက် အမေရိကန်ပစ္စည်းတွေကို အလွန်မက်မောခဲ့ကြသည်တဲ့။ ဒါကို အဖေကသိတော့ ယင်းအမေရိကန်မော်တော်ကားကြီးကို ခြံထဲတွင်တူးပြီး မြေမြှုပ်သင်္ဂြိုဟ်ထားလိုက်ရသည်တဲ့။

ဂျပန်ကလည်း တော်တော်နှင့် ပြန်မထွက် အဖေ့လုပ်ငန်းကလည်း မော်တော်ကားမရှိလျှင်မဖြစ် ဆိုသောအခါ...

အဖေသည် ထုံးစံအတိုင်း ဘော်ဒီဆရာ ဂဟေဆက်စရာတွေခေါ်ပြီး ကားကြီးကို ပြန်ဖော်၊ ညပိုင်းများတွင် ယင်းကား၏ မူလပုံစံကို ဖျက်ပြီး ဆိုပါစို့။ မတ်ကပ်အပိုင်းကို လေးထောင့်လုပ် ခါးဖြတ်ပစ်ကပ်လုပ် စသဖြင့် ဂျပန်တို့ မျက်စိလည်အောင်လုပ်ပြီး စီးလိုက်ပါသတဲ့။

ဩော်... ခုနယ်ခါများ အဖေရှိလျှင် "သာခုရုပ်ရှင်အုပ်စု" မလုပ်တော့ဘဲ သာခုဂျစ်ဆိုပြီး တီထွင်ကုမ္ပဏီထောင်မှာ သေချာပါတော့သည် ထင်၏။

[ရွှေမြင့်သာဂျာနယ်၊ အတွဲ ၄၊ အမှတ် ၆၊
အောက်တိုဘာလ ၁၄ ရက်၊ ၂၀၀၃ ခုနှစ်]



## ဘိုးဘိုး ဖိုးသောကြာရေ

အမှန်က စာရေးဆရာကြီး ဖိုးသောကြာ (ဦးခင်မောင်လေး) ကို အပြင်မှာတော့ အစ်ကိုဟုပင် ကျွန်တော်က ခေါ်ဝေါ်သုံးနှုန်းပါသည်။ ကျွန်တော့်ဖခင်ကြီးနှင့် စာပေညီအစ်ကို သူငယ်ချင်းမို့ ဦးလေးလို့ ခေါ်ဝေါ်သုံးစွဲရမှာပါ။ သို့မဟုတ် ဆရာဟု ခေါ်ရမှာပါ။ ဒါပေမဲ့ ဆရာဖိုးသောကြာ၊ ဆရာမြတ်လေး (မင်းသား)၊ ဆရာစန္ဒရားချစ်ဆွေ၊ ဆရာအောင်လင်း စတဲ့သူရို ခေတ်ပြိုင်ပညာသည်တွေကို ကျွန်တော်က အစ်ကိုဟုပင် ချစ်စနိုးခေါ်ဝေါ်ခဲ့ပါသည်။ ဘာကြောင့်မှန်းတော့ မသိပေ။ သူတို့ထဲက အသက်အကြီးဆုံး ဦးမင်းနောင် (အဆိုတော်ကြီး) ကိုတောင် ငယ်ငယ်က ဦးလေးကိုမင်းနောင်ဟု ခေါ်ခဲ့ရာက ခုဆို အစ်ကိုကြီးလို့ပဲ ခေါ်နေပါတော့သည်။ (သူကလည်း ပြုံးပြုံး ပြုံးပြုံးနှင့်သဘောကျသဗျ)

ခုဆို ကျွန်တော့်သား ဖိုးသောကြာအကြောင်း စိန်ခြယ်ဖြာရောင်လင်း ဓာတ်ကားက မြေးဖိုးသောကြာဆိုပြီး ပေါ်ပြူလာဂျာနယ် (၂၈–၁၀–၂၀၀၃)မှာ စာရေးဆရာကြီး ဖိုးသောကြာက ဆောင်းပါးတစ်ပုဒ် တကူးတကန့် ရေးလိုက်တာကို ဝမ်းသာလွန်းလို့ သည်စာကို ရေးရပါသည်။ တကူးတကန့်လို့ သုံးရတာက သားဖိုးသောကြာက အနုပညာလောက စတင်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်လောက်ကလည်း ဆရာမောင်တည်ငြိမ်တို့၊ ဆရာဝင်းငြိမ်းတို့၊ ဆရာမြက်နိုင်တို့ စတဲ့ ဂျာနယ်ဆရာတွေက ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ သူတို့ဂျာနယ်တွေမှာ ရေးကြ၊ သားကြ၊ ချီးမွမ်းခဲ့ကြတာပါပဲ။ သာခုမျိုးဆက်သစ်အဖြစ် ဖိတ်ခေါ်ခဲ့ကြတာပါပဲ။ သူရိုကိုလည်း ကျေးဇူးတင်လွန်းလို့ မရျက်နိုင်လောက်အောင်


www.burmeseclassic.com

www.burmeseclassic.com



တဲ့ပြန်ကျေးဇူးစကားတွေ ပြောဖြစ်ခဲ့ရပါတယ်။ မချွင်းမချန် ကျေးဇူးတင်ရရင်တော့ ရုပ်ပြပန်းချီဆရာ၊ တေးသံသွင်းပိုင်ရှင် ရာမကိုပါပဲ။ အဖြစ်က ကျွန်တော်နဲ့ နီနီဝင်းရွှေ စုံတွဲ အေဝမ်းရွှေခေတ်ဓာတ်ပြား သီချင်းတွေသွင်းဖို့ ရာမက ကျွန်တော့်ဆီ ဖုန်းဆက်တော့ ဖုန်းကိုင်သူက သားဖိုးသောကြာပါ။ ဒါကို ရာမက ကျွန်တော့်အသံပဲထင်ပြီး အလုပ်ကိစ္စတွေ စွပ်ပြောနေခဲ့ပါတယ်။ နောက်မှ တယ်လီဖုန်းကိုင်သူမှာ ကျွန်တော်မဟုတ်ဘဲ သားဖိုးသောကြာဖြစ်မှန်း သိသွားတော့ "အစ်ကိုရေ တယ်လီဖုန်းထဲမှာ အသံတူရင် မိုက်ခရိုဖုန်းမှာလည်း တူတတ်တာမို့ အေဝမ်းသီချင်းတွေ သွင်းတဲ့နေ့ သားကို တစ်ပုဒ်စမ်းဆိုခိုင်းချင်တယ်" ဆိုပြီး စကားစပ်မိရာက အေဝမ်းရွှေဓာတ်ပြားခွေ ထွက်တော့ သားတစ်ဝက်၊ အဖေတစ်ဝက် ဆိုဖြစ်သွားတော့တာပါပဲ။ သူ့ဇာတာလို့ ပြောရမလား။ စန်းလာဘ်လို့ ဆိုရမလားတော့ မသိပါ။ အမှန်က သားဖိုးသောကြာသည် အနုပညာ ဝါသနာ သိပ်ပါလှသူမဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် ဒီကနေ့တော့ အဆိုနဲ့ သရုပ်ဆောင်ပိုင်းမှာပါ ခေါင်းပြူလာပါပြီ။ ပိုးကလည်း ဝင်လာပြီဆိုကြပါစို့ရဲ့။ ဒါပေမဲ့ ဘိုးဘိုးကြီး ဖိုးသောကြာပြောသလို စူပါတစ်ယောက်အဖြစ်တော့ မခန့်မှန်းရဲကြောင်း ဝန်ခံပါသည်။ ကျွန်တော့်လိုပဲ မတက်မကျဘဝလောက်ရရင်ကို ကျေနပ်ရမှာပါ။ အင်း... ကံ ကံ၏အကျိုးပေါ့ အစ်ကို (ဘိုးဘိုးသောကြာ) ရယ်။

တစ်ခုပဲ မှတ်မှတ်ရရ ဝမ်းသာကြည်နူးမိတာက ကျွန်တော် မင်းသားစလုပ်တော့ (၁၉၇၃) ပရိသတ်က လက်မခံခဲ့ကြပါဘူး။ ရုပ်မရှိလို့တဲ့။ အဲဒီအချိန်က လင်းထင်၊ လင်းအောင်၊ ကျော်ဟိန်း၊ ဇော်ဝမ်း၊ ထွန်းထွန်းဝင်း စတဲ့ မင်းသားချော့တွေ ခေတ်ကိုး။ ဖိုက်တင်ထိုးတတ်ရပါသည်။ နောက်ခံသီချင်းတွေနဲ့ အလုပြရိုက်ကြတာလည်း ပါပါသည်။ ကျွန်တော်က ထွက်ထွက်ချင်း လမ်းဘေးမုန့်ဟင်းခါးသည် ဇာတ်ရုပ်နဲ့။ နောက်တစ်ကားက အဖေသာခုက "အကြင်တို့လင်မယား" ဆိုပြီး အိမ်ထောင်ရေး ပျော်စရာကားလည်း ဆက်ရိုက်ရော ပရိသတ် တော်တော်လေး ကရုဏာသက်ပြီး အားပေးလာကြပါသည်။

ဟော... ဆက်တိုက်ဆိုသလိုပဲ "နှောင်းတမြေ့မြေ့" စစ်ကားလည်း ရိုက်ဖြစ်ရော စူပါမဟုတ်တောင် မင်းသားတန်းကို ဝင်ခဲ့ရတယ် မဟုတ်လား။ ပြီးတော့ ထူးဆန်းတာက နှောင်းတမြေ့မြေ့မှာ ကိုယ့်အထက်အရာရှိကို မကျေနပ်လို့ ကင်မရာနောက်ကျောပေးပြီး လမ်းလျှောက်သွားရင်း မြေကြီးခဲတစ်ခုကို ပိတ်ကန်လိုက်တဲ့အခန်းကို ပရိသတ် လက်ခုပ်ထတီးတဲ့အထိ အောင်မြင်သွား





တော့တာပါ။ ကနေ့ထိလည်း ဒီအခန်းလေးကို တသသ ပြောနေကြတုန်းပါ။ ကြည့်ပါဦးဗျာ။ မျက်နှာမပါဘဲ နောက်ကျောနဲ့ ပရိသတ် လက်ခံခဲ့တဲ့ မင်းသားတစ်လက် ဖြစ်ခဲ့ရတာ အံ့သြဖို့ မကောင်းပေဘူးလား။

နောက်တစ်ခု တိုက်ဆိုင် ပြောချင်တာက သားဖိုးသောကြာကို တီဗွီဇာတ်လမ်းမှာ သရုပ်ဆောင်စေခဲ့ရာမှာ အခြားဂျာနယ်၊ မဂ္ဂဇင်းဆရာတွေက ချီးမွမ်းထောပနာပြုကြသလို ထူးထူးခြားခြား စာရေးဆရာကြီး ဖိုးသောကြာက ဆောင်းပါးတစ်ပုဒ်ရေးပြီး ချီးမြှင့်ခဲ့တာပါပဲ။ မှတ်မိပါသေးသည်။ ကျွန်တော် မင်းသားစလုပ်ကာစက ကျွန်တော့်အကြောင်းကို (ဂျာနယ်၊ မဂ္ဂဇင်းတွေ သိပ်မရှိလှသေးပါဘူး) ဗိုလ်တထောင် သတင်းစာကြီးက အယ်ဒီတာချုပ် စာရေးဆရာကြီး သိန်းဖေမြင့်က "ပွင့်ပွင့်လင်းလင်း ပြောပါရစေ" ဆိုတဲ့ ပင်တိုင်ဆောင်းပါးကြီးကနေ ချီးကျူးရေးသားခဲ့တာကိုပါ။ တကူးတကန့်ကို ရေးခဲ့တာမို့ ဂုဏ်ယူမဆုံးခဲ့ပါဘူး။ ဆရာကြီးကလည်း "နှောင်းတမြေ့မြေ့" ကို အခြေခံပြီး ရေးခဲ့ခြင်းပါပဲ။ သားအဖနှစ်ယောက် တိုက်ဆိုင်သွားကြပုံ ပြောပါတယ်ဗျာ။

ဆရာဘိုးဘိုးကြီး ဖိုးသောကြာ (သို့) အစ်ကိုရေ။

အစ်ကို့ဆောင်းပါးမှာ ကျွန်တော့်ရိုက်ချက်နဲ့ ပတ်သက်လို့ အိမ်ကြီးအိမ်ကောင်း နောက်ခံတွေနဲ့ (မြေး) ဖိုးသောကြာကို ဖိမထားဖို့ ဆုံးမတာလည်း ကျေးဇူးတင်ပါသည်။ ခေတ်အခြေအနေ ပြောင်းလွဲလာတာကို ပြချင်တဲ့ စေတနာမျိုးနဲ့ ရိုက်မိတာပါ။ နှောင် သတိထားပါမည်။ ပြီးတော့ အစ်ကို့ဆောင်းပါးမှာ အဖေသာခုနဲ့ ငယ်ဘဝအတွေ့အကြုံလေးတွေ ထည့်ရေးတာလည်း လွမ်းမောပီတိ ဖြစ်ရပါသည်။

သားက သောကြာသားမို့ (သ၊ ဟ) သောကြာနံကို ယူပြီး လွယ်လွယ်ပဲ မောင်သောကြာ နာမည်ပေးခဲ့ရာက ပတ်ဝန်းကျင်က ဖိုးသောကြာလို့ပဲ ခေါ်ကြတာနဲ့ အစ်ကို့ရဲ့ ဖိုးသောကြာကလောင်နာမည်ကိုလည်း ဂုဏ်ပြုရင်း ဖိုးသောကြာလို့ပဲ အနုပညာနာမည် ပေးခဲ့ရပါတော့သည်။ ဆရာကြီး ဦးရန်အောင်လို့ လူသိများသည့် စာရေးဆရာ ရန်အောင်ရှိနေရက်နဲ့ ကနေ့မင်းသား ရန်အောင်ဟာ ရုပ်ရှင်မှာ ထိပ်တန်း ရောက်ခဲ့သေးသည်။ ရှက်စရာမဟုတ် ဂုဏ်ယူစရာလို့ ကျွန်တော်က ခံယူပါသည်။

ဒါပေမဲ့ အစ်ကို့ဆောင်းပါးမှာ ဖိုးသောကြာဆိုတဲ့ စာပေသမား အင်းတိတ်ကြီးမို့ စာဖတ်ပရိသတ်က သိပ်မရှိနိုင်တော့ဘူးဆိုတာကိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ငြင်းပါသည်။ တစ်ချိန်က သတင်းစာဆရာ၊ စာရေးဆရာ ဖိုးသောကြာဆိုတာ ရှိခဲ့မှန်း ပရိသတ် တော်တော်များများက သိနေပါသေးသည်။ (အစ်ကိုက စာရေး ပျင်းနေ့တာကိုး ဗျ)

နောက်တစ်ခုက ကျွန်တော့်ဖခင် သာခုရိုက်ကူးနေရင်း တစ်ဝက်တစ်ပျက် နဲ့ ကွယ်လွန်သွားလို့ ရုပ်ရှင်ဇာတ်ကားကြီး 'ကြိုး' ဆိုတာ ထွက်မလာတာ လည်း တစ်ကြောင်းပါပဲ။ အဲဒီဇာတ်ကားမှာ ကျွန်တော်က ရှေ့နေပေါက်စ (မင်းသား) ကိုရူပက တရားခံ (မင်းသား) အဖြစ် သရုပ်ဆောင်ကြရပြီး အစ်ကို ရယ်၊ စာရေးဆရာမကြီး ရွှေကူမေနှင်းရယ်၊ ဆရာသော်တာဆွေရယ်က တရား သူကြီးတွေအခန်းက ပါဝင်ခဲ့ကြသည် မဟုတ်လားလေ။ အဲဒီ ကြိုးဇာတ်ကား ဆက်ရိုက်ဖြစ်ခဲ့ရင်လည်း ကျွန်တော့်သား ဖိုးသောကြာရဲ့ အနုပညာအမည်ကို တောင် ပြောင်းခဲ့ရလိမ့်မယ်ထင်ပါရဲ့။ အစ်ကိုဘိုးဘိုးကြီး ဖိုးသောကြာက အဓိက သရုပ်ဆောင်မို့ နာမည်ကြီးဦးမှာလေ။

[ပေါ်ပြူလာဂျာနယ်၊ အမှတ် ၄၈၊ အတွဲ ၇၊ ၉-၁၂-၂၀၀၃]



## အဲဒါမှ ချိုပြုံးအစစ်ဗျ

"မချို" ဟု ခေါ်ကြသော ထပ်ဆင့်အကယ်ဒမီ ချိုပြုံးအကြောင်းကို ကျွန်တော် ရေးဖူးတာ မဂ္ဂဇင်းမှာတင် နှစ်ကြိမ်ရှိပါပြီ။ ခု ဂျာနယ်မှာပါနှင့်ဆို သုံးကြိမ်မြောက်ပေါ့။ "ဟဲ့... သုမောင် နင်က သင်းအကြောင်း ဘာကြောင့် ခဏခဏ ရေးနေရသတုန်း။ နင်နဲ့ ချိုပြုံး ဟုတ်မှ ဟုတ်ကြရဲ့လား" ဟု မေး ခဲ့သည်ရှိသော် "ဟုတ်တယ်ဗျို့" ဟု ဖြေပါမည်။ ဘာဟုတ်သနည်းဆိုသော် အပြင်လောကတွင် ကျွန်တော်နှင့် မမချိုသည် ရုပ်ရှင်ထဲစပြီး မတွဲခင်ကတည်း ချစ်ခဲ့ကြသောကြောင့်ပင်။ မောင်နှမခင်မက သူငယ်ချင်းမကျ ပြောပါသည်။ ကျွန်တော်သည် မမချိုကို တကယ်ပင် ချစ်ခင်ပါသည်။ ကျွန်တော်က စာရေး ဆရာတစ်ပိုင်း ဖြစ်သောကြောင့် အရိုးခံဖြင့် ဆက်ဆံသူ၊ ရိုးဂုဏ်ရှိသူများကို ချစ်ခင်တတ်ပါသည်။ ရှင်းရှင်းဝန်ခံရလျှင်တော့ ကျွန်တော် လူပျိုပေါက်အရွယ် က အဖေနှင့်အတူ ကျောက်ကုန်းရှိ စန္ဒရားတင်ဝင်းလှိုင်အိမ်သို့ သွားသောအခါ သူတို့ လမ်းထိပ်ထောင့်ချိုး အိမ်တစ်အိမ်၏ ခြံစည်းရိုးနံဘေးတွင် ခြေသလုံးပေါ် လျက် ဆောင့်ကြောင့်ထိုင်ပြီး အဝတ်လျှော်နေသော ထဘီရင်လျားနှင့် မိန်းမပျို တစ်ဦးကို တွေ့ရပါသည်။ အသားဖြူဖြူ ဘိုဆန်ဆန်ရုပ်နှင့် ချစ်စဖွယ်၊ ပြစ်မှား စဖွယ် ဖြစ်သောကြောင့် စိတ်ဖြင့် ပြစ်မှားမိပါသည်။ မနေနိုင်သောကြောင့် ကိုတင်ဝင်းလှိုင်ကို စုံစမ်းသောအခါ "ဟော့ကောင်၊ အဲဒါ အဆိုတော်ချိုပြုံးကွ ကလေးအမေကြီး" ဟု ပြောသဖြင့် ဆွေးသွားခဲ့ရပါသည်။ နှလုံးသားနုစဉ် ဆွေးရသဖြင့် အချစ်တစ်စခန်းရပ်ရသလို ဦးနှောက်နုစဉ် မှတ်ရသဖြင့်လည်း


www.burmeseclassic.com

www.burmeseclassic.com



ကာမေသုကို ကြောက်သွားရတော့သည်။ ဒါသည် နောင်အခါ မမချိုနှင့်ကျွန်တော် သန့်စင်စွာ ချစ်ခဲ့ရပုံအကြောင်းရင်းပင်တည်း။

* * *

ပထမအကြိမ် သူ့အကြောင်းရေးခဲ့တာ ကြာလှပါပြီ။ မဂ္ဂဇင်းနာမည်လည်း မေ့ပြီ။ အကြောင်းအရာကတော့ နယ်သီချင်းဆိုပွဲတစ်ခုသွားစဉ် တစ်နေ့သော နေ့လယ်၌ တည်းခိုအိမ်တွင် သူနှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ အခြားအဆိုတော်များ ဈေးဝယ်ထွက်သွားကြသည်။ ထိုစဉ် သူသည် မဆီမဆိုင် ကျွန်တော့်အား စကားတစ်ခွန်းကို မေး၏။ "ဟဲ့ကောင် ဗလ၊ နင့်ကို ငါ လုံးဝ ပြစ်မှားလို့မရဘူး" တဲ့။ ဘာကြောင့် ဒီစကားပြောသလဲ မသိပေမယ့် ကျွန်တော့်မှာ အူအူကြောင်ကြောင် ဖြစ်ခဲ့ရ၏။ ထိုအချိန်က ကျွန်တော်သည် (နောင်တစ်ချိန် ကျော်ဟိန်းနာမည် ကြီးသွားသော) အငြိမ့်ဝတ္ထုရှည် လုံးချင်း ရေးနေတုန်းတန်းလန်းဆိုတာတော့ မှတ်မိ၏။ ထိုနယ်ပွဲ ညဘက်သီဆို နေ့လယ်ဘက် အားတုန်း ဝတ္ထုရေး။

ဒုတိယအကြိမ် သူ့အကြောင်းရေးတာကတော့ "အရက်သမား အမှားတစ်ခါ" ပျော်စရာဆောင်းပါး (သောကြာမဂ္ဂဇင်းအမှတ် ၄၅၀၊ ဖေဖော်ဝါရီ ၂၀၀၁) မှာ ဖြစ်၏။ "ဒေါင့်ကြီး" ဆိုသော ရွာကြီးတွင် မင်္ဂလာဆောင်ပွဲ သွားကြရာ ကျွန်တော် အရက်မူးပြီး မမချို၏ခြေသလုံးကို ကုန်းကိုက်သည့်အကြောင်း ဖြစ်၏။ "အရက်သမား အမှားတစ်ခါ" ပေါင်းချုပ်တွင် ပြန်လည် ဖော်ပြခဲ့ရာ "နှစ်ထပ်ရှိတော့ မှတ်မိ" ဆိုသလို ဖြစ်ရသည်။

ယခု ရေးချင်ပြန်လာတာက ရိုးလွန်းတော့ 'အ' ဆိုသလို မမချို 'ရိုးအ' လွန်းသဖြင့် သူ့အစား ကြားက စိတ်တိုရသောအကြောင်း ဖြစ်ပါသည်။ သို့ မဟုတ်ပါက သူ၏ သန့်ရှင်းသော စေတနာ၊ ကရုဏာတရားကို အားမလို အားမရ ဖြစ်ရခြင်းဟု ဆိုရပါမည်။

တစ်နေ့သောအခါ သူ့အိမ်သို့ ကျွန်တော်နှင့်အေးဘုံ အလည်ရောက်၏။ သူကား ထုံးစံအတိုင်း ပျာယာခတ်နေ၏။ ကျွန်တော်တို့ရောက်လို့ ဧည့်ခန်းမှာ ထိုင်နေစဉ် သူ့တယ်လီဖုန်းက မြည်နေ၏။ အိမ်ရှေ့မှာလည်း ဘုန်းကြီးတစ်ပါးက ဆွမ်းခံရပ်နေ၏။ မမချိုသည် အိပ်ခန်းထဲမှ ပြေးထွက်လာပြီး တယ်လီဖုန်းကို အရင်မကိုင်ဘဲ ဆွမ်းရပ်ကိုယ်တော်ထံ ပြေးလေ၏။ လက်အုပ်ကလေးချီတဲ့





ပြီး ပါးစပ်ကမူ ဘုန်းကြီးကို "ဟဲလို" တဲ့။ မှတ်ကရောပါပဲ။ ဆွမ်းကပ်ပြီးတော့မှ တယ်လီဖုန်းကိုင်ပြီး ရေးကြီးသုတ်ပျာ စကားတွေ ပြောလေ၏။ တယ်လီဖုန်းချပြီးသည် နှင့် "ဟဲ့... ဗလ၊ အေးဘုံ နင်တို့ အလည်လာတာ မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို ငါ့မှာ အရေးတကြီးကိစ္စရှိလို့ ငါ့ကားကလည်း သားယူသွားတယ်၊ နင်တို့ကား.နဲ့ ငါ့ကို ဒဂုံရဲစခန်း လိုက်ပို့ကြစမ်းပါ"

သူ ဘာပြဿနာတက်နေပြီကို မသိသော်လည်း ရဲမှူရဲခင်းပင်ဖြစ်မှာ သေချာသောကြောင့် ချက်ချင်း လိုက်ပို့ရလေသည်။ လမ်းမှာ သူက ဇာတ်စုံခင်း၏။

"ညက ငါ့အိမ် သူခိုးဖောက်တယ်"

"ဟင်... ဘာတွေပါသွားသလဲ"

"ရေစုပ်စက်မော်တာ"

"ပြန်ရပြီ မနက်အစောကြီးကတည်းက ပြန်ရတာ။ ဒါပေမဲ့ သူခိုးခများ ခုတော့ ရိမန်နဲ့ အချုပ်ထဲရောက်နေလေရဲ့။ အဲဒါ ခု ငါသွားပြီး အမှုပြန်ပိတ်မလို့"

"ဟာ... မမကလည်း အမှုဖွင့်ပြီးပြီပဲ။ ရဲမှုဆိုတော့ ပြန်ပိတ်လို့ ဘယ်ရတော့မလဲ၊ ဒါ ရာဇဝတ်မှုဗျ"

"မတတ်နိုင်ဘူးကွာ ကြိုးစားကြည့်ရမှာပဲ။ သူ့ခမျာ ဒီတစ်ခါတည်း မတတ်သာလို့ ခိုးမိတာပါတဲ့။ အိမ်ကမိန်းမကလည်း ကလေးမွေးပြီးစ သွေးနုနု သားနုနုနဲ့တဲ့"

သူ၏ ရိုးအပုံ၊ သနားပိုပုံကို သိရသဖြင့် ကျွန်တော် ဘာမှ ဆက်မပြောတော့ပေ။ လိုရာခရီးသို့ လိုက်ပို့ရတော့၏။ စခန်းသို့ ရောက်လေသော် "နင်တို့ ပြန်ကြတော့ ဘေးကလူမြင်ရင် မကောင်းဘူး" ဟု ပြောရင်း စခန်းတွင်း ပြေးဝင်သွားလေတော့သည်။ သူ့မျက်နှာတော့ သူ အားမနာ။

နောင်သောအခါ စုံစမ်းသိရှိရသည်မှာ ချိုပြုံး၏ ငွေညာမှုကြောင့် လည်းကောင်း၊ ဥပဒေသဘောအရ လူမှုရေးရှုထောင့်အရ လည်းကောင်း ထိုသူခိုးမှာ ထောင်ဒဏ် သက်သက်သာသာ ကျသွားလေသည်တဲ့။ အဲ... သူခိုးအတွက် ရှေ့နေကိုပင် ချိုပြုံးက ငှားပေးသတဲ့ဗျာ။ သူကိုယ်တိုင်တော့ မဟုတ်ဘူးပေါ့ လေ။ အဲ့ဒီသူခိုးရဲ့ ဆွေမျိုးသားချင်းတွေကို တစ်ဖက်လက်လှည့် ငှားခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

သူက ရှေ့နေခပေးသည့် သဘောပါ။ ဒါ့ထက် ဆန်းကျယ်တာက သူ့ခိုးထောင်ကျစဉ်ကာလမှာ ကျန်ရစ်သူမိသားစုကို လစဉ် ထောက်ပံ့ကြေးနှင့် ကလေးနို့မှုန့်ဖိုးအစ အနီးဖိုးအစ ပေးပါသတဲ့။ သူခိုး၏ ထောင်ဝင်စာကိုလည်း ချိုပြုံး၏ အခြားတပည့်တစ်ယောက်က မှန်မှန်ကြီး သွားတွေ့ပြီး ငါးပိကြော်လေးအစ ဘီစကွတ်လေးအစ ပေးပါသတဲ့။ ကိုင်း... ယုံရမခက်ပေဘူးလား။

နောက်များမကြာမီမှာပင် ချိုပြုံးအိမ် သူခိုးဖောက်တာ ကြားရပြန်ပါသည်။ သည်တစ်ခါတော့ သူခိုးက သူ့အိပ်ခန်းခေါင်းရင်း ပြတင်းပေါက်ကို ဖွင့်ပြီးခိုးတာဟု ဆိုပါသည်။ ခုတင်ခေါင်းရင်းနှင့် ကပ်လျက်မှာက သူ့မှန်တင်ခုံ ရှိသတဲ့။ သူခိုးက လူတစ်ကိုယ်လုံးမဝင်ဘဲ လက်ချည်းတစ်ဆန့်ဝင်လျက် မှန်တင်ခုံပေါ်က လက်ပတ်နာရီကို လှမ်းဆွဲတာပါ။ မအိပ်သေးဘဲ မျက်စိမှေးပြီး တရားမှတ်နေဆဲမို့ ချိုပြုံးက သိလိုက်ပါသတဲ့။ သည်မှာပင် ချိုပြုံးသည် သူခိုးလက်ကိုဆွဲပြီး "ဟဲ့... မအော်နဲ့" ဟု သူကပင် ပြောင်းပြန် ပြန်ပြီးတားသတဲ့။ သူကိုယ်တိုင်လည်း မအော်ပါတဲ့။ အကြောင်းမှာ တစ်ဖက်ခန်းတွင် သူ့သားငယ် အိပ်နေသဖြင့် လူသံသူသံကြားလျှင် သူခိုးကို ရိုက်မှာစိုးလို့ပါတဲ့။

ဤသို့ဖြင့် ချိုပြုံးသည် "သူခိုး လက်ပတ်နာရီကမ်း" လုပ်လိုက်ပါတော့သည်တဲ့။

'တဲ့' တွေ ထပ်ခါသုံးနေရသည်မှာ ထိုအကြောင်းကို သူက ပြန်ပြောပြသောကြောင့် ဖြစ်ပါသည်။ သို့သော် ကျွန်တော့်အတွေ့အကြုံအရဆိုလျှင် မမချိုသည် သည်လိုပဲ ဒါနပြုမှာပဲဟု ယုံကြည်ပါသည်။ တကယ့်ဖြစ်ရပ်မှန်ကိုတော့ သူသာ သိပါလိမ့်မည်။

မမချိုက တစ်ခါတလေ နည်းနည်းပိုသည်။

[ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်]



www.burmeseclassic.com

www.burmeseclassic.com



သုမောင်

# ခလုတ်တိုက်မိသောစရိုက်များ

ဒုတိယအကြိမ်

www.burmeseclassic.com